# ကကြိုးသျှင်



ဦး ချစ် သည်း

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)<br>ပတ္တမြားသိုက်စာပေ<br>အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (၇)ရပ်ကွက်၊<br>မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်း<br>ပုံနှိပ် | ဦးကျင်ရင်(မြ-၀၀၃၂၇)<br>ရွှေခြသေ့ပုံနှိပ်တိုက်<br>အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ၂၀၁၉ခုနှစ်၊ ဇွန်လ။ |
| အုပ်ရေ | ၅၀၀အုပ် |
| တန်ဖိုး | ၃၀၀၀ကျပ် |
| ဖြန့်ချိရေး | မိုးသောက်စာပေ<br>အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄ |

ထုတ်ဝေသည့်စာ ကတ်တလောက်အညွှန်း(CTP)

ဦးချစ်သည်း / ကကြိုးသျှင်- ရန်ကုန်
ပတ္တမြားသိုက်စာပေ။
စာမျက်နှာ(၂၂၆)၊ ၁၃.၂စင်တီ× ၂၀.၅
(၁) ဦးချစ်သည်း




ဟိုးကမ္ဘာဦးအစကလူတွေဟာ ခုလိုပုံစံမဟုတ်ဘူး.. မျက်နှာနှစ်ခု၊ လက်လေးဖက်၊ ခြေလေးချောင်းနဲ့။ လမ်းလျှောက်တဲ့အခါ မတ်မတ်လျှောက်ပေမယ့် ပြေးတဲ့အခါသစ်တုံးကြီးလို တလိမ့်လိမ့်ပြေးတယ်တဲ့..။ ခွန်အားကြီးသလောက် အလိုရမက်လည်းအရမ်းကြီးတယ်။ ဘယ်လောက်ထိလဲဆိုရင်ဒေဝလောကကိုစစ်ထိုးဖို့ ကြိုးစားခဲ့ကြတဲ့အထိပဲ။ ဒေဝါဓိပတိနတ်ဘုရားမင်းဟာ နတ်ပြည်ကိုစစ်ထိုးရန်ပြုဖို့ ကြိုးစားလာကြတဲ့လူတွေအပေါ် အလွန်အမင်းအမျက်ရှပြီး အပြစ်ပေးဒဏ်ခတ်တဲ့အနေနဲ့ လူသားတွေရဲ့ခန္ဓာကိုယ်ကိုထပ်ဝက်ခြမ်းပစ်လိုက်ပါတယ်။

အချစ်ဆိုတဲ့အရာဟာ အဲဒီအချိန်မှာ စတင်ပေါ်ပေါက်လာခဲ့ပါတယ်။ နှလုံးသားတစ်ခြမ်းနဲ့ လူသားတွေဟာ ပျောက်ဆုံးနေတဲ့နှလုံးသားတစ်ခြမ်းရှိလို့ ကျန်တဲ့ကိုယ်တစ်ခြမ်းကို ဘဝဆက်တိုင်းဆက်တိုင်းလိုက်ရှာနေကြရသတဲ့.. ၊

ဒီနေ့ က ကျွန်တော့်ကိုယ်တစ်ခြမ်း လူလောကထဲစတင်ရောက်လာခဲ့တဲ့နေ့ပါ.. ၊

နေဇ

ဝင်းခနဲလျှပ်စီးအလက်တွင် လေနှင့်မိုးတို့ကြောင့် ပြိုကျလုလု ယိမ်းယိုင်နေသည့် သစ်ပင်သစ်ကိုင်းများအားမြင်လိုက်ရသည့်နောက်..

ဂျိမ်း.. ၊

ပြင်းထန်ကျယ်လောင်သော လျှပ်စီးနောက်ကမိုးခြိမ်းသံသည် လောကတခွင်အား မာန်ဟုန်ပြင်းပြင်းရန်လိုနေ၏။ ဟူးဟူးဟဲဟဲတိုက်ခတ်နေသည့် လေပြင်းတိုက်ခတ်သံ၊ တဝေါဝေါပြိုကျလာသည့်မိုးသံများ၊ ကျွတ်ထွက်ပါသွားတော့မလို တဖြောင်းဖြောင်းမြည်နေသည့် ဆေးရုံအမိုးသွပ်တွေဆီက ဆူညံသံများ၊ ထိုမျှမကသေး ပြတင်းတံခါးများ ပွင့်ထွက်ကုန်တော့မလို ချုပ်ချုပ်ဆူညံသံအလုံးစုံတို့သည် မိုးနှင့်မှန်တိုင်းအား စည်းဝါးညီညီ အလှပဆုံး ပံ့ဖော်ပေးနေကြသလောက် သူရှိသည့်နေရာအနီးတဝိုက်မှာတော့ တစက်စက်တိတ်ဆိတ်နေလေသည်။

အသက်မဲ့နေပြီဖြစ်သော ကလေးအလောင်းအား သူထိုင်ကြည့်နေခဲ့သည်မှာ အချိန်တွေ ဘယ်လောက်ကြာခဲ့ပြီလဲမသိ။ တစ်ညလုံးပြေးလွှားစောင့်စခန်းခဲ့ရသည့်အရှိန်ကြောင့်လား.. ၊ ဒါမှမဟုတ် ရင်ခွဲရုံမှရတတ်သော အနံ့လိုလို လူသေနံ့လိုလို အနံ့တစ်မျိုးကြောင့်လားမသိ သူ့ကိုယ်မှာချွေးများထွက်လျက် ပျို့အန်ချင်စိတ်များဖြစ်နေသလို တကိုယ်လုံးနုံးချေပြီး ခေါင်းမူးတွေမခိုင်ချင်.. ၊

ဒီ .. ဒီ .. ဒီ ။

ဖုန်း vibrateသံသည် တိတ်ဆိတ်မှုကိုဖြိုခွဲလိုက်၏။

ကော့်စွာ ဖုန်းဆက်နေပြီ။ သူဘာပြောရမလဲ..။ ဖုန်းကိုခပ်တင်းတင်း

ဆုပ်ကိုင်ထားလျက် သူ ဖုန်းကိုင်ဖို့ တွန့်ဆုတ်နေမိသည်။ ကလေးက အသေလေးမွေးလာခဲ့သည်။ နှလုံးရောဂါသည်အမေဖြစ်တဲ့သူက ခွဲစိပ်ရေးရှင်းခန်းထဲကမထွက်နိုင်သေးဘဲ ခုထိဆရာဝန်တွေအသက်လုကယ်နေကြတုန်း.. ၊

" ကလေးအသက်ကိုပဲကယ်ပေးပါ..ဘာတွေပဲဖြစ်လာလာ ငါ့သမီးလေးအသက်ကိုပဲ ကယ်ပေးပါ ၊ သမီးလေးအသက်ကို ရအောင်ကယ်မယ်လို့ ငါ့ကိုကတိပေးစမ်းပါနေဇ.."

သီတာက ခွဲစိပ်ရေးရှင်းခန်းထဲဝင်ခါနီးထိ သူ့လက်ကိုဆွဲပြီး ကတ်အထပ်ထပ်တောင်းခဲ့သည်။ ကျော်စွာကျတော့တမျိုး .. ၊

"ငါ ငါ့မိန်းမကိုအဆုံးရှုံးမခံနိုင်ဘူးနေဇ..သီတာ့ကိုသေချာစောင့်ရှောက်ပေးပါ၊ ငါ့ရွေးချယ်မှုက ငါ့မိန်းမအသက်ရှင်ဖို့ အဓိကပဲ..ကျန်တာဘာဖြစ်ဖြစ်ကွာ.."

မချိတရိနိုင်လှသော ကျော်စွာ၏ 'ကျန်တာဘာဖြစ်ဖြစ်'ဆိုတာ ကလေးထက် ကလေးအမေရဲ့အသက်ကိုသာ ဦးစားပေးကယ်တင်ဖို့ သူ့ကိုရင်နာနာလှမ်းပြောခဲ့တာ။ တဖက်ကသီတာကျတော့လည်း သူမအသက်ထပ် ကလေးအသက်ကိုသာ ကယ်စေချင်သည်။ ဒီနှစ်ယောက်ကြားထဲမှာ အသက်နှစ်ခုကို ချိန်ခွင်ပေါ်တင်ပြီး ဆုံးဖြတ်ချက်ချရမယ့်လူက သူဖြစ်လာသည်။ သူက ကျော်စွာနှင့်သီတာအေးတို့၏အချစ်ဆုံးသူငယ်ချင်း။ သားသမီးကိုဆုံးရှုံးမခံနိုင်သည့် အမေတစ်ယောက်ရင်ထဲကို နားလည်သလို ကျော်စွာသီတာ့ကို ဘယ်လောက်ချစ်လဲ သူအသိဆုံး။ ထို့ကြောင့် .. ၊

"နှစ်ယောက်စလုံးအသက်ကို ရအောင်ကယ်ပေးပါဒေါက်တာ.."

ဆေးပစ္စည်းကိရိယာ အပြည့်အစုံမရှိတဲ့ နယ်မြို့ဆေးရုံလေးရှိ ဆရာဝန်တစ်ဦးအား သူတောင်းဆိုမိတဲ့အဖြစ်ကလွန်ပါသည်။ သို့သော် မတတ်နိုင်။ သူ ဒီအတိုင်းလိုချင်သည်။ ဒီအတိုင်းဖြစ်မှဖြစ်မည်။ သူ့ဆုံးဖြတ်ချက်ကြောင့် ကလေးကအသေလေးမွေးလာခဲ့သည်။ သီတာလည်း ခုထိသတိလည်မလာသေး။ ကျော်စွာဆိုသည့်နာမည်နှင့် ဝင်နေသည့်ဖုန်းအား ဆုပ်ကိုင်ထားလျက် သူကလေးအလောင်းဘေးမှာ ခေါင်းငိုက်စိုက်ကျနေသည်

ဒီ .. ဒီ ..





ခေါင်းမာစွာ မရပ်မနားဆက်တိုက်မြည်နေသည့်ဖုန်းအား ကလေးအလောင်းဘေးမှာ ပစ်ချလိုက်ပြီး သူ ကလေးမျက်နှာလေးအား သေချာငုံ့ကြည့်မိ၏။ ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါ ပြန်ကြည့်ကြည့်ကလေး၏မျက်နှာလေးသည် မိခင်ရင်ခွင်ထဲမှာ နှစ်ခြိုက်စွာအိပ်မောကျနေသည့် ကလေးငယ်လေးတစ်ယောက်နှင့်သာတူပြီး အသက်မဲ့နေသည့် အလောင်းတစ်ကောင်းဟု ထင်ချင်စရာမရှိ။ ခပ်ရေးရေးသာစိမ်းမြနေသည့် မျက်ခုံးတန်းလေးတွေ အနည်းငယ်တွန့်နေသယောင်ယောင်၊ ပါးပြင်နုနုလေးတွေ ရှုပ်ရှားအသက်ဝင်နေသလောက် ကလေးနဲ့မတူအောင် ရှည်လျားစွာရှိနေသည့် မျက်တောင်ရှည်များ တစ်ချက်တချက်လှုပ်ရှားသွားသည်ဟုပင် ထင်ဆင်မိသည်။ သို့သော် ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါ စမ်းသပ်ကြည့်ပါစေ။ အသက်ရှူခြင်းမရှိ၊ ပကတိငြိမ်သက်အ သက်မဲ့နေတာလည်း အမှန်ပဲဖြစ်လေသည်။

မင့်သမီးက အမေတူသမီးလေးကွ ကျော်စွာရ.. ၊ အရပ်မြင့်မြင့် အသားညိုညိုဖြင့် ခပ်ဖိုင့်ဖိုင့်ခန္ဓာကိုယ်တုတ်တုတ်နှင့် ကျော်စွာသည် ယောကျ်ားပီသသည်ဆိုရုံ၊ ရုပ်မဆိုးလှပါဘူးဆိုရုံမျှသာဖြစ်ပြီး သီတာကကျတော့ မိန်းမဆန်ဆန်မိန်းမလှတစ်ဦးပါ။ ရှည်လျားသောဆံပင်များ၊ မျက်တောင်ရှည်များ ဖြူသောအသားရောင်၊ အပြစ်ဆိုစရာမရှိသော မိန်းမပီသသည့် ခန္ဓာကိုယ်အချိုးအစားဖြင့် သူမသည် အလွန်လှပကျက်သရေရှိသူဖြစ်လေရာ ကျော်စွာသည် ဇနီးဖြစ်သူကို အလွန်ချစ်ရုံမက မွေးလာသည့်ကလေးကိုပါ အမေတူသမီးလေးဖြစ်ပါစေဟု တမ်းတမ်းတတပြောတတ်သူဖြစ်သည်။ သူ့သမီးကို မြင်ရင် ဒီကောင်ဘယ်လောက်ချစ်ရှာမလဲ။ ဘယ်လောက်တောင်ပျော်နေမလဲ.. ၊

သီတာကရော .. ။

သီတာလည်းဘာထူးလဲ..။ သူမအသက်အန္တရာယ်ရှိတာ သိလျက်နဲ့ သူမအသက်နဲ့ရင်းပြီး ဒီကိုယ်ဝန်ကိုရအောင်လွယ်ခဲ့တာ။ ခုတော့ ကလေး က.. ။

"မင်းသေလို့မဖြစ်ဘူးကလေးရယ်..မင်းသေသွားရင်မင်းအဖေနဲ့အမေ အခု ဘယ်တော့မှပျော်ရွှင်အေးချမ်းတော့မှာမဟုတ်ဘူး..သူတို့အရှမ်းခံစား

ရလိမ့်မယ် ၊ မင်းအသက်ရှင်မှဖြစ်မယ် ကလေးရယ်.."

တစ်ယောက်တည်းအရူးလိုပြောမိရင်း သူ ရူးရူးမိုက်မိုက်ပင် ကလေးအား ရှေးဦးသူနာပြုနည်းဖြင့် ကလေးအသက်ရှူလာအောင် လုပ်ပေးနေမိသည်။ လက်ချောင်းလေးနှစ်ဖက်ဖြင့် ကလေးရင်ဘတ်ကိုဖိပေးသည်။ နှုတ်ခမ်းမှ လေအသွင်းအထုတ်လုပ်ပေးသည်။ မှန်တာမမှန်တာမသိ။ ဘယ်သူ့ကိုမှလည်း ဒီလိုအသက်ကယ်မပေးခဲ့ဖူးဘဲ တစ်ယောက်တည်းဖြစ်ချင်ရာဖြစ် လျှောက်လုပ်နေမိ၏။ အသေလေးမွေးလာသည့်ကလေး။ မွေးပြီးတာလည်းတစ်နာရီကျော်ကြာနေပြီ။ ဒါနဲ့တောင် ကလေးအသက်ရှင်ဖို့ သူမျှော်လင့်နေမိသေးသည်။ သူ ရူးနေပြီထင်သည်။

တကယ်တော့ သူ သွေးကြောင်နေမိတာ .. ။

စက်ဘုသို့ အလုပ်ကိစ္စပြဿနာအရေးတကြီးပေါ်လာလို့ ကိုယ်ဝန်အရင့်အမာနှင့်ဇနီးဖြစ်သူကို ထားခဲ့ပြီး အရေးတကြီးထွက်သွားရသည့် ကျော်စွာကို ဒီအဖြစ်ဆိုးကြီးပြန်ပြောမပြချင်သလို အော်ပရေးရှင်းခန်းထဲကနေ သေမင်းနဲ့ အသက်လုပြီးထွက်လာမည့် သီတာ့ကိုလည်းကလေးရဲ့ အမင်္ဂလာသတင်းအား ပြောမပြချင်ပေ။ ထို့ကြောင့် ဘာလုပ်လုပ်လှုပ်ရှားမလာသည့်ကလေးအလောင်းအား သူရူးမိုက်စွာအသက်သွင်းနေမိခြင်းဖြစ်၏။ သို့တိုင် သူဘာလုပ်လုပ် ၊ ဘာတွေပြောပြော ကလေးက လှုပ်ရှားမလာခဲ့ပါ။ စိတ်ဓါတ်ကျခြင်း ရူးလိုက်တာလို့ ကိုယ့်လုပ်ရပ်အပေါ်မချင့်မရဲဒေါသများဖြင့် ခေါင်းကဆံပင်တွေကိုဆွဲဖွမိသည်။

ဒီ .. ဒီ .. ဒီ .. ။

မတတ်နိုင်တော့။ သူ စိတ်ကိုတင်း၍ ဖုန်းကောက်ကိုင်လိုက်၏။

"ဟလို..နေဇ မင်းကလည်းဖုန်းမကိုင်ဘဲဘာလုပ်နေတာလဲကွာ.."

တဖက်က ကျော်စွာ၏အသံက သူ့အတွက်မိုးကြိုးပစ်သံထက် ပိုကြောက်ဖို့ ကောင်း၏။ သူ ပြန်ထူးဖို့ အသံတွေ ဆွံ့အနေမိတုန်း.. ။

"အဟင်..ဟင့်၊ အူဝဲ..အူဝဲ.."

ဟင်.. ၊

သူ ပါးစပ်အဟောင်းသားဖြစ်သွား၏။ သရဲများထခြောက်သလားဟု ကလေးအား တအံ့တသြငေးကြည့်မိသည်။ ကလေးငယ်လေးသည် ခနက





အသက်မဲ့ငြိမ်သက်နေခဲ့တာ သူမဟုတ်သလို ပါးစပ်လေးအပြဲသားဖြင့် မျက်နှာအသားဆိုင်လေးများ ရှုံ့မဲ့နေသည်အထိ သူ့လက်မအားတင်းတင်းဆုပ်ကိုင်ထားပြီး ဒေါသတကြီးငိုကြွေးနေလေ၏။

"ဟား..နေဇ အဲဒါငါ့သမီးလေးအသံလား၊ အဲဒါငါ့သမီးလား.. ဟော့ကောင် ပြောစမ်းပါကွ၊ ငါ့သမီးလေးငိုနေတာလား.."

သူ ဝမ်းသာအားရခေါင်းတွင်တွင်ငြိမ့်ပြနေမိပြီး အသံပြန်ပေးဖို့ သတိရ.. ။

"သမီး..သမီးရေ၊ ဟား ဟား..သမီးလေး ဖေကြီးပါကွ.."

"အူဝဲ .. အူဝဲ "

"ဟား..ဟား၊ အငိုသန်လိုက်တာကွာ ၊ သမီးရေ..ဖေ့ဂျစ်တူးလေးရေ"

ဖုန်းထဲက ကျော်စွာဝမ်းသာအားရရယ်နေသည်။ သူလည်း ရယ်နေမိသည်။ အငိုသန်လှသော မယ်မင်းကြီးမလေးကလည်း သူတို့နှင့်အပြိုင် ငိုကောင်းဆဲ.. ၊

♥

ဒုက္ခာရှိသည်
သူမကိုအသက်သွင်းခဲ့သူအဖြစ်
သူ့ကိုတခမ်းတနားဆိုသည်။
အတိတ်သည်
သူမကိုချစ်ခွင့်မရှိဘူးလို့
စည်းမျဉ်းများသတ်မှတ်သည်။
ပစ္စုပ္ပန်သည်
စူးစူးနစ်နစ်ချစ်မိစေဖို့
သွေးဆောင်သည်။
အနာဂတ်သည်
ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်သိက္ခာ ၊ သစ္စာတရားတို့
ချုနင်းရမည်ဟုဆိုသည်။
မိုးသည်
ကဲ .. ဘာဆက်လုပ်မလဲဟု
မေးပင့်ငေးမောနေခဲ့လေသည်။





အခန်း(၁)

" အင်း ဟင်း ဟင်း .. "

ဘာသံတွေလဲ.. ၊

မယ်မင်းနှင့်ရတနာတို့ အကြည့်ချင်းဆုံသွား၏။ မောဟိုက်သံလိုလို အချမ်းတက်နေတဲ့ အသံလိုလို ပုံမှန်မဟုတ်သည့်အသံတွေကို သဲ့သဲ့လေး ကြားလိုက်ရုံနဲ့ သွေးရိုးသားရိုးမဟုတ်မှန်း အလိုလိုသိသည်။ နှစ်ယောက်သားတိုင်ပင်စရာမလို၊ အသံတိတ်ခြေသံကိုဖော့လျှောက်လျက် အိမ်ဆောင်းပြတင်းပေါက်နားကပ်၍ အထဲကိုချောင်းကြည့်မိကြ၏။ ပြတင်းပေါက်မှာကာထားသည့် လိုက်ကာစပါးပါးကြောင့် တီဗွီစခရင်ကပုံရိပ်တွေကို သဲကွဲစွာမမြင်ရ။ သို့သော် စိတ်ဝင်တစားနှင့် ကျောက်ရုပ်ကြီးတွေလို စူးစိုက်ကြည့်နေကြသည့် ကိုကို၊ ကိုကိုနိုင်၊ ကိုကိုလင်းနှင့် ကိုကိုဇွဲတို့ကို မြင်ရသည်။

ဘာမို့ လို့ သူတို့ဒီလောက်စိတ်ဝင်တစား ကြည့်နေကြတာလဲ.. ၊

"မင်းတို့ဟာကလည်းကွာ..ရွံစရာကောင်းကောင်းလာပြီ.."

ထပြောတဲ့လူက ကိုကိုနိုင်လင်း။ ပြောပြီးမျက်နှာကိုလက်နဲ့ ကာလိုက်သော်လည်း လက်ချောင်းတွေဖြဲပြီး ပြန်ချောင်းကြည့်နေသေးသည်။ အရင်တစ်ခါတုန်းကလည်း ကိုကိုနဲ့သူ့သူငယ်ချင်းတွေ ဒီလိုပဲ ခိုးချောင်ခိုးဝှက်တီဗွီခိုးကြည့်ကြသေးသည်။ အဲဒီတုန်းက မယ်မင်းအထဲဝင်သွားတာနဲ့ ဘယ်လောက်တောင် ပျာယာခတ်အုတ်အော်သောင်းနင်းဖြစ်သွားကြလဲ..။ မယ်မင်းအတွေ့အကြုံကို ရတနာ့ကိုပြန်ပြောတော့ မယ်မင်းထက်အစစ အရာရာသိနေတတ်သည့် ရတနာက ကိုကိုတို့ကြည့်နေကြတာ မိန်းကလေးတွေ

ကြည့်လို့မရသော ကိုယ်ကြီးတုံးချွတ်ကားများဖြစ်ကြောင်း ပြော၏။

"ငါ အကြံရပြီ..ရော့ နင်ငါ့ဖုန်းယူထား.."

မယ်မင်း ရတနာ့လက်ထဲကိုဖုန်းထည့်ပေးလိုက်သည်။

"ကိုကိုတို့ကို ကင်မရာနဲ့ လိုက်ရိုက်ထား.."

ရတနာ မယ်မင်းဘာလုပ်ချင်မှန်းမသိသော်လည်း ပြုံးစိစိမျက်နှ[illegible] လေးကြောင့် ကိုကိုတို့အဖွဲ့အား တစ်ခုခုလုပ်တော့မှာကိုသိလိုက်သည်၊ မယ်မင်းပေးသည့်ဖုန်းကို အားတက်သရောလှမ်းယူလိုက်ပြီး ကင်မရာဖွင့်[illegible] ၍ အဆင့်သင့်စောင့်နေလိုက်၏။ မယ်မင်းက သူမကို ဖုန်းပေးပြီးသည်[illegible] နှင့် အိမ်ပေါက်ဝဆီပြေးသွားသည်။ အိမ်ပေါက်ဝကနေ သူမဆီလှမ်းကြည့်[illegible] ပြီး အထဲကိုရိုက်ထားဖို့ အမူအရာနှင့်လှမ်းပြော၏။ ရတနာ ကပျာကယာ[illegible] လေးခေါင်းငြိမ့်ပြလိုက်ပြီး အထဲက ကိုကိုတို့အဖွဲ့အား လှမ်းပြီးကင်မရာ[illegible] ချိန်ထားလိုက်သည်။ ကင်မရာချိန်ပြီး သူမလက်ထောင်ပြလိုက်သည်နှင့်—

"ကိုကိုရေ..ကိုကို.."

ဟာ..သွားပြီကွ.. ၊

နေကို နေရာမှငေါက်ခနဲ ထရပ်မိ၏။ နိုင်လင်းရှေ့ကိုင်မ်းရင်း ခ[illegible] ကိုင်းကိုင်းရှေ့ငိုက်နေမိသည့်ကိုယ်ကြီး စူးခနဲထွက်လာသည့် မယ်မင်းအသံ[illegible] လေးကြောင့် ဆိုဖာအောက်ကိုဇောက်ထိုး ပြုတ်ကျသည်။ ကျန်လူများပါ[illegible] အားလုံး ပျာယာခတ်ကုန်ကြ၏။

"မယ်မင်း..မယ်မင်း လာပြီကွ.."

"ပိတ်..ပိတ်၊ တီဗွီအမြန်ပိတ်.."

"ဝင်လာနေဦးမယ်.. မင်းသွားတား.."

"တားကြပါဟ.."

"နေကို..သွားတားလေကွာ.."

ရှေ့ပဲပြေးရမလိုလို ၊ တီဗွီပဲပြေးပိတ်ရမလိုလို .. ။ အရေးထဲတီဗွီ[illegible] ကလည်း ချက်ချင်းရှာမရ။ အားလုံးပျာယာခတ်ကုန်သည့်နောက် နေ[illegible] အိမ်ရှေ့ကို ချော်လဲမတတ်ပြေးထွက်ရသည်။

ငရှုပ်လေး..တွေ့မယ်။

"ဘာလာလာလုပ်မှန်းကိုမသိဘူး.."





"အေးလေကွာ ၊ သူ့အိမ်မှာဘယ်သူမှမရှိလို့ လာမိပါတယ်.."

"တစ်ခါတည်း နောက်မလာရဲအောင် ဆူပစ်လိုက်စမ်းကွာ.."

ဒေါသတကြီးရှေ့ထွက်လာသော သူ့နောက်မှာ မကျေမနပ်ရေရွတ်သံ[illegible] တပ်ငြီပါလာ၏။ သူလည်း နည်းနည်းမှမကျေနပ်.. ၊

တွေ့မယ်..နောက်ဒီအိမ်ဘက်လုံးဝမလာရဲအောင်ကို ဆူပစ်ဦးမယ်..

နေကို ဆူဖို့ကြိမ်းမောင်းဖို့ အားမာန်အပြည့်ဖြင့် အိမ်တံခါးကို ဆောင့်[illegible]ပြီး အပြင်မှာ ဘယ်သူမှမတွေ့၍ အံ့သြသွား၏။ ပတ်ပတ်လည်[illegible]ကြည့်မိလျှင် အိမ်ဧည့်ခန်းထဲကို မြင်ရသည့်ပြတင်းပေါက်ရှေ့မှာ [illegible]နှင့်ရတနာ။ ဖုန်းကိုကြည့်ပြီးရယ်နေကြ၏။ မယ်မင်းက ရတနာ[illegible] တဘုန်းဘုန်းထုပြီး ရယ်နေသည်။

ဒါ ဒီကောင်မလေး တစ်ယောက်ယောက်ကိုလှောင်နေတာ.. ၊

မယ်မင်း လူတစ်ယောက်ကို လှောင်ပြောင်ရယ်မောတဲ့အခါတိုင်း [illegible] လူကိုပါ ခုလို တဘုန်းဘုန်းထု၍ အဖော်အပေါင်းတို့အား တပ်ကူ[illegible] ရယ်မောတတ်လေသည်။ ရယ်သံလေး သာယာသလောက် သူများကို [illegible]ပြောင်ဖို့ ဝါသနာကြီးလွန်းတဲ့ကောင်မလေး.. ၊

" မယ်မင်း "

သူ အသံပေးလိုက်သည်နှင့် မယ်မင်းနှင့်ရတနာတို့ သတိအနေ[illegible]သွားကြသည်။ ဖုန်းကိုသူမမြင်အောင် ကွယ်ပစ်တာအပြိုင်အဆိုင်[illegible] ပြီးတော့သူ့ကိုကြည့်ပြီး တစ်ယောက်ကိုတစ်ယောက်ကြည့်ရယ်[illegible]ပြိုင်ထအော်ကြတာက.. ၊

"ကိုကို နှာဘူးကြီး.."

ဟောတ်တာလုပ်ထားသူမို့ နေကိုမျက်နှာကိုတစ်ခုခုနဲ့ ဖြတ်အရိုက်ခံ[illegible]လို ဖြန်းခနဲ ထူပူသွား၏။ နှစ်ယောက်သားသံပြိုင်ကျုံးအော်ပြီး [illegible]အောင်ထွက်ပြေးကြ၏။ ပြေးရင်း သူ့ကို လှည့်ကြည့်ရယ်ကြသေး[illegible]

[illegible] သေချာပြီ ဒီကောင်မလေးတွေ သူတို့ဟိုကားကြည့်နေတာ သိသွား[illegible]ထဲမှာများ ပါကုန်ပြီလား..။ သေပြီကွာ.. ၊

" မယ်မင်း .. မပြေးနဲ့၊ ရပ်စမ်း.."

သူ မယ်မင်းနောက်ကို အလောတကြီးပြေးလိုက်မိသည်။ မယ်မင်းနှင့်ရတနာ သူပြေးလိုက်လာတာကို သူတို့နဲ့ စိန်ပြေးတမ်း ကစားနေတယ်များ ထင်နေသလားမသိ ခိုးခိုးခစ်ခစ်ရယ်ရင်း တစ်ယောက်လက်တစ်ယောက်ဆွဲကာ မှုန့်နေအောင်ပြေးကြ၏။ ရတနာက ဖုန်းကိုမယ်မင်းလက်ထဲထည့်ပေးပြီး သူ့အိမ်သူဆက်ပြေးသည်။ မယ်မင်းကဘေးချင်းကပ်လျက်ရှိ သူမခြံထဲဝင်ပြေး၏။

ဘယ်ရမလဲ..အရှက်ကိုအသက်နဲ့ပဲ လဲရလဲရ။ နေကိုမယ်မင်းနောက်ကို အတင်းပြေးလိုက်မိသည်။

" မယ်မင်း ရပ်စမ်း..ရပ်လို့ ပြောနေတာမကြားဘူးလား.."

"မရပ်ဘူး..မေမေရေ.."

အန်တီသက်ကိုလှမ်းခေါ်လိုက်တော့ သူ မယ်မင်းကို ခုန်အုပ်ဖမ်းဖို့ အားယူလိုက်၏။ အန်တီထွက်လာရင် သူ့ဘဝသွားပြီ။ ဒီလိုတော့ အဖြစ်မခံနိုင်။ အားနှင့်မာန်နှင့်ခုန်ဖမ်းဖို့ ပြင်လိုက်ပြီးမှ အိမ်ထဲကထွက်လာသည့် အန်တီသက်ကို တွေ့လိုက်ရ၍ သူ ဘေးကပန်းခြုံထဲကို ပစ်လှဲချလိုက်ရ၏။

အား..သေပါပြီကွာ .. ။

ပြေးလာသည့်အရှိန်နှင့် အင့်ခနဲမြေပေါ်ပစ်ကျလေရာ ရင်ဘတ်ရော လက်ပါ အီစိမ့်သွား၏။

ခွေးစုတ်လေး။

အသားနာတာနှင့်ဒေါသဖြစ်တာပါပေါင်းပြီး မယ်မင်းကိုပဲ လှမ်းစိတ်တိုမိသည်။

"သမီး မယ်မင်း..ဘာလို့ ဒီလောက်ပြေးလာတာလဲသမီးရယ်၊ မောနေတော့မှာပဲ.."

မယ်မင်းဆီမှ အသံတိတ်နေလျှင် နေကိုထိတ်ခနဲဖြစ်သွား၏။

မယ်မင်း သူ့အကြောင်းအန်တီသက်ကို တိုင်လိုက်ရင် ဘယ်လိုလုပ်မလဲ.. ၊

စိုးရိမ်စိတ်နှင့် သူမယ်မင်းနှင့်အန်တီသက်တို့အား ပန်းအိုးတွေကြားထဲက လှမ်းချောင်းမိသည်။ မယ်မင်းသူ့ကိုလိုက်ရှာနေပြီး အန်တီသက်ပြောသလို တော်တော်လေးလည်းမောနေပုံရ၏ ။ အန်တီသက်က မယ်မင်းကြည့်





ညှိနေရာတွေကို လိုက်ကြည့်ပြီး မယ်မင်းရှေ့မှာထိုင်ချလိုက်ကာ မျက်နှာပေါ်က ချွေးတွေကို တယုတယလိုက်သုတ်ပေးနေသည်။

"ကြည့်ပါဦးသမီးရယ်..တကိုယ်လုံးလည်းချွေးတွေချည်းပဲ၊ ဘာတွေလုပ်လာတာလဲဟင်.."

အန်တီသက်အသံက နူးညံ့ညင်သာလွန်းလှ၏။ အသံတင်နားထောင်ကောင်းတာမဟုတ်။ အန်တီသက်က ကျက်သရေရှိပြီး လှလည်းလှသည်။ နက်မှောင်ရှည်လျားသည့်ဆံပင်ရှည်တွေက အလှဆုံး။ မယ်မင်းက အန်တီသိအာကိုလိုက်တုပြီးဆံပင်အရှည်ထားသည်။ အရွယ်နှင့်မလိုက်အောင် ရှည်လျားထူထဲသော ဆံပင်ရှည်များကြောင့် မျက်လုံးပြူးပြူးဝိုင်းဝိုင်း၊ နှာတံလုံးလုံးချွန်ချွန်၊ ထူထဲရှည်ကော့နေသော မျက်တောင်ရှည်များနှင့်မယ်မင်းသည် အာဘီအရုပ်ကလေးနှင့်တူသည်။ ဆံပင်ရှည်များကြောင့်လည်းကောင်း၊ အရုပ်ကလေးနဲ့တူအောင် လှသောကြောင့်လည်းကောင်း၊ သေးသေးနွဲ့နွဲ့လေးပြောတတ်သည့် အသံချွဲချွဲလေးကြောင့်လည်းကောင်း မယ်မင်းကိုမြင်တဲ့လူတိုင်း လည်ပြန်လှည့်ငေးတတ်ကြသလို စကားစမြည်ပြောမိတဲ့လူတိုင်း ချစ်ဘဲမနေနိုင်.. ၊

မယ်မင်းငယ်ငယ်က သူတစ်ခုခုကြောင့် စိတ်ဆိုးဒေါသထွက်တဲ့အခါတိုင်း 'မယ်မင်းက ကိုကို့ကိုချစ်တယ်' ဟု လေသံအေးအေးလေးနဲ့ လိုက်ချော့တတ်၏။ ဘယ်လောက် ကြီးမားတဲ့အပြစ်တွေလုပ်ထားပါစေ။ သူဘယ်လောက်ပဲစိတ်ဆိုးဒေါသထွက်နေပါစေ။ သူ့လက်ကိုကိုင်ပြီး ပါးလေးမှာဖိကပ်ပြီး ထိုသို့ပြောတိုင်း သူချက်ချင်းစိတ်ပြေသည်။ ဘယ်လိုဆက်တင်းသားလို့ မှကိုမရပေ။ သူမှမဟုတ် မယ်မင်းကို ရွယ်တူတွေလည်းချစ်သည်။ လူကြီးတွေဆို မြင်တာနဲ့ ဆံပင်လေးဖြစ်ဖြစ်ကိုင်ရမှ ပါးလေးဖြစ်ဖြစ်ချစ်စနိုးဆော့ဆွဲသွားတတ်ကြသည်။ 'သီတာရေ နင့်သမီးလေးကိုတော့လေ ကြည့်လေ ချစ်လေပဲ ကြာရင်အိမ်ခေါ်မွေးစားမိတော့မယ်..လိုက်မလား သမီး' ဆိုတာက အိမ်ကိုလာတဲ့လူတိုင်း မယ်မင်းနဲ့တွေ့ဆုံမိတဲ့ အန်တီနဲ့ အန်ကယ်တို့ရဲ့ မိတ်ဆွေတိုင်းပြောတတ်သည့် စကားဖြစ်သည်။ လက်ပေါက်ကတ်တဲ့သူ ၊ ဇီဇာကြောင်တဲ့လူ ဘယ်လိုပဲ ဆက်ဆံရေးဆိုးတဲ့လူဖြစ်ပါစေ။ သူများနဲ့အဆင်မပြေလည်း မယ်မင်းတစ်ချက် ပြုံးပြလိုက်ရုံနဲ့ ပြေလည်သွားတတ်

သည်။ မယ်မင်းက အဲ့ဒီလိုလူအချစ်ခံရသည့် ကုသိုလ်ထူးနဲ့ ကောင်မလေး

"ရတနာရော သမီးနဲ့ အတူဆော့နေတာမဟုတ်ဘူးလား.."

"ပြန်သွားပြီ "

"ဟုတ်လား..ကဲဒါဆိုလည်း မေမေနဲ့ သမီးနဲ့ ထမင်းစားကြတာပေ့

"ဟင့်အင်း..မယ်မင်းစားပြီးပြီ၊ ခုပဲ ကိုကိုနဲ့ စားခဲ့တာ.."

လိမ်တာ..။ ပုံမှန်ဆို မယ်မင်းလိမ်နေတာကို ချက်ချင်းထတိုင်မိမှ သေချာသည်။ ခုတော့ သူတုတ်တုတ်မှမလှုပ်ရဲသည့်အပြင် သူ့ကိစ္စမယ်မင် အန်တီသီတာ့ကိုမပြောပါစေနဲ့ ပြန်မတိုင်ပါစေနဲ့ဟုသာ ကြိတ်ဆုတောင် နေမိသည်။

" ဟုတ်ပါပြီ..စားပြီးပြီဆိုလည်း မေမေတစ်ယောက်တည်းဖြစ်နေ နည်းနည်းတော့ ထပ်စားလိုက်ပါသမီးရဲ့၊ နည်းနည်းလေးပဲ စားပေးရင်ရပြ မေမေ့သမီးလေးအနားမှာမရှိရင် မေမေက စားမဝင်လို့ပါနော်.."

သူ ပြုံးမိ၏။ မယ်မင်းလိမ်နေတာကို အန်တီသီတာလည်းသိသည ထင်သည်။ ထမင်းစားဖို့ ချော့မော့ခေါ်သွား၏။ မယ်မင်းက လူတိုင်းအ ချစ်ခံရရုံမက အိမ်မှာလည်းအန်တီနဲ့ အန်ကယ်လ်တို့ရဲ့သည်းသည လှုပ်အချစ်တော်ပါ။ အန်တီသီတာနဲ့ အန်ကယ်လ်ကျော်စွာသည် သူငယ် သမီးကို ပါးစပ်ထဲငုံထားမတတ်ချစ်သလို သဘာဝလွန်အလိုလိုက်ထ ကြ၏။ သဘာဝလွန်ဟုပြောရလောက်တဲ့အထိ ဒီနေ့ဒီအချိန်ထိ မယ်မင်းက လေသံမာမာနှင့်မပြောဘူး။ ဘာလုပ်လုပ် ဘယ်လောက် အပြစ်ကြီးကျူးလွ ပါစေ ဆူပူအပြစ်တင်ခြင်း လုံးဝလုံးဝမရှိပေ။ မဆူသည့်အပြင် သူတို့ သမ် အပြစ်လုပ်သည်ဟုပင် မမြင်တတ်ကြပေ။ ခုလိုပင် မယ်မင်းအပြစ်ပါလ ထောက်ပြပြောဆိုခြင်းမရှိဘဲ တဖက်လှည့်နဲ့ မှန်အောင်ပြုပြင်ပေးသွားတင ကြ၏။

မိခင်မေတ္တာငတ်မွတ်နေသော သူသည် မယ်မင်းကိုအန်တီသီတာတ နေအောင် ချစ်ခင်အလိုလိုက်နေတာတွေ့တိုင်း အားကျမဆုံးပေ။ ဇ ကြောင့်အန်တီသီတာက "မင်းညီမလေးကို ဂရုစိုက်နော်သား " ဆိုသည စကားနောက်မှာ မယ်မင်းကိုအစစအရာရာသည်းခံအလိုလိုက်စောင့်ရှော ပေးမိသည်။





"မင်းဟာကမဟုတ်သေးပါဘူးနေကိုရာ.. မင်းကြည့်လိုက်ရင်နောက် အမယ်မင်းက တတန်းတန်းနဲ့ ကလေးအဖေကျနေတာပဲ ၊ အဲ့ဒီကောင်မလေး ကို ခေါ်ခေါ်မလာနဲ့ကွာ.."

"မယ်မင်းကိုထားခဲ့ကွာ.."

"မယ်မင်းက ပါလာဦးမှာလား.."

စသဖြင့် သူ့ သူငယ်ချင်းတွေ သူ့အနားမှာမယ်မင်းကိုမြင်ရတိုင်းရှုံ့ မဲ့ရှုတတ်ကြပေမယ့် သူကလည်း မယ်မင်းကိုငါ့အနားမလာနဲ့ မပြောနိုင်။ မယ်မင်းကလည်း အရွယ်မတူပေမယ့် ထမင်းစားရေသောက်ကအစ သူနဲ့ အတူတူလုပ်ရမှကျေနပ်တတ်သူ။ အိပ်ခါနီးတောင်ဖုန်းနဲ့လှမ်းပြီး ' ကိုကို အိပ်တော့မယ်ပြ 'ဟုကျီကျတတ်သေးသလို ညသန်းခေါင်ကြီး တစ်ဖက်အိမ်ပြတင်း ကနေ 'ကိုကိုရေ'ဟုလှမ်းခေါ်ပြီး 'ဘီလူးကြီးပုန်းနေလို့ လာမောင်းထုတ်ပေး ပါ'ဟုခိုင်းတတ်သည်က ရှိသေး၏။ မိုးလင်းကမိုးချုပ် သူ့အိမ်မှာ ၊ သူ့အနား မှာပဲ ရှိနေတတ်သည်ကများပြီး တစ်နေရာရာသွားဖို့ရှိတိုင်း 'မယ်မင်းလည်း လိုက်မှာ'ဟု လက်ပြေးဆွဲတတ်တာ ထုံးစံ။ ငယ်ငယ်ကတော့ ဟုတ် ကတ်တုတ်။ ကြာတော့သူလည်း စိတ်ညစ်လာပြီဖြစ်၏။

နေ့စဉ် ခေါင်းထဲရောက်လာတတ်တာ 'ဒီကောင်မလေးငါ့အနားမ လာအောင် ဘာလုပ်ရမလဲ ' ဆိုသည့်မေးခွန်းဖြစ်သည်။ အခုပိုဆိုးသည်က ကော်နဲ့ချိန်းထားလို့ သွားမယ်ကြံတိုင်း သူမလေးကနောက်ကပါလာတတ် သည်။ ဘယ်လိုမှထားခဲ့လို့မရ။ ဒီနေ့လို အဖြစ်မျိုးနဲ့ သူတို့လူငယ်ယော ကျ်ားလေး သူငယ်ချင်းချင်းလွတ်လွတ်လပ်လပ်မနေရ။ ဒုက္ခများရတာလည်း အကြိမ်တခါမကတော့ပေ.. ၊

ဒီဟာလေး မြန်မြန်အရွယ်ရောက် လူကြီးဖြစ်ပါတော့ .. ၊

♥

## အခန်း (၂)

"မယ်မင်း..မယ်မင်း၊ ဟိုမှာကြည့်စမ်း..ဦးကချောတယ်နော်၊ မင်းသားကျနေတာပဲ.."

မယ်မင်း ရတနာပြတဲ့ဆီလည်ပင်းလေးရှည်ပြီးလှမ်းကြည့်မိသည်။ ဖေကြီး၊ ဦးနှင့် ရတနာ့ဖေဖေအပါအဝင် လူကြီးလေးငါးယောက် ဝိုင်းထိုင်လျက် အရက်နှင့်အမြည်းများအစီအရီရှိနေကြသည့် စကားဝိုင်း။ ဦးက သူ့ဘေးမှာထိုင်နေသည့် ဖေကြီးစကားပြောနေတာကို မျက်လုံးမှေးစင်းလျက် ငုံ့ကြည့်နားထောင်နေသည်။ ခြစ်သည်းရိုးမှပြာလဲ့လဲ့မီးရောင်သည် ဦးမျက်နှာတခြမ်းပေါ် ဖြာကျနေ၏။ ဖြူလွှသော ဆွယ်တာအကျီလက်ရှည်နှင့်ဦးသည် ဖေဖေရော ထိုင်နေကြသည့်လူကြီးတွေအားလုံးနှင့် သက်တူရွယ်တူဖြစ်သော်ငြား ပိုနုနေသည့်ပြင် သိသာစွာခန့်ညားချောမောနေလေသည်။ ရုပ်ရှင်မင်းသားနဲ့ တူရုံမက နတ်သားတစ်ပါးလို အရှိန်အဝါများတောက်ပပြီး သေးမောကြည့်နေချင်အောင် ချောမောနေတာဖြစ်သည်။

ချောနေသည်။ ကြည့်ကောင်းနေပါသည်။ သို့သော် မယ်မင်းရတနာပြောတာကို ခေါင်းမညိတ်မိ။ မယ်မင်းငယ်ငယ်လေးကတည်းက မြင်လိုက်တိုင်း ထူးခြားစွာကြည့်ကောင်းနေသည့် ဦး၏အရေးစိုက်မှုကို လိုချင်ခဲ့ဖူးသည်။ ဖေဖေ့ ရင်ခွင်ထဲကနေ ဦးကများ 'ဦးဆီလာပါဦးသမီးရဲ့'လို့ ခေါ်လာမလား မျှော်ကြည့်ခဲ့ဖူးသည်။ မယ်မင်းကိုမြင်တိုင်း ချစ်စရာကောင်းလိုက်တာလို့ တသသ ဖြစ်သွားတတ်ကြသည့် တခြားသောလူကြီးတွေလို ဦးလည်း မယ်မင်းကိုချစ်တဲ့အကြည့်နဲ့ ကြည့်လာမလားစောင့်ကြည့်ခဲ့ဖူးသည်။ ဦးက မယ်မင်းကို ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ပါ။ မယ်မင်းကိုမှမဟုတ် ဦးက





ကိုကို့အပေါ်မှာလည်း ဘာသိဘာသာ အေးစက်စက်သာ.. ၊

"ဦးကဒီလိုပဲနေတတ်လို့ပါသမီးရယ်..ဖေကြီး သမီးမေမေကိုသိပ်ချစ်သလို သူလည်းသူ့ဇနီးကို အရမ်းချစ်ခဲ့တာဂျစ်တူးလေးရဲ့၊ နန္ဒာသေသွားပြီးတဲ့နောက် ဒီလိုပုံစံတုံးဏိဘာဝေဖြစ်သွားတာ..အင်း အစကလည်း သူကနည်းနည်း အနေအေးတာကိုး.."

နန္ဒာဆိုတာ ကိုကို့ကိုမွေးပြီးပြီးချင်း မီးတွင်းထဲမှာပဲ ဆုံးသွားခဲ့တဲ့ ကိုကို့မေမေ ဦးရဲ့ဇနီးပါ.. ၊

ဦးအကြောင်း ဖေဖေပြောပြတုန်း မယ်မင်းကိုရှင်းပြနေတာထက် ဦးအပေါ် စာနာစိတ်နဲ့စိတ်မကောင်းဖြစ်နေတာမျိုး။ ဦးကို ဖေဖေတင်မက မေမေရော ကိုကိုကပါ နည်းနည်းမှစိတ်မဆိုးကြပါ။ မေမေနဲ့ဖေဖေက ဦးနဲ့အချစ်ဆုံးသူငယ်ချင်းတွေ။ ဦးအကြောင်းတော်တော်ကြီးသိပြီး နားလည်ပေးကြတဲ့သူတွေပါ။ ကိုကိုကလည်း လူငယ်ပေမယ့် ဦးကိုဘယ်တော့မှအပြစ်မပြော..၊

"ဖေဖေက ကိုကို့ကိုတောင် တစ်နေ့နေလို့ စကားတစ်လုံးမပြောဘူးအေ့..မယ်မင်းကိုဘယ်ပြောမလဲ.."တဲ့.. ၊

နောက်တော့ ဦးနဲ့ပတ်သက်ပြီး ခေါ်မလား အရေးစိုက်လာမလား မျှော်လင့်နေမိတာမျိုး မယ်မင်းမှာမရှိတော့ပါ။ ဦးက ဖေဖေနဲ့မေမေရဲ့အချစ်ဆုံးသူငယ်ချင်း။ မယ်မင်းအချစ်ရဆုံး ကိုကို့ဖေဖေဖြစ်သော်လည်း မယ်မင်းအတွက်တော့ ပကတိသူစိမ်းတစ်ယောက်သာ.. ၊

"ဦးနဲ့ ငါ့အန်တီလေးကို ယူခိုင်းနေကြတာ..ဦးကစိတ်မဝင်စားဘူးတဲ့"

မယ်မင်း ရတနာကိုစူပုတ်ပုတ်လေးကြည့်မိ၏။

"နင့်ကိုဘယ်သူပြောတာလဲ.."

"ဒယ်ဒီက မာမီ့ကိုပြန်ပြောနေတာကြားတာ..မာမီကစိတ်တွေတိုနေတာ၊ ငါ့အန်တီလေးက ခုမှအပျိုလေး ပြီးတော့ဆရာဝန်..အဲ့ဒါကို ဦးကခါးခါးသီးငြင်းလို့တဲ့ စိတ်တိုနေတာ၊ မယ်မင်း ငါ့အန်တီလေး ဒီလောက်လှတာ ဦးကဘာလို့မကြိုက်တာလဲ မသိဘူးနော်.."

"ဦးက နင့်အန်တီလေးကိုယူလိုက်ရင် ကိုကိုကမိထွေးနဲ့နေရမှာပေါ့..မယူခိုင်းနဲ့၊ မယူရပါဘူး.."

"အံမယ်..ယူတော့ဘာဖြစ်လဲ.."

"ယူရင် နင်နဲ့ငါမခေါ်တော့ဘူး..သွား ပြန်တော့.."

"မပြန်ပါဘူး..ဖေဖေပြန်မှပြန်မှာ.."

မယ်မင်း စိတ်တိုသွားသည်။ ဦးနဲ့ရတနာ့အန်တီလေးက ယူဖြစ်မယူ ဖြစ်မသိ။ မယ်မင်းနဲ့ရတနာက ရန်ဖြစ်နေကြပြီ။ မယ်မင်း ရတနာနဲ့အတူ ထိုင်နေရာမှ ဖေကြီးဆီ ပြေးသွားမိသည်။

"ဖေကြီး..ဖေကြီး.."

"ဟေ..ဟေ၊ ဘာလဲ သမီးရဲ့.."

မယ်မင်းက လူကြီးတွေကို ဂရုစိုက်ရကောင်းမှန်းတော့သိသည်။ ဖေကြီးနားနားကပ်ပြီး ဘယ်သူမှမကြားအောင်ပြောလိုက်၏။

"ရတနာ့ဖေဖေကို မခေါ်နဲ့ဖေကြီး..ပြန်ခိုင်းလိုက်.."

"ဟင်.."

ဦးကျော်စွာမျက်ခုံးတွေပင့်တက်သွား၏။ လှမ်းကြည့်လိုက်တော့ ရတနာကလည်း သူ့မဖေဖေဦးမြင့်ဦးနောက်ကိုပြေးကပ်လို့။ မယ်မင်းကိုလည်း စူပုတ်ပုတ်လေးလှမ်းကြည့်နေသည်။ သူငယ်ချင်းချင်း ရန်ဖြစ်ကြပြီမှန်း ချက်ချင်းသိလိုက်၏။

"ဖေကြီး ပြန်ခိုင်းလိုက်ပါဆိုမှ..ရတနာနဲ့မယ်မင်း မခေါ်ဘူး၊ ပြန်ခိုင်းလိုက်.."

"ဟား..ဟား .. ငါ့သမီးကတော့ကွာ၊ ကဲ..ကိုမြင့်ရေ စကားပြောလို့လည်းကောင်းတယ်ဗျာ ၊ ဒီမှာကျွန်တော့်သမီးဂျစ်တူးလေး ဂျီကျနေလို့ ဒီနေ့တော့ဒီလောက်ပဲ..နောက်နေ့ မှ ဂေါ့ဖ်ကွင်းမှာဆုံကြသေးတာပေါ့.."

ဖေကြီးက မယ်မင်းပြောရင်ဘာဖြစ်ဖြစ်လိုက်လျောနေကျ။ ခုလို ခဏကပြန်လာကာစအချိန်တွေဆို မယ်မင်းဘာလိုချင်ချင် ၊ ဘာဖြစ်ချင်ချင် အကုန်ဖြစ်စေသည်။ မယ်မင်း ဖေကြီးပါးကို ဖျတ်ခနဲနမ်းလိုက်ပြီး ရတနာအား 'ပြန်'ဟု မေးဆတ်နှင်ထုတ်ပစ်လိုက်၏။ ဒါကိုမြင်သွားသော ဖေကြီးက 'သမီးကကွာ သူငယ်ချင်းချင်း ရန်မဖြစ်ရဘူးလေ ' ဟု မယ်မင်းခေါင်းကို လှမ်းပုတ်ရင်းပြောသည်။ ရတနာ့ဖေဖေနှင့်တခြားလူကြီးတွေ ပြန်သွားကြတဲ့အထိ ဦးကမပြန်သေး။ ဖေကြီးနဲ့ ဦးက စကားမပြတ်သေးပေ.. ၊

"ကျော်စွာ မင်းမမောသေးဘူးလား..ဘာဖြစ်လို့ ကိုမြင့်တို့ ပြောတာကို





မင်းကပါ ကူပြောနေတာလဲ.."

"ပြောရမှာပေါ့ကွ..မြတ်နိုးမေက မင်းနဲ့တကယ်ရှေ့သွားနောက်လိုက်.."

"တော်စမ်းပါကွာ.."

'မြတ်နိုးမေ ' ဆိုတာ ရတနာ့အန်တီလေး။ ဦးကမကြိုက်မှန်းသိတော့ မယ်မင်း ပျော်သွား၏။

"ဟေ့ကောင်..တော်စမ်းလုပ်မနေနဲ့၊ မင်းသားကိုယ်တိုင်က မင်းအတွက် ဆေးပေးမီးယူ မိန်းမတစ်ယောက်ရှာပေးဖို့ ငါ့ကိုပြောထားတာ အမေတစ်ယောက်တည်းအထီးကျန်နေတာမမြင်ချင်ဘူး..ဖေဖေ့ကိုပျော်စေချင်တယ်တဲ့.."

ဦးသည် ဖေကြီးအား မျက်ခုံးခပ်တွန့်တွန့်ဖြင့် စူးစိုက်ကြည့်ခြင်းဖြင့် သူ့ သဘောမကျခြင်းကို အကြိုဖော်ပြကာ ..

"အထီးကျန်ခြင်းဆိုတာ အနားမှာတစ်ယောက်ယောက်ရှိခြင်းမရှိခြင်းနဲ့ ဆိုင်လား..တစ်ယောက်တည်းမို့ အထီးကျန်တာမဟုတ်ဘူး ချစ်တဲ့သူမရှိလို့အထီးကျန်တာ..မင်းပြောသလိုဆို ငါအထီးမကျန်အောင် မိန်းမအောတထဲ ပြေးဝင်ထိုင်နေရလိုဖြစ်နေပြီ.."

" ကတ်သီးကတ်သတ်မပြောနဲ့နေစမ်း..ငါတို့ကလည်းမင်းကို ချစ်ရမယ့်လူနဲ့ ပျော်စေချင်တာ..ချစ်တဲ့လူတွေဖို့ဆိုတာ.."

" မလိုဘူး..ငါ့မိန်းမကလွဲရင် ငါနောက်ထပ်ဘယ်မိန်းမကိုမှချစ်လို့ရတော့မှာမဟုတ်သလို ချစ်ဖို့လည်း စိတ်မဝင်စားဘူး.."

"မဟုတ်သေးပါဘူးနေစမ်းရော..မြတ်နိုးမေဘယ်လောက်လှလဲ မင်းမသိပါဘူး..မင်းတွေ့ကြည့်လိုက်၊ တွေ့ပြီးမှ.."

"လှတဲ့မိန်းမတိုင်းကိုသာ လိုက်ကြိုက်ရရင် မင်းမိန်းမ မင်းနဲ့ရမှာတောင် မဟုတ်ဘူး..ငါမလိုချင်လို့ မင်းရတာ သဘောပေါက်.."

"ခွေးကောင်..သမီးရှေ့မှာ.."

နှစ်ယောက်သား စကားနိုင်လုနေကြတုန်းကတော့ မယ်မင်းရှိနေတာကို မေ့နေကြသည်။ မသင့်တော်တာပါလာမှ ကိုယ်စီပါးစပ်ပိတ်လိုက်ကြသမယ့် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြတာ ဘုကြည့်။ မျက်လုံး

လေး တဝေ့ဝေ့နှင့်လိုက်ကြည့်နေသည့် သမီးဖြစ်သူကြောင့် ပါးစပ်ပိတ်နေ လိုက်ရပေမယ့် ကျော်စွာ နည်းနည်းမှမကျေနပ်ပေ.. ။

သီတာသည် သူနှင့်ချစ်သူမဖြစ်ခင်ကတည်းက နေဇနှင့်ငယ်သူငယ်ချင်းတွေဖြစ်ခဲ့ကြပြီး နေဇကိုနှစ်ရှည်လများ တဖက်သတ်ချစ်ခဲ့သူလည်း ဖြစ်သည်။ သူကဖွဲ့နဘဲနဲ့ သုံးနှစ်သုံးမိုး စောင့်ချစ်ခဲ့ရပြီးနောက်မှ သနားချင်စ်နဲ့ သူ့ကိုပြန်ချစ်ခဲ့ခြင်းဖြစ်၏။ ဒါတောင် သူလိုရုပ်ဆိုးကို တကယ်ချစ်တာ ဟုတ်ရဲ့လားလို့ သူမယုံရဲခဲ့။ အတိတ်ကဇာတ်ထုတ်ကို အချင်းချင်းသာသိကြသည်မို့ သမီးရှိနေ၍ ဆက်မပြောဖြစ်ကြပေမယ့် သူ့ချစ်ဇနီးနဲ့ ပတ်သတ်ပြီး အစဆွဲထုတ်သည့် နေဇကို သူမကျေနပ်။ နေဇကလည်း ဒါကိုတမင်နှိုးကွက်နင်းပြီးပြန်ပြောချင်တာ မဟုတ်။ သူ့ ကိုစိတ်ရှုပ်အောင်လိုက်လုပ်နေသည့် ကျော်စွာကိုပညာပေးချင်တာ.. ။

"မင်းကိုငါစေတနာနဲ့ လုပ်ပေးတာ..မကြိုက်ရင်မလုပ်ပေးဘူးကွာ"

ခပ်တင်းတင်းပြောပုံက မင်းလည်းရှေးဟောင်းနှောင်းဖြစ်တွေဆက်မဖော်နဲ့လို့ ပြောချင်တာ.. ။

နေဇ ကလေးဆိုးကြီးလိုနှုတ်ခမ်းစူနေသည့် ကျော်စွာကိုကြည့်ပြီး နှုတ်ခမ်းတွန့်ရုံ ပြုံးမိသည်။ ဒီလောက်အိမ်ထောင်သက်တွေကြာပြီ။ သမီးတောင်အပျိုဖြစ်တော့မယ် ခုထိ မိန်းမကို အူတိုတုန်း .. ။

♥





အခန်း(၃)

တီ.. ။

နာရီမှ နှိုးစက်သံကတစ်ခန်လုံး ဆူညံနေသည်။ မယ်မင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရာမှ မျက်ခုံးတန်းလေးတွေတွန့်လျက် လူးလွန့်လာ၏။ အိပ်ချင်မူးတူးအသိဖြင့် ပထမဆုံးခေါင်းထဲရောက်လာသူက ကိုကို..၊ မယ်မင်း မျက်လုံးတွေဖျတ်ခနဲပွင့်လာသည်။ အိပ်ရာပေါ်မှ စောင်နဲ့လုံးထွေးနေရာမှပြီး တစ်ဖက်ခြမ်းရှိ သူမအခန်းနှင့်မျက်နှာချင်းဆိုင်အခန်းကို လှမ်းကြည့်မိသည်။ ပြတင်းပေါက်ပွင့်နေ၏။ သေချာပြီ.. ကိုကိုမမဘရဏီနဲ့ သွားတွေ့ဖို့ ပြင်ဆင်နေပြီ.. ။

မယ်မင်းတစ်ယောက်တည်းနေရင်း နှုတ်ခမ်းလေးစူထော်သွား၏။ အောက်ကပေါင်လယ်ခန့်သာရှည်သည့် လက်ပြတ်ဂါဝန်အတိုလေးအား ဆင်ဝတ်ထားသော ပခုံးမှာလျှောကျနေသည့် ညဝတ်အကျီအပေါ်လွှာအား ပခုံးပေါ်ကို ခပ်ကြမ်းကြမ်းဆွဲတင်လိုက်ပြီး အခန်းထဲက ပြေးထွက်သွားမိသည်။ အခန်းတံခါးဖွင့်လိုက်သည်နှင့် မိုးလင်းတိုင်း မယ်မင်းကိုကိုယ်တိုင်ကိုယ်ကျ လာနှိုးတတ်သည့် မေမေနှင့်တန်းတိုး၏။

"သမီး..မယ်မင်း၊ ဘယ်လဲ.."

"ကိုကို့ဆီသွားမလို့.."

"သမီးရယ်..မျက်နှာသစ် ရေမိုးချိုးပြီးမှ၊ ဟဲ့ ဟဲ့..ချော်လဲမယ်လေ သမီးရယ်၊ ခက်တော့တာပဲ.."

ဒေါ်သီတာအေး လှေခါးပေါ်မှပြေးဆင်းသွားသော မယ်မင်းအား စိတ်မချဘဲ တစတဆုံးလိုက်ကြည့်ရင်း ကျန်ခဲ့၏။ မယ်မင်းတစ်ဖက်ခြံထဲသို့

ကူးလာရင်း အိမ်ထဲဝင်သည်နှင့် ကိုကို့ကိုဝေ့ဝဲရှာကြည့်မိသည်။ ကိုကို့ကိုအော်ခေါ်ဖို့ စိတ်ကူးက ဧည့်ခန်းမှာဖုန်းပြောနေသည့် ဦးကိုတွေ့လိုက်၍ မခေါ်ဖြစ်တော့ပေ။ ဦးက သားအဖလို့အထူးပြောစရာမလိုအောင် ကိုကိုနဲ့ တော်တော်ကြီးဆင်တာပါ။ ကိုယ်လုံးကိုယ်ပေါက် အရုပ်အမောင်း မျက်နှာကျပုံကအစ ကိုကိုနဲ့ဦးက တထေရာတည်းပင်။ နည်းနည်းကွာတာဆိုလို့ ကိုကိုက အသားနည်းနည်းညိုချင်ပြီး လက်ပြင်ကိုင်းချင်သလိုလိုနှင့် ပိန်ရှည်ရှည်ဖြစ်နေသည်။ ဦးက ခန္ဓာကိုယ်ပိုတောင့်တင်းပြီး ရင်အုပ်ပိုကျယ်သည်။

ကိုကို့ကို သူငယ်ချင်းတချို့က 'မင်းအဖေကိုမမှီသေးပါဘူးကွာ' စနောက်တတ်တာကို မယ်မင်းကြားဖူးသည်။ ရုပ်ချင်းတူသည်ဆိုပေမယ့် ကိုကိုနဲ့ဦးရဲ့ အပြောအဆိုအမူအကျင့်တွေက ဆီနဲ့ရေပါ။ ကိုကိုက မယ်မင်းကို အမြဲဆူပူမာန်မဲနေတတ်ပေမယ့် အရမ်းအလိုလိုက်ဂရုစိုက်သည်။ ပျော်ပျော်နေတတ်ပြီး လူတိုင်းအပေါ် စနောက်ရယ်မောနေတတ်သည်။ ဦးက မြင်လိုက်ရတိုင်း ခပ်တည်တည်မျက်နှာက တစ်လောကလုံး သူ့လက်အောက်မှာရှိနေသလို အထက်စီးဆန်ဆန်။ ကိုကိုပျော်နေရင်၊ စိတ်ဆိုးနေရင် သိသာသလောက် ဦးဘာဖြစ်နေလဲ ဘာခံစားနေရလဲ ဘယ်တော့မှခန့်မှန်းမရပေ။

ကိုကို့ကိုလည်း သားလေးတစ်ယောက်တည်းရှိတာပဲဆိုပြီး ရောရောနှောနှောမနေ။ ကိုကိုက သူ့အဖေက သူ့ကိုသိပ်ချစ်ကြောင်း ခဏခဏပြောတတ်ပေမယ့် မယ်မင်းကတော့ ဖေကြီးနဲ့မေမေ မယ်မင်းကိုချစ်သလောက် ကိုကို့ဖေဖေက ကိုကို့ကိုမချစ်ဘူးဟု ထင်သည်။ သားလုပ်တဲ့လူကိုတောင် စကားသိပ်မပြောတတ်သည့်ဦးက စကားများများစားစားပြောတဲ့လူဆိုလို့ ဖေကြီးတစ်ယောက်ပဲရှိသည်။ ဒါတောင် အသံကျယ်ကျယ်ကြီးနဲ့ ရယ်တတ်သောဖေကြီးရဲ့ရယ်မောသံ စကားသံများနောက်မှာ ဦးကအနည်းအကျဉ်း ပြန်ပြော နှုတ်ခမ်းတွန့်ရုံပြုံးတာလောက်သာ လုပ်တတ်သည်။ ဖုန်းပြောရင်း အိတ်ထဲက ဖိုင်တွေထုတ်ကြည့်နေသည့် ဦးကိုမြင်လျှင် မယ်မင်းကိုကို့အကြောင်း ဦးကိုတိုင်လိုက်ရင်ကောင်းမလား တွေးမိ၏။

ဟုတ်တယ်.. ကိုကိုရည်စားထားနေပြီဆိုတာကို ဦးကိုတိုင်ပြောလိုက်မယ်..။ ဦးက ကိုကို့ကိုဆူရင် ကိုကိုကဦးကိုဒီလောက်ကြောက်တာ ဦးဆူလိုက်တာနဲ့ ကိုကိုချက်ချင်း နောက်ဆုတ်ရမှာ.. ၊





"ဦး...ဦး.."

ဦးသည် ဖုန်းထဲကလူအား ခေါင်းညိတ်အင်းချနေရင်း ဖိုင်တွေလှန်လှောနေရာမှ မယ်မင်းကိုမော့တောင်မကြည့်ဘဲ အပေါ်ကိုလက်ညှိုးညွှန်ပြ၏။ ကိုကိုအပေါ်မှာရှိတယ်လို့ ပြောချင်တာ..။ မယ်မင်းအပေါ်ကိုတစ်ချက်မော့ကြည့်ကာ ပေကပ်ကပ်လေးလုပ်နေရင်း.. ၊

"ဦး ဟိုလေ..ကိုကိုရယ်လေ.."

"သားအပေါ်မှာသမီး.."

ဖုန်းပြောရင်း မော့ကြည့်၍ စကားဖြတ်ပြောကာ ဆက်လက်အလုပ်ရှုပ်နေသောအခါ မယ်မယ်စကားဆက်မပြောရဲတော့ပေ။ ဦးသိမှာ ဂရုစိုက်မှာမဟုတ်ပေမယ့် မယ်မင်းခြေဆောင့်စိတ်ကောက်ပြီး လှည့်ထွက်လာခဲ့သည်။ လှေခါးပေါ်တက်လာရင်း ပြန်ငုံ့ကြည့်မိလျှင် ဦးနေရာမှထထွက်ပြီး ပြေးသွားရန် အိမ်ရှေ့ထွက်သွားပြီဖြစ်သည်။

သွားပါပြီ..ဦးကိုတိုင်လို့ မရတော့ဘူး..။ ဒါဆို ကိုကိုက သူ့ရည်းစားဆီသွားကိုသွားတော့မှာ.. ၊

ဘာပဲဖြစ်ဖြစ် ဒီနေ့ကိုကိုရည်းစားနဲ့တွေ့မယ်ကိစ္စကို မရရအောင်တားဖို့ ဆုံးဖြတ်ရင်း မယ်မင်းကိုကို့အခန်းတံခါးကို ခေါက်ဖို့ လက်ရွယ်လိုက်စဉ် အခန်းတံခါးပွင့်သွား၏။ အလွန်သန့်ပြန့်သားနားစွာ ဝတ်စားလျက် ကြည့်အကောင်းကြီးကောင်းနေသည့် ကိုကို့အား တွေ့လိုက်သည်နှင့်တပြိုင်နက် မွှန်ထွန်ကြိုင်လှိုင်နေသည့်ရေမွှေးနံ့က မယ်မင်းကိုအရင်ဆုံး လာနှုတ်ဆက်၏။ ပြုံးရွှင်တက်ကြွနေသည့် ကိုကို့မျက်နှာ မယ်မင်းကိုမြင်လိုက်သည်နှင့် လငပုတ်ဖမ်းသလို ညိုပုတ်သွားသည်။

"စောစောစီးစီး ဘာလာရှုပ်ပြန်ပြီလဲ.."

"မယ်မင်းလည်းလိုက်မယ်.."

"ဘာ.."

ကိုကို့မျက်နှာ တည်တင်းစူပုတ်သွား၏။ မယ်မင်းဖျတ်ခနဲ ကိုကို့လက်ထဲက ကားသော့ကို ဆွဲလုပစ်ပြီး အောက်ထပ်ပြေးဆင်းလာခဲ့သည်။

"ဟိတ်..မယ်မင်း၊ မလိုက်ရဘူး ကားသော့ပြန်ပေးစမ်း..."

နေကို မယ်မင်းနောက်က အလန့်တကြားပြေးလိုက်မိသည်။ ထင်

သည့်အတိုင်းပင် မယ်မင်းသူ့ကားပေါ်တက်ထိုင်နေ၏။

မဖြစ်ဘူး...ဒီကောင်မလေးပါလို့ လုံးဝမဖြစ်ဘူး.. ၊

"မယ်မင်း...ဘာလုပ်နေတာလဲ၊ အောက်ဆင်းစမ်း...နင့်ကိုခေါ်လို့မ ဘူး..."

သူ ကားတံခါးဆွဲဖွင့်ပြီး မယ်မင်းကိုဆွဲချသည်။ မယ်မင်းက အ ကြောက်အကန်ပြန်ရုန်း၏။ သူစိတ်မရှည်တော့ဘဲ မယ်မင်းကိုယ်လေးကို ပွေ့ချီပြီး ကားအောက်ပြန်ဆွဲချပစ်သည်။

"အား...မေမေရေ၊ ဟင့်အင်း မယ်မင်းလိုက်မှာ..ကိုကိုနော်.."

"ဆင်းစမ်း...မယ်မင်း လွှတ်စမ်း၊ ငါ့ကိုဖက်မထားနဲ့မယ်မင်း..."

ကားအောက်ရောက်လာပေမယ့် မယ်မင်းကိုမြေပေါ်ချပေးလို့ ဘယ် လိုမှမရ။ မယ်မင်း သူ့လည်ပင်းကို အတင်းပြန်ဖက်ကာ ခြေထောက်တွေ ကြီးနဲ့ မထိအောင်တွဲလွဲခိုထားသည်။ သူသာ ကုန်းကုန်းကွကွကြည့်ရ ကောင်းဖြစ်နေသည်။ မယ်မင်းကတော့ မြေပေါ်မရောက်.. ၊

"မယ်မင်း...ဟာကွာ၊ ငါကိုင်ပေါက်ပစ်လိုက်ရ.."

သူ ဘယ်လိုမှမတတ်သာသည့်အဆုံး ကားပေါ်ပြန်တင်ပေးလိုက် ၏။ မကျေမနပ်ဒေါသတကြီး ဆောင့်ပိတ်ပစ်လိုက်သည့်အရှိန်ကြောင့် ကား တစ်စီးလုံး တုန်ခါသွားတာ သိမ့်ခနဲ.. ၊

♥





အခန်း(၄)

မျက်မှောင်ကြီးကုတ်လျက် တည်တင်းနေသည့် ကိုကို့မျက်နှာကို ကြည့်ရင်း မယ်မင်းဝမ်းနည်းသွား၏။

ကိုကို အရမ်းစိတ်ဆိုးသွားတာလား.. ၊

မယ်မင်း စိုက်ကြည့်နေမိစဉ် ကိုကိုမယ်မင်းကို ကားမောင်းရင်းငဲ့ ကြည့်သည်။ အကြည့်က မုန်းမုန်းတီးတီးကြီးမို့ မယ်မင်းမျက်နှာလေးညို့ သွားကာ အလိုလိုနှုတ်ခမ်းစူသွား၏။ နေကို ရှေ့ပြန်ကြည့်ကားမောင်းရင်း မယ်မင်းကို ပြန်ငဲ့ကြည့်ပြန်သည်။ ဒီတစ်ခါအကြည့်က ခုနကလောက် အား မကြင်းတော့ဘဲ ခပ်ပျော့ပျော့.. ၊

မြတ်စွာဘုရား သိဒ္ဓထမင်းသားဘဝမှာ သူအို၊ သူနာ၊ သူသေ၊ ရဟန်း တို့ မမြင်ခဲ့ဘူးသလို မယ်မင်းဆိုတဲ့ကောင်မလေးအတွက် အဆင်မပြေမှုဆို တာ ဘာလဲပြန်မေးရမလိုပင်။ ဒေါသနဲ့မုန်းတီးခြင်းဆိုတာလည်း သူမနဲ့ မနီးစပ်တဲ့အရာမဟုတ်ပေ။ ဘယ်လိုကုသိုလ်ထူးနဲ့လဲမသိပေမယ့် သူမလေး ကိုဆို ဘယ်သူကမှ မုန်းတဲ့လူမရှိ။ ဒေါသထွက်စရာလုပ်နေလည်း တစ်ချက် လေး ပြုံးပြလိုက်တာနှင့် ချက်ချင်းကျေအေးမိသူများသာ။ သူမမျက်နှာလေး ညှိုးငယ်နေပြီဆို အနားကလူတွေ နေမထိထိုင်မသာဖြစ်ရသည်။ ထိုလူတွေ ထဲမှာ သူကရှေ့ဆုံးက.. ၊

"ကိုကို.."

"ဘာလဲ.."

"မယ်မင်းကိုစိတ်ဆိုးနေတာလား.."

'မဆိုးဘဲနေမလား' ဆိုသည့် အကြည့်နှင့်ပြန်ကြည့်လျှင် မယ်မင်းက

မျက်နှာငယ်လေးနှင့် ခပ်နွဲ့နွဲ့ချွဲနွဲ့ပြန်ပြော၏။

"မယ်မင်းက ကိုကို့ကိုချစ်လို့ပါ..မယ်မင်းကိုကို့ကို ဘယ်သူမှမပေးနိုင်ပါဘူး.."

လက်မောင်းကို လှမ်းဖယ်ပြီး ပါးလေးကပ်ချွဲလိုက်သေးသည်။ စိတ်ဆိုးနေတာတွေ မကျေနပ်ဒေါသထွက်နေတာတွေ ရင်ထဲမှာ တစ်စမကျန်အောင် ပျောက်ရှကုန်၏။

ငချွဲလေး.. ။

စိတ်မဆိုးတော့ပေမယ့် သူခပ်တည်တည်ပဲ ဆက်နေလိုက်သည်။

"မယ်မင်းက ကိုကိုမကြိုက်တာတွေ တမင်ကိုလုပ်တာသိလား.."

"ဘာ.."

"ဟုတ်တယ်..မယ်မင်း ဘာလုပ်လုပ် ကိုကိုမယ်မင်းကိုမုန်းမှာမဟုတ်မှန်း မယ်မင်းသိတယ်.."

ခွေးစုတ်လေး..ဒါလည်း သိနေတာပဲ.. ။

"ကိုကို..ကိုကို့.."

"ဘာလဲ.."

"ရည်းစားမထားပါနဲ့ကိုကိုရယ်..မယ်မင်းအရွယ်ရောက်တဲ့အထိစောင့်ပါနော်၊ မယ်မင်းလူကြီးဖြစ်တာနဲ့ ကိုကိုနဲ့လက်ထပ်မှာ.."

သူမျက်နှာတည်တည်နှင့် မယ်မင်းကိုခြေဆုံးခေါင်းဆုံးကြည့်ပစ်လိုက်၏။ အသားဖြူဖြူ လှပပျော့နွဲ့သော ဆံပင်ရှည်များကြောင့် မယ်မင်းသည် အရုပ်မလေးလို ချစ်ဖို့ကောင်းပါသည်။ အသက်ထက်ပိုပြီး နုဖတ်နေသည့်မျက်နှာလေးက ကလေးငယ်လေးလို ဖြူစင်သည်။ နုနယ်သည့်မျက်နှာလေးကြောင့်လည်းကောင်း အသက်ထက်ပိုပြီး ပုသည့်အရပ်လေးကြောင့်လည်းကောင်း မယ်မင်းသည် ဆယ့်သုံးနှစ်သမီးဆိုပေမယ့် ဆယ့်တစ်နှစ်လောက်ဟုသာ ထင်ရသည်။

"နင့်ကိုဘယ်သူကယူမယ်ပြောလို့လဲ..ခင်ဗျားသည်းညည်းလည်း တစ်သက်လုံးခံမသွားနိုင်ဘူး.."

ဒါကျတော့ ယူမှာပဲဘာညာဖွတ်မပြောဘဲ မခံချင်ဖြစ်သွားသလို နှုတ်ခမ်းစူသွားသည်၊





"မယူနေပေါ့..မယ်မင်းကလည်း ကိုကို့ကိုချစ်လို့သာ ယူဖို့စဉ်းစားနေတာ၊ ကိုကို့လိုခါးကိုင်းပိန်ရှည် အသားမည်းတုံးကြီးကို ရုပ်ဆိုးလို့မယူချင်ပါဘူး.."

"ဘာပြောတယ်.."

"ဒီမှာ ကိုကိုကမယူချင်ပေမယ့် မယ်မင်းကိုလိုချင်တဲ့လူတွေ ရှိတယ်သိလား..ဗယ်လင်တိုင်းဒေးမှာ မယ်မင်းယူလာတဲ့လက်ဆောင်တွေက အဲ့ဒါမယ်မင်းကိုကြိုက်တဲ့ကောင်လေးတွေ ပေးလိုက်တာ.."

"ဘာ.."

ကျွီ.. ။

ဘရိတ်ဆောင့်အုပ်ပစ်လိုက်၍ မယ်မင်းကိုယ်လေး ယိမ်းထိုးသွား၏။

"ဘာပြောတယ်မယ်မင်း..နင်အဲ့တာတွေ လက်ခံလာတယ်၊ ဟုတ်လား.."

မယ်မင်း သွားပြီဆိုတာ သိလိုက်၏။ သို့သော် ကိုကို့ကိုခပ်တည်တည်ပဲ ပြန်ကြည့်ပစ်လိုက်၏။

"ခံတော့ဘာဖြစ်လဲ..ကိုကိုလည်း ရည်းစားထားတာပဲ.."

"တိတ်စမ်း..ဘယ်ကောင်တွေလဲ နင့်ကိုလက်ဆောင်ပေးတာ၊ တွေ့မယ်..နင့်ကိုအန်တီသိတာနဲ့ ပြန်တိုင်မယ်.."

"တိုင်ပေါ့..ကိုကိုရည်းစားထားလို့ မယ်မင်းလည်းလိုက်ထားမလို့လို့ပြောလိုက်မယ်.."

တောက်.. ။

ကိုကို့တက်ခေါက်သံက ပြင်းပြင်းထန်ထန်။ ကားသည် လာရာလမ်းသို့ ဝေါခနဲပြန်ကွေ့လိုက်သောအခါ မယ်မင်း အသံတိတ်ရယ်မိသည်။

ဘယ်ရမလဲ.. ကိုကိုက မယ်မင်းအတွက်.. ။

♥

## အခန်း(၅)

ခွီးခနဲ ပုံမှန်မဟုတ်သည့်ရယ်သံကြောင့် သတင်းစာဖတ်နေသည့် သူ့မျက်လုံးတွေ ကော်ဖီသောက်ရင်း ကြိတ်ရယ်နေသည့်သားဆီ ရွေ့လျားသွားသည်။ နေကိုက ကော်ဖီခွက်နှုတ်ခမ်းတေ့လျက် ရယ်မိသည်မို့ နှုတ်ခမ်းမှာ ပေသွားသည့်ကော်ဖီတွေကို ကပျာကယာပြန်သုတ်ရင်း ရယ်လက်စမျက်နှာကို မျက်နှာပိုးသတ်၏။ ဦးနေဇ နေကို့အား ဘာမှမမေးဘဲ သတင်းစာဆက်ဖတ်လိုက်သည်။

ဒီတိုင်းပါပဲ..သူတို့သားအဖရဲ့ ထမင်းစားဝိုင်းက အမြဲလိုလို တိတ်ဆိတ်အေးစက်နေတတ်သည်။ တစ်ခါတလေ နေကိုလိုချင်တာရှိလို့ ပူဆာသည့်အချိန်များမှလွဲ၍ သားအဖစကားမပြောဖြစ်ဘဲ စားစရာရှိတာစားပြီး ထသွားတတ်ကြသည်ကများသည်။

"ဖေဖေ..မယ်မင်းနေမကောင်းတာသိလား.."

ကျော်စွာ စက်ဘူကနေ ပြန်ရောက်နေကတည်းက မယ်မင်းတစ်ခုခုဖြစ်နေလို့ဆိုတာ သူသိပြီးသားပါ။ ဒါပေမယ့် ဘာဖြစ်နေလဲမသိ.. ။

"ဘာဖြစ်တာတဲ့လဲ.."

နေကိုက ချက်ချင်းမဖြေဘဲ ပြုံးစိစိလုပ်နေသည်။

"မယ်မင်းအပျိုဖြစ်တာ ဖေဖေ..ညက မယ်မင်းထယောင်တာ ဖေဖေမကြားဘူးလား၊ မေမေရေ ဘီလူးကြီးမယ်မင်းကို လာသတ်နေတယ်..မယ်မင်းသွေးတွေထွက်နေပြီ၊ ဖေကြီးရေ..မေမေရေ မယ်မင်းသေတော့မယ်နဲ့၊ ဟား ဟား ဟိုဟာဖြစ်လို့ ဟိုဟာတွေရှိနေတာကို ဘီလူးလာကိုက်လို့ပါခဲ့ပြီး ထအော်တာ..အကျယ်ကြီးပဲဖေဖေရာ.."





"အဲ့ဒါ ရယ်စရာဘာပါလဲ.."

ဦးနေဇ ခပ်တည်တည်ဆူလိုက်သော်လည်း နေကို မျက်နှာပိုးမသတ်နိုင်သေး.. ။

"အဲ့ဒီကောင်မလေး ဘီလူးဆို သိပ်ကြောက်တာဖေဖေသိလား..သရဲသို့ပြောရင် လုံးဝမဖြုံ..ဘီလူးဟော့ဆိုရင် ဘာမှန်းညာမှန်းမသိသေးဘူး ထအော်နေပြီ..ခုလည်း.."

သတင်းစာဖတ်နေရင်း ခပ်တွန့်တွန့်ဖြစ်နေသည့် ဦးနေဇ၏မျက်ခုံးအန်းများအား သတိထားမိပြီးနောက် နေကို စကားများနေမိသည့် ကိုယ့်အဖြစ်ကို သဘောပေါက်ကာ ပါးစပ်ပိတ်လိုက်ရပြီး မနက်စာစားခြင်းမှာ စိတ်နစ်ထားလိုက်၏။

"ဒီနေ့ဘာနေ့လဲ.."

နေကို မျက်လုံးတွေပြူးကျယ်သွားသည်။ သတင်းစာခေါင်းစည်းကို မျက်ကြောစင်းပြီးကြည့်နေသည့် ဦးနေဇအား တအံ့တဩလှည့်ကြည့်မိပြီး..၊

"ဆယ့်လေးရယ်..ဖေဖေ ဖေဖေကမယ်မင်းအပျိုဖြစ်တဲ့နေ့ကို မှတ်အားပေးမလို့လား.."

"ဘာကွ.."

သွားပြီ.. ၊

"ဘွာ..ဘွာတောဖေဖေ၊ ဖေဖေကရုတ်တရက်ထမေးလိုက်တော့..သားသားသွားတော့မယ်.."

နေကို နေရာမှ တချိုးတည်းထပြေးမိ၏။ နံရံကွယ်တော့ ရယ်လိုက်ရတာ အူလှိုက်သည်းလှိုက်။ ကျောင်းရောက်လို့ သူ့သူငယ်ချင်းတွေ ပြန်ပြောမိတော့ အားလုံးဝိုင်းရယ်ကြသည်။ နေနိုင်၊ ဇွဲနှင့် ကျော်မြင့်တို့သုံးယောက်က သူနဲ့ငယ်ငယ်ကတည်းက လည်ပင်းဖက်ပေါင်းလာကြသည့် သူငယ်ချင်းတွေဖြစ်သည်။ သူ့အကြောင်း ခေါင်းအစခြေအဆုံးသိသည်။ မယ်မင်းကိုလည်း သိနေကြပြီးသားမို့ ဖေဖေနဲ့သူ့အဖြစ်ရယ်ရင်းမှ မယ်မင်းအပျိုဖြစ်တဲ့ဒီနေ့ကိုပါ ဆက်လက်ဆွေးနွေးဖြစ်သွား၏။

"မယ်မင်းက တကယ်ကြီးလား..ခုမှကလေးသေးသေးလေးရှိသေးဘာကိုကွာ.."

"ဟုတ်ပါတယ်ဆိုကွာ..ငါလည်းအံ့ဩလို့မဆုံးဘူး၊ ပြီးတော့.."

သူဆက်မပြောတော့ အားလုံးသူ့ကိုကြည့်လာကြသည်။

"ပြီးတော့ ဘာဖြစ်လဲ.."

"မသိဘူးကွာ..အရင်တုန်းကတော့ ကလေးဆိုပြီး ချစ်သေးတယ် ခုကျတော့ စိမ်းသက်သွားသလိုပဲ..ပြီးတော့ အနားလည်းမကပ်စေချင်တော့ ဘူး၊ ရှုံ့သလိုလို စိတ်မသန့်သလိုလိုပဲကွာ.."

"ဟော့ကောင်..နည်းနည်းတော့လျှော့၊ မင်းစော်ဘရဏီလည်း မိန်း ပဲလေ..မိန်းမတွေ ဒီကိစ္စဖြစ်တာ ဆန်းလားကွ၊ ဒါသဘာဝပဲကို.."

"မသိဘူးကွာ..သဘာဝဖြစ်ဖြစ် ဘာဖြစ်ဖြစ် မယ်မင်း ငါ့နားလာက မှာကိုတော့ ငါလုံးဝသဘောမကျတော့ဘူး၊ ဘယ့်နှယ်ကွာ ကလေးသေးသေး လေးက ဒါမျိုးတွေဖြစ်ရတယ်လို့.."

"အဲ့ဒီတော့ မင်းကမယ်မင်းနဲ့ ဝေးဝေးနေတော့မယ်ပေါ့..ဟုတ် လည်းလုပ်ပါကွာ၊ မင်းလားနေမှာ.."

"အံမယ်..ငါကဘာလို့မနေနိုင်ရမှာလဲ၊ မယ်မင်းနေမကောင်းတ တောင် စာမေးပွဲအကြောင်းပြပြီး ခြေဦးမလှည့်ဘဲနေတာ.."

"အေးပါ..ကျောင်းကပြန်တာနဲ့ တဖက်အိမ်ရောက်မရောက်ကြည့် သေးတာပေါ့၊ ပြီးရင်လာပါလိမ့်မယ်..မယ်မင်းနေမကောင်းဖြစ်နေတာ နားစရာလေးကွာ မျက်လုံးလေးကို နီရဲနေတာပဲ ငါဆေးတိုက်မှသောက်တ မယ်မင်းကို ဆန်ပြုတ်ချော့တိုက်နေရလို့ မလာနိုင်တော့ဘူးကွာ..စသဖြ စသဖြင့်.."

နေကို ဟုတ်ခဲ့တာတွေပြောနေသည်မို့ ခံလည်းမခံချင်။ နေနိုင်ပြ သမျှ ပြန်မပြောနိုင်ဘဲ မကြည်ကြည့်နဲ့ပဲ ကြည့်နေနိုင်သည်။ ခုလည် ကျောင်းကပြန်တာနဲ့ သူမယ်မင်းဆီသွားရတော့မှာ သေချာသည်။ အန်က တောင် စက်ဘီးပူကနေ မိုးမလင်းသေးဘူး ပြန်ရောက်ချလာ၏။ 'ဖေကြီးပြ လာခဲ့'လို့ ဂျီကျနေလို့တဲ့...။ သူ့ကိုလည်း 'ကိုကိုရော'လို့ တစ်ခွန်းမေးလို တာနဲ့ လာခေါ်ကြတော့မှာ သေချာသည်။ သူ့စိတ်ထဲမှာ မယ်မင်းအနား ကပ်ချင်သလိုဖြစ်မိတာတော့ အမှန်ပင်။ ဘယ်လိုရှောင်ရမှန်းလည်း မသိ

"တော်ပြီကွာ..ငါဒီနေ့အိမ်မပြန်တော့ဘူး၊ ကလပ်သွားမယ်.."





အားလုံးမျက်လုံးများ အားတက်သရော ပြေးဆုံသွားကြ၏။

"တကယ်လား..သွားကြမယ်ကွာ၊ မင်းဖုန်းပါပိတ်ထားလိုက်.."

♥

အခန်း(၆)

ဦးကျော်စွာပေါင်ပေါ်ထိုင်ပြီး ဗိုက်ပူပူကြီးပေါ် မှီလှဲနေသည်။ ရင် အက်ပေါ် ခေါင်းမှီလျက် လက်ချောင်းလေးတွေကို ရှပ်အင်္ကျီနှင့် ရောထွေး ဆုပ်ထား၏။ နေတဲ့ပုံက ဆယ်ကျော်သက်အရွယ်နှင့်မတူဘဲ ရင်ခွင်ပိုက်က လေးငယ်လေးလို သမီးဖြစ်သူကို ပေါင်ပေါ်တင်ပြီး ပွေ့ထားသည့်လူက လည်း ကလေးသေးသေးလေးကို တယုတယပွေ့ထားသလို ပွေ့ထား၏။ စားပွဲပေါ်မှာ ခေါက်ဆွဲပြုတ်နှင့်မုန့်များ အမျိုးအမည်အစုံအလင်ရှိနေသည်။ ဒီဇာတင်းဖျောထားသည့်ခွက်ကလည်း အငွေ့တထောင်းထောင်းထလျက် ရှိနေဆဲ။ အဖေလုပ်တဲ့လူက သမီးကိုတယုတယပွေ့ထားသလို ဒေါ်သီတာ ကလည်း မယ်မင်းနဖူးက ဆံပင်လေးတွေကို သပ်တင်ပေးနေရင်း သက် ပြင်းတချချ.. ၊

"သမီး..ဖေ့ချစ်တုံးလေး၊ ဟိုမှာ ဖေကြီးဝယ်လာတာ မုန့်တွေအများ ကြီးပဲ..သမီးအကြိုက်တွေချည်းပဲ တစ်ခုခုမစားချင်ဘူး..ဟင်..'

"သမီးမယ်မင်း..ထမင်းမစားချင်လည်း ဘာစားချင်လဲ မေမေ့ကိုပြော၊ ပေါင်မုန့်ကြော်စားမလား..မေမေရှယ်လုပ်ကျွေးမယ်.."

"ဟင့်အင်း.."

ဘာမေးမေးတွင်တွင်ခေါင်းခါနေပြီး မယ်မင်းမျက်လုံးတွေက အိမ် ခေါက်စဆီမှ မခွာ။ သိပ်မကြာခင် နေကိုမကြည်မလင်ရောက်ချလာ၏။

"ငရှုပ်လေး.."

အိမ်ထဲဝင်လာရင်း တစ်ယောက်တည်းနှုတ်ခမ်းလှုပ်ရှုံ ငြီးငြူမိသည်၊ ကလပ်မှာ စော်အလန်းလေးတွေ ကြည့်နေတုန်းရှိသေး။ သူဖုန်းပိတ်ထားတ တောင် နေနိုင်တို့ဖွဲ့တို့ဆီ ဖုန်းဆက်ပြီးပြန်လာခိုင်းသည်။ မယ်မင်းတစ်ေ ကုန် ဘာမှကျွေးမရလို့ အားလုံးစိတ်ပူနေကြတယ်တဲ့။ အဲ့ဒါ သူနဲ့ဘာဆိုင် လဲ..။ ကိုယ့်ဘာသာနေနိုင်လို့နေတာ နေပေါ့... ၊

အိမ်ထဲဝင်လာသည်အထိ သူ့မျက်နှာကမကြည်လင်။ ဒါကိုသိသေ ဒေါ်သီတာက ထိုင်ရာမှထလာပြီး နေကို့အနားကို တိုးတိုးကပ်ပြော၏။

"သားညီမလေး တစ်ခုခုစားအောင် ပြောပေးပါဦးသားရယ်..သာ ပြောမှ သူစားမှာ.."

အန်တီသီတာကို ချစ်သည့်စိတ်က တင်းနေသည့်မျက်နှာ အလိုလ ပြေကျသွားရကာ 'ဟုတ်ကဲ့'ဟု ခေါင်းညိတ်မိတာ ကပျာကယာ။ မယ်မင် ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ကိုကိုလာပြီ..ကိုကိုနဲ့ စကားပြောလိုက်ဦး.."

ဦးကျော်စွာက မယ်မင်းကိုယ်လေးကို ဆိုဖာပေါ်ချပေးသည်။ မယ မင်းက နေကို့ကိုအမျှော်ကြီးမျှော်နေတာ သူမဟုတ်သလို လွတ်နေသည့်နေ ယောက်ထိုင် ဆိုဖာပေါ်မှာ လှဲချပစ်ပြီး ဆက်မှိုင်နေသည်။

"မယ်မင်းလေး..နေမကောင်းဘူးဆို.."

သူ မယ်မင်းနဖူးကို စမ်းလိုက်တော့ ကိုယ်လည်းမပူပါ။

ငချွဲမ..တမင်လုပ်နေတာ.. ၊

"ကိုယ်လည်းမပူပါဘူး..မယ်မင်းဘာဖြစ်တာလဲ၊ ကိုကို့ကိုပြောပါဦး- ထပါဦးမယ်မင်းရဲ့.."

"ထဖို့အားမရှိဘူး.."

"ဟုတ်လား..ထဖို့တောင် အားမရှိတော့ဘူးလား၊ ဟုတ်သားပဲ..ကိုက မယ်မင်းလေး တော်တော်အားနည်းနေတာပဲ၊ အဲ့လိုမှန်းသိရင် ကိုကိုကျော ကပြန်ကတည်းက ချက်ချင်းပြေးလာပါတယ်ကွာ..ကိုကိုသိကိုမသိလို့၊ အ ခုရော သက်သာလား.."

မယ်မင်း ခေါင်းခါပြရင်း လှဲနေရာမှ ထထိုင်၏။





"ကိုကို..မယ်မင်းလေ၊ မယ်မင်း.."

မယ်မင်းက သူ့ကိုအချိုကြီးပြောမလိုပြင်ပြီးမှ ဒေါ်သီတာ့ဆီလှမ်း ကြည့်ပြီး တွန့်သွားသည်။ သူလှည့်ကြည့်လိုက်တော့ အန်တီသီတာ သူတို့ နှစ်ယောက်ကိုလှမ်းကြည့်နေရာမှ မျက်နှာလွှဲသွား၏။

"ပြောလေ..မယ်မင်းရဲ့၊ မယ်မင်းဘာဖြစ်လို့လဲ.."

မေးတာကို ပြန်ဖြေမလာဘဲ ရှည်လျားကော့ညွတ်နေသည့် မယ်မင်း မျက်တောင်လေးတွေမှာ မျက်ရည်ဥလေးများခိုတွဲလာသည်။ လှိုက်လှိုက်လှဲ ဖွဲ့ဝမ်းနည်းလာသလို မျက်နှာလေးနီလာပြီး မဲ့ကျသွားသည့် နှုတ်ခမ်းလေး မှာ ဝမ်းပမ်းတနည်း.. ၊

"မယ်မင်း.."

ဒီတစ်ခါ သူတကယ်စိတ်ပူသွား၏။ သူစိတ်ပူတကြီးဖြစ်သွားသည့် အသံက မယ်မင်းကို ငိုချင်လျက်လက်တို့ဖြစ်သွားစေကာ အင့်ခနဲရှိုက်ရင်း သူ့ နားနားကပ်ပြီး ပြောသည်။

"မယ်မင်းသေတော့မှာကိုကို.."

"ဟင်..မဟုတ်တာမယ်မင်းရာ၊ မယ်မင်းကဘာလို့သေရမှာလဲ.."

"မယ်မင်းကိုယ်ထဲမှာ သွေးတွေမရှိတော့ဘူး.."

နေကို့မျက်နှာကြီး ထူပူရှိန်းပိန်းသွား၏။ ရုတ်တရက် ရှက်စွဲ့ထူပူ သွားတာကသက်သက်။ ဒါကိုစိတ္တဇဖြစ်ပြီး အကြီးကြီးခံစားနေရသည့်မယ် မင်းကို သနားသွားတာက သက်သက်ပါ။ အန်တီသီတာနှင့် အန်ကယ်ကျော် စွာတို့အား မရဲတရဲဝေ့ကြည့်မိတော့ လင်မယားနှစ်ယောက်စလုံး တကယ် မကြားတာလား..မကြားသလိုနေနေကြတာလားမသိ။ သူတို့နှစ်ယောက်ကို မကြည့်ဘဲ စကားပြောနေသည်။ သူ အန်ကယ်နဲ့အန်တီတို့မကြားအောင် မယ်မင်းနားမှာကပ်ပြီး ခပ်တိုးတိုးပြန်ပြောလိုက်၏။

"အဲ့..အဲ့ဒါကောင်းတာပေါ့ မယ်မင်းရဲ့.."

"ကောင်းတယ်.."

"အင်းလေ..ကောင်းတာပေါ့၊ မယ်မင်း ကိုကို့စော်ကိုသိတယ်မှတ် လား..ဘာရဏီလေ၊ ပြီးတော့ ဟိုဘက်လမ်းကမစ်စ်ဝေါမှာ ဝင်းနားဖြစ်သွား တဲ့ တွယ်တာသက်နှင်းရော..သူ သူတို့လည်း မယ်မင်းလိုပဲဖြစ်တယ်၊ အခ

တုန်းကဆိုကွာ တွယ်တာသက်နှင်းဆိုတဲ့ကောင်မလေး အရမ်းရုပ်ဆိုးတာ..အဲ့လို မယ်မင်းလိုလည်းဖြစ်ပြီးရော လှလာတာ ကိုကိုဆိုမှတ်တောင်မမှတ်မိဘူး..မယ်မင်း သူ့ကိုသိတယ်မဟုတ်လား.."

မယ်မင်းက ယောင်နနလေးခေါင်းညိတ်၏။

"အခု မလှဘူးလား..ကိုကို့စော်လေးရော မလှဘူးလား ကဲ၊ မယ်မင်းက အခုကတည်းက အရမ်းချစ်ဖို့ကောင်းနေပြီးသားကွ..နောက်ဆို ဒီ့ထက်အများကြီးအများကြီးပိုလှလာတော့မှာ၊ မယ်မင်းကို မြင်တာနဲ့ ဘဲတွေအားလုံး သရေတွေတတောက်တောက်ကျ..အရူးတပိုင်းတွေဖြစ်၊ မယ်မင်းဆံပင်လေးဝဲဝဲ ဝဲဝဲ..တင်လေးခါခါခါခါနဲ့ လမ်းလျှောက်သွားတာနဲ့ လမ်းပေါ်ကကောင်တွေ မယ်မင်းကိုငမ်းပြီး အကုန်ခလုတ်တိုက်လဲ..မယ်မင်းနောက်လိုက်ပြီး အရူးတွေလို ကားရှေ့ပြေးဝင်.."

နေကို မယ်မင်းလမ်းလျှောက်တဲ့ပုံလုပ်ပြလိုက် သရေကျပြလိုက် လဲပြလိုက်နှင့် ဟာသမြောက်အောင် သရုပ်ဆောင်ပြနေလျှင် မယ်မင်း နေကို့ကိုကြည့်ပြီး ခိုးခိုးခစ်ခစ်လိုက်ရယ်၏။

"ကိုကိုရော..မယ်မင်းကိုငမ်းမှာလား.."

"ဟာ..ငမ်းမှာပေါ့၊ ကိုကိုက အဆိုးဆုံးဖြစ်မှာ..မယ်မင်းကအရမ်းလှသွားတော့ ကိုကိုကမမှတ်မိတော့ဘူးလေ.."

နေကို မယ်မင်းအား တအံ့တသြပါးစပ်အဟောင်းသား ပြူးကြည့်ပြီး အသံသြသြကြီးနဲ့ ဆက်ပြောပြ၏။

"ဟား..လှလိုက်တဲ့ကောင်မလေးကွာ၊ ငါ့စိတ်တွေထိန်းလို့မရတော့ဘူး..ဒီကောင်မလေးကို အစိမ်းလိုက်ဝါးစားပစ်မှရတော့မယ်၊ စားပလိုက်တော့မယ်..စားပစ်မယ်၊ လာထား.."

နေကို အတင်းချုပ်ဖမ်းပြီး ကိုက်စားတော့မလို လုပ်ပြလျှင် မယ်မင်း နေကို့လက်က အတင်းပြန်ရုန်းရင်း ရယ်သံတွေဆူညံပွက်လောရိုက်သွား၏။

♥





အခန်း(၆)

သုံးနှစ်ဆိုသည့် အချိန်ကာလသည် ဘယ်လိုကုန်ဆုံးလွန်မြောက်လာမှန်းမသိအောင် မြန်ဆန်လွန်းလှသလို သတိမထားမိဘဲ မနေနိုင်လောက်အောင် ချောမောလှပလာသော မယ်မင်းအလှတရားများသည်လည်း နတ်ကြိမ်လုံးနဲ့ တို့လိုက်သလို ထူခြားပြောင်းလဲလာခဲ့သည်။

မျက်လုံးချင်းအငြိနဲ့တင် သေနိုင်သတဲ့.. ၊

ဆံပင်ရှည်တွေအဝေ့မှာ နှလုံးသားကြွေသွားနိုင်သတဲ့.. ၊

ရယ်သံလွင်လွင်လေးနောက်မှာ အသက်ပျောက်သွားနိုင်သတဲ့.. ၊

တစ်နေကုန် ထိုင်ကြည့်နေရရုံနဲ့ ထမင်းမစားဘဲ နေနိုင်သတဲ့.. ၊

ဘယ်သွားသွား သမင်လည်ပြန်ရော ကျားလည်ပြန်ပါ ငေးတဲ့ကောင်တွေများလွန်းလို့ မယ်မင်းကို တစ်ယောက်တည်းစိတ်မချတော့ပေ။ အရင်ကဘယ်သွားသွား တကောက်ကောက်အတင်းလိုက်မယ် ဂျီကျတတ်တဲ့လူကမယ်မင်း။ ခုတော့ မယ်မင်းဘယ်သွားသွား ရင်တမမသက်ပြင်းတချချနဲ့ရောက်တဲ့အရပ်က ပြေးလိုက်သွားချင်မိတဲ့သူက သူဖြစ်နေပြီ။ အရင်ကသူဘယ်ကောင်မလေးအနားရောက်သွားသွား ချက်ချင်းသိနေတတ်ပြီး မတွဲရဘူး မချစ်ရဘူးတားတဲ့လူက မယ်မင်း..။ အခု မယ်မင်းအနားကပ်သမျှကောင်တွေကို အစ်ကိုလိုလို ကိုယ်ရံတော်လိုလိုနှင့် သဝန်တိုစွာ ဒေါသတကြီး ပထုတ်နေမိတာ သူဖြစ်နေပြီ.. ၊

တကယ်ဆို မယ်မင်းနဲ့သူ အသက်ငါးနှစ်ကွာသည်။ ပြီးတော့ မောင်နှမတွေလို အတူတူနေထိုင်ကြီးပြင်းလာတာ၊ သူဒါမျိုးမဖြစ်သင့်ဘူးထင်သည်။ အရပ်ကြီး ဖွံ့ဖွံ့ထွားထွားရှည်လာသည်မှလွဲ၍ မယ်မင်းကဘာမှမ

ပြောင်းလဲ။ မနက်၊ နေ့၊ ည ထမင်းစားဝိုင်းမှာ သူရှိမှ။ စာကျက်ရင် အိ
စာလုပ်ရင် သူလိုက်ကျက်မှ သူသင်ပေးမှ။ ဘတ်ဟံရိုက် ရေကူးကန်သွာ
ဘယ်သွားသွား သူနဲ့အတူတူ။ ညဘက်အိပ်မရတိုင်း ကိုကိုပုံပြောပြလို့ မငြ
မငယ်နှင့် ဂျီကျတတ်တုန်း။ အရာရာမပြောင်းမလဲ ရွေ့လျားလာသည့်အ
မှာ ပြောင်းလဲလာသော မယ်မင်းအလှတရားများကြောင့် အနေအထိုင်ခ
ရသူက သူပါ.. ၊

အရင်လည်း ပြောနေကျစကားဖြစ်သည့် 'မယ်မင်းကိုကို'ဆိုသ
စကားအသုံးအနှုန်းလေးကို ကြားရတာပင် ရင်ထဲမှာ တသိမ့်သိမ့်ကြည်
မိတာ ဘာနဲ့မှမတူ။ 'မယ်မင်းက ကိုကို့ကိုချစ်တာကိုး'လို့ သူမက သမာ
ကျပြောတဲ့အခါတိုင်း သူ့မျက်နှာဆီပူထဲ ခေါင်းနှစ်မိသလို ထူပူသွားတ
တာ ဘယ်သူမှမသိပေမယ့် ကိုယ့်ဘာသာသိနေသည်။ လက်မောင်းကိုဖ
ပြီး ပါးလေးကပ်ချွဲနွဲ့ပြောတိုင်း အသည်းနှလုံးတွေအရည်ပျော်ကျမတ
ကျင်ခဲ့သွားတတ်သည်။ ရှည်ကော့သောမျက်တောင်ရှည်များ ခြံရံထားသေ
ညို့အားပြင်းလှသော မယ်မင်းမျက်လုံးတွေကို ရင်ဆိုင်ကြည့်မိတိုင်း ရင်
မှာ ထိရှကျန်ခဲ့တာ မသိမသာလေးမဟုတ်တော့..။ သို့သော်.. ၊

"တော်ကြစမ်းပါကွာ..မင်းတို့ဘာပြောပြော ငါ့မျက်လုံးထဲမှာ မယ်
မင်းက ကလေးပဲ.."

မယ်မင်းကို ရည်းစားစကားပြောဖို့ တခြားလူနောက်ပါမသွားေ
အပိုင်ချုပ်ထားဖို့ ဝိုင်းတိုက်တွန်းနေကြသည့် ဖွဲ့တို့သုံးယောက်အား သူဘုး
အော်ပစ်လိုက်၏။ ချစ်နေပြီ။ နှလုံးသားတွေကြွေကျမတတ် ညွှတ်ကျနေပြ
မယ်မင်းအပေါ် သူ့ခံစားချက်တွေ ရင့်သီနေပြီဆိုတာ ကိုယ့်ကိုယ်ကိုသိ
မယ့် တစ်သက်လုံးမောင်နှမတွေလို နေလာပြီးမှ မရိုးမသားစကား သူ့ဘ
ကဘယ်လိုပြောရမလဲ..။ လုပ်လည်းမလုပ်သင့်ဘူးထင်သည်။ အထူးသဖြ
အန်တီနဲ့အန်ကယ်က သူ့ကိုယုံကြည်လို့ အပ်ထားတာ။ ပြီးတော့ မယ်မင်း
ချစ်တယ်ဆိုတဲ့စကားကို တွင်တွင်ပြောနေပေမယ့် အချစ်အကြောင်းဘာမှ
မသိတဲ့ကလေး.. ၊

"ကလေးတော့ကလေးပေါ့ကွာ..ဒါပေမယ့် မယ်မင်းကတော်တေ
ကြီးလှလာတာနော်နေကို၊ နှလုံးသားရှိတဲ့ ဘယ်ယောက်ျားမဆို မယ်မင်းက





သောမကျောဘဲနေနိုင်မှာမဟုတ်ဘူး..မယ်မင်းအလှကို မခံစားမိဘူးဆိုတာ
ရင်ရှူး..မရှူးရင် ဘူးခံငြင်းနေတာ အသေအချာပဲ.."

"အနီးမှုန်နေတာကွ.."

"မင်းတို့က မယ်မင်းအကြောင်းမှ သေချာမသိတာကိုး..အဲ့ဒီကောင်
ဘယ်လောက်ဂျီကျပြီး စိတ်ရှုပ်စရာကောင်းလဲ မင်းတို့မှမသိတာ..
သက်လုံး အတူနေပြီး လက်ထပ်ဖို့မပြောနဲ့ အခုသူ့ကိုစာသင်ပေးနေရ
တောင် ငါဘယ်လောက်စိတ်ညစ်နေရလဲသိလား..နေ့စဉ် မိုးလင်းတိုင်း
ဘာလေး မြန်မြန်ဆယ်တန်းအောင်ပါစေပဲ ဆုတောင်းနေမိတာ၊ နေ့
ဘယ်မှပုန်းမရအောင် ရောက်ရောက်လာတတ်လွန်းလို့ ကိုယ့်ကိုယ်ကို
သေချင်မိတဲ့အထိပဲ.."

ဒုန်း.. ၊

အခန်းတံခါးဆောင့်ပွင့်သွားသဖြင့် အားလုံးအခန်းဝဆီ လှမ်းကြည့်
၏။

မယ်မင်း.. ၊

အခန်းဝမှာ မယ်မင်းနှင့်ရတနာ မတ်တပ်ရပ်နေကြသည်။ ရတနာ
ကို့အားမကျေမနပ် နှုတ်ခမ်းစူကြည့်နေပြီး မယ်မင်းကမျက်ရည်လည်
.. ၊

"မယ်မင်း.."

"ကိုကို မယ်မင်းကြောင့် အဲ့လောက်ထိစိတ်ညစ်နေရတာလား.."

မျက်ရည်လည်နေသည့် မယ်မင်းမျက်နှာလေးကို ငေးကြည့်ရင်း သူ
ပြန်ပြောရမှန်းမသိ။ သူ့ရင်ထဲက မရိုးသားမှုကို ဖုံးကွယ်ခဲ့သော စကား
ပါလို့ ဘယ်လိုရှင်းပြရမလဲ.. ၊

"မဟုတ်ဘူးမယ်မင်း..ကိုကို.."

"မယ်မင်းကတော့ သူ့ကိုချစ်လိုက်ရတာ.."

ပြောပြီး ငို၏။ သူမယ်မင်းဆီလျှောက်သွားပြီး ပြန်ချော့ဖို့ ကြိုး
လျှင် မယ်မင်းသူ့ကို အနားကပ်မခံတော့ပေ။ နောက်ဆုတ်ပြီး သူ့လက်
ကိုပုတ်ချပစ်၏။

"မယ်မင်းက ကိုကို့ကိုချစ်လို့ ကိုကို့အနားမှာနေချင်လို့ လျှောက်လုပ်

နေတာ..စိတ်ချ၊ နောက်နေ့ကစပြီး ကိုကိုပုန်းနေစရာ မလိုတော့ဘူး..မယ်
မင်း ကိုကို့အနားလုံးဝမလာဘူး.."

"မယ်မင်း.."

မယ်မင်း အခန်းထဲကပြေးထွက်သွား၏။ ရတနာ မယ်မင်းနော
ပြေးလိုက်သွား၏။

"နေကို..လိုက်သွားပြီးချော့လေကွာ.."

"မရတော့ဘူး..ခုနေလိုက်ချော့ရင် ငါ့ဘာပြောပြောလက်ခံမှာမဟုတ်
ဘူး.."

ခုနကပဲ ကိုယ့်ပါးစပ်က ပြောလိုက်တဲ့စကားတွေကို မဟုတ်ပါဘူး
အတင်းလိုက်ပြောတော့ရော မယ်မင်းယုံပါတော့မလား..။ သူကရော ခုတ
မျိုး ကော်ကြာတစ်မျိုး လုပ်နေရမှာလား.. ၊

မယ်မင်း စိတ်ကောက်ပြေတဲ့အချိန်ကျမှပဲ.. ၊

♥

အခန်း(၇)

မယ်မင်းကျောင်းဝတ်စုံလေးဖြင့် ကားပေါ်ကဆင်းလာသည်။ ဆံ
ပင်တွေကို ဆံမြိတ်ဘာညာမချဘဲ အပြောင်သိမ်း၍ ခပ်မြင့်မြင့်စည်းထား
သည်။ ဒေါ်သီတာအေးပါ ကားပေါ်ကဆင်း၍ အိမ်ထဲကထွက်လာသည့်
နေကို့ကိုမြင်လိုက်ရ၍ ငဲ့ကြည့်မိ၏။

မယ်မင်း နေကို့ကို အိမ်မလာခိုင်းတာ စာမသင်တော့ဘဲ စကားလုံးပေ
ပြောတာ တစ်လကျော်ကြာပါပြီ။ အရင် နေကိုနဲ့အတူတူစာသင်နေကျ





သည်း ကိုယ့်ဘာသာကျက်တော့မည်ဟု ပြောသည်။ နေကိုအိမ်လာတာနဲ့
စာမေးပွဲမဖြေပါဘူးပြော၍ နေကိုမှာလာချင်လျက် မလာဘဲ ရှောင်နေ
ရသည်။ ဒီနေ့စာမေးပွဲနောက်ဆုံးနေ့ကျမှ ပေါ်လာ၏။

"မယ်မင်း စာမေးပွဲဖြေနိုင်လား.."

မယ်မင်းက ပြန်မဖြေ။ ဒေါ်သီတာအေး နှစ်ယောက်ကိုငေးကြည့်ရင်း..

"မောင်နှမနှစ်ယောက်ရန်ဖြစ်မနေနဲ့နော်.."

မယ်မင်းကို သတိပေးသလိုမှာပြီး ဒေါ်သီတာအထဲဝင်သွား၏။ မယ်
မင်းက ဒေါ်သီတာဘာပြောပြော နေကို့ကိုစိတ်ဆိုးနေဆဲမို့ နေကို့ကိုတွေ့
သည်နှင့် နှုတ်ခမ်းစူရင်း အိမ်ထဲဝင်ဖို့ ပြင်သည်။ နေကိုက မယ်မင်းရှေ့မှာ
စိတ်ရပ်ပစ်ပြီး.. ၊

"မယ်မင်း ကိုကို့ကိုစိတ်ကောက်နေတုန်းလား..ကိုကိုလာရင် စာမေး
ပွဲမဖြေတော့ဘူး ခြိမ်းခြောက်ထားလို့သာ မလာရတာ၊ ကိုကိုဘယ်လောက်
စိတ်ပူနေလဲသိလား..စာမေးပွဲဖြေနိုင်လား.."

"ဖြေနိုင်တယ်..မယ်မင်းအတွက် ကိုကိုစိတ်ပူမနေပါနဲ့၊ မယ်မင်းကိုယ့်
ဘာသာနေနိုင်တယ်..ကိုကိုမရှိလည်းဖြစ်တယ်သိလား.."

သူ့ကိုမြင်ကတည်းက ငိုချင်နေသည့်ကောင်မလေး စကားကိုအသံမ
တုန်အောင် ထိန်းပြောနေပေမယ့် နှာသီးဖျားလေးတွေ မျက်ခမ်းစပ်လေး
တွေ နီလာတာကို ထိန်းမရ။ သူ့ကိုရှောင်ဖယ်ပြီး မယ်မင်းအိမ်ထဲဝင်သွားဖို့
ပြင်နေလျှင် သူမယ်မင်းလက်လေးကိုဆွဲပြီး ခြံထဲကိုဆွဲခေါ်လာမိသည်။

"ကိုကိုဘာလုပ်တာလဲ..လက်ကိုလွှတ်.."

မယ်မင်း ကိုကို့လက်ကိုဆောင့်ရုန်းပစ်လိုက်ပြီး ငိုချင်နေတာကိုထိန်း
၍ နှုတ်ခမ်းလေးကို ဖိကိုက်ထားမိသည်။ နေကို လူကွယ်သည့်ခြံထဲတစ်
နေရာရောက်သည်နှင့် မယ်မင်းပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး မျက်နှာကို
သေချာစိုက်ကြည့်၏။

"တစ်လလုံးလုံး မယ်မင်းကိုကို့ကို မခေါ်ဘဲ နေနိုင်တယ်နော်..စာ
မေးပွဲလေး လိုက်စောင့်ပေးချင်တာတောင် ကိုကိုလိုက်လာရင် မဖြေတော့
ဘူးလို့ ဂျစ်တိုက်တာမလွန်ဘူးလား၊ မယ်မင်းကိုကို့ကို တကယ်လုံးဝမခေါ်
တော့ဘူးလား..တကယ်တစ်သက်လုံးနေမှာလား.."

"နေမှာ..ကိုကို့ကိုလွမ်းလို့ ကွယ်ရာမှာသေသွားလည်း အသေ
လိုက်မယ်၊ နေနိုင်အောင်ကိုနေမှာသိလား.."

မယ်မင်း မျက်ရည်လည်လာသည်မို့ နေကို့ရှေ့ကထွက်ပြေးဖို့
သည်။ နေကိုဖြစ်ချင်ရာဖြစ် မယ်မင်းကိုယ်လေးကိုဆွဲဖက်ပစ်လိုက်၏။

"ကိုကိုက မနေနိုင်ဘူး.."

"ဘာလုပ်တာလဲ..လွှတ် ကိုကိုနော်၊ မယ်မင်းကိုလွှတ်..မယ်မင်းအေ
လိုက်မှာသိလား..မေမေရေ.."

"မယ်မင်းမအော်နဲ့.."

"မေမေရေ..ဒီမှာ ကိုကိုရယ် မယ်မင်းကို.."

နေကို မယ်မင်းကိုယ်လေးကို အိမ်နံရံမှာဖိကပ်ပစ်ပြီး ပါးစပ်ကိုလ
နဲ့ ပိတ်ပစ်သည်။ မယ်မင်းက သူ့လက်ကိုအားကုန်ကိုက်ပစ်၏။

"အား.."

နေကို အသံပြဲနှင့်ထအော်၍ မယ်မင်းလန့်ပြီးလွှတ်ပေးလိုက်သည
နေကို အကိုက်ခံရသည့်လက်ကို ဆုပ်ကိုင်ရင်း မယ်မင်းကိုပြန်ကြည့်သည

"အား..သေပါပြီကွာ.."

နာနေသည့်လက်ကိုကိုင်ရင်း ညည်းလည်းညည်းနေရင်းက သွား
အောင်ထရယ်၏။

"ဘာလဲ..ဘာရယ်တာလဲ.."

နေကို မယ်မင်းကိုရွှန်းရွှန်းစားစား စိုက်ကြည့်ရင်း ရှေ့တိုးလာ
မယ်မင်း နောက်ဆုပ်လိုက်လျှင် နောက်ကနံရံနှင့်ကျောကပ်သွား၏။ နေ
နံရံမှာ လက်ထောက်လိုက်ပြီး မယ်မင်းမျက်နှာနားထိ ငုံ့ပြီး ခပ်တိုးတိုးမ
တထိပြော၏။

"ဒီခွေးမလေးကို ကိုကိုဘယ်လောက်တောင် လွမ်းနေလဲသိလား.."

အလကား..အပိုတွေ၊ မယုံနဲ့မယ်မင်း..ကိုကိုညာနေတာ၊ ပြီးရင်
ကြီးတွေရှေ့မှာ နင့်ကြောင့်စိတ်ညစ်တယ်လို့ ပြောဦးမှာ.. ၊

စိတ်ထဲကမယုံဖို့ တွင်တွင်သတိပေးနေရင်း မယ်မင်းပျော့ညံ့ချင်လ
သည်။ ကလေးငယ်လေးလို မျက်ရည်တရစ်ချင်းဝဲလာပြီး နှုတ်ခမ်းလေးမဲ့
သွားကာ မယ်မင်းကိုကို့ရင်ဘက်ကြီးကို လက်သီးဆုပ်လေးများဖြင့် ထုရိုက





လိုက်၏။ နေကိုပြုံးရင်း မယ်မင်းကိုယ်လေးကို ဆွဲဖက်ပစ်လိုက်သည်။
မင်းသူ့ရင်ခွင်ထဲမှာ ငိုလို့မဆုံးတော့.. ၊

ချော့လေ..ငိုလေ.. ၊

♥

အခန်း(၈)

တစ်ခြံလုံး မီးလင်းနေသည်။ သို့သော် ဖွေးဖွေးထိန်နေတာမျိုးမဟုတ်
ညအိပ်မီးလေးကဲ့သို့ လရောင်ဖြာနေသလို ခပ်မှိန်မှိန်လေးသာ။ ဂစ်တာ
တခေါင်ခေါင်သည် မြက်ခင်းပေါ် ဒီအတိုင်းထိုင်နေကြသည့် မယ်မင်း
နှင့်နေကိုတို့နှစ်ယောက်ဆီမှ ပြန့်လွင့်လာနေသည်။ တစ်ခါတလေ မယ်မင်း
ရယ်သံလေးပါ ကပ်ပါလာတတ်သည်။

မယ်မင်းနှင့်နေကို.. ၊

မယ်မင်းကဂစ်တာပိုက်လို့ နေကိုက မယ်မင်းကိုရင်ခွင်ထဲထည့်ထား
ပြီး ဂစ်တာတီးသင်ပေးနေသလား လက်ချင်းထပ်ပြီးပဲ တီးနေကြသလဲမသိ။
ဂစ်တာသံထွက်လာလိုက် စကားသံထွက်လာလိုက်။ တစ်ခါတလေ တိတ်
နေတတ်သေးသည်။ သူနှင့်ကျော်စွာက ခပ်လှမ်းလှမ်းရှိ ကျောက်သားနှင့်
လုပ်ထားသည့် အမိုးရိပ်လေးအောက်မှာ စားပွဲနှင့်အရက်အမြည်းအစုံတို့
ပြည့်ခင်းလျက်.. ၊

မယ်မင်းက ဂစ်တာကြိုးကိုင်ထားသည့်လက်ကိုဖြန့်လျက် တစ်ခုခု
ပြောနေသည်။ နေကိုက မယ်မင်းလက်ကိုယူကြည့်ပြီး 'ဦးဖွ'ပြောသလို နှုတ်
ခမ်းနဲ့ ဖိကပ်နမ်း၏။

"မင့်သားတွေလား..လူကြီးတွေကို သူ့မျက်လုံးထဲရော ရှိသေးရဲ့လား"

"မရှိဘူးဆိုရင်လည်း မင်းအလိုလိုက်လွန်းလို့ပဲ..မင်းကိုအစကတည်းက သားနဲ့သူငယ်ချင်းပေါင်းမပေါင်းနဲ့လို့ ငါမပြောဘူးလား.."

"ဒါပေမယ့် ငါ့ရှေ့တော့ ထိန်းထိန်းသိမ်းသိမ်းနေသင့်တာပေါ့ကွာ..ငါကသဘောတူထားပေမယ့် လူကြီးတွေကို ရှိသေရကောင်းမှန်း.."

ကျော်စွာ စကားတပိုင်းတစနှင့် ပြတ်တောက်သွား၏။ အကြောင်းမှာ မယ်မင်းက နေကို့ပါးကို ဖျတ်ခနဲမော့နမ်းလိုက်သောကြောင့်ဖြစ်သည်။ နေကို သူတို့ရှိရာကို မလုံမလဲလှမ်းကြည့်ပြီး မျက်နှာပြန်လွှဲသွား၏။ ကျော်စွာစကားသံ တိခနဲတိတ်ကျသွားကာ မျက်နှာကြီးတည်တင်းသွားသည်၊ သူကျော်စွာ့ကိုကြည့်၍ ရယ်မိသည်။

"ဟော့ကောင်..သမီးက ဒီလိုပဲနေတတ်တာကွ၊ ငယ်ငယ်ကအကျင့်မပျောက်သေးတာ..ဖအေကိုတောင် စိတ်မထင်ရင် ထနမ်းတတ်တုန်းပဲ၊ လူရှေ့လည်းရှောင်တာ မဟုတ်ဘူး.."

"အေးပါ..ငါဘာပြောမိလို့လဲ.."

ကျော်စွာနဲ့သီတာတို့ မယ်မင်းကိုဘယ်လိုမွေးမြူခဲ့ကြလဲ ဘယ်လောက်ချစ်လဲ သူအသိဆုံးပါ။ အိမ်ထောင်သက်ခုနှစ်နှစ်ကြာမှ သီတာအသက်နဲ့ရင်းပြီး မိုက်မိုက်မဲမဲရယူခဲ့ရသည့်ကလေး။ ရလာပြီးတော့လည်း နှလုံးမှာ အပေါက်ပါနေ၍ နှလုံးအစားထိုးဖို့ကို သင့်တော်တဲ့အရွယ်မရောက်ခင် တစ်ခုခုဖြစ်သွားမှာစိုးလို့ တယုတယမွေးခဲ့ကြရသည်။ နှလုံးအစားထိုးပြီးတော့လည်း ထပ်ဖြစ်လာမှာစိုး၍ နည်းနည်းမှစိတ်ဆင်းရဲမခံရဲဘဲ ဖူးဖူးမှုတ်မွေးမြူလာကြကာ မယ်မင်းဘာလိုချင်လိုချင်ဖြစ်အောင် လုပ်ပေးသည်။ ပေါင်းတဲ့သူငယ်ချင်းကအစ မယ်မင်းအပေါ် တကယ်ချစ်အောင် အနုစ်နာခံပေါင်းအောင် လိုက်ကြည့်ကြ ဂရုစိုက်ကြနှင့်။ မယ်မင်း ဘာအပြစ်လုပ်လုပ်မှားပါတယ်တစ်ခွန်းမပြော။ စိတ်ဆိုးဖို့ သတိမရကြ။ သူကိုယ်တိုင်သားကိုငယ်ငယ်ကတည်းက မယ်မင်းကိုသေချာဂရုစိုက်ပေးဖို့ စိတ်ညစ်အောင်မလုပ်ဖို့ ကြပ်ကြပ်သတိပေးခဲ့ရသည်အထိ.. ၊

"သားနဲ့သမီးချစ်နေကြတာကို မြင်ရတော့ စိတ်ချမ်းသာဖို့ကောင်းပေမယ့် သမီးကအရမ်းငယ်သေးတယ်..သူတို့ဒီလောက်မြန်မြန်ကြီး ချစ်သွား





ကြတာ ငါမကြိုက်ဘူး.."

ရယ်မောစနောက်ပြောနေရာမှ ကျော်စွာက အတည်အတံ့စပြောလာသည်။

"ငါမကြိုက်တာထက် သီတာကစိတ်ပူတာကွ..သမီးကိုငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်သည်မဖြစ်စေချင်ဘူးတဲ့၊ မင်းရော ဘယ်လိုမြင်လဲ.."

သူကျော်စွာ့ကို ပြန်မဖြေမိ။ သားနဲ့မယ်မင်းအား လှမ်းကြည့်မိ၏။ ခင်တာက ဘေးမြက်ခင်းပေါ်မှာလှဲလျက် မယ်မင်းကစကားတွေ ခြေဟန်လက်ဟန်များဖြင့် ပြောနေသည်။ သားက မယ်မင်းကိုမြတ်မြတ်နိုးနိုးငေးကြည့် နားထောင်နေရင်း မယ်မင်းဆံပင်ရှည်များအား ခပ်ဖွဖွထကိုင်ဆော့နေ၏၊

"ဒီအရွယ်ကတော့ အရမ်းငယ်သေးတာ အမှန်ပဲလေ..လက်မထပ်ပေးဘဲ ဒီအတိုင်းဆက်နေနေကြရင်လည်း ကြာရင် နီးစပ်သွားကြမှာပဲ.."

"သီတာကလည်း အဲ့ဒါပဲစိတ်ပူတာကွ..သားက စက်ာပူမှာ သူ့သူငယ်ချင်းတွေနဲ့ ကုမ္ပဏီထောင်ပြီး သူ့ခွန်အားနဲ့သူ အလုပ်လုပ်ကြည့်ချင်တယ်လို့ ငါ့ကိုပြောဖူးတယ်ကွ..ငါကကိုယ်ပိုင်ကုမ္ပဏီထောင်မယ့်အစား ငါ့ကုမ္ပဏီမှာ အတွေ့အကြုံရအောင် အရင်ဝင်လုပ်ပါလို့ ပြောတာကိုလည်း သက်ခံတယ်..ငါသားကို စက်ာပူခေါ်သွားပြီး အလုပ်သွင်းပေးလိုက်ရင် မကောင်းဘူးလား.."

ကျော်စွာက MITလို့ခေါ်သည့် စက်ာပူအခြေစိုက် အိုင်တီကုမ္ပဏီတစ်ခုက စီအီးအိုတစ်ဦးပါ။ Software Engineer တစ်ဦးဖြစ်ရုံမက Business Consultant တစ်ယောက်လည်းဖြစ်သည်။ Entrepreneur များ၊ ထိပ်တန်းအရောင်းသမားများအား အခကြေးငွေယူ၍ Mentorအဖြစ်အကြံပေး သင်ပြပေးနေသူတစ်ဦးလည်းဖြစ်သည်။ ကျော်စွာက လူငယ်တွေကို ကောင်းကောင်းတိုင်တွယ်ပေါင်းသင်းနိုင်သလို သားကလည်း ကျော်စွာ့ကိုသူ့ထက်ပင် ပိုရင်းနှီးသည်။ ကျော်စွာလုပ်သမျှလုပ်ငန်းတိုင်းကိုလည်း အသင်တကြီး စိတ်ဝင်စားတတ်ပြီး သူလုပ်သည့် ဆန်စပါးလုပ်ငန်း ဟိုဘယ်လုပ်ငန်းတွေကိုတော့ လုံးလုံးစိတ်မဝင်စားသူဖြစ်သည်။ သူကလည်း သားကို သူ့လုပ်ငန်းကိုပဲလုပ်ရမည်ဟု ဘယ်တုန်းကမှ ကန့်သတ်မထားခဲ့

သည်မို့.. ။

"ငါ့ကိုတော့ အဲ့လိုပေါ်တင်မပြောဘူးပေမယ့် သားငါ့အလုပ်တွေ
စိတ်မပါတာကိုငါသိပါတယ်..အဲ့ဒီတော့ မင်းကဘယ်လိုလုပ်ချင်လို့လဲ.."

"သမီးတက္ကသိုလ်တက်နေတဲ့အချိန်မှာ သားကိုစက်ဘုပူခေါ်သွားချ
တယ်..ဟိုမှာ သူ့ဝါသနာပါတဲ့အလုပ်ကို အခြေတကျလုပ်နိုင်မယ့်အချိန် သ
မီးလည်းကျောင်းပြီးမယ့်အချိန် ကွက်တိဖြစ်မှာပဲ..အဲ့ဒီအချိန်ကျမှ လက်ထ
ပေးလိုက်ရင် မကောင်းဘူးလား၊ လောလောဆယ်စေ့စပ်ပေးထားမယ်လေ.."

"အင်း..မင်းသဘောပဲကွာ၊ အဆင်ပြေသလိုသာ ကြည့်လုပ်တော့.."

♥

အခန်း(၉)

အောက်ထပ်မှာ နေကိုနှင့်သူငယ်ချင်းတွေက တစ်အုပ်စု။ အပေါ်ထ
မှာ မိတ်ကပ်ပြင်နေသည့် မယ်မင်းဘေးမှာ ဝိုင်းနေကြသည့် မယ်မင်းသူငယ
ချင်းတွေက တစ်အုပ်စု။ ရွယ်တူတွေမဟုတ်ကြပေမယ့် ကိုယ်စီစကားတေ
များလျက် ဆူညံအဖွဲ့ကျနေကြတာချင်းတော့ အတူတူပင်ဖြစ်သည်။ လူကြ
တွေကျတော့ ရယ်တာတောင် တိုးတိုးသာသာ။ အချင်းချင်းနှုတ်ခွန်းဆက
စကားဆိုလျက် ဦးကျော်စွာ ဦးနေဇတို့ရွယ်တူလူကြီးများနှင့် စကားပြောနေ
ပြီး ခပ်လှမ်းလှမ်းမှာ ဒေါ်သီတာ၏အသိများလည်းရှိပေမယ့် ဒေါ်သီတာ
မှာ မိတ်ဆွေသူငယ်ချင်းတွေ ဧည့်မခံအား။ မယ်မင်းကို မိတ်ကပ်ပြင်ပေ
နေသည့်ဘေးမှာ လိုအပ်တာကြည့်ပေးနေရသည်။

ဆယ့်ခြောက်နှစ်ဝန်းကျင် သာရှိသည့် မယ်မင်း၏သူငယ်ချင်းမလေ
များမှာ ဆယ်ကျော်သက်များပီပီ ဟီးဟီးဟားဟားရယ်လိုက် ဆူညံနေအော





ကားလုပြောလိုက်ကြနှင့် မယ်မင်းကလည်း ပျော်စဆုံးဖြစ်နေသည်။ စေ့
စပ်ပွဲကို ဦးနေဇနှင့်ဦးကျော်စွာတို့က အကြီးအကျယ် အခမ်းနားဆုံးလုပ်
ချင်ကြ၏။ ဒေါ်သီတာက လက်မခံ။ အကျဉ်းချုံးပဲ စီစဉ်ခိုင်းသည်။ မယ်
မင်းဘာလိုချင်လဲ ဘာလုပ်ချင်လဲ ဝိုင်းမေးကြတော့.. ။

"မယ်မင်းက.."

မျက်လုံးလေး ထောင့်ကပ်စဉ်းစားနေပြီး အသံကတော်တော်နဲ့ထွက်
လာ.. ။

"မသိဘူး..မယ်မင်းမှ တစ်ခါမှမစေ့စပ်ဖူးတာ"ဟု နှုတ်ခမ်းစူပြန်ပြော
၏။ နောက်ဆုံးမယ်မင်းပူဆာသည်က ဒေါ်သီတာက သူမအတွက်အလှဆုံး
ဝတ်စုံချုပ်ပေးဖို့သာ။ မယ်မင်း၏ဝတ်စုံမှာ မြန်မာထိုင်မသိမ်းဝတ်စုံကိုပင်
ရည်တိုင်အရှင်း ရင်ပြတ်နှင့် ခါးကိုသိမ်းပြီးကျပ်ထားပြီးမှ မင်းသမီးခါး
ဆောင်ပုံစံဖြင့် ခါးကနေ နောက်ဘက်မှာ ဝတ်ရုံရှည်ဖြန့်ချထားသည်။

"အမလေးတော်..သတို့သမီးလောင်းလေးက လှလိုက်တာ၊ ကျုပ်တစ်
သက်နဲ့တစ်ကိုယ် ဒီလောက်လှတဲ့သတို့သမီးမျိုး တစ်ခါမှမတွေ့ဖူးပါဘူး..
ကောင်းန်ကောင်းလွန်းလို့ ဘေဘီဖေ့စ်ကျနေတာပဲ၊ မိတ်ကပ်မထူအောင် မ
နည်းပြန်ချနေရတယ်.."

မိတ်ကပ်ဆရာက တအံ့တသြချီးမွမ်းသည်။ သူ့ပုံစံက မယ်မင်းစိတ်
ချမ်းသာအောင် ပြောပေးနေတာမျိုး မဟုတ်။ မယ်မင်းမျက်နှာကို တကြည့်
ကြည့်နှင့် ကြည့်မဝကျေနပ်နေတာမျိုး.. ။

"မယ်မင်းအရမ်းလှတာပဲ.."

"လှလိုက်တာ.."

"မယ်မင်းဝတ်စုံလေးက အရမ်းလှတယ်..နင်နဲ့လိုက်တယ်.."

ဝတ်စုံဝတ်ပြီးတော့ အားလုံးတအံ့တသြ။ ရတနာနှင့်မယ်မင်းသူငယ်
ချင်းတွေ လက်ဖျားခါလျက် အံ့သြတကြီးရေရွတ်နေကြ၏။ ဒေါ်သီတာ
ကိုယ့်သမီးလေးကို ကြည့်လို့မဝနိုင်ပါ။

"မေမေ..မယ်မင်းလှလား.."

"လှပါ့တော်..လှလွန်းလို့ မေမေ့သမီးလေးကို ကြည့်လို့မဝဘူး.."

"ကိုကိုမြင်ရင် နင့်ကိုငေးသွားမှာသေချာတယ်.."

ရတနာ့စကားအဆုံးမှာ မယ်မင်းကအောက်ဆင်းဖို့ တာဆူလျက် ပြင်တဲ့ဆင်တဲ့ကိစ္စကို စိတ်မရှည်ချင်တော့။ အောက်မှာရှိနေသည့်နေကိုကလည်း လည်ပင်းတရှည်ရှည်ဖြစ်နေပါပြီ.. ။

"အစတုန်းကတော့ ငရှုပ်လေးဆို..အနားမလာအောင် ဘာလုပ်ရမှန်းကို မသိဘူး၊ သိပ်စိတ်ညစ်တာပဲဆို..မယ်မင်းကို ကလေးလို့ပဲမြင်တာပါဆိုခု ဘယ်လိုဖြစ်သွားတာလဲ.."

"ဟုတ်ပကွာ..မင်းတို့ကို ငါပြောသားပဲ လိမ်ဆင်ကြီးပါလို့၊ ကြည့်ဦးခုကျတော့လည်း ဆယ်တန်းပြီးကာစရှိသေးတဲ့ ကလေးကို ဖွတ်စေ့စပ်ပင်တာ.."

"ဟော့ကောင်တွေ..စေ့စပ်တာ ဖေဖေနဲ့အန်ကယ်စီစဉ်ကြတာ.."

"အော်..အော် ဒါဆိုမင်းကတော့ မစေ့စပ်ချင်ဘူးပေါ့၊ ပြီးတာပဲ..မယ်မင်းကို သွားပြောလိုက်မယ်.."

"ဟေ့..ဟေ့ ဖွဲ့မလုပ်နဲ့နော်၊ အဲ့ဒါ တကယ့်ကွိုင်..မယ်မင်းရှေ့မှာ အဲလို လုံးဝမစမိစေနဲ့.."

"ဒါကျတော့ ကြောက်တယ်.."

"ကြောက်တာ မဟုတ်ဘူးကွ.."

"ကြောက်တာမဟုတ်ရင် ဘာလဲ.."

"ချစ်တာ..မထိရက်မတို့ရက်ချစ်တာကွာ၊ မယ်မင်းလေး ငါ့ကြောင့်ခံစားသွားရမှာစိုးတာ..မယ်မင်းကိုငါက အန်ကယ်တို့အန်တီတို့ မွေးခဲ့သလိုနည်းနည်းမှ စိတ်ဆင်းရဲစရာမရှိအောင် တစ်သက်လုံးပျော်အောင် ထားချင်တာ..လက်ထပ်ပြီးပြီဆိုတာနဲ့ ငါ့စိတ်ရောကိုယ်ရော အားလုံးမယ်မင်းအတွက်ပဲ.."

ဦးနေဇနှင့်ဦးကျော်စွာတို့ နေကိုပြောသမျှ ကြားနေရ၏။ ဦးကျော်စွာ ကျေနပ်စွာ မျက်နှာကြီးပြုံးချိုနေသည်။ အစက လူကြီးတွေရဲ့စကားဝိုင်းမှာ သာကြောင်းမာကြောင်း ဟိုစပ်စပ်ဒီစပ်စပ်ပြောနေကြကာ နေကိုတို့စကားသံတွေ ပျံ့လွင့်လာသည့်နောက် ဒီဘက်ကပြောလက်စစကားတွေပြတ်ကုန်ပြီး ဟိုဘက်က စကားတွေကို ထိုင်နားထောင်နေကြသလိုဖြစ်သွားသည်။

"ကဲ..စိတ်သာချလိုက်တော့ ကိုကျော်စွာရေ၊ ကိုနေဇသားက သူ့လိုပဲ





မယ့်ပုံပဲဗျ.."

မိတ်ဆွေတွေက ချီးကျူးထောပနာပြု၏။ နေဇဆိုတဲ့ကောင်က မိတ်အပေါင်းအသင်းတွေ ဩချရလောက်တဲ့အထိ အစွဲအလမ်းကြီးသူပါ။ ကို မွေးပြီးတည်းက ဇနီးဖြစ်သူနှုတ်ဆုံးပါးသွားခဲ့သည်။ ထို့နောက် ဘယ်ကိုမှ အိမ်ထောင်ပြုဖို့ဆိုတာဝေး အပျော်တွဲခြင်းတောင် မရှိခဲ့ပေ။ အမှအလုပ် သူ့ဘဝကို သူ့သားနဲ့အလုပ်အတွက်သာ ပေးထား၏။ မိတ်အချင်းချင်း မိတ်ဆက်ပေးကြ ကြောင်းလမ်းပေးကြတာရှိသည်။ အပျော်ကျက်တွဲဖို့ လှော်ပေးခဲ့ကြဖူးသည်။ ဒါပေမယ့် မိန်းမနဲ့ပတ်သက်ရင် နေဇ ဘယ်လိုမှဆွဲဆောင်မရခဲ့ပေ.. ။

"ကျွန်တော့်ဇနီးကလွဲရင် နောက်ထပ်ဘယ်မိန်းမကိုမှ ချစ်လို့ရတော့ဟုတ်ဘူး..အချစ်မပါတဲ့ နီးစပ်မှုမျိုးကိုလည်း ကျွန်တော်စိတ်မပါဘူး.."

ခါးခါးသီးသီးငြင်းလို့ မကောင်းတဲ့မိတ်ဆွေတွေကို ယဉ်ယဉ်ကျေးကျေးပြောသည်။ ဦးကျော်စွာလို ပြောမနာဆိုမနာဆိုရင် ပြတ်သားစွာငြင်းတတ်သည်။

"ငါ့မှာ ငါ့အလုပ်နဲ့ငါ့သားကိစ္စနဲ့တင် မအားဘူး..မင်းတော်တော်အားလား၊ ကိုယ့်ဘာသာနေစမ်းကွာ.."ဆိုတာမျိုး..။ "သူတို့စိတ်ဝင်စားလည်း သူတို့ကို စိတ်မဝင်စားတာ..မင်းမမောသေးဘူး ကျော်စွာရာ.."စသဖြင့် နည်းနဲ့မှ မြူဆွယ်လို့မရ.. ။

"သေတဲ့လူက ဘာမှသိတော့မှာမဟုတ်ဘူး..ဒီလူတော်တော်အစွဲကြီးလူ.."

နောက်ဆုံး လွန်လွန်းလာတော့ သစ္စာရှိတာလို့ မမြင်ကြတော့ဘဲ အစွဲအလမ်းကြီးတာ ဇီဇာကြောင်တာ စသဖြင့် ရှုံ့မဲ့ပြောကြတဲ့အထိ.. ။

"ဟုတ်ပကိုကျော်စွာရေ..ခင်ဗျားတော့ သမက်ရွေးမှန်သွားပြီ.."

"ဒါနဲ့ကိုနေဇ..ခင်ဗျားသားလည်း အိမ်ထောင်ကျတော့မယ်၊ ခင်ဗျား ခုထိခေါင်းမာတုန်းလား..တစ်သက်လုံး ဒီအတိုင်းနေသွားတော့မှာလား၊ တစ်ယောက်တည်းဗျာ..ဆေးပေးမီးယူ တစ်ယောက်လောက် စဉ်းစားပါလား.."

"အဲ့ဒီအတွက်တော့ စိတ်ချဗျ..ဒီကောင်အစက သားရှိနေတာကို ဗန်း

ပြဲအရှောင်ကောင်းနေတာ၊ ဒီတစ်ခါမရတော့ဘူး..ကျုပ်သူငယ်ချင်း အထဲ ကျန်ဘဝကလွတ်အောင် ကျုပ်ကြိုးစားမယ်ဗျာ.."

ဦးကျော်စွာကပါ အားတက်သရောဝင်ပြော၏။ ဦးနေဇ ကိုယ်အ လှည့်ရောက်လာတော့ ဖုန်းလာနေတာအကြောင်းပြပြီး စကားဝိုင်းကထ ထွက်လာခဲ့၏။ ဖုန်းပိတ်ပစ်လို့ရပါလျက် ပွဲကလည်းမစသေးသည်မို့ ဝ လာသည့်အလုပ်ကိစ္စဖုန်းအား စိမ်ပြေနပြေလက်ခံပြောနေမိသည်။ ထို မယ်မင်း ဒေါ်သီတာနှင့် သူငယ်ချင်းများခြံရံလျက် လှေခါးပေါ်မှ ဆင်းလာ ၏။ မယ်မင်းနောက်ကပဝါစကို မနင်းမိစေရန် ဒေါ်သီတာနှင့်အားလုံးမယ် မင်းနောက်မှာ အနည်းငယ်ချန်ပြီး လိုက်လာကြသည်။ မယ်မင်းက ရှေ့ဆုံး ဆင်းလာ၏။ အလှတွေပြင်ထားပြီး လှတယ်လို့လည်း အားလုံးတအံ့တ ချီးမွမ်းခဲ့ကြသည်မို့ မယ်မင်းမျက်လုံးက အောက်ထပ်ဧည့်ခန်းထဲကလူတေ အားလုံးထဲမှ နေကို့ဆီကို တန်းခနဲရောက်သွား၏။ မယ်မင်းကိုမြင်ရင် ကို ဘယ်လိုဖြစ်သွားမလဲ..။ ပြောင်းလဲသွားမည့် ကိုကို့မျက်နှာကို အမိအရဖမ်း ကြည့်ချင်မိသည်။

"နေကို..ဟိုမှာ.."

စကားပြောနေသည့် နေကိုအား နေနိုင်က မယ်မင်းကိုတအံ့တ မော့ငေးရင်း လက်တို့၏။ နေကို လှေခါးအပေါ်ကိုမော့ကြည့်ရင်း ပါး အဟောင်းသားဖြစ်သွားသည်။ မှင်သက်မိသွားခြင်းက ဘေးလူတွေကို ဟ ဆောင်ဖို့၊ အားလုံးရှေ့မှာ အိန္ဒြေဆည်ဖို့ မေ့လျော့သွားတဲ့အထိပါ.. ၊

မယ်မင်း.. ၊

နေကို ထိုင်ရာမှထရပ်လိုက်၏။ လူကလှုပ်ရှားသွားသည့်တိုင် သူ့ လှမ်းကြည့်ရင်း ရှက်ကိုးရှက်ကန်းမျက်လွှာချရင်း ပြုံးနေသည့်မယ်မင်းမျ နှာလေးဆီ အကြည့်ကမခွာ။ မယ်မင်းသည်လည်း မျက်တောင်တစ်ချက်ခ ရုံ၊ မျက်လွှာချရုံမျှသာအကြည့်လွှဲပြီး နေကို့ဆီပဲ အကြည့်ပြန်ရောက်လာ သည်။

နောက်ကရတနာနှင့် မယ်မင်းသူငယ်ချင်းတွေရဲ့ လှောင်ရယ်သံ ခိုးခစ်ခစ် ထွက်လာ၏။

"မယ်မင်း..ကိုကိုမတ်တပ်ကြီး အသက်ပျောက်နေပြီလားမသိဘူး..





ကိုကိုအသက်ပျောက်မပျောက်မသိ။ မယ်မင်းကို ဘယ်တုန်းကမှ မကြည့်ဘူးသည့် ထူးဆန်းလှသော ရွှန်းရွှန်းစားစားဖြစ်နေသည့် ကိုကို့မျက် လုံးများကြောင့် မယ်မင်းခြေလှမ်းမှားကုန်သည်။ နောက်ကတွဲလွဲကျနေ သည့်ပဝါစနှင့်ခြေဖျား ဘယ်လိုငြိကုန်သည်မသိဘဲ လှေခါးပေါ်ကနေ အောက် ကိုမှောက်လျက်လဲကျ၏။

"အမေ့.."

"ဟဲ့..ဟဲ့ သမီး မယ်မင်း.."

"မယ်မင်းလဲပြီ..လဲပြီ.."

ဦးနေဇ ဖုန်းပြောရင်း အသံတွေကြောင့် မော့ကြည့်မိ၏။

"ဟာ..မယ်မင်း.."

နေကို မယ်မင်းဆီဝုန်းခနဲ ပြေးသွား၏။ လှေခါးတစ်ဝက်ပဲဆင်းရ သေးသည်။ ဟက်ထိုးလဲတာကို မထိန်းနိုင်ရင် အောက်ကိုခေါင်းဆိုက်ကျ တော့မည်။ နေကိုတင်မက ရှိသမျှလူတွေအားလုံး မယ်မင်းဘယ်လောက်ထိ အဖြစ်ဆိုးသွားနိုင်လဲ တွက်ဆမိကာ နေရာမှပြိုင်တူလိုလို အလန့်တကြားထ ရပ်မိကြ၏။

ဦးနေဇလက်ထဲက ဖုန်းဘယ်ဆီရောက်သွားမှန်းမသိလိုက်။ လွှားခနဲ လှေခါးပေါ်ခုန်တက်လိုက်ပြီး လက်တစ်ဖက်က လှေခါးလက်ရမ်းကို ခိုင်ခိုင် မြဲမြဲလှမ်းကိုင်လိုက်ကာ ပြုတ်ကျလာသည့် မယ်မင်းကိုယ်လေးကို ဆီးဖမ်း အားလိုက်သည်။ နှစ်ယောက်လုံးအောက်ကို ထပ်လျက်သားပြုတ်ကျမည့် အဖြစ်မှ လှေခါးလက်ရန်းကိုလှမ်းကိုင်လိုက်ပြီး လက် တစ်ဖက်တည်းနဲ့ရ အောင် ထိန်းလိုက်ရသောကြောင့် မယ်မင်းကိုဖက်ထားလျက်သားဖြင့် သူ့ကျောကလှေခါးလက်ရန်းကို အရှိန်နှင့်ပြေးရိုက်ကာ လက်ကလိမ်ချိုးခံလိုက် ရသလိုဖြစ်သွား၏။

မယ်မင်းကတော့ လိမ့်ကျပြီဆိုတာ သိလိုက်သည်နှင့် အကြောက်ကြီး ကြောက်ကာ ကိုယ့်ကိုယ်ကို ဘာဆက်ဖြစ်လဲမသိတော့..။ ခြေထောက်တွေ လေထဲလွတ်နေသလား ထောက်ထားမိတုန်းလား ဘာဆိုဘာမှမသိတော့ပေ။ သတိထားမိတဲ့အချိန်မှာ သူမလှေခါးအောက်ကိုရောက်နေပြီဖြစ်ကာ ဖေဖေ၊ မမေနှင့်ကိုကိုတို့ မယ်မင်းကိုဦးရင်ခွင်ထဲက ဆွဲထုပေးဖို့ကြိုးစားရင်း

စိုးရိမ်တကြီးဝိုင်းအုံမေးနေကြသည်။

"သမီးမယ်မင်း..ဘာဖြစ်သွားသေးလဲ၊ သမီးနာသွားလား.."

"သမီးကြောက်နေလား..ဘာဖြစ်သွားသေးလဲ ရပ်လို့ရပ်လား.."

"မယ်မင်း..မယ်မင်းအရမ်းလန့်သွားလား၊ ကိုကိုဒီမှာ.."

ရုတ်တရက်လန့်သွားပြီး မယ်မင်းအားလုံးကိုမြင်နေပြီး စကားပြန် ပြောနိုင်။ ဝိုင်းအုံမေးနေကြသည့်အသံတွေက နီးလိုက်ဝေးလိုက်နှင့် နားထဲ မှာ အူနေသည်။ ရင်တွေတလှပ်လှပ်တုန်လျက် တဒိန်းဒိန်းခုန်နေသည့်ရင် ခုန်သံကြီးကထူးဆန်းစွာ မယ်မင်းစိတ်ကို ဘယ်လိုမှထိန်းမရအောင် စိတ် လှုပ်ရှားနေစေပြီး သတိကလစ်ချင်ချင်။ ခေါင်းထဲမှာ မူးမိုက်ပြာဝေနေစဉ်..

"မယ်မင်း..မယ်မင်း သမီးရဲ့လား.."

ကြင်နာနူးညံ့သည့် သြရှရှအသံတစ်ခု.. ၊

ယိုင်လဲကျလုလုကိုယ့်ကို ထိန်းပွေ့ထားလျက် 'မယ်မင်း'ဟုတတွင်တွင် တွတ်ခေါ်နေသည့်အသံမှာ အသံသြဇာအပြည့်နှင့် မယ်မင်းအသိတရား တွေကို ချက်ချင်း ပြန်လာခဲ့စမ်းဟု အမိန့်ပေးနေသလိုလို။ တဖြည်းဖြည်းနှင့် အသံက မယ်မင်းနားထဲ ရှင်းလင်းစွာတိုးဝင်လာသည်။ မယ်မင်းအသံပိုင် ရှင်အား မော့ကြည့်မိလျှင် ပိရိသေသပ်သည့် အထူအပါးညီနေသော နှုတ် ခမ်းတစ်စုံနှင့် လေးထောင့်ဆန်ဆန်မေးရိုးအား အရင်ဆုံးတွေ့၏။ ပထမဆုံး ရိပ်ခနဲဖြစ်သွားပြီးနောက် သတိပြန်ဝင်လာခြင်းဖြစ်ကာ တစ်စုံတစ်ယောက် ၏ခါးကို ခင်တင်းတင်းဖက်ထားမိသည့် ကိုယ့်ကိုယ့်ကိုသတိထားမိလ သည်။ ခုနကတဆုံးထိ မော့မကြည့်ဖြစ်သည့်မျက်နှာကို မော့ကြည့်မိလျှင် ခပ်တိုတိုထူတန်းသည့် မျက်ခုံးတန်းနှစ်ခု နှာတံထိပ်အလယ်သို့ မသိမသာ စုကျုံ့လျက် တိုစိပ်စိပ်မျက်တောင်တို့ ဝန်းရံထားသော စူးရှသည့်မျက်လုံး များနှင့် အရင်ဆုံးဆုံသည်။

ဦးရဲ့မျက်လုံးများသည် မျက်လုံးအိမ်အနည်းငယ်ခွက်ချင်ပြီး မျက်ခုံး ရိုးပေါ်လွင်နေသည့် Deep set eyes လို့ပြောရမည့် မြန်မာအမျိုးသားတွေ မှာ တွေ့ရခဲသည့် မျက်လုံးမျိုးဖြစ်သည်။ မျက်ခုံးထူထူနှင့် စူးရှသောမျက် လုံးများထိလုထိခင်ဖြစ်နေတာကပင် ထူးခြားပြီးကြည့်ကောင်းသည်။ ကိုကို့ မျက်လုံးတွေနဲ့ လုံးဝမတူဘဲ ဦးမျက်လုံးတွေက ဆွဲဆောင်မှုရှိသည်။ မျက်





လုံးချင်းဆုံမိသည်နှင့် တစ်ခုခုထိရှငြိတွယ်ကျန်ခဲ့စေမည့် မျက်လုံးမျိုး။ ပြင်ပြင်သတိလည်နေပြီဖြစ်ပါလျက် မယ်မင်းဦးကို စက္ကန့်ပိုင်းမျှ တအံ့ တဩမော့ငေးကြည့်မိပြီးနောက်.. ၊

"ကိုကို.."

ပါးစပ်ကခေါ်မိတာက တစ်ယောက်ဖြစ်ကာ ကိုယ်ပဲကြောက် ကြောက်နဲ့ ကျုံးဖက်ထားမိသည့်ဦးကို အတင်းတွန်းထုတ်ပစ်မိသည်။ အ နားမှာရောက်နှင့်နေပြီးသားဖြစ်ပြီး မယ်မင်းသတိမရသေး၍သာ ဒီအတိုင်း ကြည့်နေရသည့် နေကိုကလည်း မယ်မင်းကိုယ်လေးကို ဆီးပွေ့ဖက်ထား ပြီးသားဖြစ်သည်။ မယ်မင်း ကိုကို့ရင်ခွင်ထဲ အားကိုးတကြီး ပြေးဝင်မိပြီးမှ သူမကိုဝိုင်းကြည့်နေကြသည့် လူတွေကို သတိထားမိသွားသည်။

ရှက်စရာကောင်းလိုက်တာ.. ၊

မယ်မင်း နေရာမှထွက်ပြေးသွားဖို့ ခြေလှမ်းပြင်မိ၏။

"မယ်မင်း.."

"သမီးမသွားနဲ့လေ.."

"မယ်မင်းရှက်တယ်.."

"မဟုတ်တာမယ်မင်းရာ..ကိုကိုတို့စေ့စပ်ပွဲပျက်သွားမှာပေါ့မယ်မင်း ရဲ့ လာ..မရှက်နဲ့နော်၊ ကိုကို့ကိုကွယ်နေ.."

နေကိုက မယ်မင်းကို ရင်ခွင်ထဲထည့်ဖက်ပစ်ပြီး မျက်နှာကိုရင်ဘက် မှာ ကပ်နေခိုင်းသည်။ မယ်မင်းကလည်း တကယ်ပဲနေကိုနဲ့မျက်နှာကိုကွယ် ထားပြီး နေကိုခေါ်တဲ့အတိုင်းပါလာသည်။ ဦးကျော်စွာနဲ့ဒေါ်သီတာတို့ တစ် ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သက်ပြင်းကိုယ်စီချမိကြသည်။ ခုန ကသမီးလန့်ပြီး မေ့လဲသွားခဲ့ရင် အထိတ်တလန့်ဖြစ်ပြီးတော့များ နှလုံးက တစ်ခုခုထဖောက်လာခဲ့ရင်ဆိုသည့်အတွေးများဖြင့် နှစ်ယောက်သားအလန့်ကြီး လန့်သွားခဲ့ရကာ ခုမှသက်ပြင်းကိုယ်စီချနိုင်ခြင်းဖြစ်သည်။ ဦးကျော်စွာ ကိုယ့်သမီးကို စိုးရိမ်ကြီးနေမိပြီးမှ ခါးကိုဖိရင်း မျက်နှာတစ်ချက်မဲ့သွားသည့် နေ့ကို သတိထားမိသွား၏။

"နေ့..မင်းရဲ့လား၊ ဒဏ်ရာရသွားသေးလား.."

"ရတယ်..ဘာမှမဖြစ်ဘူး.."

ဈေးစပ်ပွဲက သည်းထိတ်ရင်ဖို။ လက်စွပ်လဲပြီးတဲ့အထိ မယ်မင်းမျ
နှာလေး ကြည်လင်မလာပေ။ ငိုမဲ့မဲ့ မှိုင်တိုင်တိုင်ဖြစ်နေသည်။

"မယ်မင်းဘာဖြစ်နေတာလဲ..ကိုကိုကဒီမှာပျော်လို့သေတော့မယ
မယ်မင်းကမပျော်ဘူးလား.."

"ရှက်စရာကြီး.."

နေကို သွားတွေပေါ်အောင်ရယ်ရင်း မယ်မင်းနှာတံချွန်ချွန်လေး
လိမ်ဆွဲပစ်လိုက်၏။

"မယ်မင်းက ကိုကို့ကိုအရမ်းငေးတာကိုး..ကိုကို့ကိုမင်းပဲရမှာ၊ ဒေ
ခါးပေါ်က ပြေးဆင်းလုဖို့ထိ မလိုပါဘူးကွာ.."

"ကိုကိုနော်..မယ်မင်းကိုက်ဆွဲပစ်မှာသိလား.."

"ကိုက်စားချင်လောက်အောင် ကိုကို့ကိုချစ်နေတာ..ဟုတ်လား.."

"ကိုကိုနော်.."

မယ်မင်း ကိုကို့ဗိုက်ကို လိမ်ဆွဲပစ်လိုက်၏။ နေကို အသံမထွက်ဘ
မျက်နှာကြီး ရှုံ့မဲ့သွားကာ မယ်မင်းလက်ကိုယူပြီး သူ့လက်မောင်းကိုဖက်ခိုင်
ကာ မယ်မင်းလက်ပေါ်မှ ထပ်အုပ်ကိုင်ထားပြီး မယ်မင်းမျက်နှာကိုငုံ့ကြည
ရင်း နှစ်ယောက်တည်းကြားရုံ ခပ်တိုးတိုးကပ်ပြော၏။

"မယ်မင်းအရမ်းလှနေတာ.."

"ကိုယ့်ကိုယ်ကိုသိတယ်.."

"ဟား ဟား ဟား.."

မယ်မင်း အချေစတိုင်လ်လေးနဲ့ပြန်ပြောတော့ ကိုကိုရယ်၏။ ရယ
ရင်း မယ်မင်းကိုချစ်ရည်လဲ့နေသည့်အကြည့်တို့ဖြင့် စိုက်ကြည့်နေသည်
မယ်မင်း ကိုကို့ကိုမော့ငေးရင်း နမ်းဖို့ပြင်မိစဉ်.. ၊

"အဟမ်း..ဟမ်း.."

ဖေကြီးချောင်းဟန့်သံက လိုတာထက်ပိုကျယ်နေသည်။ ကိုယ့်သမ
အကြောင်း ကိုယ်အသိဆုံးမို့ ဦးကျော်စွာလူသတိထားမိလည်း မတတ်နိုင်
ချောင်းသံကျယ်ကျယ်ပေးရတာ လည်ချောင်းပင်နာသွား၏။ တကယ်တေ
မယ်မင်းနဲ့နေကို တွတ်ထိုးပြောဆိုနေကြတာကို အားလုံးကြားနေကြသည်
အသံတိတ်နားထောင်နေရင်း ပြုံးစိစိဖြစ်နေကြသည်။ ဒါကိုအပျော်လွန်နေ





သည့်နှစ်ယောက်က ဘာမှမသိ။ ဘာဖြစ်ဖြစ် နေကိုကြောင့် မယ်မင်းမျက်နှာ
ကြည်ကြည်လင်လင်ပြန်ဖြစ်လာသည်။ ဈေးစပ်ပွဲမှာ နှစ်ယောက်သားပျော်နေ
တာ မိုးမမြင်လေမမြင်.. ၊

♥

အခန်း(၁၀)

"ကိုကို့ကိုလွမ်းလိုက်တာ.."

စိမ်းစိုနေသည့် အမိုးအုပ်အုပ်လေးလို အုပ်မိုးနေသည့်အပင်လေးကို
နှစ်ယောက်သား ပက်လက်လှဲမော့ကြည့်နေရာမှ ရတနာခေါင်းလေးထောင်
ပြီး မယ်မင်းကိုကြည့်မိသည်။

"ကိုကိုကသွားဖြင့်မသွားသေးဘဲနဲ့.."

"ကြိုလွမ်းနေတာ..ငါကအသက်ရှုရင်တောင် ကိုကိုနဲ့အတူတူရှုတာ၊
ကိုကိုနဲ့တစ်ခါမှ ခွဲခဲ့ဖူးတာမဟုတ်ဘူး..ကိုကိုသွားရင် ငါဘယ်လိုနေရမလဲ.."

"ပိုလိုက်တာမယ်မင်းရယ်..အဲ့ဒါဆိုလည်း အသက်မရှုဘဲ သေလိုက်
တော့ပေါ့ဟာ.."

"သေနိုင်တယ်..အခုချစ်သူဖြစ်မှလေ ကိုကိုကငါ့ကိုအရင်လို မဆူ
တော့ဘူး၊ ခေါင်းလည်းမခေါက်တော့ဘူး..အရမ်းဂရုစိုက်တာသိလား၊ အဲ့ဒီ
တော့ ငါကကိုကို့ကိုပိုပိုချစ်သွားရော..တကယ် ငါကိုကိုသွားရင် တကယ်
သေမှာပဲ.."

ရတနာ မနာလိုစိတ်လေးသေးသေးဖြင့် ရှုံ့မဲ့နေရာမှ တစ်ခုခုကိုသတိ
ရသွားပြီး အားတက်သရော ထမေး၏။

"မယ်မင်း...ဟို နင်နဲ့ကိုကိုနဲ့ အာဝါးပေးပြီးကြပြီလား၊ ဟို နှုတ်ခမ်းကိုလေ...နမ်းပြီးပြီလား.."

မယ်မင်း ရုတ်တရက်ဘာပြန်ဖြေရမှန်းမသိ။ ရတနာအထင်ကြီးသွားအောင် နမ်းပြီးပြီလို့ ပြောပလိုက်ချင်သည်။ ဒါပေမယ့် အဲ့လိုဖြေလိုက်ရင် ရတနာကဟုတ်လားဆိုပြီး နှိုက်နှိုက်ချွတ်ချွတ်တွေဆက်မေးတော့မည်။ ဒါဆို မယ်မင်းဖြေနိုင်တော့မှာ မဟုတ်ပေ။ ရတနာ မယ်မင်းမျက်နှာကို သေချာအကဲခတ်ကြည့်ပြီး ချက်ချင်းသဘောပေါက်သွား၏။

"နင့်ကိုမနမ်းဘူးပေါ့.."

မယ်မင်း လှဲနေရာမှ ထထိုင်လိုက်၏။

"အံမယ်..ဘာလို့မနမ်းရမှာလဲ၊ နဖူးရော ဆံပင်ကိုရော ပါးကိုလည်း နမ်းတယ်.."

"အားလားလား...အဲ့ဒါကလေးနမ်းနမ်းတာတဲ့၊ ကိုကိုက နင့်ကိုခုထိ ကလေးလိုမြင်တုန်းပဲထင်တယ်..အဲ့ဒါကြောင့် မနမ်းတာဖြစ်မှာ၊ ချစ်သူချင်း နမ်းတယ်ဆိုတာ နှုတ်ခမ်းကိုနမ်းတာတဲ့သိလား...ငါတို့ငယ်ငယ်တုန်းက ကိုကိုတို့ စကားပြောနေတာ ခိုးနားထောင်ဖူးတယ်လေ၊ ကိုကိုက ကိုကိုလင်းထက်တို့ကို သူ့စော်တွေအကြောင်း ပြန်ပြောပြတာလေ.."

မယ်မင်း မသိဘဲနေမလား...။ ရတနာမ မယ်မင်းကိုဟားချင်တာနဲ့ အာပေါင်အာရင်းသန်သန် ဆက်ပြောပြနေ၏။

"မမသရဖီနှုတ်ခမ်းက ထူထူအိအိလေးနဲ့ အရမ်းနမ်းလို့ကောင်းတယ်တဲ့...ပပနှုတ်ခမ်းက ခြောက်တောက်တောက်နဲ့တဲ့လေ၊ နင်မှတ်မိလား.."

"အဲ့ဒီတော့ဘာဖြစ်လဲ.."

"ဘာဖြစ်ရမှာလဲ...ရည်းစားတွေဆိုရင် နမ်းကြတာပဲ.."

"ဘာ..အဲ့တာဆို မနမ်းရသေးရင် ရည်းစားမဟုတ်ဘူးပေါ့.."

"ဒါပေါ့.."

ရွဲ့မေးလိုက်တာကို ရတနာက မျက်ခုံးပင့်မေးဆတ်ပြီး 'ဒါလေး တောင်နားမလည်ဘူးလား'ဆိုသည့်မျက်နှာနှင့် ပြန်ဖြေတော့ မယ်မင်းရတနာကို စိတ်တိုရမယ့်အစား ဘာကိုမှန်းမသိ မချင့်မရဲ အလိုမကျဖြစ်သွားသည်။ ကိုကို့အနမ်းမခံရတာပဲ အားငယ်သိမ်ငယ်စရာလိုလို ကိုယ့်ကိုယ်ကိုထင်မိ





သည်။

"မယ်မင်း ကိုကိုကနင့်ကိုတကယ်မချစ်တာတော့ မဟုတ်လောက်ပါဘူး...နင့်ကိုကလေးလို့ သတ်မှတ်ထားတာနေမှာ.."

ကလေးလို အပြောခံရတာကို ကိုကိုကမချစ်လို့ မနမ်းတာလို့ အပြောခံရတာထက် မယ်မင်းပိုမခံချင်ဖြစ်မိသည်။ နှုတ်ခမ်းလေးစူထော်နေသည့်အထိ ပြန်ရန်တွေ့မိ၏။

" ရတနာနော် ငါကလေးမဟုတ်တော့ဘူး ငါ့ကိုအဲ့လိုမပြောနဲ့.."

"အဲ့ဒါဆိုမယ်မင်း...ကိုကိုမနမ်းလည်းဘာဖြစ်လဲ၊ နင်ကစနမ်းလိုက်ပေါ့.."

မယ်မင်း ရတနာအား နှုတ်ခမ်းလေးတွေပွင့်ဟနေသည့်အထိ ငေးကြည့်မိသည်။ သူပြောသလိုလုပ်ရင် ကောင်းမလားလို့တွေးကြည့်မိတော့ အလိုလိုခေါင်းခါပြီးသားဖြစ်သွား၏။

"ဟာ...မနမ်းချင်ပါဘူး၊ ကိုကိုက ငါ့ကိုဆူမှာပေါ့.."

"ဖြစ်ရတယ်မယ်မင်းရယ်...ကိုယ့်ချစ်သူကို ချစ်လို့နမ်းတာ ဘယ်သူကဆူမှာလဲ၊ ပြီးတော့ ကိုကိုကတခြားနေရာမှာ အလုပ်သွားလုပ်တော့မှာ...နင်နဲ့စေ့စပ်ထားတယ်ဆိုပေမယ့် တကယ့်ချစ်သူတွေမဟုတ်ရင် တခြားကောင်မလေးတွေနဲ့ ကြိုက်သွားရင် ဘယ်လိုလုပ်မလဲ.."

"အံမယ်..မကြိုက်ပါဘူး၊ ကိုကိုက ငါ့ကိုပဲချစ်တာ.."

"ပြောလို့ရမလား...နင့်ကိုကလေးလိုပဲထင်ပြီး.."

"ရတနာ...နင်နော် ငါထုပစ်မှာသိလား.."

"တကယ်ပြောတာ...ဒီနေ့ညနေ ကိုကိုနဲ့တွေ့ရင် အာဝါးပေးလိုက်.."

ရှက်ရှက်နဲ့မလုပ်ပါဘူးလို့ ခေါင်းတွင်တွင်ခါနေမိပေမယ့် ရတနာက 'နင်ရှက်ရင် ကိုကိုပြန်လာတဲ့အချိန် စပရိုက်လုပ်ပြီး အမှောင်ထဲမှာအနမ်းပေး...ပြီးရင် ထွက်ပြေးလာခဲ့ပေါ့' ဟုပြောလိုက်သောအခါ မယ်မင်းထိုအစီအစဉ်အား ချက်ချင်းသဘောကျမိ၏။

ကိုကိုက မဆူလောက်ပါဘူး...ချစ်သူချင်း ချစ်လို့နမ်းတာပဲကို... ၊

♥

## အခန်း(၁၁)

"မယ်မင်း..မယ်မင်း ကိုကိုလာပြီ၊ ကိုကို့ကားခြံထဲဝင်လာပြီ..အဆင်သင့်လုပ်ထား.."

ဖုန်းထဲက ရတနာအသံကြောင့် မယ်မင်းကိုယ်လေးတောင့်မတ်သွားသည်။ ဘုရားရေ.. ရင်တွေခုန်လာတာ ရင်ဘတ်ကြီးပေါက်ထွက်သွားမလားတတ် တဒိန်းဒိန်းမြည်လာသည်။ ငါဘာလုပ်ရမလဲ..။ ဘယ်လိုစနမ်းရမလဲ.. ကိုကိုစီးသည့် ပြိုင်ကားအနီလေးကို လှမ်းမျှော်ကြည့်ရင်း မယ်မင်းကြောက်ပြီး ခြေဖျားလက်ဖျားတွေပါ အေးစက်လာသည်။

"မယ်မင်း..မယ်မင်း.."

"ဟင်..ဘာလဲ ဖုန်းချလိုက်တော့ဟာ.."

"မယ်မင်း..ငါလည်းကြည့်ချင်တာပေါ့.."

"ဟာ..မရဘူး ရတနာနော်၊ ငါမနမ်းတော့ဘဲနေလိုက်မှာ..လာမကြည့်နဲ့ပြန်တော့.."

"မယ်မင်းကလည်းဟာ..ငါကြည့်ချင်လို့ပါ.."

"နင်ကြည့်နေရင် ငါကဘယ်လိုလုပ်နမ်းရဲမှာလဲ..တော်ပြီ မနမ်းတော့ဘူး.."

"ဟာ..မလုပ်နဲ့ မလုပ်နဲ့..ငါသွားပြီ၊ ပြီးရင် ငါ့ကိုသေချာပြန်ပြောပြရမယ်နော်.."

"ပြောပြမယ်ဒါပဲ.."

မယ်မင်း ဖုန်းချလိုက်၏။ အိမ်ရှေ့တံခါးရှေ့ အမှောင်ထဲမှာရပ်ရင်း ကိုကို့အလာကိုစောင့်နေလိုက်သည်။ ဒီနေ့ တစ်ခြံလုံးမှောင်နေအောင် မယ်





မင်းကိုကိုတို့ ခြံစောင့်ကြီးဦးစိုးကို သေချာမှာထားခဲ့တာပါ။ ကိုကိုကနိုင်းတာလို့ပြောလိုက်တာနဲ့ ဦးစိုးက တစ်ခွန်းတောင်ပြန်မမေး။ တစ်ခြံလုံးကမီးများ ပိတ်ပေးထားခဲ့သည်။

ကားကရပ်သွားခဲ့ပေမယ့် ကိုကိုကတော်တော်နဲ့အောက်ဆင်းမလာဘဲ ဘာလုပ်နေမှန်းမသိ.. ၊

"ကိုကိုကလည်း ကြာလိုက်တာ.."

အမှောင်ထဲမှာ ကြောက်နေတာရော ရင်ခုန်တာပါပေါင်းပြီး မယ်မင်းချွေးမရဲ့ညည်းမိသည်။

လာပါပြီ.. ကိုကိုဆင်းလာပြီ.. ၊

မလာနိုင်တော့ဘူးလို့ စိတ်ညစ်နေမိတာလည်း ကိုယ်ပဲဖြစ်ပြီး ကိုကိုသူ့ဆီတကယ်လာနေတော့လည်း မယ်မင်းတံတွေးမျိုချရင်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ ကိုကို့ခြေလှမ်းတစ်လှမ်းချင်းဆီမှာ သူမရင်ခုန်သံတွေကျယ်သထက်ကျယ်လာကာ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

'တော်ပြီ မနမ်းတော့ဘူး'လို့ တွေးလိုက်မိတော့ တစ်ခုခုဆို မယ်မင်းကိုမေမေကမြှောက်ပေးတတ်ပြီး မယ်မင်းမလုပ်ရဲတာနဲ့ ဟားတိုက်လှောင်ရယ်တတ်တဲ့ ရတနာကိုသတိရပြီး နောက်မဆုတ်ချင်။ ကိုကို သူမရှေ့ခြေနှစ်လှမ်းအကွာအဝေးသို့ ရောက်လာ၏။ အမှောင်ထဲမှာမတ်တပ်ရပ်နေသည့် မယ်မင်းကိုမြင်သွားသလို ခြေလှမ်းတုံ့သွားလျှင် မယ်မင်းမျက်လုံးစုံမှိတ်ထားခနဲ လေမှုတ်ထုတ်ပစ်ပြီး အားမွေးလိုက်သည်။

မသိဘူး..ဖြစ်ချင်တာဖြစ်တော့.. ၊

မျက်လုံးပြန်ဖွင့် ကိုကို့ဆီပြေးသွားပြီး နှုတ်ခမ်းကိုဖျတ်ခနဲမော့နမ်းလိုက်သည်။ နမ်းပြီး လူချင်းခွာလိုက်ကာ ကိုကိုဘာပြောလာမလဲ စောင့်မိ၏။ ထိုအချိန်လေးအတွင်းမှာ ခုနကရင်ခုန်တာတွေ စိုးရိမ်တာတွေ ဘာမှမရှိတော့ဘဲ ခက်ခဲသည့်ကိစ္စတစ်ခု အောင်မြင်ပြီးမြောက်သွားလို့ စိတ်ပေါ့ပါးလန်းဆန်းသွားသလို ပေါ့ပေါ့ပါးပါးဖြစ်သွားသည်။ သို့သော်.. ၊

"မယ်မင်း.."

ဟင်.. ။ ဦး .. ။

ရင်တွေဒိုင်းခနဲဆောင့်ခုန်သွား၏။ မယ်မင်း မျက်လုံးလေးဝိုင်းစက်

သွားကာ ခြေမကိုင်မိလက်မကိုင်မိဖြစ်လျက် တစ်ကိုယ်လုံးထူထူပူပူကြီးဖြ
လာသည်။

"ဦး...ဟို ကိုကို...ကိုကို မယ်မင်း..."

မယ်မင်း အယောင်ယောင်အမှားမှားနှင့် ဘာပြောရမှန်းမသိ။ ကို
နှုတ်ခမ်းကို လက်နဲ့အုပ်မိသည်။

"မယ်မင်းက ကိုကို့ကိုနမ်းတာ...ဦးကဘာလို့ ကိုကို့ကားစီးလာလဲ.."

ကယောင်ကတမ်းနှင့် ဒေါသတကြီးရန်တွေ့ပြီး ဦးရှေ့ကပြေးထွ
လာခဲ့သည့်ခြေထောက်တွေ မြေကြီးနဲ့ထိရောထိရဲ့လားမသိ။ ရှက်တာလား
ဝမ်းနည်းတာလား ဘာမှန်းမသိပေမယ့် မယ်မင်းရင်တွေခုန်နေတာ တေ
တော်နဲ့မပျောက်.. ၊

အနမ်းသည်သာ ဒြပ်ရှိပစ္စည်းတစ်ခုဆိုလျှင် 'မယ်မင်းအနမ်းပြန်ပေ
လို့ ပြန်တောင်းလာမိမှာ.. ၊ ဒါပေမယ့်.. ၊

အနမ်းဆိုသည်မှာ ပေးပြီးရင် ပြန်တောင်းလို့မရသည့် အသည်းနှလုံ
ထဲ သပ်ရိုက်စွဲသွားတတ်သည့် တက်တူးတစ်မျိုး.. ၊

မေ့ပျောက်သွားဖို့ဆိုတာကတော့.. ၊

♥

အခန်း(၁၂)

ထမင်းကို စိတ်မပါလာမပါမွှေနှောက်နေမိရင်း ဘယ်နှစ်ကြိမ်မြော
မှန်းမသိ။ မယ်မင်းနှင့်မျက်စောင်းထိုးနေရာမှာထိုင်နေသည့် ဦးဆီလှမ်းကြည့်
မိသည်။ အိမ်မှာ ထမင်းလာစားသည့်အချိန်တိုင်း ဖေကြီးကသာ စကားပြေ





တော်ပြီး မေးရင်ပြန်ဖြေ လိုအပ်ရင် ခေါင်းညိတ်ခေါင်းခါလုပ်ရုံထက်ပိုပြီး
ထမင်းစားရင်း စကားမပြောတတ်သည့်ဦးသည် ခုလည်းထမင်းစားခြင်းမှာ
စိတ်နှစ်လျက် မယ်မင်းဆီသို့ ယောင်ယမ်းပြီးတော့တောင် လှမ်းကြည့်မလာ
ပါ.. ၊

မနေ့ကကိစ္စကို ဦးစိတ်ထဲဘယ်လိုမှ မနေဘူးလား.. ၊

အတွေးနှင့်အတူ ထပ်ခိုးကြည့်မိတော့ ထမင်းကိုသေသေသပ်သပ်
ဝါးနေသည့် နှုတ်ခမ်းတွေဆီ မထင်မှတ်ဘဲ အကြည့်ရောက်၏။

ဒါ..မနေ့က ငါနမ်းခဲ့တဲ့ နှုတ်ခမ်းလား.. ၊

ဒီတ်ခနဲ ရင်ခုန်သွားသည့်နောက် ဖွေးလင်းနေသည့် မီးရောင်အောက်
မှာ သန့်ပြန့်ချောမောနေသည့် ဦးမျက်နှာအား သတိလက်လွတ်ငေးကြည့်မိ
သည်။ ထမင်းဝါးနေသည့် ပါးသိုင်းမွေးရာစိမ်းမြမြပါးရိုး ခပ်တိုတိုဆံပင်တို့
နှင့်ကျူးနေသည့်နားထင်နှင့် လေးထောင့်ဆန်ဆန်နဖူး တိုစိပ်စိပ်မျက်
ခုံးမွှေးအောင်တို့ ဝန်းရံထားသည့် စူးရှသောမျက်လုံးများမှ နှာတံစင်းစင်း။ ပြီး
တော့ အထူအပါးညီပြီး ပိရိသေသပ်သည့် နှုတ်ခမ်းတစ်စုံ.. ၊

"မယ်မင်း..."

"ဟင်.."

ကိုကို့ခေါ်သံကြောင့် မယ်မင်းသတိဝင်လာ၏။

"မယ်မင်း...ဖေဖေ မယ်မင်းကိုတစ်ခုခုဆူထားလို့လား.."

ဇွန်းခပ်ရင်းကိုင်ထားသည့် ဦးနေဇ၏လက်တွေ တုံ့ဆိုင်းသွား၏။
တစ်ချိန်လုံးသူ့ကိုကြည့်နေမှန်းသိလျက်နှင့် မျက်လုံးချင်းမဆုံအောင် ကြိုး
စားနေခဲ့သမျှ မယ်မင်းထံအကြည့်က ထိန်းမရသိမ်းမရရွေ့လျားသွားသည်။
မယ်မင်းက အောက်နှုတ်ခမ်းလေးဖိကိုက်ထားလျက် နေကို့ကိုလှည့်ကြည့်ပြီး
ခေါင်းနနလေးခေါင်းခါ၏။

ထိုအခါကျမှဟူးခနဲသက်ပြင်းခိုးချရင်း ရေခွက်ကိုလှမ်းယူသောက်
မိသည်။

မလွယ်ပါလား.. ၊

တကယ်ဆို မနေ့ကိစ္စက သူ့ခေါင်းထဲပင်မရှိတော့ပါ။ မိသားစုနှစ်စု
ညစာစားမယ်ဆိုပြီး စားဖြစ်ခါမှ မယ်မင်းကသူ့ကိုတကြည့်ကြည့်လုပ်လာ

သည်။ ကြည့်ရှုပဲမဟုတ် အပြစ်တင်သလို မကျေနပ်သလို နှုတ်ခမ်းလေးမင်စူနေသေးသည်။ မသိရင် သူ့မှာပဲအပြစ်ရှိနေသလိုလို.. ၊

'ဒီကောင်မလေး ဒီပုံစံလုပ်နေရင်တော့ အားလုံးသတိထားမိကုန်တော့မှာပဲ'လို့ အတွေးပင်မဆုံးသေး။ မယ်မင်းမျက်နှာတကြည့်ကြည့်လုပ်နေသည့် သားက ချက်ချင်းရိပ်မိသွားပြီး ထမေးလာသည်။ မယ်မင်းဆီမှ 'မဟုတ်ဘူး' ဆိုသည့် ခေါင်းခါသည့်အဖြေထွက်လာမှ သူစိတ်သက်သာရာရသည်။ ဒါ တောင် သားက မယ်မင်းအဖြေကို မကျေနပ်ဘဲစူးစမ်းနေတုန်း။ ဟန်မပျက် ထမင်းဆက်စားနေရသည့်တိုင် စားလို့လည်း မကောင်းတော့ပါ။ အထင် ထပ်အခါခါ ကိုယ့်ကိုယ်ကိုအပြစ်တင်နေမိတာ မနေ့ကသားရဲ့ကားကို ယူမိသည့်အဖြစ်ကိုပင်။ မနေ့က သူ့ကားပျက်နေ၍ သားကိုလာခေါ်ခိုင်းရသည်၊ ပြီးတော့ ညှိခံပွဲသွားစရာရှိ၍ သွားဖို့လာဖို့ပြင်ဆင်ရန် အိမ်ကိုအမြန်ပြန်ခဲ့ခြင်းဖြစ်သည်။ သားပါ သူနဲ့အတူပြန်လိုက်လာခဲ့ရင်လည်း ဒါမျိုးမှားမှာမဟုတ်။ သားကလည်း စက်ဘူမထွက်ခင် သူငယ်ချင်းတွေနဲ့ ပျော်ဖို့ပါးဖို့ ချိန်းထားပြီး သူ့လမ်းကြောင်းနဲ့သူ အိမ်ပြန်မလိုက်တော့ ပိုဆိုးသွား၏။ တိုက်ဆိုင်မှုက ဒီလိုဖြစ်လာလိမ့်မည်ဟု ဘယ်သူထင်မှာလဲ.. ၊

မယ်မင်းကိုကလေးတစ်ယောက်လိုပဲ မြင်ခဲ့သည်မို့ ဒါမျိုးလုပ်လိမ့်မည်ဟု သူလုံးဝမထင်ခဲ့။ အမှောင်ထဲမှာ လူရိပ်တွေလို့ကြည့်နေမိတုန်းမှာပင် သူမ သူ့ရှေ့ရောက်လာသည်။ ' မယ်မင်းပါလား ' လို့ သိလိုက်သည်နှင့်တပြိုင်တည်းမှာပင် သူမထင်မှတ်ထားသည့်အရာကို လုပ်လာသည်။ သူ့ကို လာနမ်းလိမ့်မည်ဟု သူလုံးဝမထင်ခဲ့ပေ။ ခေတ်ကပဲ တိုးတက်လာတာလား.. မိန်းကလေးတွေကပဲ ရဲတင်းလာတာလား.. ၊ စိတ်ထဲမှာ အနေရအထိုင်ရခက် နေသမျှ မိန်းကလေးဖြစ်ပြီး ယောကျ်ားလေးကိုစနမ်းသည့် မယ်မင်းကိုပဲ ကြိတ် ဆူချင်မိသည်။ အနမ်းခံရသည့်လူက သူသာမဟုတ်ခဲ့ရင် 'မင်းတို့သမီးကို အရမ်းအလိုလိုက်ထားကြ..အခုဘာလုပ်လဲကြည့်'ဟု ကျော်စွာတို့ကို တိုင်မိမှာ သေချာသည်။ ခုတော့.. ၊

မယ်မင်း ကိုကိုမေးတာကို ဝတ္တုရားကျေပြန်ဖြေရင်း ဘာမှမဖြစ်ခဲ့သလို အေးအေးသာသာရှိနေသည့်ဦးကို နောက်တစ်ကြိမ်မကျေမနပ် လှမ်းကြည့်မိပြန်သည်၊ ထိုအခါ မယ်မင်းအဖြစ်ကို ခွက်ထိုးခွက်လန်လှောင်ခဲ့သည့်





မျက်နှာကြီးပါ အတွေးထဲဝင်လာသည်။

"ဟား ဟား ဟား..အမလေး မယ်မင်းရယ်၊ ဇာတ်ကားတွေထဲမှာ သားနဲ့ဖြစ်ရမယ့်အကွက်တွေ နင်ကမင်းသားအဖေနဲ့ချည်း သွားသွားဖြစ်နေရတယ်လို့ ဇာစပ်ပွဲတုန်းကလည်း ကိုကိုကတခြား နင်ကဦးရင်ခွင်ထဲ ပြုတ်ကျတယ်..ဟာ ဟား.."

နေကို ခုထိမကြည့်လင်သေးသည့် မယ်မင်းမျက်နှာကိုကြည့်၍ မ င်မကျဖြစ်နေသည်။

"မယ်မင်း..ထမင်းစားလို့မကောင်းလို့လား.."

"ထမင်းစားမကောင်းလို့ မဟုတ်ဘူးသားရေ..မေမေ့သမီးအကြောင်း သိတာပေါ့၊ သဘက်ခါသားသွားတော့မှာမို့ စိတ်မကောင်းဖြစ်နေတာ ..ဟုတ်တယ်မဟုတ်လားသမီး.."

မယ်မင်း မေမေ့စကားကြားမှ ကိုကိုစက်ဘူသွားမယ့်အဖြစ်ကို သတိ သွားသည်။ ချက်ချင်း မျက်နှာလေးညှိုးကျသွားတော့ မေမေ့စကားအမှန် လိုဖြစ်သွား၏။

"မယ်မင်းကလည်းကွာ..စက်ဘူနဲ့ဒီနဲ့ ဘယ်လောက်ဝေးတာမှတ်လို့၊ နာရီလောက် လေယာဉ်စီးလိုက်တာနဲ့ တန်းရောက်တာကို..မယ်မင်းကို ကို သတိရတာနဲ့ ဖုန်းဆက်လိုက်၊ ကိုကိုချက်ချင်းပြန်လာခဲ့မှာ.."

"အပိုတွေ..ဖေကြီးလည်း မယ်မင်းကိုအဲ့လိုပြောတာပဲ၊ ပြီးတော့ အ ကိုစွမပြတ်တာတွေ..ပြန်လာလို့မရသေးတာတွေ လာပါလိမ့်မယ်.."

"ဟား ဟား..ငါ့သမီးကတော့ကွာ၊ သမီးက ပုံပြင်ပြောပြဖို့ခေါ်တာတို့ မင်းအတူတူစားဖို့ခေါ်တာတို့ လုပ်ရင်တော့ ဘယ်ဖြစ်မလဲသမီးရဲ့..ဒါပေ တစ်ပတ်တစ်ခါလောက်တော့ ပြန်လာဖြစ်မှာပဲသမီးရယ်၊ ငါ့သမီးက ကိုအလုပ်လုပ်ရတာ မဖြောင့်အောင် ဝမ်းနည်းပြမနေပါနဲ့..လိမ္မာရဲ့သား ကွာ.."

"မယ်မင်းဝမ်းနည်းပြနေတာမဟုတ်ဘူး..သူ့ဘာသာဖြစ်တာ.."

မယ်မင်း ဂျစ်ကန်ကန်လေးပြန်ပြောပေမယ့် စိတ်ဆိုးမယ့်လူမရှိ။ အား ချစ်စနိုးနဲ့ဝိုင်းကြည့်နေပြီး ပြုံးနေကြ၏။

"ဂျစ်တူးလေး..ဖေဖေ့ကိုတောင် စိတ်ဆိုးနေတယ်ဟုတ်လား.."

ဦးကျော်စွာ မယ်မင်းခေါင်းလေးကို လှမ်းဖွရင်းပြော၏။ မယ်မင်းခေါင်းကိုရှောင်ပစ်လိုက်ပြီး.. ၊

"ဖေဖေ့ကိုမဆိုးပါဘူး.."

"ဟင်..ဒါဆိုဘယ်သူ့ကိုဆိုးတာလဲ၊ ကိုကို့ကိုလား.."

"ဘယ်သူမှမဟုတ်ဘူး..မယ်မင်းတော်ပြီ.."

မယ်မင်း ထမင်းစားပွဲမှ ထထွက်သွား၏။ နေကို လည်ပင်းရှည်လိုက်ကြည့်ရင်း စိတ်မကောင်းဖြစ်ကျန်ခဲ့သည်။

"ဘာမှမဟုတ်ဘူး..သားနဲ့ခွဲရမှာကို စိတ်မကောင်းဖြစ်ပြီး လိုက်ငိုကျနေတာ.."

ဒေါ်သီတာ မယ်မင်းကြောင့် မျက်နှာမကောင်းဘဲကျန်ခဲ့သည့် နေကိုအား နှစ်သိမ့်၏။

"လိုက်ချော့လိုက်စမ်းကွာ..သား.."

အစကတည်းက ထလိုက်သွားချင်နေသည့်နေကို ဦးကျော်စွာစကားကြောင့် ချက်ချင်းထထွက်သွားဖို့ပြင်သည်။

"မယ်မင်း..အိပ်တော့မလို့.."

အပြင်က မယ်မင်းအသံလေး စူးခနဲထွက်လာသည်။ သဘောက လိုက်မလာနဲ့ပေါ့..။ နေကို နေရာမှာတင် ထိုင်ရမလို ထရမလိုဖြစ်သွားသည်။ ဦးကျော်စွာနှင့် ဒေါ်သီတာတို့ပါ မျက်နှာပျက်သွားကြ၏။

"ထားလိုက်သား..စကော်ပူနဲ့ဒီက ဘယ်လောက်ဝေးနေလို့လဲ၊ ပြီးတော့ နေ့စဉ်လိုင်းပေါ်မှာ တွေ့လို့ရတယ်..စကားပြောလို့ရနေတာပဲ၊ မင်းတို့နေ ကြီးခွင်ကျယ်လုပ်ပြနေလေ သူပိုပြီးခံစားမိလေဖြစ်နေလိမ့်မယ်..ဘာမှမဟုတ်သလို ပေါ့ပေါ့ပါးပါးနေပြလိုက်.."

ဦးနေဇ ဦးကျော်စွာတို့ကိုရော နေကို့ကိုပါ ဝေ့ကြည့်ရင်းပြောလိုက်၏။

"ဟုတ်သားပဲ..အဲ့ဒါ ကို့ကြောင့်၊ နေကိုမသွားခင် မိသားစုလက်ဆုံစားကြမယ်လို့ ကိုပြောလိုက်မှ သမီးမျက်နှာမကောင်းဖြစ်သွားတာ၊ အရင်လည်း ဒီလိုပဲစားနေကြပဲကို ရေးကြီးခွင်ကျယ်ထလုပ်တယ်.."

ဦးကျော်စွာ ဘာမှမပြောသာ..။ သူကိုယ်က မှားတာ.. ၊





နေကို ပြန်သာထိုင်လိုက်ရပေမယ့် ဘယ်လိုမှစိတ်မဖြောင့်။ မယ်မင်း နေရင် ဘယ်လိုလုပ်မလဲ..။ စိတ်ပူပေမယ့် အတင်းထသွားချော့နေရင်လည်း ပြောသလို ခွဲရမည့်အဖြစ်ကို သတိထိုင်ပေးနေသလိုဖြစ်ဦးမည်။

မယ်မင်းသည် သူလေဆိပ်မဆင်းခင်ထိ တရှောင်ရှောင်တမှိုင်မှိုင်လုပ်ပြီး လေဆိပ်ထိ အန်တီ၊ အန်ကယ်၊ ဖေဖေနှင့် သူ့သူငယ်ချင်းတွေနဲ့အတူ လိုက်ပို့တော့လည်း အကောင်း။ Departure မှာခွဲရတော့မယ်ဆိုမှ သူ့လက်ကိုအတင်းဆွဲထားပြီး ခါးခါးသီးထဖြစ်တော့၏။

"ကိုကိုမသွားပါနဲ့..မယ်မင်းကိုကိုနဲ့ မခွဲနိုင်ဘူး၊ မသွားပါနဲ့ကိုကို.. ကိုကိုမရှိရင် မယ်မင်းသေလိမ့်မယ်.."

သူ့လက်မောင်းကို အတင်းဖက်ထားပြီး ဘယ်သူဘာပြောပြော ခေါင်းတွင်တွင်ခါသည်။ သူ့လက်ကိုဖြုတ်ဖို့ ကြိုးစားလည်းအဖြုတ်မခံဘဲ တင်းဖက်ထား၏။ တခြားခရီးသည်တွေပါ သတိထားမိကြသည်အထိ.. ၊

"မယ်မင်း..မယ်မင်းမငိုနဲ့လေကွာ၊ လူတွေကြည့်ကုန်ပြီ မရှက်ဘူးလား.."

"သမီး..ဒုက္ခပါပဲသမီးရယ်.."

"ကိုကို့ကိုလွမ်းတယ်..အဟင့် ဟင့်.."

မယ်မင်းငိုနေတော့ နေကိုလည်း မျက်စိမျက်နှာပျက်ဖြစ်လာသည်။ ဘာဖြစ်နေတာလားဟု စူးစမ်းပြီး ဝိုင်းကြည့်လာသည့် တခြားခရီးသည်တွေမမြင်နိုင်အောင် မယ်မင်းမျက်နှာကို လက်နဲ့ကွယ်ဖက်ထားရင်း တတွတ်တွတ်ချော့၏။

"မယ်မင်း..မယ်မင်းပြန်တော့နော်၊ ကိုကိုသွားတဲ့အထိ မနေနဲ့တော့..မယ်မင်းငိုနေတာမြင်ရင် ကိုကိုသွားနိုင်မှာမဟုတ်ဘူး..ပြန်နှင့်.."

"ဟင့်အင်း..ကိုကိုသွားရင် မယ်မင်းကိုကို့ကိုမခေါ်တော့ဘဲနေမှာနော်၊ ကိုကိုမသွားပါနဲ့.."

"သမီးကိုကို လေယာဉ်ပေါ်ရောက်တာနဲ့ စီဒီယိုကောလ်ခေါ်လိမ့်မယ်..ပြန်ရအောင်နော်၊ လာပါသမီးရယ်..လူတွေလည်းကြည့်ကုန်ပြီ.."

ဦးကျော်စွာနှင့်ဒေါ်သီတာတို့ မယ်မင်းကို ချော့မော့ခေါ်သွားကြ၏။ နေကို ဘယ်လိုနေမလဲမသိ။ နေနိုင်၊ ဖွဲ့နှင့် ကျော်မြင့်တို့ပါ စိတ်မကောင်း

ဖြစ်မိကြ၏။ ဦးနေဇ မယ်မင်းထွက်သွားရာအရပ်ကို လှမ်းကြည့်ပြီးငိုင်နေသည့် နေကို့ကိုယ်ကိုဆွဲလှည့်ပြီး ပခုံးကိုအားပါပါဆုပ်ကိုင်လိုက်သည်။

"သားမသွားချင်တော့ဘူးလား.."

"မဟုတ်ပါဘူးဖေဖေ..မယ်မင်းက အရမ်းအငိုသန်တာ၊ အဲ့ဒီကောင်မလေး ချော့လို့ရမှာမဟုတ်ဘူး.."

"ယောကျာ်းဆိုတာ ခြေလှမ်းစပြီးရင် ဆုံးအောင်လျှောက်ရတယ်..အောင်မြင်တဲ့အထိ ကြိုးစားရတယ်၊ ဒီလမ်းကို သားကိုယ်တိုင်လျှောက်ဖို့ဆုံးဖြတ်ခဲ့တာနော်..ဖေဖေ့ထက်ပိုပြီး အောင်မြင်အောင်ကြိုးစား၊ မယ်မင်းကဘာမှနောက်ဆံမတင်းနဲ့..အဆင်ပြေသွားလိမ့်မယ်.."

စကားနည်းသည့်ဖေဖေက သူ့ကိုအားပေးနေသည်မို့ နေကိုအားတက်သရော ခေါင်းညိတ်ပြလိုက်၏။ ဖေဖေပြန်သွားတော့ သူမှာချင်တာတွေနေနိုင်တို့ကို လွတ်လွတ်လပ်လပ်မှာလို့ ရသွားသည်။

"ဟေ့ကောင်တွေ..မင်းတို့ငါမှာထားတာ မမေ့နဲ့နော်၊ မယ်မင်းအနားကို တကောင်ကောင်ကပ်လာတာနဲ့ ငါ့ဆီချက်ချင်းလှမ်းပြော..မယ်မင်းကျောင်းစတက်ပြီဆိုတာနဲ့ သေချာစောင့်ကြည့်ပေတော့.."

"အေးပါနေကိုရာ..စိတ်ချစမ်းပါ.."

"မင်းကလည်းနေကိုရာ..မယ်မင်းက မင်းကိုဒီလောက်ချစ်တာ ဘာတွေစိတ်ပူနေတာလဲ.."

မယ်မင်းသူ့ကိုချစ်တာ ဟိုးငယ်ငယ်လေးကတည်းက ချစ်တာပါ။ ဒီအတိုင်း မျက်စိအောက်က အပျောက်မခံဘဲ ချစ်ခဲ့တာ။ မယ်မင်းအချစ်ကရိုးရိုးလား ဆန်းဆန်းလား ခုထိသူမသဲကွဲသေး။ ထို့ကြောင့် မယ်မင်းအနားကိုတခြား သူမဟုတ်တဲ့ဘယ်ယောကျာ်းကိုမှ သီခွင့်မပေးနိုင်.. ၊

"မင်းတို့ဘာမှမသိပါဘူး..မယ်မင်းလား ရှေ့ဆို လူကိုအသေချွဲ အသေဂရုစိုက်၊ ချစ်တတ်လိုက်တာလည်း သူ့အပြင်နှစ်ယောက်မရှိဘူး..ပြီးရင်မေ့ပစ်တာလည်း မြန်သလားမမေးနဲ့၊ ကြည့်နေ..ငါသာ သူ့ကိုသတိရင်ဟိုမှာ ဒုက္ခရောက်မှာ၊ သူကတစ်ပတ်နှစ်ပတ်နေတာနဲ့ အနားမှာရှိတဲ့လူတွေနဲ့ ပျော်ရွှင်ရယ်မောနေလိမ့်မယ်..မယ်မင်းတက္ကသိုလ်စတက်တာနဲ့ မယ်မင်းဘယ်သူတွေနဲ့ပေါင်းတယ် ဘာတွေလုပ်တယ် ငါအကုန်သိချင်တယ်.."





"စိတ်ချစမ်းပါနေကိုရာ..မင်းအနားမှာ အချိန်ပြည့်ရှိနေသလိုကို ငါတို့သေချာကြည့်ပေးထားမှာ၊ ဘယ်ကောင်မှ မယ်မင်းအနားမကပ်စေရဘူး..ဟုတ်ပြီလား.."

စိတ်တော့မချသေး။ ဒါပေမယ့် အခု သူ့စိတ်ထဲမှာ ပူပန်နေမိတာကတခြား.. ၊

"ခုလောက်ဆို မယ်မင်းအရမ်းငိုနေမှာ.."

♥

အခန်း(၁၃)

အိပ်ရာကထ မျက်လုံးနှစ်လုံးပွင့်တာနဲ့ ကိုကို့နာမည်တပြီး ကိုကို့အခန်းပြတင်းပေါက်ဆီ ပြေးကြည့်နေကျ။ ခုတော့ မျက်လုံးနှစ်လုံးမဖွင့်ရသေးခင်ကတည်းက 'ကိုကိုမရှိပါလား'ဆိုသည့် ဟာတာတာခံစားချက်က မယ်မင်းရဲ့မနက်ခင်းတစ်ခုလုံးကို ပူလောင်စေသည်။ အိပ်ရာက စိတ်မပါလက်မပါထပြီး ပြတင်းပေါက်ဆီသွားနေကျအတိုင်း သွားမိကာ ပိတ်ထားသည့်ကိုကို့အခန်းပြတင်းပေါက်ကို ငိုင်တိုင်တိုင်ငေးကြည့်မိသည်။ ကိုကိုသာရှိရင် ပြတင်းပေါက်တံခါးဖွင့်ထားမည်။ အခန်းထဲမှ လှုပ်ရှားသွားလာနေမည်။ တစ်ခါတလေ အပေါ်ပိုင်းကိုယ်ဗလာဖြင့် အကျီဝတ်နေမည်။ ဖုန်းပြောနေမည်။

"ကိုကို..ကိုကိုရေ.."

မယ်မင်းလှမ်းခေါ်ရင် ပြတင်းပေါက်နားလာရပ်ပြီး 'ပြော..စောစောစီးစီး လူကိုဘာဒုက္ခပေးဦးမလို့လဲ'ဟု ခပ်တည်တည်မေးမည်။ မယ်မင်းက

အိမ်မှာ မနက်စာစားဖို့ ကိုကိုဘာစားမလဲမေးရင်မေး မမေးရင် အပြင်မှ သွားစားဖို့ ပူဆာနေကျ။ အဲ့ဒါက ချစ်သူတွေမဖြစ်ခင်ကပါ။ ချစ်သူတွေဖြ ပြီးတော့ မယ်မင်းကို စောစောစီးစီးလှမ်းအော်နိုးတတ်တဲ့လူက ကိုကိုဖြ သွား၏။ မယ်မင်း အိပ်ချင်မူးတူးထလာတိုင်း 'အိပ်ပုတ်လေး'ဟု စတ သည်။ မယ်မင်းက ကိုကို့စကားကို မျက်လုံးမပွင့်တပွင့်ဖြင့် 'ကိုကို့ကိုချ တယ်'ဟု မဆီမဆိုင်ပြန်ပြောလျှင် ကိုကိုသဘောကျပြီး ဟားတိုက်ရယ်တ ၏။

"မယ်မင်း ကျောင်းတက်ရင် ကိုကို့ကိုမေ့သွားမှာပါ.."တဲ့.. ၊

ဟုတ်ချင်လည်း ဟုတ်မှာပေါ့..။ ဒါပေမယ့် ခုတော့ မယ်မင်းမှာအိ နဲ့ရတနာ့ဆီသွားဖို့ကလွဲပြီးဘယ်မှသွားစရာမရှိ။ ကိုကိုကတော့internshi ကာလမို့ အလုပ်တွေအရမ်းရှုပ်ပြီး မနက်စောစောနဲ့ ညဘက်ပဲ မယ်မ ဆီဖုန်းဆက်နိုင်သည်။

"permanentဖြစ်သွားရင် ဒီလောက်အလုပ်မရှုပ်တော့ပါဘူး မ မင်းရဲ့..ကိုကိုက သူဌေးသမက်ဆိုပြီး အလုပ်ဝင်မလုပ်ချင်ဘူး၊ ကိုယ့်အ ရည်အချင်းနဲ့ကိုယ်ပဲ တိုးတက်ချင်တာ..အဲ့ဒီတော့ သူများကြိုးစားသလို ကြိုးစားရတာပေါ့.."

ကိုကိုက သူအချိန်ပြည့်ဖုန်းမဆက်နိုင်လို့ မယ်မင်းကို ပြောရာ ကြောင်းချော့၏။ မယ်မင်း နားလည်ပါသည်။ ဒါပေမယ့် နားလည်တာ သက်သက် ကိုကို့ကိုလွမ်းတာကတစ်ပိုင်း။ မယ်မင်းပြတင်းပေါက်က လှမ်းငေးနေရာမှ ပြတင်းပေါက်ကိုကျော်ပြီး အပြင်ဆန်းရှိတ်ပေါ်တက်လို ၏။ မယ်မင်းတို့တိုက်မှ ဆန်းရှိတ်ထုတ်ထားသည့်အမိုးက ကိုကို့အခန်းပြ တင်းပေါက်ရဲ့အမြင့်မှာရှိနေသည်။ မယ်မင်း ဆန်းရှိတ်ပေါ်ကနေ ကိုကို့အ ခန်းပြတင်းပေါက်အပြင်ဘောင်ဆီ လှမ်းတက်လိုက်၏။ ပြတင်းပေါက်က နေ အထဲက ကိုကို့အခန်းကို အလွမ်းပြေလှမ်းကြည့်ဖို့ စိတ်ကူးနှင့်ဖြစ်သည် ပြတင်းပေါက်ကို လိုက်ကာနှင့်ပိတ်ကာထားသည်။ သို့သော် ခပ်ပါးပါးလို ကာစအတွင်းရှိ ကိုကို့အခန်းကိုမြင်နေရ၏။

မယ်မင်း ကိုကို့ကိုလွမ်းတဲ့စိတ်နဲ့ ဝေဝေဝါးဝါးမြင်နေရသည့် ကို အခန်းထဲကို လှမ်းငေးကြည့်မိသည်။ ကိုကိုအိပ်ခဲ့သည့်အိပ်ရာ ကိုကိုသွာ





သာလှုပ်ရှားနေတတ်သည့်နေရာတွေကို ငေးကြည့်ရင်း အလွမ်းမပြေဘဲ လွမ်း တဲ့စိတ်က ပိုတိုးလာ၏။ ဝဲနေသည့်မျက်ရည်တွေကို မျက်လုံးဖိပိတ်ပြီး ညှစ် ချပစ်ပြီး မျက်ရည်သုတ်ဖို့လက်က ပြတင်းတံခါးဘောင်ကို ကပ်သပ်ကိုင် ထားရ၍ ဖြုတ်လို့မရပေ။ လက်ညောင်းလာသည့်အပြင် ပြတင်းပေါက် ဘောင်အခြေက ခြေတစ်ဖဝါးစပဲရှိသည်မို့ မတ်တပ်ရပ်နေရတာ ကြာကြာ အဆင်မပြေ။ ပြန်ဆင်းဖို့ ကိုယ့်အခန်းကိုပြန်ဖို့ စိတ်ကူးလိုက်တော့ ဆန်းရှိတ် က ပိုမြင့်နေကာ ဆင်းတုန်းကအဆင်ပြေပြီး အမြင့်ပြန်တက်ဖို့ကျ အ ဆင်မပြေတော့။ ထိုအခါ ပိုမြင့်နေသည့် ဆန်းရှိတ်ကို ပြန်ငဲ့ကြည့်ရင်း ပို ပြီးဝမ်းနည်းလာ၏။

အရင်ကလည်း ဒီလိုဖြစ်ဖူးသည်။ ပြတင်းပေါက်ဆီဆင်းတုန်းက ကြောက်မရွံ့ဆင်းပြီး ဆန်းရှိတ်ပေါ်ပြန်တက်မရသောအခါ အပေါ်ကနေ အောက်ကြမ်းခင်းကို ငုံ့ကြည့်ပြီး အကြောက်ကြီးကြောက်ကာ ကိုကို့ကိုအော် ခေါ်ခဲ့ဖူးသည်။ ခုလည်း လက်တွေနာလာတော့ ကိုကို့ကိုပဲအော်ခေါ်မိ၏။

"ကိုကို..ကိုကိုရေ.."

'မယ်မင်း'ဟု စိုးရိမ်တကြီး ပြတင်းတံခါးပြေးဖွင့်မယ့်သူကို အရူးလို မျှော်လင့်ရင်း မယ်မင်းပါးပေါ်သို့ မျက်ရည်တွေပြိုကျလာသည်။

"ကိုကို.."

မရှိမှန်းသိလျက်နှင့် ခေါင်းမာမာနှင့်အော်ခေါ်နေမိရင်း ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ပြီးတုံ့ပြန်မှုမရှိသောအခါ မယ်မင်းမျက်လုံးစုံမှိတ်ပြီး ဟီးခနဲငိုချပစ်လိုက်၏။

"မယ်မင်း.."

မယ်မင်း မျက်လုံးလေးတွေ ဖျတ်ခနဲပွင့်လာ၏။

ကိုကို.. ၊

မျှော်လင့်တကြီး အောက်ငုံ့ကြည့်လိုက်တော့ ရုံးသွားဖို့ပြင်ဆင်ထား ပုံဖြင့် လက်ထဲမှာ လက်ကိုင်အိတ်နှင့်ဖုန်း ကားသော့တို့အားကိုင်လျက် ဦး မယ်မင်းအောက်မှာ ရပ်နေသည်။

"ဦး..မယ်မင်းကိုဖမ်းထား.."

"ဟာ..ဟေ့ ဟေ့၊ နေဦးလေ..မယ်မင်း.."

ဦးနေဇ မျက်လုံးတွေတောင်ပြာဝေသွားသလားမသိ။ အောက်ကလူကို အဆင့်သင့်ဖြစ်လားမမေး။ မယ်မင်းခုန်ချပစ်လိုက်တာ ရဲတင်းလွန်း၏၊ သူကမန်းကတန်း မိအောင်ဖမ်းလိုက်ရတာ အသက်ရှူဖို့တောင် မေ့သွားသည်။

"အား.."

"ဦးကလည်း ဖမ်းလည်းမဖမ်းနိုင်ဘူး.."

နှစ်ယောက်သား မြေပေါ်ထပ်လျက် လဲကျသွားခြင်းဖြစ်သည်။ မယ်မင်းကအပေါ်ကမို့ လူတစ်ယောက်လုံး တက်ဖိခံလိုက်ရသည့် သူ့တစ်ကိုယ်လုံး ကိုင်ရိုက်ခံလိုက်ရသလို အီစိမ့်သွား၏။ လက်ထဲကပစ္စည်းတွေလည်း ဘေးမှာ ပြန့်ကျဲကုန်သည်။

"အား..သေပါပြီကွာ.."

မယ်မင်း ထရပ်ဖို့စိတ်ကူးက ရှုံ့မဲ့ညည်းညူနေသည့် ဦးမျက်နှာကြောင့် မထဖြစ်ဘဲ ဦးကိုသေချာပြန်ကြည့်မိ၏။

ဟုတ်မှာပေါ့..ငါ့တစ်ကိုယ်လုံးပြုတ်ကျလာတာ မနာဘဲနေမလား..

"ဦး အရမ်းနာနေလားဟင်.."

နူးညံ့ညင်သာသည့် အသံတိုးတိုးလေးကြောင့် ဦးနေဇမျက်လုံးပင့်ကြည့်မိသည်။ မယ်မင်းဆံပင်တွေ သူ့ရင်ဘက်ပေါ် ခွေဝိုက်ကျနေသည်၊ ဆံပင်တွေကွယ်နေသည့်ကြားက ဘာမှမလိမ်းထားသော မျက်နှာလေးက ပကတိအတိုင်း လှနေသည်။ သူ့ကိုကြင်နာစွာကြည့်နေသည့် မျက်လုံးလေးတွေက ရှည်ကော့သော မျက်တောင်ရှည်တို့ဖြင့် ညိုလဲ့နက်မှောင်နေလျက် မျက်ရည်စက်လေးများ ခိုတွဲနေသည်။ ပါးပြင်နုနုလေးတွေက ကြည်လဲ့ပြီး ပန်းသွေးရောင်သန်းနေသည်။ မယ်မင်းနဲ့သူ ဒီလောက်ထိဘယ်တုန်းကမှ နီးနီးကပ်ကပ်မရှိခဲ့ဖူးပေ။ ခုလိုလည်း တစ်ခါမှ အနီးကပ်မကြည့်ခဲ့ မမြင်ခဲ့ဖူးပါ။လှနေတာကို လှတယ်လို့ ခံစားမိလိုက်သည့် စက္ကန့်ပိုင်းလေးမှာ သူကိုယ့်ကိုယ်ကို မလုံမလဲဖြစ်ရင်း အတင်းကျုံးထမိ၏။

"ရတယ်..ဖယ် ဖယ်၊ ဘာမှမဖြစ်ဘူး.."

သူနေရာမှထရပ်လိုက်၏။ ကိုယ်ကိုခါထုတ် အင်္ကျီတွေပြန်ဆွဲချပြီး ပြုတ်ကျနေသည့် သူ့ပစ္စည်းတွေကို လိုက်ကောက်ယူနေစဉ် မယ်မင်းကပါး





ပေါ်ကမျက်ရည်တွေကို လက်ခုံလေးနဲ့ သုတ်နေရာမှ သူ့နားလိုက်ကပ်ပြီး နှာခေါင်းလေး ရှုံ့ပွရှုံ့ပွဖြင့် အနံ့လိုက်ခံနေသည်။

"ဘာလဲမယ်မင်း.."

"ဦးလည်း ဒီရော်(Dior Homme)ပဲဆွတ်တာလား..ဦးကိုယ်ကကိုကို့အနံ့ရတယ်.."

ပြဿနာပါလား.. ၊

သူ မယ်မင်းအနားကထွက်သွားဖို့ ခြေလှမ်းပြင်လိုက်ပေမယ့် နောက်ကျသွား၏။

"ဦး..ဦးနေပါဦး၊ မယ်မင်းကိုကို့ကိုလွမ်းလို့..ခဏလောက်ဖက်ထားချင်လို့ပါ.."

"ဟာ..မယ်မင်း မလုပ်နဲ့လေ.."

တားပေမယ့် မမှီလိုက်တာလား.. မယ်မင်းကဂရုမစိုက်တာလား..။ သူ့ရင်ခွင်ထဲအတင်းတိုးဝင်ပြီး လူကိုကျုံးဖက်ထား၏။ သူ လူချင်းခွာဖို့လုပ်ချင် "ခဏလေးပါ ဦးကလည်း"ဆိုသည့် အသံလေးမှာ ငိုသံစွက်လျက်။ သူမယ်မင်းကိုလည်း တွန်းပစ်လို့မရ။ ဒီအတိုင်းနေလို့လည်း ဘယ်လိုမှအဆင်မပြေဘဲ ဒုက္ခရောက်နေစဉ် ဒေါ်သီတာအေးအိမ်ပြင်ထွက်လာတာကို လှမ်းမြင်လိုက်၍ ဝမ်းသာသွား၏။

"သီတာ..သီတာ.."

ဒေါ်သီတာအေး ခေါ်သံကြောင့်လှမ်းကြည့်မိရင်း သံတိုင်များကာရံထားသည့် တစ်ဖက်ခြံမှမြင်ကွင်းကြောင့် မျက်လုံးပြူးသွား၏။

"သမီး.."

ချက်ချင်းပင် ခြံနားထိခပ်သွက်သွက် လှမ်းသွားမိသည်။ ခုပဲ သမီးကိုနိုးဖို့ အခန်းတံခါးနားသွားရပ်ပြီးမှ နိုးလာတာနဲ့ မှိုင်နေဦးမှာပဲသိလို့ အိပ်ပါစေဦးဆိုပြီး ပြန်ထွက်လာခဲ့တာ။ သမီးက တစ်ဖက်ခြံထဲ ဘယ်လိုရောက်သွားတာလဲ..။ ပြီးတော့ နေဇကိုဖက်ထားတာ သူမလာနေတာမြင်တာတောင် ခွာတာမပေးပေ။ မျက်စိမျက်နှာပျက်ဖြစ်နေသည့် နေဇကိုကြည့်ပြီး သူမအခြေအနေကို သဘောပေါက်လိုက်၏။

"နင့်သမီးကိုခေါ်ဦး.."

"သမီး..ဘာလုပ်နေတာလဲ.."

"မယ်မင်း...ကိုကို့ကိုလွမ်းလို့ပါမေမေ၊ ဦးကိုဖက်ရတာ ကိုကို့ကိုဖက်ထားရသလိုပဲ..ခဏလောက်ဖက်ထားချင်လို့ပါနော်..မေမေနော်.."

မယ်မင်း ငိုနေတာလား.. ၊

ငိုရင်း မအေဖြစ်သူကို လှမ်းပြောနေသည့်မယ်မင်းအား သူတအံ့တသြငုံ့ကြည့်မိသည်။ တကယ်ပဲ မယ်မင်းသူ့ကို ခပ်တင်းတင်ဖက်ထားရင်း ငိုနေသည်။ ခက်ပါလား..။ သူသီတာ့အား အားကိုးတကြီးလှမ်းကြည့်မိသည်။ သို့သော် ဒေါ်သီတာအေး၏ အသနားခံသည့်အကြည့်ကြောင့် စိတ်ဓာတ်ကျသွား၏။

"သမီးက သားကိုလွမ်းနေလို့ပါနေဇရယ်..ခဏလေးနေပေးလိုက်ပါ."

သူ့ကိုစစ်ကူခေါ်လိုက်မှ ပိုဆိုးနေပါလား.. ၊

ဒေါ်သီတာအေးစကားအဆုံးမှာ သူ့ခါးကိုခပ်တင်းတင်းတိုးဖက်လာသည့် မယ်မင်းကြောင့် နေရာမှ ထွက်ပြေးချင်မိတဲ့အထိ။ သားနဲ့ရေမွှေးအတူတူစွတ်မိတာကိုက သူ့အမှား။ တကယ်တော့ Diorက သူ့အမြဲသုံးနေကျရေမွှေးပါ။ သားကသဘောကျပြီး လိုက်သုံးခဲ့ခြင်းဖြစ်သည်။

ရေမွှေးပဲပြောင်းသုံးရမလား...ဒါမှမဟုတ် သားကိုခေါ်နေတာကြားပြီး သနားကြင်နာစွာ ပြေးလာမိသည့် ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရမလား..၊

♥





အခန်း(၁၄)

Decoration ကအစ ပန်းရောင်အဖျော့နှင့် အဖြူရောင်တို့ရောဆင်လျက် တစ်ခန်းလုံးလှပစွာ ဒီဇိုင်းဆင်ထားသော အခန်းထဲရှိ ပန်းရောင်ဖျော့ဖျော့မွေ့ရာခင်းပေါ်မှာ မယ်မင်းအိပ်မောကျနေ၏။ အမွှေးထည်ဝတ်ထားလျက် ဖြူဖျော့ဖျော့မျက်နှာလေး အနည်းငယ်ချောင်ကျနေသည့် သမီးဖြစ်သူအားကြည့်ရင်း ဦးကျော်စွာစိတ်မသက်မသာ သက်ပြင်းချမိသည်။ ဒေါ်သီတာအေးက မယ်မင်းခုတင်ဘေးက စားပွဲပေါ်ရှိ ဆေးဘူးများ၊ ရေနွေး ဆန်ပြုတ်ပန်းကန်တို့အားသိမ်းရန် ဒေါ်နန်းဆိုသည့် အိမ်အကူအမျိုးသမီးကြီးအား အသံခပ်တိုးတိုးဖြင့် ညွှန်ကြားနေသည်။

"သမီးနိုးပါ့မယ်မိန်းမရာ.."

ခပ်တိုးတိုးပြောမိရင်း ဦးကျော်စွာ ခုတင်ဘေးရှိ ရေမြုပ်ကုလားထိုင်ကြီးပေါ်မှာ ထိုင်နေရာမှ ထရပ်လိုက်သည်။ ဒေါ်သီတာအေးက မယ်မင်းကိုခုတင်ဘေးမှာ တင်ပါးလွှဲထိုင်နေပြီး ခုတင်ခေါင်းရင်းရှိ ရုပ်ဆိုးလှသောဘီလူးရုပ်ကြီးအား မယ်မင်းဘေးမှာချပေးပြီး အရုပ်၏လက်ကို မယ်မင်းပခုံးပေါ် လှမ်းဖက်သလို တင်ပေးသည်။ ဦးကျော်စွာ အခန်းထဲကထွက်ခါနီးဘီလူးပုံစံချုပ်ထားသော အရုပ်၏ရုပ်ဆိုးလှသော အစွယ်များအားကြည့်ရင်းနေကို မယ်မင်းအပေါ် အသေးစိတ်ကအစ ချစ်တတ်လွန်းတာကို အမှတ်ပေးမိ၏။

ဒီအရုပ်ကို သမီးဆယ့်ငါးနှစ်ပြည့်မွေးနေ့မှာ ပေးခဲ့တာပါ။ ဘီလူးကြောက်တဲ့လူကို ဘီလူးရုပ်ပေးရမလားလို့ သူရောဒေါ်သီတာပါ နေကိုလုပ်ရပ်ကို နားမလည်နိုင်ခဲ့။ ထို့ပြင် လူကြီးအလွန်အမင်းဖြစ်ချင်နေသည့် ဆယ်

ကျော်သက်သမီးပျိုတစ်ယောက်ဖြစ်သော မယ်မင်းသည် သူမကိုကလေးလို သတ်မှတ်ပြီး အရုပ်ပေးခြင်းအား ခါးခါးသီးစိတ်တိုခဲ့၏။

"ဒါပုံမှန်အရုပ်မဟုတ်ဘူးမယ်မင်းရဲ့..သူ့နာမည်က ကိုကိုဒသတဲ့ သူကဘီလူးအားလုံးကို အုပ်ချုပ်တာ၊ သူ့ကိုဘေးမှာထားအိပ်ရင် မယ်မင်း အိပ်မက်ထဲကို ဘယ်ဘီလူးမှမလာနိုင်တော့ဘူး.."

ပေးကာစက မယ်မင်းက အရုပ်မျက်နှာတောင် စေ့စေ့မကြည့်ရဲခဲ့၊ နောက်ပိုင်း ငယ်ငယ်ကအကျင့်အတိုင်း အိပ်မက်ဆိုးမက်လာသောအခါ ကြောက်ကြောက်နဲ့ပဲ အရုပ်ပြေးယူပြီး အိပ်ရာဘေးထားအိပ်ရာက ခုနောက်ပိုင်းဆို ဒီအရုပ်မရှိရင် လုံးဝမအိပ်တတ်တော့ပေ။ ထူးဆန်းစွာပင် အသက်ကြီးတဲ့အထိ ဘီလူးကြောက်နေသည့်မယ်မင်း၏စိတ္တဇလည်း ပျောက်သွားခဲ့၏။ နေကိုသည် သမီးနဲ့ပတ်သက်ရင် ဒီလိုအသေးစိတ်ကအစ ဂရုစိုက်ဆေးတတ်သူပါ။ ဒါကြောင့်ပဲ သမီးကလည်း နေကို့အပေါ် သံယောဇဉ်ကြီးတာဖြစ်လိမ့်မည်။

ဦးကျော်စွာ မယ်မင်းနဲ့နေကို့အကြောင်းတွေးရင်း စာကြည့်ခန်းရှိ ဆိုဖာပေါ်ထိုင်နေမိစဉ် ဒေါ်သီတာအေး အခန်းထဲဝင်လာပြီး သူ့ရှေ့ဝင်ထိုင်သည်။

"သမီးကဖျားတာလည်းမဟုတ်ဘဲ ဘာဖြစ်တာလဲ..ကိုယ်ပြန်လာဖြစ်တာလား.."

"ဟုတ်တယ်..ကိုပြန်လာတော့ နေကို့ကိုသတိရသွားပုံပဲ.."

ဦးကျော်စွာ တစ်ခုခုကိုနက်နက်နဲနဲတွေးနေ၏။ ဒေါ်သီတာအေး ဦးကျော်စွာ၏မျက်နှာအား အသံတိတ်စိုက်ကြည့်နေမိသည်။ ဦးကျော်စွာမျက်နှာမော့လာလျှင် ဦးကျော်စွာ စကားမပြောရသေးခင် သူမကစပြော၏။

"ကိုဘာတွေးနေလဲ သီတာသိတယ်..မဖြစ်ဘူးကို၊ နေလက်စနဲ့ နေကိုအဲ့ဒီမှာပဲ နေပါစေ.."

"ကြည့်လည်းလုပ်ပါဦးမိန်းမရာ..သမီးကျန်းမာရေးကို မင်းလည်းသိတာပဲ၊ ဟိုမှာလည်း နေကိုမျက်နှာမကောင်းဘူး..မင်းကမဆက်သွယ်နိုင်းလို့တဲ့ ကလေးတွေ သနားပါတယ်မိန်းမရယ်..ဗီဒီယိုကောလ်လောက်တော့ ပြောကြပါစေ.."





"သီတာလည်း သူတို့ကိုအလွမ်းပြေစကားပြောစေချင်ပါတယ်..ဒါပေမယ့် အဲ့လိုပြောလိုက်ဆိုလိုက်ရရင် ကို့သမီးကပိုပိုဆိုးလာတာ.."

"ကလေးတွေအဲ့လောက်ဖြစ်နေတာမိန်းမရာ..သူတို့ကို ခွဲထားမယ့်အစား.."

"တော်တော့ကို..အတူတူဆက်ထားရင် ဘာတွေဖြစ်လာနိုင်သလဲ၊ ကိုသီတာလည်း မဟုတ်ဘူး..ကိုပြောသလို ခုလည်းသူတို့နှစ်အိမ်တစ်အိမ်နေကြတာပဲဆိုတာ မှန်တယ်၊ ဒါပေမယ့် လက်ထပ်ပြီးသွားတာနဲ့ ကလေးယူဖို့ယူဖို့ကိစ္စတွေက ရှုပ်လာတော့မယ်.."

"ဟုတ်ပါပြီမိန်းမရာ..ကိုကလည်း အဲ့ဒီကိစ္စတွေထိ မပြောပါဘူး၊ အခုတော့ သူတို့နှစ်ယောက်စလုံး စိတ်ဝေဒနာရသွားမှာစိုးလို့..ပြီးတော့ သမီးရောဂါအကြောင်း မင်းကအသိဆုံးပဲ၊ တို့သမီးကျန်းမာဖို့ထက် ဘာအရေးကြီးလဲကွာ.."

ဒေါ်သီတာအေး အသံတိတ်နေ၏။ ဦးကျော်စွာ စကားဆက်ဖို့ပြင်မိစဉ် စာကြည့်ခန်းထဲ လေးတိလေးကန်လေးဝင်လာသည့် မယ်မင်းကိုမြင်ပြီး စကားစပြတ်သွား၏။ ဒေါ်သီတာ နောက်ကိုငဲ့ကြည့်ပြီး မယ်မင်းကိုမြင်လျှင် အံ့သြသွားသည်။

"သမီး အိပ်နေတာမဟုတ်ဘူးလား..ဘာလို့ထလာတာလဲသမီးရဲ့.."

မယ်မင်း ဒေါ်သီတာ့ကိုကျော်ပြီး ဦးကျော်စွာဆီတန်းသွား၏။ ဦးကျော်စွာကလည်း မယ်မင်းသူ့ဆီခြေလှမ်းနေတာသိသည်နှင့် လှမ်းခေါ်၏။

"လာသမီး လာ..ဖေဖေ့ဆီလာ.."

မယ်မင်း ဦးကျော်စွာပေါင်ပေါ် အကျအနတက်ထိုင်ကာ ငယ်ငယ်လေးတုန်းကလိုပင် ပခုံးပေါ်ခေါင်းမှီထားလျက် လက်တွေကရုပ်အင်္ကျီကော်လာကိုဆုပ်ကိုင်ပြီး ထွေးထား၏။ ဒေါ်သီတာ ပုံမှန်ဆိုရင်.. ၊

"သမီး..ဒီအရွယ်ကြီးထိ ဖအေပေါင်ပေါ်တက်ထိုင်နေတုန်းလား၊ လူမြင်မကောင်းဘူး..ဆင်း ဆင်း.."

ဟုပြောမိမှာဖြစ်သော်လည်း မယ်မင်းနေမကောင်း၍ ဘာမှမပြောတော့ဘဲ မယ်မင်းနဖူးကိုလာစမ်းကြည့်၏။

"ဖေကြီး ဒီတစ်ခါသွားရင် မယ်မင်းလိုက်ချင်တယ်.."

ဦးကျော်စွာနှင့်ဒေါ်သီတာတို့ အကြည့်ချင်းဆုံသွား၏။

"ဘယ်လိုက်လို့ဖြစ်မလဲသမီးရဲ့..သမီးက တက္ကသိုလ်တက်ရမယ်လေ.."

"ကျောင်းတက်ဖို့အဝေးကြီးလိုသေးတာကို မယ်မင်းဒီမှာမနေချင်ဘူး..ကိုကို့ကိုပဲ သတိရနေတာ.."

"မလိုက်ပါနဲ့သမီးရယ်..အခုတောင် သမီးကိုကိုကိုလွမ်းနေတာ၊ ဟိုရောက်မှ မပြန်ချင်တော့ဘူးဖြစ်မှာ..ဒီလိုလုပ်ပါလား၊ ဘီချ်ကို သမီးသူငယ်ချင်းတွေနဲ့ ခရီးထွက်လိုက်ပါလား..ချောင်းသာမှာ နေဇရဲ့ဟိုတယ်ရှိတယ် သမီးသူငယ်ချင်းတွေ အကုန်ခေါ်သွားပြီး ပျော်သလောက်နေလေ..ကျောင်းဖွင့်ခါနီးမှ ပြန်လာကြ၊ မကောင်းဘူးလား.."

ဦးကျော်စွာ မယ်မင်းကိုပြောရင်း ဒေါ်သီတာအေးအား လှမ်းမေး၏၊ ဒေါ်သီတာအေး သဘောမကျသည့်တိုင် ချက်ချင်းခေါင်းလေးထောင်ပြီး ဖအေကိုရောသူမကိုပါ အားတက်သရော လှမ်းကြည့်လာသည့် မယ်မင်းကြောင့် တားမယ့်စကားကိုပြောဖို့ ဆွံ့အသွား၏။ မယ်မင်းက ချက်ချင်းအားတက်သွားပြီးမှ တစ်ခုခုကိုတွေးမိသွားပုံဖြင့် ပြန်အားလျော့သွားကာ..၊

"ရတနာက ဘန်ကောက်သွားနေတယ်..ရတနာမပါရင် ပျော်ဖို့ကောင်းမှာမဟုတ်ပါဘူး.."

"ရတနာမပါတော့လည်း ဘာဖြစ်လဲသမီးရဲ့..ကျန်တဲ့သူငယ်ချင်းတွေအကုန်ခေါ်သွားပေါ့၊ သမီးသွားမယ်ဆို ဖေဖေနေဇကိုပြောလိုက်မယ်..သွားမှာလား.."

မယ်မင်း မျက်လုံးလေးထောင့်ကပ်၍ စဉ်းစားနေ၏။

"မယ်မင်းသွားရင် မေမေတစ်ယောက်တည်း ကျန်ခဲ့မှာပေါ့.."

"မေမေက ဘာမှမဖြစ်ဘူး..မေမေ့ကိုစိတ်မပူနဲ့၊ သမီးပျော်ရင်ပြီးရော-တစ်ခုတော့ ရှိတယ်၊ သူငယ်ချင်းတွေ အရမ်းမကဲရဘူး..မေမေ့ဆီ ဖုန်းအမြဲဆက်ရမယ်၊ မေမေပြောတာ နားထောင်ရမယ်၊ ပြီးတော့ ဦးပြောစကားနားထောင်ရမယ်.."

"ဦးပါလိုက်မှာလား.."

"နေဇက ဖိုးကလားကျွန်းမှာရပ်ဆောင်တစ်သစ်ဖွင့်ထားတယ်လေ





သမီးရဲ့"

"ဖိုးကလားကျွန်းက ဘယ်နားမှာလဲ"

"ဖိုးကလားကျွန်းဆိုတာ ချောင်းသာတစ်ဖက်က ကျွန်းလေးသမီးရဲ့ တစ်ကျွန်းလုံးမှာနေဇရပ်ဆောင်တစ်ခုပဲရှိတယ် ၊ ဘယ်သူမှမရှိဘူး တစ်ကျွန်းလုံးသမီးတို့ပဲရှိမှာ.. ဖွင့်ပွဲလုပ်မှာဆိုတော့ သူပါရောက်နေမှာပဲ..တကယ်လို့ သူမပါဘူးဆိုရင်တော့ သမီးမေမေပါလိုက်ရမှာ.."

မေမေလိုက်ရမယ်ဆိုရင် မယ်မင်းမသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်၏၊ မေမေက နာမည်ကြီးဒီဇိုင်နာ။ မေမေ့စက်ရုံက တစ်ကမ္ဘာလုံးကိုဖြန့်နေသော ဒီဇိုင်းတစ်မျိုးထုတ်တိုင်း မေမေ့မှာရှိုးပွဲတွေ စီစဉ်ရ။ ကုန်ပစ္စည်းဖြန့်ဖို့ ဒီဇိုင်းရေးဖို့လုပ်ရနဲ့ အလုပ်အရမ်းကိုရှုပ်သည်။ ဒါတောင် မေမေက အလုပ်ကိုနိုင်နင်းအောင်လုပ်သလို မယ်မင်းကိုလည်း လိုလေသေးမရှိအောင် ဂရုစိုက်နိုင်သည်။ မေမေအလုပ်ရှုပ်တာသိနေတော့ မယ်မင်းကြောင့်တော့ မေမေ့ကိုထပ်ပြီး အလုပ်မရှုပ်စေချင်ပါ..၊

"ဦးမပါဘူးဆိုရင် မယ်မင်းမသွားတော့ပါဘူး..မေမေမှမအားတာ.."

"မေမေကဘာလို့ မအားရမှာလဲ..မေမေ့သမီးထက် အရေးကြီးတာဘာမှမရှိဘူး၊ နေဇရှိနေရင် မလိုက်ဘူးဆိုတာလည်း မေမေမလိုက်ချင်လို့မဟုတ်ဘူး..သမီးကိုသူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ်ပျော်စေချင်လို့၊ မေမေက နောက်ကတတန်းတန်းပါနေရင် သမီးဘယ်လွတ်လပ်မလဲ..လူငယ်ဆိုတာက လွတ်လပ်ချင်တာ ပျော်ချင်ကြတာလေ.."

"မယ်မင်းကအဲ့လိုမဟုတ်ပါဘူး..မယ်မင်းက မေမေပါရင် ပိုတောင်ပျော်သေးတယ်.."

ဦးကျော်စွာ အတိုင်အဖောက်ညီနေသည့် သားအမိနှစ်ယောက်ကို ကြည့်ပြီးပြုံးမိ၏။ ဒေါ်သီတာအေးသည် ငယ်ငယ်ကနှလုံးရောဂါသည်အဖြစ် မိဘများ၏သည်းသည်းလှုပ် စောင့်ကြည့်ဂရုစိုက်ခံပြီး ကြီးပြင်းလာခဲ့သူဖြစ်သည်။ လူငယ်ဘဝ လွတ်လပ်ပျော်ရွှင်မှုများ ဘာမှမခံစားခဲ့ရ။ မယ်မင်းကို သူမလိုမဖြစ်စေချင်ပေ။ ထို့ကြောင့် မယ်မင်းမှာ နှလုံးရောဂါရှိတာကိုတောင် အသိမပေးဘဲထားသည်။ ကိုယ့်ကိုယ်ကို ရောဂါသည်အဖြစ် စိုးရိမ်သိမ်ငယ်မနေစေချင်ဘူးတဲ့.. ။ဘယ်ကိစ္စဖြစ်ဖြစ် မယ်မင်းပျော်အောင်

လွှတ်လွှတ်လပ်လပ်နေစေပြီး နောက်ကွယ်ကပဲ တိတ်တိတ်လေးလိုက်စောင့် ရှောက်ပေးတတ်၏။ ခုလည်း မယ်မင်းတစ်ယောက်တည်းလွှတ်ဖို့ စိတ်မချ ဖြစ်နေပါလျက် အတူလိုက်သွားဖို့ စိတ်မကူး.. ၊

ဘာရယ်မဟုတ်ဘဲ ခရီးထွက်ဖို့ပြောလိုက်တာနှင့် မယ်မင်းမျက်နှာ လေး ကြည်လာသည်။

"ဖေဖေ..မယ်မင်းကို အိပ်ရာထဲပို့ပေး.."

"ဟင်..ဖေဖေ့ကိုပွေ့ချီခိုင်းတာလား.."

"မယ်မင်းလမ်းလျှောက်ရင် ခေါင်းမူးလို့.."

"သမီးရယ်..သူ့ဖိုက်သူမနိုင်တဲ့လူကို.."

"ဘာကွ.."

အစက 'ငါနိုင်မှနိုင်ပါ့မလား'လို့ တွေးပြီး ခေါင်းကြီးသွားခဲ့တာ ဒီမိန်းမပြောလိုက်တော့မှ ဦးကျော်စွာ မခံချင်ဖြစ်သွား၏။ 'သမီးခဏထစမ်း' လို့ ပြောပြီး မယ်မင်းကိုမတ်တပ်ရပ်ခိုင်းကာ အားအပြည့်မာန်အပြည့်ဖြင့် သမီးကို ကောက်ချီပြလိုက်သည်။

"တွေ့လား..တွေ့ပြီလား၊ အသက်ဘယ်လောက်ကြီးကြီး ဗိုက်ဘယ် လောက်ပူပူ ငါ့သမီးကိုချီနိုင်ပါသေးတယ်ကွ..မင်းကိုပဲမနိုင်တာ၊ ဒါတော မင်းတနင့်တပိုးဝလာလို့.."

"အံမယ်..သူလိုဖက်တီးကပဲ ပြောရသေးတယ်.."

မယ်မင်း ရယ်မိ၏။

"ဖေဖေ့ကိုများ အိုနေပြီထင်နေလားမသိဘူး.."

"ပြောလိုက်စမ်းပါသမီးရယ်.."ဆိုသည့် ဦးကျော်စွာ၏အသက်ရှူ က မောဟိုက်သံပါနေသည်။ မယ်မင်း ဖေဖေ့လည်ပင်းကိုဖက်ပြီး နောက်က လှမ်းကြည့်လိုက်လျှင် မေမေမယ်မင်းကို ဖေဖေမောနေကြောင်း အမူအရာ လုပ်ပြ၍ရယ်၏။ မယ်မင်း ဖေဖေမသိအောင်အသံတိတ်လိုက်ရယ်ရင်း စားနေရသည့် ရောဂါတွေ လျော့ကျသွားသလို ခံစားရ၏။

♥





အခန်း(၁၅)

လေတဟူးဟူးတိုက်နေလို့လား..ဒါမှမဟုတ် ဖြူဖွေးသော လှိုင်းလုံး ကြီးတွေ အပြာရောင်ပင်လယ်ပြင်ပေါ် လျှောတိုက်ပြီး သူမတို့ကိုပြေးလာ ကြိုနေကြလို့လားမသိ။ ရန်ကုန်ကနေ ချောင်းသာထိ ငါးနာရီကျော်ကျော် ကြာအောင် ကားစီးလာခဲ့ရသည့် ပင်ပန်းငြီးငွေ့ခြင်းများအားလုံး ဘာမှမရှိ တော့ပေ။ speed boatက လေကိုဆန်ပြီး ပြေးနေသည်။ လှိုင်းကြီးကြီးလာ တိုင်း speed boatဦးမော့တက်သွားပြီး လူတွေလေထဲ မြောက်တက်သွား ကြတာ ဒုန်းခနဲပြန်ကျတော့ ခြေထောက်နဲ့ကြမ်းထိရုံမကဘဲ ဗိုက်ထဲကအူ တွေပြုတ်ကျကုန်ပြီလား ထင်ရသည်။ ဒါကိုပဲ အပျော်ကြီးပျော်နေမိကြကာ တဟေးဟေး တဟားဟား ဝိုင်းအော်နေကြသည့် ယမင်း၊ ရှိုဆာ၊ တွယ်တာ၊ သက်သက်ဇော်နှင့်ခေတ်တို့လို လိုက်တော့မအော်မိပေမယ့် မယ်မင်းပျော် နေမိတာတော့ အမှန်ပင်.. ၊

တကယ်ဆို ချောင်းသာနဲ့ဖိုးကလားကျွန်းက ဘယ်လောက်မှ မဝေး ပါ။ အလွန်ဆုံးသွားရ ငါးမိနစ်ပဲကြာသည်။ စပိဘုတ်မောင်းသည့် ကိုမှန် ကြီးက သဲဖြူကျွန်းဘက်သွားရင် လှိုင်းပိုကြီးကြောင်း ပို၍ခုန်တတ်ကြောင်း ပြောလိုက်တာနဲ့ ရှိုဆာက ဟိုတယ်တန်းမသွားဘဲ သဲဖြူကျွန်းကို အရင်ပတ် မောင်းပေးဖို့ တောင်းဆို၏။ ထို့ကြောင့် ခရီးက ဟိုတယ်ဆီတန်းမသွားဘဲ ခြေဆန့်လျက် လေပြင်းနေသည့် ပင်လယ်ပြင်မှာ speed boatအရှိန်ပြင်း ပြင်းမောင်းခိုင်းပြီး တစ်ဖွဲ့လုံးပင်ပန်းသမျှပျောက်ကာ မိုးမမြင်လေမမြင် ပျော်နေကြ၏။

သဲဖြူကျွန်းကို တစ်ပတ်ပတ်ပြီးမှ ဖိုးကလားကျွန်း ခေါ် အောင်မင်္ဂ

လာကျွန်းကို ပြန်မောင်းလာသည်။ speed boat အရှိန်လျော့သွားသည်နှင့် Coral View Resort ဟုအပြာရောင်စာတမ်းဖြင့် ရေးထားသည့် ဆိုင်းဘုတ်အား လှမ်းမြင်ရသည်။

"ဟဲ့..ဘယ်မှာလဲဟိုတယ်က.."

ဆိုင်းဘုတ်နှင့်လှေခါးတွေကို အဝေးကပင်လှမ်းမြင်ရသော်လည်း ဘန်ဂလိုအမိုး ဟိုတပြောက်ဒီတပြောက်မှလွဲ၍ ဘာမှမမြင်ရ၍ ခေတ်ကနွဲ့မွဲမွဲနှင့်မေး၏။ မယ်မင်းအပါအဝင် သူတို့တစ်ဖွဲ့လုံး ချောင်းသာကိုဘယ်သူမှ မရောက်ဘူးကြပေ။ Beachကိုခရီးထွက်တိုင်း ငပလီနဲ့ငွေဆောင်ကိုသွားနေကျဖြစ်ပြီး ချောင်းသာကိုတော့ လူများလို့ ရှုပ်လို့စသောအကြောင်းပြချက်များဖြင့် မသွားဖြစ်ကြပေ။ ခုလည်း ကျွန်းပေါ်မှာနေရမည်။ ဟိုတယ်ကလည်း ဖွင့်စမို့ လူသိပ်မရှိဘူး..တစ်ကျွန်းလုံး ကိုယ့်အဖွဲ့ချည်းပဲဖြစ်နေလိမ့်မည်ဟူ၍သာ အားတက်သရောထွက်လာခဲ့ကြခြင်းဖြစ်သည်။ ခုကျတော့ ဟိုတယ်ဆိုင်းဘုတ်တပ်ထားသော တောင်ခါးပန်းအပေါ်မှာ သစ်ပင်တွေပဲ လှမ်းမြင်နေရသည်မို့ တိုင်ပင်စရာမလိုဘဲ အလိုလိုစိတ်ပျက်သွားကြ၏။

"သမီးက မယ်မင်းကျော်စွာလား.."

ဟိုတယ်ရှေ့မှာ ရေစပ်ထိဆင်း၍ တန်းစီစောင့်ကြိုနေကြသော သပ်ရပ်သန့်ရှင်းသော အစိမ်းရောင်ယူနီဖောင်းများ ဝတ်ထားသည့် ဟိုတယ်ဝန်ထမ်းများကြားမှ ယူနီဖောင်းဝတ်မထားဘဲ သပ်သပ်ရပ်ရပ်ဝတ်စားထားသော အသက်ငါးဆယ်ဝန်းကျင်ခန့်လူကြီးတစ်ယောက်က အားလုံးထဲမှ မယ်မင်းကိုဦးတည်ပြီး လာနှုတ်ဆက်၏။ speed boatပေါ်ကဆင်း၍ ရေစပ်စပ်ကမ်းစပ်ကို ဖြတ်လျှောက်လာကြသော ယမင်း၊ ခေတ်၊ တွယ်တာ သက်သက်ဇော်နှင့် ရှီဆာတို့အားလုံး၏အာရုံက ထိုလူကြီးဆီ စုံပြုရောက်လာကြသည်။

"အန်ကယ်က ဟိုတယ်မန်နေဂျာဦးမိုးထက်ပါ..မီးမီးလေးတို့အတွက် အကောင်းဆုံးအခန်းတွေ ပြင်ဆင်ပေးထားပါတယ်.."

မယ်မင်းတို့အားလုံးကိုဝေ့ကြည့်ပြီး မီးမီးလေးဟုခေါ်သော ဦးမိုးထက်ဆိုသည့်လူကြီးမှာ အသားညိုညိုမျက်နှာမှာ ကျောထဲပေါက်မာတချို့ရှိနေသော်လည်း မျက်နှာချိုပြီး သဘောကောင်းမယ့်ပုံပေါ်သည်။ ကိုကိုပြော





အား၍ အန်ကယ်ဦးမိုးထက်သည် အလုပ်ကိုအလွန်စေ့စပ်သေချာစွာလုပ်တတ်ပြီး လက်အောက်ငယ်သားတွေကို သားသမီး ညီရင်း ညီမရင်းတွေလိုချွန်သင်ထိန်းကျောင်းတတ်သူဖြစ်ကာ ဟိုတယ်စီမံခန့်ခွဲမှုပိုင်းမှာလည်း အချွန်တော်ကြောင်း သိထားပြီးသားမို့ လူချင်းခုမှဆုံဖူးသည့်တိုင် မယ်မင်းစိတ်ထဲမှာ ရင်းနှီးနေသည့်အတိုင်း ညီညာသည့်သွားတန်းလေးတွေပေါ်သည်အထိ ပြုံးပြမိ၏။ ခုနကတည်းက 'ဟိုတယ်ကဘယ်မှာလဲ'ဟု တောင်ပေါ်ကို မျှော်ကြည့်စိတ်ပျက်နေသည့် ရှီဆာနှင့်ယမင်းတို့အားလုံးကတော့ မယ်မင်းလို ပြုံးပြဖို့ သတိမရ.. ၊

"အကောင်းဆုံးအခန်းက ဘယ်လိုအခန်းလဲအန်ကယ်..ကြည့်ရတာတော့ သစ်ပင်တွေချည်းပဲ၊ တောထဲမှာ ဘန်ဂလိုဆောက်ထားတာလားဟင်."

"အခန်းတွေအားလုံး ဆီးဗျူးချည်းပါပဲသမီး..ပင်လယ်ကို ရှင်းရှင်းလင်းလင်း မြင်ရတဲ့အခန်းရှိသလို သစ်ပင်ကွယ်နေတဲ့ အခန်းတွေလည်းရှိပါတယ်၊ သစ်ပင်တွေရှိတဲ့ဘန်ဂလိုကျတော့ နေ့ခင်းရော မနက်ရောအေးအေးပေါ့..သစ်ပင်မကွယ်တဲ့ အခန်းကျတော့ ပင်လယ်မြင်ကွင်းရှင်းပေမယ့်နေနဲ့မျက်နှာချင်းဆိုင်မိတဲ့အချိန်ဆို အခန်းအပြင်မှာ နေပူနိုင်ပါတယ် သမီးတို့ဘယ်အခန်းမှာများ တည်းချင်ပါသလဲ.."

"အင်ဖန်နတီပူးလ်ရှိတယ်ဆို.."

"ရေကူးကန်က ဘယ်လိုထားတာလဲ၊ အခန်းတွေနောက်မှာလား.."

"ဟိုဘက် အစွန်းမှာ ရေကူးကန်ရှိပါတယ်..အခန်းတွေရှေ့မှာတော့ ပင်လယ်ပဲရှိတယ်ကွယ့်၊ ရေကူးကန်ဆီ သက်သက်သွားရမှာပါ.."

"အဲ့ဒါဆို ရေကူးကန်နားမှာပဲ ယူလိုက်ရင်ကောင်းတယ်ထင်တယ်..နော် မယ်မင်း.."

ယမင်းတစ်ယောက်သာ မယ်မင်းကိုလှမ်းမေးဖို့ သတိရသော်လည်း မယ်မင်းခေါင်းညိတ်ခေါင်းခါမလုပ်ရသေးခင်မှာပဲ အချင်းချင်းဆုံးဖြတ်ချက်တွေချနေပြီဖြစ်သည်။

"ဟုတ်တယ်..မဟုတ်ရင် သူများအခန်းရှေ့က ဖြတ်သွားပြီး သက်သက်သွားကူးနေရမယ်.."

"ရေကူးကန်နားက အခန်းတွေကရော ဆီးဗျူးရှင်းလား.."

"ရေကူးကန်နားက အခန်းတွေမှာတော့ သစ်ပင်တချို့ရှိနေပါတယ်.."

ဦးမိုးထက် အပေါ်တက်လိုက်ကြည့်လို့ရပါလျက် ကမ်းစပ်မှာပင် တစ်ယောက်တစ်ပေါက် ပြောနေကြသည့် ရှိဆာတို့မေးသမျှဖြေနေရင်း ခ ချိန်ထိ ဘာမှမမေးဘဲ အသံတိတ်နေသည့် မယ်မင်းအား အကဲခတ်ကြည့် ၏။ အဖြူရောင်ဘောင်းဘီရှည်ပွပွ ရိုးစင်းသည့်အကျႌလက်ရှည်ပွပွလေးနှ ဆံပင်ရှည်တွေ ဒီအတိုင်းဖားလျားချထားလျက် အထူးတလည်ပြင်ဆင်ထား ခြင်းမရှိဘဲ ယမင်းရုပ်လေးလို လှနေသည့်ကောင်မလေး။ speed bo ကမ်းကို စဆိုက်ကတည်းက ဟိုတယ်ဝန်ထမ်းမိန်းကလေးတွေ မယ်မင်း ပင်တွေလှတာ ချစ်စရာကောင်းတာ တစ်ဖွဲ့လုံးမှာ အလှဆုံးဆိုတာကအ တီးတိုးပြောနေကြ၏။

မယ်မင်းကလည်း မမြင်ဘူးသည့်နေရာစိမ်းကို စူးစမ်းရင်း လို ကြည့်နေပြီး မြင်မြင်သမျှ မျက်လုံးချင်းဆုံမိတဲ့လူတိုင်းကို ပါးမို့လေး မို့တက်လာသည်အထိ ပြုံးပြတတ်၏။ သူ့ကိုကြည့်တဲ့အကြည့်ကလည ရင်းရင်းနှီးနှီးရှိလှပြီး နှစ်ရှည်လများ သိကျွမ်းရင်းနှီးပြီးသားလူတွေလို။ သ အပါအဝင် မယ်မင်းကိုမြင်တဲ့လူတိုင်း ငေးကြည့်မိကြသည်။ မကြာမကြ အခွင့်အရေးရတိုင်း လှည့်ကြည့်မိကြသည်။ မရိုးသားတဲ့စိတ်နဲ့မဟုတ် ကော်ပတ်ရုပ်လေးလို ဒဏ္ဍာရီထဲက မင်းသမီးလေးလို ထူးခြားစွာခေါင်း စခြေအဆုံး ရှုမငြီးအောင် လှနေသောကြောင့်ဖြစ်သည်။ အထူးခြားဆုံး ပျော့ပြောင်းနက်မှောင်နေသည့် ဆံပင်ရှည်များပင်ဖြစ်သည်။ သိမ်မွေ့လှ သည့် မယ်မင်းမျက်နှာလေးကို ပိုပြီးကဗျာဆန်စေသည်။

ကြည့်ပြီးရင် နောက်တစ်ကြိမ် ထပ်ငေးကြည့်ချင်သည်။ မြင်နေရ အလိုလိုရင်အေးပြီး စိတ်ချမ်းသာသည်။ ဦးမိုးထက် သူ့အမိကဂရုစိုက် ရမည့်သူက မယ်မင်းဖြစ်သော်လည်း မယ်မင်းဆီမှ တစ်ခုခုတောင်းဆို မျိုး ကြားရမလား..ဖြစ်ချင်တာ တစ်ခုခုပြောလာမလား စောင့်နေမိပေမ မယ်မင်းက ဘာမှမပြော.. ।

"အခန်းက အဲ့ရီကွန်းတော့ ရှိပါတယ်နော်.."

မယ်မင်းဆီမှ တစ်ခုခုမေးသံကိုစောင့်နေတုန်း တကယ်တမ်းမေး သူက ခေတ်ဖြစ်သည်။





"အဲ့ရီကွန်းတော့ ရှိပါတယ်..ဒါပေမယ့် ချောင်းသာမှာက လျှပ်စီးမ ဘူး၊ မီးကအချိန်ပိုင်းနဲ့ပဲရပါတယ်..ညနေခြောက်နာရီကနေ မနက်ခြောက် နာရီအထိ မီးရတယ်၊ မနက်ခြောက်နာရီကနေ နေ့လည်တစ်နာရီထိ မီးဖြတ် ထားပြီး နေ့လည်တစ်နာရီကနေ သုံးနာရီထိ မီးပြန်ရပါတယ်..သုံးနာရီက နေ ညနေခြောက်နာရီထိ မီးဖြတ်ထားပါတယ်.."

အားလုံးမျက်နှာတွေ ရှုံ့မဲ့သွားကြ၏။ ဦးမိုးထက် မီးအချိန်ပြည့်မရ ခြင်းမှာ ချောင်းသာ၏ထုံးစံပင်ဖြစ်သော်လည်း မယ်မင်းလည်းစိတ်ပျက်သွား မလဲဆိုသည့်အတွေးဖြင့် မယ်မင်းကိုနောက်တစ်ကြိမ် အကဲခတ်ကြည့်မိပြန် သည်။ မယ်မင်းသည် သူထင်သလို စိတ်ပျက်သည့်ပုံမရှိဘဲ စိတ်ပျက်ရှုံ့မဲ့ နေကြသည့် သူ့မသူငယ်ချင်းတွေကို 'ဒါစိတ်ပျက်စရာကိစ္စလား'ဟု သိချင် စိတ်၊ စူးစမ်းပုံလေးဖြင့် လိုက်ကြည့်နေသည်။

မယ်မင်းသည် ငယ်ငယ်ကတည်းက သူမဘယ်သွားသွား ဘာလုပ် လုပ် ဒေါ်သီတာအေး ဦးကျော်စွာတို့၏ လိုလေသေးမရှိ ပြည့်စုံအောင်ဖန်တီး ပေးမှုများကြောင့် အမြဲတမ်းပြည့်စုံနေကျဖြစ်လေရာ သူမမှာလိုအပ်ချက်ဆို တာ မရှိ။ ဖြစ်ချင်တဲ့ဆန္ဒရယ်လို့လည်း မတွေးတတ်။ သူမသည် ဘယ်ကိစ္စ မဆို အစစအရာရာ သူမစိတ်တိုင်းကျအားလုံး ပြည့်စုံပြီးသားဖြစ်နေလိမ့် မည်ဟု ယုံကြည်နေတတ်သူဖြစ်သည်။

"စိတ်ပျက်စရာကြီး..မြန်မာတစ်နိုင်ငံလုံး မီးရတယ်၊ ဘာလို့ချောင်း သာကျမှ လျှပ်စစ်မီးမရတာလဲ..ဒီကလူတွေက မီးရဖို့ မကြိုးစားကြဘူးလား"

"အေးလေ..နေ့ဘက်ကြီး တကယ်ပူတဲ့အိုက်တဲ့အချိန် အခန်းထဲပြန် နားတဲ့အချိန်ကျမှ မီးမရတော့ သေပြီပေါ့..ဝဋ်ပဲကွာ.."

"ကဲပါရှင်တို့ရယ်..မယ်မင်းကိုလည်း အားနာကြပါဦး၊ အလကား လည်း လာတည်းသေးတယ်..ဂျီးများနေလိုက်ကြတာ.."

သက်သက်ဇော်က ခုနကမေးမြန်းဂျီးထူနေကြသမျှ ဘာမှဝင်မပြော ဘဲ ခုမှဝင်တား၏။

"အံမယ်..အလကားပေမယ့် ငါတို့ကမယ်မင်း တကူးတကခေါ်လို့ လိုက်လာရတာလေ၊ မယ်မင်းက သိပ်မကြာခင် ဒီဟိုတယ်ရဲ့ပိုင်ရှင်အရှင် သခင်ဖြစ်လာမှာ..ငါတို့ကလည်း အထူးဧည့်သည်၊ မဟုတ်ဘူးလားအန်

ကယ်.."

"ဟုတ်ပါတယ်ကွယ်..သမီးလေးနဲ့သူငယ်ချင်းတွေအားလုံးကို သေချာဂရုစိုက်ပေးဖို့ သူ့ဒွေးကမှာထားပါတယ်၊ စိတ်တိုင်းကျဖြစ်ချင်တာကို ပြောပါ..အဆင်မပြေတာရှိလည်း အန်ကယ့်ကိုပြောပါ၊ အခု အပေါ်တက်ကြမလား.."

အားလုံး စိတ်ပျက်လက်ပျက်ခေါင်းညိတ်ကာ လှေခါးနှစ်ဆစ်သုံးဆစ်ချိုးလေးကို ညည်းညည်းညူညူတက်ကြသည်။

"အခန်းထဲတန်းသွားမလား..အဆာပြေတစ်ခုခု စားကြဦးမလားသမီးတို့.."

ဘယ်သူမှ စားချင်သောက်ချင်စိတ်မရှိကြ။ ကားအကြာကြီးစီးလာခဲ့သည်မို့ အားလုံးနားချင်နေကြပြီမို့ မယ်မင်းကအားလုံးကိုယ်စား 'အရင်နားမယ်'လို့ ဆုံးဖြတ်လိုက်ပြီး ကိုယ်တည်းရမယ့် ဘန်ဂလိုဆီတန်းထွက်လာမိသည်။ တကယ်တမ်း ဘန်ဂလိုတွေဆီရောက်တော့ အားလုံးမဆိုးပါဘူးဟု ကိုယ်စီသတ်မှတ်မိကြ၏။ ဘန်ဂလိုတွေက အုတ်နဲ့ဆောက်ထားခြင်းမဟုတ်ဘဲ ကျွန်းသားနဲ့ထရံကာလျက် သစ်လုံးအိမ်ပုံစံလေးဆောက်ထားသည်။ ပင်လယ်ဘက်နံရံမှာကျတော့ မှန်တွေအပြည့်ကာထားကာ တပြင့်တပြောပင်လယ်ပြင်ကြီးဆီ အိပ်ရင်းလှမ်းကြည့်နိုင်အောင် လုပ်ပေးထားသည်။ မှန်ချပ်ကြီးဘေးမှာ တံခါးတစ်ချပ်ထားပေးထားပြီး ထိုတံခါးဖွင့်ထားလိုက်သည်နှင့် တဟူးဟူးတိုးဝင်လာသောလေသည် ပင်လယ်နံ့သင်းသင်းဖြင့် လူကိုလန်းဆန်းအေးမြစေလျက် အခန်းထဲထိုင်နေရတာနဲ့မတူဘဲ ကမ်းစပ်ရဲ့သဲသောင်ပြင်မှာ လှဲအိပ်နေရသလို ခံစားရသည်။

မယ်မင်းက မဆိုးပါဘူးဟု ဟိုဒီလိုက်ကြည့်နေစဉ် မယ်မင်းနှင့်အတူအိပ်မည့် ခေတ်တစ်ယောက် အစကရှုံ့မဲ့ညည်းညူနေရာမှ သဘောအကျကြီးကျ၊ အကျေနပ်ကြီး ကျေနပ်သွားလေသည်။

ဦးမိုးထက် အခန်းဆီကိုယ်တိုင်လိုက်ပို့ပေးရင်း မယ်မင်းမျက်နှာလေးပြုံးနေ၍ ကျေနပ်သွားကာ.. ၊

"ဘာများလိုအပ်သေးလဲသမီးတို့..အန်ကယ်ဘာစီစဉ်ပေးရဦးမလဲ.."

"လောလောဆယ်တော့ မလိုဘူး..အိပ်တော့မယ်၊ အိပ်ရာကနိုးတာ





နဲ့ ထဲဖို့စဉ်းစားမယ်..ဟုတ်တယ်နော်မယ်မင်း.."

"အင်း..ဘာမှမလိုပါဘူး၊ အန်ကယ်မိုး..ဦးရောဟင်၊ ဦးမရောက်သေးဘူးလား.."

"ဆရာရောက်နေပြီသမီး..သူလည်း ခုနကမှရောက်တော့ နားနေတာဖြစ်ပါလိမ့်မယ်၊ သမီးတို့ကို သူသက်သက်လာတွေ့ပါလိမ့်မယ်..သမီးလိုချင်တာရှိရင် အန်ကယ့်ကိုပြောပါ၊ နားလိုက်ပါဦးခင်ဗျာ.."

ဦးမိုးထက် မယ်မင်းကို တရိုတသေကြီးဦးညွတ်ထွက်သွားလျှင် မယ်မင်းမနေတတ်ဖြစ်မိသည်။ သို့သော် ဘာမှပြောမနေတော့ဘဲ ဦးမိုးထက်ထွက်သွားသည်နှင့် ကိုကို့ဆီဖုန်းခေါ်မိ၏။ ကိုကိုက.. ၊

"ဖေဖေရောက်မလာလည်း မယ်မင်းဘာမှမပူနဲ့သိလား..မယ်မင်းတို့အတွက် လုံခြုံရေးရော ပျော်ဖို့ပါးဖို့ရော အားလုံးစီစဉ်ထားပြီးသား.."တဲ့..၊

ပြီးတော့ မှာသေးသည်။

"ကိုကိုမရှိဘဲ သိပ်မပျော်နဲ့.."တဲ့.. ၊

ဘာပဲဖြစ်ဖြစ် ခရီးထွက်လိုက်တော့ စိတ်သစ်လူသစ်ဖြစ်သွားတာတော့ အမှန်ပင်။ ခုတောင် ခေါင်းထဲမှာ ကနူးလှေလှော်ဖို့၊ snorkeling ဆင်းဖို့၊ ငှက်ကျွန်း၊ သဲဖြူကျွန်း၊ ဂေါ်ရန်ဂျီကျွန်းထိ boat tripနဲ့လည်သွားဖို့ စိတ်ကူးတွေ တောင်ပုံရာပုံ.. ၊

♥

## အခန်း(၁၆)

"အယ်..ဟိုမှာ ဦး.."

မယ်မင်း ဦးကိုလှမ်းပြလိုက်သည်နှင့် ရှိဆာတို့ခေတ်တို့အားလုံး စပ်အဟောင်းသား အံ့ဩမှင်သက်လျက်.. ၊

"အဲ့ဒါ ဦးလား.."

ဆိုသည့် အာမေဋိတ်သံသည် ခေတ်တစ်ယောက်ဆီမှထွက်လာ ဘာသံမှမထွက်နိုင်သည့် ရှိဆာတို့အကြည့်များက ညှို့ငင်သောဆွဲငင်ခြင်း ဖြင့်။ မယ်မင်းအသံတွေ တိတ်ကျသွားသည့် ကိုယ့်သူငယ်ချင်းတွေကို ကြည့်ပြီး ဦးကိုပြန်ကြည့်မိသည်။ ဦးသည် အတွင်းက ပိုလိုရှပ်နှင့်အပေါ် ကုတ်အင်္ကျီရင်ခွဲလျက် ထပ်ဝတ်ထားသည်။ ဆံပင်တိုတို စိမ်းမြသော သိုင်းမွေး နှုတ်ခမ်းမွေးရာတို့ဖြင့် ယောကျ်ားပီသချောမောသော မျက်နှာ တည်ကြည်နေလျက် ဗိုက်သားရှပ်ရှပ် ရင်အုံကျယ်ကျယ်နှင့် ခန္ဓာကိုယ် လူငယ်တွေလို မော်ဒယ်လ်တွေလို ကြည့်ကောင်း၏။

ဘေးကလူတွေကို ငုံ့ကြည့်စကားပြောတဲ့အခါတိုင်း အကြီးအ တစ်ယောက်၏ အထက်စီးဆန်ဆန်အကြည့်နှင့် အချိုးအစားကျသည့်မျက် ကျပုံ ဆွဲဆောင်မှုရှိသောမျက်လုံးတို့က လိုက်ဖက်ညီလှသည်။ ဦးမိုးထက် ဟိုတယ်ဝန်ထမ်းတို့ ခြံရံလျက် လမ်းလျှောက်လာပုံက ရှင်ဘုရင်တစ်ပါး ခန်းလှည့်လည်လာတာကိုမြင်ရသလို ခန့်ညားခြင်းအပြည့် အရှိန်အဝါအပြ ဖြင့်ဖြစ်သည်။

"အဲ့ဒါ ကိုနေကိုရဲ့အဖေ..ဟုတ်လားမယ်မင်း.."

"မယ်မင်း...နင့်ကိုကို ဦးကိုမီဖို့ ဆယ်နှစ်..ဆယ်နှစ် ကြိုးစားမမီဘူး





"ရှပ်ချင်းဆင်ပြီး ဦးကပိုချောတယ်..ပိုစမတ်ကျတယ်နော်.."

ဦးမရှိတော့မှ အသံတွေအပြိုင်အဆိုင် ထွက်လာကြ၏။ ဒီနေ့ ဂေါ ကျွန်းကို boat tripလေးဆွဲပြီး သွားလည်ဖို့ပြင်ထားသည်မို့ speed boat စောင့်နေတုန်း ဦးကိုအမှတ်မထင်တွေ့လိုက်ခြင်းပါ။ အလုပ်ရှုပ်နေတာ သာနေသော်ကြောင့် မယ်မင်းကလည်း လှမ်းမခေါ်။ ဦးကလည်း မယ် မင်းတို့ကို သတိထားမိပုံမပေါ်ပေ။ သူငယ်ချင်းတွေကို လှမ်းပြချင်လို့ ပြ လိုက်တာလည်း မဟုတ်။ တွေ့လိုက်လို့ ပြောလိုက်မိတာ.. ၊

နောက်ဆုံးမိုးမွှန် ကျန်ခဲ့သည်က ဦးကိုချီးမွမ်းသည့် စကားများနှင့် ကိုကိုကဦးခြေဖျားတောင် မမီပါဘူးဆိုသည့် ကဲ့ရဲ့စကားများ.. ၊

အားလုံးထဲမှာ အဆိုးဆုံးက ရှိဆာ။ ဦးကိုဒီခရီးကမပြန်ခင် မိတ် ဆက်ပေးဖို့ ဦးအကြိုက်တွေပြောပြဖို့ စသဖြင့် မယ်မင်းကိုစုံနေအောင် နား ပူတော့၏။ မယ်မင်းကလည်း သူတို့ဘယ်လိုမေးမေး ဘာမှမပြောဘဲ နေပစ် လိုက်သည်။ မယ်မင်းဆီက ဘာမှအစ်အောက်မေးမရတော့ ဦးနဲ့မိတ်ဆက် ပေးဖို့ ဝိုင်းပူဆာကြပြန်သည်။

"ငါတို့ရောက်နေတာ ဘယ်နှစ်ရက်ရှိနေပြီလဲ..အလုပ်သမားတွေနဲ့ ဘာလိုလဲပဲ လာလာမေးနေတယ်၊ အနည်းဆုံးတော့ မယ်မင်းကိုကိုယ်တိုင် အနှုတ်ဆက်တာမျိုး သမီးဘာလိုသေးလဲ လာမေးတာမျိုးလောက်တော့ လုပ်သင့်တာပေါ့..မဟုတ်ဘူးလား.."

"အေးလေ.."

သူတို့ဘာသာမေး သူတို့ဘာသာပဲ အတိုင်အဖောက်ညီနေပြန်၏။ မယ်မင်းကတော့ ဦးကငါ့ကိုတောင် လာမတွေ့ဘူးဘာညာ မတွေးမိပါ။ မေ မေဆီဖုန်းဆက်တိုင်း 'သမီးတို့ ဒီနေ့ဘာလုပ်ကြတယ်ဆို' 'ဘယ်သွားလည် ကြသေးတယ်ဆို' စသဖြင့် မယ်မင်းလည်သမျှ ပတ်သမျှ မယ်မင်းမပြောရ သေးခင်ကတည်းက သိနေတတ်ပြီး မယ်မင်းထမင်းစားနည်းတာကအစ ဘယ်သွားတုန်းကပျော်နေပြီး ဘယ်သွားတုန်းက သိပ်မပျော်တာကအဆုံး အမေသိနေသောကြောင့် ဦးက မယ်မင်းတို့ကို ပစ်ထားတာမဟုတ်မှန်း အ သိုင်လိုသိနေသည်။

ကိုကိုနဲ့ဖုန်းဆက်တိုင်းလည်း 'ဖေဖေပြောတယ်..မယ်မင်းတော်တော်

ပျော်နေတယ်ဆို' စသဖြင့် စကားနာထိုးတတ်တာလည်းရှိသည်မို့ ဦးနဲ့မယ်မင်းစကားမပြောဖြစ်ပေမယ့် မယ်မင်းကို ဂရုမစိုက်တာမဟုတ်မှန်းသိနေသည်။ ဒါတွေ မယ်မင်းပြန်ပြောလည်း ဒေါ်ရွှေရွှေတွေက လက်မခံပါ။ ဦးနဲ့မိတ်ဆက်ပေးဖို့သာ တတွတ်တွတ်။ သူတို့ကြောင့် မယ်မင်းစိတ်ညစ်နေတုန်းနေ့လယ်စာစားနေတဲ့အချိန် ရုတ်တရက်ကြီးမယ်မင်းအနားရောက်ချလာသူက တခြားသူမဟုတ်။ ဦးပဲဖြစ်သည်။

"မယ်မင်း..ဘယ်လိုလဲပျော်ရဲ့လား၊ ကျော်စွာက သူ့သမီးကိုပျော်အောင်ထားပေးဖို့ ဦးကိုသေချာမှာထားတာ.."

"ဟုတ်..မယ်မင်းပျော်ပါတယ်.."

မယ်မင်း ဦးကိုပြန်ဖြေရင်း ရှိဆာနှင့်သူတို့အားလုံးကို ဝေ့ကြည့်မိသည်။ ဦးနဲ့တွေ့ရင် မိတ်ဆက်ပေးဖို့ စကားပြောဖို့ စီမံချက်ချထားကြသူများအားလုံး ဦးကိုငေးရင်း ဘာမှဝင်မပြောဘဲ ကြောင်နေကြသည်။ ဦးကလည်းအားလုံးကို တာဝန်ကျေတစ်ချက်ပဲပြုံး၍ ခေါင်းညိတ်ပြကာ မယ်မင်းကိုဦးတည် စကားပြောသည်။

"သမီးတို့ရောက်မှပဲ နောက်နှစ်ရက်သုံးရက်နေရင် မုန်တိုင်းဝင်မယ်လို့ ပြောတယ်..ဒါပေမယ့် မစိုးရိမ်ပါနဲ့၊ သမီးတို့အတွက်ရော တခြားဧည့်သည်တွေပါ မုန်တိုင်းကလွတ်အောင် ပြန်ချင်တဲ့အချိန် ထပြန်လို့ရအောင် ဟိုတယ်က စပိဘုတ်ဒ်နှစ်စင်းအပြင် ထပ်ငှားထားပေးတယ်..ကားတွေရော ဒရိုင်ဘာတွေပါ အဆင်သင့်လုပ်ထားတယ်၊ သမီးတို့ကြောက်လို့ပြန်ချင်တယ်ဆို ဦးကိုပြော.."

"ဟုတ်..ဦး.."

အားလုံးကိုတော့ ဝေ့ကြည့်ပြောသွားပါသည်။ ရှိဆာ၊ တွယ်တာတို့အမြန်အဆန် အမိအရခေါင်းညိတ်ပြလိုက်ပေမယ့် စကားပြောခွင့်မရလိုက်၊ ဦးက မယ်မင်းခေါင်းလေးကို တစ်ချက်လှမ်းပုတ် ပြုံးပြပြီး ပြန်ထွက်သွားသောအခါ အားလုံးဦးကိုငေးရင်း တဒင်္ဂတိတ်ဆိတ်သွားလေသည်။ ဒီတစ်ခါ ကိုယ့်ခေါင်းကို ပြန်ကိုင်ရင်း ဦးကိုလိုက်ငေးမိတဲ့လူတွေထဲမှာ မယ်မင်းလည်းပါသွား၏။

ဒီလိုရင်းနှီးတဲ့အပြုံးမျိုး အမူအရာမျိုး ဦးဆီက မယ်မင်းဘယ်တုန်းက





...ဘူးလို့လဲ..အံ့သြတာပေါ့.. ၊

♥

အခန်း(၁၇)

ဖုန်းဆက်တိုင်း 'မယ်မင်းပျော်ရဲ့လား'ဟု မေးသည်။ ပျော်နေတယ်လို့ပြန်ဖြေရင်လည်း သားအသံက အင်တင်တင် မတင်မကျ။ 'မပျော်ဘူး..ညည်းနည်းမှိုင်နေတယ်'လို့ ပြောမိရင်လည်း ပျာပျာသလဲနှင့် ချက်ချင်းပဲဒီကိုထပြေးလာတော့မလို။ အုံ့မှိုင်းမှိုင်းဖြစ်နေသည့်ကောင်းကင်ကို မော့ကြည့်ရင်း သူ့စိတ်က သားဆီရောက်လိုက် ဟိုတယ်မှာဧည့်သည်ကုန်သလောက်ရှိနေသည်တိုင် မပြန်ချင်ကြသေးသည့် မယ်မင်းတို့အဖွဲ့ဆီရောက်လိုက်ဖြစ်နေသည်။ ကောင်းကင်သည် ချက်ချင်းပဲမိုးပြင်းထန်စွာ ရွာချတော့မလို ညိုမည်းနေသည်။ အပြာရောင်ပင်လယ်ရေပြင်သည်လည်း ပြာညိုညိုဖြစ်လျက် ခဲရောင်ကောင်းကင်နှင့် အစွန်းချင်းဆက်နေကြသည်။

တစ်ယောက်တည်း ပျင်းပျင်းရှိသည်မို့ 'ရေသွားကူးရင်ကောင်းမလား'လို့တွေးနေတုန်း အခြောက်တိုက်ထခြိမ်းလိုက်သော မိုးခြိမ်းသံကြောင့် သူ့စိတ်ကူးက ပို၍သေချာသွား၏။ လက်ထဲကကော်ဖီခွက်ကိုချပြီး သူ့အခန်းထဲဝင်ကာ ရေကူးဖို့ပြင်ဆင်လိုက်သည်။ သေချာပေါက် ခဏနေမိုးရွာတော့မည်၊ ဒီလိုအချိန်မျိုးဆို ရေကူးကန်ကို လူမလာတတ်။ သူကတော့ ရေကူးရတာကိုကြိုက်သလို ရေကူးရင်းမိုးစက်များနှင့် ထိတွေ့ရတာကို ပိုကြိုက်သည်။ ကလေးတွေလို ဟေးခနဲအော်ပြီး မိုးရေထဲပြေးမထွက်သာပေမယ့် မိုးရွာတဲ့ဟာလာဟင်းလင်းမှာ စိတ်ရှိတိုင်း အကြာကြီးမတ်တပ်ရပ်နေချင်

သည်။ အေးတယ်လို့မခံစားရသလို ထိုင်နေချင်သည်။ ရေကူးကန်ဘေး locker roomရှိသော်လည်း သူ့ဘန်ဂလိုသည် ရေကူးကန်နှင့် အနီးဆုံး ပြီး ကြားကအခန်းတွေမှာလည်း လူမရှိမှန်းသိနေသည်မို့ ရေကူးရန်ဘော ဘီတိုတစ်ခါတည်းဝတ်ကာ အပေါ်ရုံအရှည်ကို ခါးစည်းပြီးဝတ်လိုက်သည် ရေကူးဖို့ပြင်ဆင်ပြီး အပြင်ထွက်လာတော့ မိုးရေစက်အမှုန်အမွှားလေးမှ သယ်ဆောင်လာသည့်လေသည် မနုမကြမ်းနှင့် ခပ်သွဲ့သွဲ့တိုက်ခတ်၍ ကြို၏။

ထင်သည့်အတိုင်းပင် လှမ်းမြင်နေရသော ရေကူးကန်မှာ လူမ သူသည် တစ်ဖက်မှာ ဘန်ဂလိုများတစ်ဖက်မှာသစ်ပင်တို့ရှိနေသည့် လယ်ပြင်အထက် တောင်ကုန်းအစွန်းလေးမှာရှိနေသည့် စကြံန်လမ်းအ အတိုင်း လျှောက်လာရင်း ရေကူးကန်ဘေးက ထီးအမိုးလေးအောက်မှာ ပေါ်လွှာကိုချွတ်နေစဉ် ဗွမ်းခနဲရေထဲက တစ်စုံတစ်ရာထွက်လာသည့်အ ကြောင့် နောက်လှည့်ကြည့်မိ၏။

"ဦး..."

မယ်မင်း.. ၊

အနီရဲရဲ swim suitအဖြင့် ဆံပင်တွေကို ခေါင်းစွပ်အုပ်မထား ဒီအတိုင်းဖားလျားဖြန့်ချထားလေရာ ရေထဲမှာဆံပင်တွေ ဝေ့ဝဲနေသည်။ မှန်းနေတာလား..မော်နေတာလားမသိ။ အသံက မောဟိုက်သံစွပ်လျက်

"မယ်မင်း..."

သူ ဘေးဘီမှာ သူမသူငယ်ချင်းတွေများ ရှိမလား ဝေ့ဝဲကြည့်မိ

"မယ်မင်းတစ်ယောက်တည်းရယ်..ချမ်းလို့မလိုက်ချင်ဘူးတဲ့.."

မယ်မင်းက သူမသူငယ်ချင်းတွေကို မကျေနပ်သံဖြင့် နှာခေါင်းလေ ရှုံ့လျက်ပြော၏။ ပြီးတော့ သူ့ကိုခြေဆုံးခေါင်းဆုံးတစ်ချက်ကြည့်ကာ နှု ခမ်းတွန့်ရုံလေး မချိုမချဉ်ပြုံးပြီး ရေထဲပြန်ငုတ်သွားသည်။

ဘာလဲ..။ လူကိုကြည့်ပြီး ဘာပြုံးတာလဲ.. ၊

ရေကူးချင်စိတ်က လုံးဝမရှိတော့ပြီမို့ သူလှည့်ထွက်လာဖို့ စိတ်က ရှိသော်လည်း နှုတ်ခမ်းလေးတွေပြာနေသည့် မယ်မင်းကို သတိရပြီး လမ်းက မရွေ့။ ဒီကောင်မလေး ဘယ်အချိန်ကတည်းက ကူးနေတာလဲ..





သူနေသည့်ဘန်ဂလိုက ရေကူးကန်နဲ့အနီးဆုံး။ ရေကူးကန်ဆီလာဖို့လည်း ဒီဘစ်လမ်းပဲရှိသည်။ သူအခန်းထဲပြန်ရောက်နေသည့် တလျှောက်လုံး ဘယ် သူမှ သူ့အခန်းရှေ့ကိုမဖြတ်သေးဘူးဆိုတော့ မယ်မင်းက သူအခန်းထဲပြန် ရောက်ခင်ကတည်းက ရေကူးနေခဲ့တာလား..။ ဒါဆို အချိန်တော်တော် ကြာနေပြီဟု ပြောရမည်။ ဒီလောက်ကြာနေလို့လည်း နှုတ်ခမ်းတွေပြာနေ တာဖြစ်မည်။

မယ်မင်းက သူ့ကိုဂရုမစိုက်တော့ဘဲ ရေကူးကန်ကျဉ်းကျဉ်းလေးမှာ သည့်ပတ်ကူးနေပြီး နောက်ဆုံးဘောင်မှာ လက်တင်နားပြီး ပင်လယ်ပြင် အပြန့်တပြောကို ငေးကြည့်နေသည်။

"မယ်မင်း..ကူးနေတာကြာပြီမဟုတ်လား၊ တက်တော့.."

ဝေါ..ဝုန်း.. ၊

သူလှမ်းပြောလိုက်စဉ်မှာပင် မိုးသည်လေကိုတပ်ကူခေါ်၍ အလုံးအ ရင်းနှင့် စစ်ချီလာကြ၏။ သူ့စကားနှင့်တိုက်ဆိုင်စွာ အပြိုင်ကျဆင်းလာ သည့် မိုးသံလေသံကြောင့် သူ့အသံက ပျောက်သွားသည်။ မိုးသီးမိုးပေါက် များ တရဟောသွန်ကျလာသည်။ မိုးသံနဲ့ မကြားတာလား.. သူ့ကိုကျော နိုင်း၍ပင်လယ်ပြင်ကို လှမ်းငေးကြည့်နေရာမှ မယ်မင်းက လှည့်မကြည့်..၊

"မယ်မင်း..."

ဖြော.. ဝေါ.. ဒုန်း.. ၊

သစ်ရွက်သစ်ကိုင်းများ ဒယိမ်းဒယိုင်ဖြစ်သွား၏။ ပင်လယ်ပြင်မှာ လှိုင်းလုံးများ လိမ့်တက်လျက် အဖြူရောင်လိုက်ကာစ အုပ်ချလိုက်သလိုမိုး ကြောင့် ဖြူပြီးမှုန်မှိုင်းသွားလေသည်။

"မယ်မင်း..."

သူရေကူးကန်ဘောင်အတိုင်း မယ်မင်းရေထဲကနေ လက်တင်နားနေ သည့် ဘောင်ရှိရာသို့ လျှောက်သွားလိုက်သည်။ Infinity Swimming poolမို့ ရေကဘောင်ပေါ်ထိ လျှံတက်နေသည်။ မယ်မင်းက သူ့အနား ရောက်လာတော့ အံ့ဩပုံမရှိဘဲ သတင်းထူးပေးသလို အားတက်သရောမော့ ကြည့်ရင်း ပြော၏။

"ဦး..မုန်တိုင်းတိုက်တော့မှာလား မသိဘူး.."

သူပင်လယ်ပြင်ကို စိတ်မဝင်စားနိုင်။ မယ်မင်းဘေးမှာ မှဆိုးနား ထောက်ထိုင်ချလိုက်ရင်း.. ။

"မယ်မင်း..အအေးပတ်လိမ့်မယ်၊ တော်တော့..တက်တော့.."

"ဟင့်အင်း..မယ်မင်းနေဦးမှာ.."

"လေကြမ်းနေတယ်..မယ်မင်းပြန်ရင် သစ်ကိုင်းတွေဘာတွေပြုတ်ကျပြီး ခိုက်မိလိမ့်မယ်၊ တော်တော့..တက်တော့၊ ဦးပြန်လိုက်ပို့မယ်.."

"ခဏလေးပါဦးကလည်း..မယ်မင်း ပင်လယ်ပြင်မှာ မုန်တိုင်းတိုက်နေတာ မမြင်ဘူးလို့ပါ၊ ခဏပဲကြည့်မယ်လေ..နော် နော်..ဦးလည်းရှိတာပဲကို.."

မယ်မင်းက သူ့ကိုတတွတ်တွတ်ပူဆာပြီး ပင်လယ်ဆီလှမ်းငေးသည်။ ဘာရယ်မဟုတ်ဘဲ ခဏတော့စောင့်နေပေးလိုက်မယ်ဆိုသည့်အတွေးဖြင့် သူပါပင်လယ်ပြင်ဆီ လှမ်းကြည့်မိ၏။ ခပ်ဖွဲဖွဲမိုးရေစက်များ ပိတ်သိပ်စွာကျဆင်းနေသည့် အဖြူရောင်လိုက်ကာစနောက်မှာ ပင်လယ်ပြင်နှင့် ခဲရောင်ကောင်းကင်တို့သည် ရှုမငြီးအောင်လှနေပါသည်။ အမှန်တိုင်းပြောရရင် ပြာလဲ့လဲ့ကြည်လင်စွာလှနေသည့် ပင်လယ်ထပ် မိုးကိုအဖော်ပြုရင်း စည်ကားသာယာနေသည့် ဒီပင်လယ်ကို သူပိုတောင်ကြိုက်သေးသည်။ ပင်လယ်ဆီတစ်ချက်လှမ်းငေးမိပြီး မယ်မင်းကိုအမှတ်တမဲ့ပြန်ငဲ့ကြည့်မိလျှင် မယ်မင်းက ရေကူးကန်ဘောင်ပေါ်တင်ထားသည့်လက်ပေါ် မေးတင်ပြီး သူ့ကိုမော့ငေးနေသည်။

ဘာကြည့်နေတာလဲ..ဆိုသည့် အတွေးဖြင့် သူ့မျက်လုံးများကျဉ်းမြောင်းသွားပြီး မယ်မင်းကိုပြန်စိုက်ကြည့်မိစဉ် စက္ကန့်ပိုင်းခန့် အကြည့်မလွှဲမိကြ။ မိုးရေစက်လေးများ ပြိုကျနမ်းရှိုက်နေသည့် မယ်မင်းမျက်နှာလေးမှာ ကြည်စင်ဝင်းပနေ၏။ မျက်နှာမော့ထား၍ မိုးရေတွေကို မော့ခံနေသလိုဖြစ်နေပြီး မျက်လုံးထဲရောဝင်ကာ မှိတ်ချင်ချင်ဖြစ်နေတာကို အံတုပြီး မျက်လုံးမှေးမှေးလေးနဲ့ သူ့ကိုမော့ကြည့်ရင်း စိန်ခေါ်၏။

"အကြည့်ချင်းပြိုင်မယ်..ဦး.."

ခုပဲ ရေဝင်လို့ ပိတ်ချင်ချင်ဖြစ်နေပြီကို သူကပြိုင်ချင်နေသေးသည်ပ်မှန်ဆို သူထထွက်သွားမိမှာဖြစ်သော်လည်း ချက်ချင်းအဖြေထွက်မယ့်ပွဲ





ယူဆပြီး သူမယ်မင်းကိုစိုက်ကြည့်နေလိုက်၏။ တကယ်ဆို မမျှတတဲ့ ။ မျက်နှာငုံ့နေ၍ သူ့မျက်နှာပေါ်ရေမကျ။ မျက်လုံးထဲလည်း မိုးရေမဝင် မယ်မင်းကတော့ မျက်နှာလေးမော့၍ မျက်လုံးထဲရေဝင်နေသည်။ သိပ်လိုက် သူကြည့်နေစဉ်မှာပင် မျက်တောင်ဖျားလေးတွေ လှုပ်ခတ်လာ မယ်မင်းမျက်လုံးလေးတွေ မှိတ်လုမှိတ်ခင်ဖြစ်လာသည်။ သူမယ်မင်းကို အေးဆေးဆေးကြည့်နေရင်း နှုတ်ခမ်းတွန့်ရုံပြုံးမိစဉ် မယ်မင်းသည် ကူးကန်ထဲက ရေတွေကို သူ့မျက်နှာဆီဖြန်းခနဲပက်ပစ်၏။ အမှတ်တမဲ့ ရေတွေလာစင်သောအခါ မျက်လုံးမှိတ် မျက်နှာပါလွှဲလိုက်မိ၏။

"ဟေး..ဦးရှုံးပြီ၊ မယ်မင်းနိုင်တယ်..ဟား ဟား.."

"ဟုတ်ပါပြီ..မယ်မင်းနိုင်ပါတယ်၊ ရေချိုးတာတော်တော့နော်..အအေး တ်လိမ့်မယ်၊ တက်တော့.."

သူလည်း ရေကူးချင်စိတ်မရှိတော့သည်မို့ သူမယ်မင်းအနားကထ ပြီး ရေကူးကန်ဘေး ထီးအမိုးအောက်ပြန်လာပြီး အပေါ်ရုံကို လှမ်းယူ က်၏။ ထိုစဉ် မယ်မင်း ရေကူးကန်ထဲမှတက်လာသည်။ သူလှည့်မကြည့် နေလိုက်သည်။ မသိချင်ယောင်ဆောင်ပြီး ခပ်မြန်မြန်ထွက်သွားဖို့ စိတ် လိုက်သော်လည်း.. ။

"ဦး..ဦး.."

ခေါ်သံကြောင့် ခြေလှမ်းတုံ့သွားရပြီး မတတ်သာသည့်အဆုံး သူ ည့်ကြည့်လိုက်ရ၏။ သူနောက်အလှည့်မှာပင် အမိုးအောက်မိုးလွတ်ရာကို ဝင်လာသော မယ်မင်းက သူ့နားနီးနီးထိ တိုးကပ်ဝင်လာသည်။ သူ ာက်ဆုတ်ပေးလိုက်ရင်း မယ်မင်းကိုကြည့်မိသည်။ ဘယ်တုန်းကဘယ်က ယူဝတ်လိုက်မှန်းမသိသော ပဝါစသည် မယ်မင်းခါးမှာ မလုံတလုံချည် င်ထား၏။ ပဝါမှာဒူးအထိသာရှည်ပြီး ပေါင်တစ်ဖက်ကို လုံသော်လည်း င်တစ်ဖက်ကို အရင်းကနေခွဲပြထားသလိုဖြစ်နေသည်။ အနီရဲရဲ swin itနှင့် ပဝါမရှိသည့် ကိုယ်အပေါ်ပိုင်းက ရဲရဲမကြည့်ဝံ့လောက်အောင် နေသည်။ ချက်ချင်းမျက်နှာလွှဲပစ်လိုက်ပေမယ့် ဆင်ဆွယ်လက်မောင်း အုံမို့မို့ ဗိုက်သားရှပ်ရှပ်လေးနှင့် ပေါင်တံသွယ်သွယ်လေးက မျက်လုံးထဲ ဖျောက်မရအောင် ကပ်ငြိပါလာသည်။ သူ့လက်ထဲကအပေါ်လွှာအား

မယ်မင်းဆီ အလိုလိုလှမ်းပေးပြီးသားဖြစ်သွား၏။

"ရော့..ဒါဝတ်လိုက်၊ မယ်မင်းချမ်းနေမှာပေါ့.."

တကယ်ချမ်းမချမ်း သူမသိ။ ဒီအတိုင်း သူ့ရှေ့မှာရှိနေတာကို မနှစ်မြို့နိုင်စွာ ဝတ်ရုံအား လှမ်းပေးမိခြင်းဖြစ်သည်။ မယ်မင်းက အမိုးအောက်ဝင်လာပြီး ရေစိုနေသည့် ဆံပင်တွေကို ပခုံးတစ်ဖက်ရှေ့ကိုဆွဲယူပြီး ရေညှစ်နေရာမှ သူ့ကိုကျောခိုင်းပေး၏။ ဖြူဖွေးသောဂုတ်သားဖွေးဖွေးလေးနှင့် ကျောပြင်လှလှကိုကြည့်ပြီး သူဝတ်ရုံကိုကိုင်လျက် မယ်မင်းဘာလုပ်မှန်းမသိပေ.. ။

"ဘာလုပ်နေတာလဲဦး..ဝတ်ပေးလေ၊ မယ်မင်းချမ်းလှပြီ.."

သူ မျက်ခုံးတွေ ပင့်တက်သွားသည်။ ပြောပုံက သူကြာနေလို့ပဲ စိတ်မရှည်သလိုလို။ ပိုင်စိုးပိုင်နင်းခိုင်းပြီး လူကိုအပြစ်တင်နေသေးသည့် သူမကို စိတ်ဆိုးချိန်မရပါ။ ခပ်မြန်မြန်ပဲ သူမယ်မင်းကိုယ်ပေါ်သို့ ဝတ်ရုံကိုလွှားတင်ပေးလိုက်၏။ မိုးသည် ဘာကိုဒေါသထွက်သွားသည်မသိ။ လေနှင့်ရောချ၍ ဝုန်းဒိုင်းကျဲလာသည်။ သူတို့ရှိနေသည့် ထီးအမိုးလေးအောက်ထိ မိုးများလေနှင့်အတူ ဖြန်းခနဲလာပက်၏။

"အား..စိုကုန်ပြီ.."

မယ်မင်း မိုးကိုရှောင်ရင်း ရှေ့တိုးလိုက်လျှင် သူနှင့်လူချင်းထိမိမလိုဖြစ်သွား၏။ သူနောက်ကိုခြေတစ်လှမ်းဆုတ်ပေးလိုက်ရပြီး မယ်မင်းကိုမိုးလွတ်ရာမှာနေရန် နေရာဖယ်ပေးလိုက်၏။ သူတို့ရှိနေသည့်အမိုးလေးမှ အဝတ်လဲခန်းဆီသွားဖို့ လမ်းမှာဆယ်ပေလောက်ဝေးသေးသည်။ သူဒီအတိုင်းပြေးသွားလို့ရပေမယ့် မယ်မင်းကအစိုမခံတော့သလို ချောင်ကပ်နေ၍ ဘာလုပ်ပေးရမှန်းမသိဖြစ်နေ၏။ မယ်မင်းက သူ့ကိုခြေဆုံးခေါင်းဆုံးပြန်ကြည့်ပြီး ထပ်ပြုံးပြန်၏။

"ဦးသိလား..မယ်မင်းနဲ့ ဟိုမိန်းမတွေနဲ့ အလောင်းအစားလုပ်ထားတာ၊ သူတို့က ဦးမှာဆစ်ပက်ခ်ရှိမှာပဲတဲ့၊ ဦးခန္ဓာကိုယ်က တောင့်တောင့်တင်းတင်းနဲ့ ကြည့်ကောင်းနေတာကိုး..မယ်မင်းက မရှိဘူးပြောထားတာ မယ်မင်းနိုင်တယ်သိလား၊ ကိုကိုဆိုရင် ဗိုက်မှာဘယ်လီတုံးလေးတွေနဲ့ မယ်မင်းသူ့ဗိုက်ကို လိမ်ဆွဲရင်တောင် တင်းနေတာပဲ..လက်မောင်းကို ဖက်ရင်





သည်း အတူတူပဲ၊ တင်းတင်းလေးအရမ်းဖက်လို့ကောင်းတာပဲသိလား.."

တော်တော် စကားများတဲ့ကောင်မလေး..။ ဒါ သူ့ကိုပြောရမယ့်စကားတွေလား.. ။

"မယ်မင်း..ချမ်းနေပြီမဟုတ်လား၊ ရေစိုခံပြီးသွားလိုက်တော့..တော်ကြာ အအေးပက်ဦးမယ်.."

"ဟုတ်..မယ်မင်း အရမ်းချမ်းနေပြီ.."

ဒါနဲ့များ သူ့ကိုစကားတွေပြောနေရလား.. ။

မယ်မင်း သူဝတ်ပေးထားသည့်အပေါ်လွှာကို ပြန်ချွတ်ပြီး သူ့လက်ထဲပြန်ထည့်ပေး၏။ ပြီးလျှင် မိုးရေထဲလျှောက်သွား၏။ သို့သော် သူထင်သလို အဝတ်လဲခန်းရှိရာသို့ မြန်မြန်ပြေးသွားတာမျိုး မဟုတ်ဘဲ မိုးသည်းသည်းထဲရပ်ပြီး ကောင်းကင်ကိုမော့ကြည့်ကာ သူ့ကိုပြန်ကြည့်သည်။ သူမီးသီးမိုးစက်လေးများ ပြိုကျနမ်းရှိုက်နေကြသည့် မယ်မင်းတစ်ကိုယ်လုံးကို ငေးခနဲကြည့်မိပြီး ချက်ချင်းမျက်နှာလွှဲပစ်လိုက်သည်။

"ဦးမိုးရေချိုးမယ်..မြန်မြန်လာ.."

ခက်တော့နေပါပြီ..။ သူဝတ်ရုံကို ခပ်သွက်သွက်ပြန်ဝတ်ပစ်ပြီး မိုးရေထဲလျှောက်သွားလိုက်သည်။ ထို့နောက် မိုးရေထဲမှာ ပျော်လို့ပါးလို့ကောင်းနေသည့် မယ်မင်းလက်ကို ပိုင်ပိုင်နိုင်နိုင်ကိုင်ပြီး ရေကူးကန်ဘေးမှာဆောက်ထားသည့်အဝတ်လဲခန်း အမိုးအောက်ဆွဲခေါ်လာခဲ့၏။

"အခန်းထဲတန်းပြန်ပြီး အဆင်သင့်လုပ်ထား..တအောင့်ကြာ ဆရာနဲ့လွှတ်လိုက်မယ်.."

သူမျက်နှာတည်တည်နှင့်ပဲ ပြောပစ်လိုက်၏။ မယ်မင်း သူမကိုယ်သူ ဘာအပြစ်လုပ်မိမှန်းမသိဘဲ ဦးနေဇကို သေချာပြန်ကြည့်ကာ အော်တိုနှုတ်ခမ်းစူသွားသည်။

"မယ်မင်းဘာမှမဖြစ်ပါဘူး.."

"ဟော့..ဒီကိုလာစမ်း.."

ထီးလေးနှင့် ရေကူးကန်အနီးက အခန်းဆီလာနေသည့် ဟိုတယ်ဝန်ထမ်းမိန်းကလေးတစ်ယောက်က သူလှမ်းခေါ်လိုက်သည်နှင့် ပြေးလာ၏။

"သူ့ကိုအခန်းထဲပြန်ပို့ပေးလိုက်..ဆံပင်တွေရေပြောင်အောင်သုတ်

ပေးထား၊ ပြီးရင် ဆရာဝန်လာတဲ့အထိ သူနဲ့အတူစောင့်နေပေးလိုက်.."

သူ မယ်မင်းကိုပြန်ကြည့်မနေတော့ဘဲ နေရာမှထွက်လာခဲ့သည်။ သူ့ကိုနားမလည်သည့်အကြည့်ဖြင့် လိုက်ကြည့်ကျန်ခဲ့မှာကို နောက်လှည့်ကြည့်ဖို့မလိုဘဲ အလိုလိုသိနေသည်။ သူခြေလှမ်းကျဲကျဲဖြင့် ဒေါသတကြီးလျှောက်လာမိရင်း မိုးရေထဲ သူ့ကိုပြန်လှည့်ကြည့်လာသည့် မယ်မင်းပုံရိပ်ကို ပြန်မြင်ယောင်လာသည်။ မိုးသီးမိုးပေါက်များ ပြိုကျနေသည့် လှပသောခန္ဓာကိုယ်အလှ၊ ရင်ညွန့်ပေါ်ရစ်ခွေကျနေသည့် ဆံပင်များ၊ ပြာဖျော့ဖျော့အိထွေးသည့် နှုတ်ခမ်းထွေးထွေးလေးနှင့် လိုက်ဖက်လှသောအပြုံး.. ၊

ဟန်မဆောင်နိုင်စွာ ကိုယ့်ကိုယ်ကိုသတိမထားနိုင်ခင်မှာပင် သူမက်မရိုးသားစွာ ငေးခနဲဖြစ်သွားသည့် ကိုယ့်ကိုယ်ကိုမကျေနပ်.. ၊

ဒါယောကျ်ားသဘာဝဆိုရင်တောင် အဲ့ဒီသဘာဝကို သူမုန်းသည်၊

ဖြစ်သင့်လို့လား.. ကလေးကို.. ၊

♥

အခန်း(၁၈)

အသိမိတ်ဆွေစည့်သည်တစ်ဦးနှင့် သူအထူးခန်းမှာ စကားပြောနေစဉ် စားပွဲပေါ်တင်ထားသည့် ဖုန်းစခရင်လင်းလာ၏။ သူစကားပြောနေရင်း ဖုန်းကိုယူကြည့်လိုက်လျှင် အံ့ဩသွား၏။

***ဦး ညနေက မယ်မင်းကိုစိတ်ဆိုးသွားတာလား***

မက်ဆေ့ချ်ဖတ်ပြီး သူဖုန်းကိုပြန်ချထားလိုက်ပြီးစကားဆက်ပြော





နေမိသည်။ ဖုန်းစခရင် ထပ်လင်းလာပြန်၏။ သူ မကြည့်ဘဲနေလျှင်ထပ်လင်းလာပြန်သည်။ သူမနေသာတော့ဘဲ မက်ဆေ့ချ်ဖွင့်ဖတ်မိ၏။

*ဦး မယ်မင်းကိုစိတ်ဆိုးတာမဟုတ်ရင် ခေါင်းခါပြ*

*မဟုတ်ရင် မယ်မင်းမက်ဆေ့ချ်တွေ ထပ်ပို့နေမှာနော်*

ခေါင်းခါပြဆိုသည့် စကားကြောင့် မယ်မင်းသူ့အနီးအနားမှာ ရောက်နေမှန်းသိလိုက်၏။ သူ့ကိုမြင်နိုင်သည်ဆိုတော့ မယ်မင်းဘယ်မှာရှိနေနိုင်လဲ..။ စကားဆက်ပြောရင်း သူစဉ်းစားကြည့်မိသည်။ မှန်ချပ်တွေကာထားသည့် အခန်းဘယ်ဘက်နံရံဆီ သူလှမ်းကြည့်လိုက်လျှင် မယ်မင်းဦးမိုးထက်နှင့်အတူရပ်ပြီး လှမ်းကြည့်နေ၏။ သူလှမ်းကြည့်လာတာမြင်လျှင် အံ့ဩသွားပုံရ၏။ သူမယ်မင်းကို လှည့်ကြည့်ပြီး မသိမသာခေါင်းခါပြလိုက်သည်။

သူဟန်မပျက် စကားဆက်ပြောနေစဉ် ဖုန်းစခရင်ထပ်လင်းလာပြန်သည်။ သူမကြည့်ဘဲ နေလိုက်တော့ဖို့ စိတ်ကူးက မကြည့်လို့ ထပ်ပို့တာဖြစ်နေမှာစိုး၍ ယူကြည့်လိုက်၏။

*တာ့တာ ဦး*

သူဖုန်းကို ခပ်ဆတ်ဆတ် စားပွဲပေါ်ပြန်ချထားလိုက်မိသည်။ မကြည့်ချင်လို့တွေးနေရင်းက သူမယ်မင်းရှိသည့်နေရာကို လှည့်ကြည့်မိသည်။ မယ်မင်းမရှိတော့ပါ။ တကယ်ဆို ဦးမိုးထက်က အလုပ်အပေါ်အလွန်သစ္စာရှိပြီး တည်ကြည်သေချာတဲ့လူပါ။ အထူးခန်းထဲမှာ သူအရေးကြီးတဲ့ပုဂ္ဂိုလ်နဲ့ စကားပြောနေမှန်းသိလျက်နဲ့ မယ်မင်းကိုခေါ်လာတာမျိုး လုပ်မယ့်လူမဟုတ်ပေ။ သို့သော် မယ်မင်းစရောက်လာကတည်းက မယ်မင်းကဘယ်လိုကလေးဆန်ကြောင်း အနေအအေးကြောင်း ကျန်တဲ့မိန်းကလေးတွေက မယ်မင်းနဲ့မတူကြောင်းစသဖြင့် တဖွဲ့တနွဲ့နဲ့ပြောလာသည်။

ဦးမိုးထက်မှမဟုတ် မယ်မင်းကို မြင်ဖူးကြတဲ့ဝန်ထမ်းတိုင်း လှကြောင်းချောကြောင်း ချီးမွမ်းသည်။ စကားပြောဖူးတဲ့လူတိုင်း ချစ်စရာကောင်းကြောင်း သဘောကောင်းကြောင်း ပြောကြသည်။ သူ့ငွေးနဲ့ပတ်သက်တဲ့လူမို့ ပိုပိုသာသာပြောကြတာဆိုရင်တောင် စိတ်ထဲက နှစ်နှစ်ကာကာခင်မင်နေကြတာလည်း သိသာ၏။

"မယ်မင်းအနားကို ဘယ်ကောင်မှ ကပ်တာမကြိုက်ဘူးဖေဖေ..မယ်မင်းနဲ့ကြာကြာနေမိတဲ့လူက သူ့ကိုမချစ်ဘဲ နေနိုင်မှာကိုမဟုတ်ဘူး၊ အဲ့ကောင်မလေး နည်းနည်းနောနောကုသိုလ်မဟုတ်ဘူးဖေဖေ..လုလို့ချည်းမဟုတ်ဘူး၊ အဲ့ဒီဟာလေး ချစ်မွေးကိုပါတာ.."

ဟု သားကမယ်မင်းအကြောင်း ချီးမွမ်းခဲ့ဖူးသလို စိတ်မချကြောင်း ပွပွလောင်လောင်ပြောခဲ့ဖူးသည်။

"ဆရာလာမတွေ့လို့တဲ့..မယ်မင်းကိုဝိုင်းပြောကြတာ မိုးမွန်နေတာပဲ၊ မယ်မင်းက ဘာမှလည်းပြန်မပြောတတ်ဘူး..ဦးကအဲ့လိုမဟုတ်ဘူး တစ်ခွန်းပြောပြီး သူ့ခမျာ အားလုံးနဲ့ထိုင်ရန်ဖြစ်နေရတာ၊ မယ်မင်းကတော့ ဆရာကို အထင်လွဲတဲ့ပုံမရှိပါဘူး.."

မယ်မင်းသူငယ်ချင်းတွေ အထင်မလွဲအောင် မယ်မင်းနဲ့သွားတွေ့စကားပြောဖို့ တိုက်တွန်းခဲ့စဉ်က ဦးမိုးထက်ပြောတဲ့စကားတွေပါ။ ဝန်ထမ်းမိန်းကလေးတွေကျတော့ ဆံပင်ရှည်တွေထုခဲနေကြောင်း အသားအရောင်လိုလှကြောင်း၊ မယ်မင်းကစိတ်ကောင်းရှိလို့ အသားလှတယ်ဆိုတာက သေးသည်။ မျက်တောင်တွေ ကော့ညွှတ်ပြီးရှည်နေတာ မျက်တောင်ကော ထားသလားဟု အံ့သြသူကအံ့သြ။ မဟုတ်နိုင်ပါဘူး ဧကိုလှတာပါလို့ ငြင်းသူကငြင်း။ ရယ်လိုက်ရင်ချစ်ဖို့ကောင်းတာထိ ဖြတ်သွားဖြတ်လာအချိန်လေးမှာတောင် မယ်မင်းအကြောင်း မကြားချင်မှအဆုံး ကြားနေရ၏။

"မယ်မင်းနဲ့ပါလာတဲ့ကောင်မလေးတွေက နည်းနည်းကဲတယ်ဆရာကျွန်တော်အပြစ်ပြောတာ မဟုတ်ပါဘူး၊ မယ်မင်းကို သူတို့နဲ့မပေါင်းစေချင်ဘူး..မယ်မင်းကို ကောင်လေးတွေက ကြည့်ရင်လည်း ပြန်ကြည့်ဖို့ မျက်လုံးမှိတ်ပြလိုက်တို့ ပြုံးပြလိုက်တို့ သင်ပေးနေကြတာ.."

"အဲ့ဒီတော့ မယ်မင်းကလိုက်လုပ်သလား.."

"လိုက်လုပ်တယ်ဆရာ..မယ်မင်းက ကလေးလိုပဲ၊ ဘာအဓိပ္ပာယ်သက်ရောက်သွားလဲတောင် သိပုံမရပါဘူး.."

သူစိတ်အနှောင့်အယှက်ဖြစ်သွားမိတာတော့ အမှန်ပင်။ မယ်မင်းကကျော်စွာတို့လင်မယား ဘယ်လိုမွေးမြူခဲ့လဲ သူအသိဆုံး။ မယ်မင်းမှာကြုံလာမယ့် ဘေးအန္တရာယ်မှန်သမျှကို သူတို့ဘာသာကွယ်ရာကနေ ရှင်းပေး





သည်။ မယ်မင်းကိုတော့ မျက်နှာတစ်ချက် အညိုမခံ။ အပြစ်တစ်ခွန်းမဆို။ သေသံမာမာနဲ့တောင် မအော်ခဲ့ဖူးပေ။ သူလည်း သားကိုချစ်ပါသည်။ ဒါပေမယ့် မှားနေရင်မှားတယ်လို့ ပြောပြသည်။ အပြစ်လုပ်ရင် ထိုက်သင့်တဲ့အပြစ်ပေးပြီး နောင်ကျဉ်အောင်ဆုံးမသည်။ ကျော်စွာနဲ့သီတာကတော့ ဒီလိုမဟုတ်။ ခုလိုကိစ္စမျိုးကို သူတို့ဖြေရှင်းမယ့်ပုံက မယ်မင်းအနားက အဲ့ဒီမိန်းကလေးတွေလွင့်သွားအောင် တခြားနည်းနဲ့လုပ်လိမ့်မည်။ မယ်မင်းကိုတော့ 'သူတို့နဲ့မပေါင်းရဘူး'လို့ ချုပ်ချယ်တားမြစ်ကြမှာ မဟုတ်ပေ.. ၊

ဘာရယ်မဟုတ်ဘဲ ဒီနေ့တစ်နေ့လုံး မယ်မင်းအကြောင်း တွေးမိနေချက် မိုးချုပ်တော့ သူအခန်းထဲမှာ စာဖတ်လိုက် ကော်ဖီထိုင်သောက်လိုက်နှင့် အနားယူနေမိသည်။ ဆယ်နာရီအိပ်နေကျမို့ သူအိပ်ဖို့ပြင်ဆင်နေစဉ်အခန်းတံခါးခေါက်သံကြောင့် ထူးဆန်းသွား၏။ ဝန်ထမ်းတွေဆို သူဒီအချိန်အိပ်နေပြီဆိုတာ သိသည်။ မယ်မင်းများလား..။ မဖြစ်နိုင်ပါဘူးတွေးရင်း သူအခန်းတံခါးထဖွင့်ကြည့်မိလျှင် မယ်မင်းဖြစ်နေ၍ အံ့သြသွားသလို ညအင်္ကျီအပြင်ဘက်ကို တစ်ယောက်တည်းထွက်လာသလားဟု စိတ်လည်းပူသွား၏။ မယ်မင်းတို့နေသည့် ဘန်ဂလိုတွေနဲ့ သူနေသည့်ဘန်ဂလိုက အဝေးကြီးပါ.. ၊

မယ်မင်းက ဘောင်းဘီတိုပွပွလေးနှင့် crop topလက်ရှည်ပွပွလေးဝတ်ထားသည်။ အင်္ကျီနှင့်ဘောင်းဘီက ခါးမှာလက်သုံးလုံးလောက်လွတ်နေပြီး အသားပေါ်နေသည်။ အင်္ကျီပွပွက ပန်းတစ်ခြမ်းခပ်လျှော့လျှော့ ဖရိုဖရဲကျနေသည်။ စကားဝါရောင်ကဲ့သို့ အဝါရောင်ဖျော့ဖျော့ဝတ်စုံသည် ဖြူဝင်းသော မယ်မင်းအသားရောင်ကို ပိုပြီးဝင်းဝါစေလျက် ပန်းသင့်လှ၏။ အိမ်နေရင်းဝတ်စုံဖြင့် ခုပဲအိပ်ရာကထလာသလို ဆံပင်တွေပွယောင်းယောင်းဖြစ်နေသည့်တိုင် သူမလေးက ဖရိုဖရဲလှနေဆဲပင်။ မျက်နှာက တစ်ခုခုကိုစိတ်ညစ်လာသလို စူပုတ်နေသည်။

"မယ်မင်း.."

"ကိုကိုရယ်လေ..ဦးနဲ့ပြောမလို့တဲ့၊ ကိုယ့်ဘာသာခေါ်ဆိုတာလည်းမရဘူး.."

နေကိုနဲ့ ဗီဒီယိုဖုန်းခေါ်ထားသည့်ဖုန်းအား လက်ထဲသို့ ခပ်ဆောင့်

ဆောင့်ထည့်ပေးလျှင် သူဘုမသိဘမသိဖြင့် ဖုန်းကိုလက်ခံကိုင်ထားလိုက်မိသည်။ ဖုန်းထဲက သားနဲ့မျက်နှာဆိုင်မိတော့ အခြေအနေကိုသဘောပေါက်သွား၏။ နေကိုသည်လည်း တစ်ခုခုကိုစိတ်ဆိုးနေသလို မျက်နှာတင်းနေသည်။ သူ့ကိုမြင်သည်နှင့်.. ။

"ဖေဖေ..မယ်မင်းကိုဘာလို့ရေကူးခိုင်းတာလဲ.."

"ဟင်.."

"ဘိချ်ကိုလာပြီး ရေမကူးရဘူးတဲ့..ဖြစ်သင့်လားဦး၊ ကိုကိုသက်သက်ပြဿနာရှာနေတာ.."

"အံမယ်..မယ်မင်းနော်၊ အနားမှာရှိရင် ထုပစ်လိုက်ပြီ.."

"ထုရဲထုကြည့်ပါလား..လက်ပြတ်အောင် ပြန်ကိုက်ပစ်မှာပေါ့၊ မယ်မင်းက ကိုကို့ချစ်သူနော်..ကိုကိုစာသင်ပေးခဲ့ရတဲ့ ကျောင်းသူမဟုတ်တော့ဘူး.."

အပြင်နဲ့အထဲ ရန်ဖြစ်နေကြတဲ့ကြားမှာ သူဘယ်ဘက်က ဘာပြောရမှန်းမသိ.. ။

"နေကြပါဦး..ဘာတွေဖြစ်နေကြတာလဲ.."

"ဖေဖေ..မယ်မင်း အိုင်ဂျီမှာ ဆွမ်းမ်ဆုနဲ့ပုံတင်ထားတယ်၊ ကျွန်တော်ပြန်ဖျက်ခိုင်းတာလည်း မဖျက်ဘူး..အဲ့လိုပုံမျိုးတင်ရအောင် သူမော်ဒယ်လည်း မဟုတ်ဘူး၊ ဒီမှာ ကျွန်တော်အလုပ်တွေရှုပ်နေလို့ လိုင်းတောင်မသုံးနိုင်ဘူး..သူငယ်ချင်းတွေလှမ်းပြောမှ သိတယ်.."

သူ သားဘာဖြစ်နေလဲ နားလည်သွား၏။ အပြင်းအထန်စိတ်ဆိုးနေသကြီးနေတာကိုက မယ်မင်းကိုနှမျောတသ သဝန်တိုနေတာဖြစ်သည်။ သူမယ်မင်းကို အပြစ်တင်သည့်အကြည့်ဖြင့် ကြည့်မိလျှင် ကလေးငယ်လေးလိုနှုတ်ခမ်းမဲ့ မျက်ရည်လည်နေသောမယ်မင်းကြောင့် အပြစ်ပြောဖို့ ဆွံ့အသွား၏။

"မြင်ပါစေပေါ့..တမင်မြင်အောင်ပြတာ၊ ဦးပဲဖြစ်ဖြစ် ဖေကြီးပဲဖြစ်ဖြစ်ဘယ်သူပြောပြော ပြန်မဖျက်ဘူးသိလား.."

"မယ်မင်း.."

ဖုန်းထဲက ဒေါသတကြီးကျူးအော်လိုက်သောသားကြောင့် မယ်မင်း





ဆိုးသွား၏။ သူ့ရှေ့မှ ပြေးထွက်သွား၏။ ထွက်ပြေးသွားသော အရပ်မျက်နှာက သူမအခန်းရှိရာကိုမဟုတ်ဘဲ ဘန်ဂလိုတွေရဲ့အစွန်ဆုံးမှာရှိသည့် ရေကူးကန်ရှိရာသို့ ပြေးသွားသဖြင့် သူမယ်မင်းကိုစိတ်ပူသွားသည်။ သို့သော် သားစိတ်ပူသွားမှာစိုးပြီး ဟန်မပျက်ပြန်နေမိ၏။ သားကိုပြန်ကြည့်တော့ ထိုဒေါသကြီးနေတုန်း.. ။

"ဘာလို့ဒီလောက်ဒေါသကြီးနေတာလဲသား..မင်းအော်ဟစ်နေတော့ ဆော သူဖျက်ချင်မှဖြစ်တာမဟုတ်ဘူးလား၊ ချော့မော့ပြောပေါ့ကွ.."

"ချော့ချင်စိတ်ကို မရှိတော့တာဖေဖေ..ဒီလောက်တောင် သူမသိဘူးလား၊ ဖေဖေမမြင်လို့..မယ်မင်းက ကျွတ်..မယ်မင်းဘယ်လောက်လှနေလဲ ဆိုဆိုသိလား၊ ကျွန်တော့်ကောင်မလေးကို တခြားကောင်တွေ စိတ်နဲ့တောင် မပြစ်မှားရဘူး..ကျွန်တော်မကြိုက်ဘူးဖေဖေ.."

ဒါမျိုးကို ဘယ်ယောကျ်ားကကြိုက်မှာလဲ.. ။

စက္ကန့်ပိုင်းခန့် ဘယ်သူမှစကားမပြောမိသည့် အချိန်လေးမှာ အခြေအနေပြောင်းသွား၏။ နေကို ဒေါသထွက်နေမိလျက် စိတ်မချသလိုမေး၏။

"မယ်မင်း ငိုသွားတာလားဖေဖေ.."

"အင်း.."

"ဖေဖေပြန်လိုက်ချော့လိုက်ပါ ဖေဖေရာ..အဲ့ဒီကောင်မလေး အရမ်းအငိုသန်တာ၊ ငိုမိရင် အချော့မခံရမချင်း ရပ်တာမဟုတ်ဘူး..ဖေဖေလိုက်သွားကြည့်လိုက်ပါ၊ တော်ကြာ တစ်ခုခုဖြစ်နေမှာစိုးလို့.."

"သူ့အခန်းကို သားဖုန်းလှမ်းဆက်လိုက်ပေါ့..ဖေဖေ ဖုန်းပြန်ပေးခိုင်းလိုက်မယ်.."

"မရတော့ဘူးဖေဖေ..ကျွန်တော့်ဖုန်းကို တော်တော်နဲ့ပြန်ကိုင်မှာမဟုတ်ဘူး၊ ကျွန်တော်စိတ်မချလို့ပါ ဖေဖေရာ..တစ်ချက်လိုက်ကြည့်ပေးပါ၊ နည်းနည်းသူစိတ်ပြေအောင် ပြန်ချော့လိုက်ပါဖေဖေရာ..ဖေဖေမချော့တတ်တာ သူသိပါတယ်၊ ဖေဖေပြောရင် နည်းနည်းပြောလိုက်တာနဲ့ တန်းစိတ်ပြေသွားမှာ..ပုံပြန်ဖျက်ဖို့ပါ ပြောလိုက်နော်ဖေဖေ.."

"ဖေဖေ သူ့အမေဆီဖုန်းလှမ်းဆက်ပေးမယ်..ကဲ သားလည်းစိတ်လျှော့ပြီးအိပ်တော့.."

နေကို ကျေနပ်ပုံမရ။ သူ သားဘာမှမပြောနိုင်ခင် ဖုန်းချလိုက် အခန်းတံခါးပိတ်ကာ မယ်မင်းထွက်ပြေးသွားသည့်ဘက်ကို လျှောက်လာ သည်။ ရေကူးကန်ဘက်မှာ မီးရောင်မှိန်ပြပြ လင်းနေ၏။ မယ်မင်းကိုမတွေ့ ရေကူးကန်၏ ပင်လယ်ဘက်ရှေ့ဘက်အောက်နားမှာ ဧည့်သည်တွေမော ပုံအလှရိုက်ချင်သူတွေနှင့် မနက်ဖြစ်စေ ညနေဖြစ်စေ ဝိုင်းဖွဲ့စားသောက် စေရန် အဖြူရောင်စားပွဲဝိုင်းကြီး လုပ်ပေးထားသည်။ ထိုစားပွဲဝိုင်းဘေး တောင်ကုန်းပေါ်ကနေ အောက်ဖက်ကမ်းစပ်ဆီဆင်းသည့် လှေခါးရှိသည် မယ်မင်းကို ရေကူးကန်အနီးအနားမှာ မတွေ့လျှင် သူထိုလှေခါးအတိုင်း ဆင် လာပြီး ရှာမိသည်။

"မယ်မင်း..မယ်မင်း.."

ကမ်းစပ်မှာ မီးရောင်မရှိတော့ မှောင်မိုက်နေ၏။ ဒီဘက်ထွက်သွ တာတွေ့လို့သာ မှန်းဆခေါ်နေမိပေမယ့် ဒီလောက်မှောင်နေတာ မယ်မင်း လာ့ရဲလောက်ပါဘူးဟုလည်း ဇဝေဇဝါတွေးမိသည်။ သို့သော် အမှောင် မှာ ကမ်းစပ်က ရေစပ်စပ်တင်နေသည့် ကျောက်ဆောင်တစ်ခုပေါ်မှာ ထိုင် နေသည့် မယ်မင်းအား ပင်လယ်ပြင်ပေါ် ဖြာကျနေသည့် တစ်ခြမ်းပဲ့ ရောင်အောက်မှာ လှမ်းတွေ့လိုက်၏။ သူ ဟူးခနဲသက်ပြင်းချရင်း မယ်မင် ဆီ လျှောက်သွားမိသည်။ အနားမရောက်ခင်ကတည်းက ငိုနေသည့်ရှိုက် ကို ကြားရ၏။ ခက်တော့နေပါပြီ။ မယ်မင်းအငိုတိတ်အောင် ဘယ်ကစ ဘာပြောရမှန်းမသိ။ မယ်မင်းက သူခေါ်သံကြားကတည်းက သူရောက်လာ တော့မှာသိနေသည်ထင်သည်။ တစ်ချက်ပဲငဲ့ကြည့်ပြီး ဆက်ငိုနေသည်။ လည်း ဘာပြောရမှန်းမသိသည်မို့ ဒီအတိုင်းရပ်စောင့်နေပေးလိုက်၏ အရေးကြီးတာ သူမလေးအန္တရာယ်ကင်းဖို့ပဲ မဟုတ်လား..၊

"မယ်မင်းက မယ်မင်းကိုအားလုံးကလှတယ် ဝိုင်းပြောလို့ မယ်မင် ပုံလှလှလေး ကိုကို့ကိုမြင်စေချင်လို့ တမင်တင်လိုက်တာ.."

မေးမယ့်လူမရှိတော့ မယ်မင်းငိုရင်း သူ့ကိုလှည့်ပြောလာ၏။ ငို လေးက တကယ်ပဲ လှိုက်လှိုက်လှဲလှဲဝမ်းနည်းနေသလို။ အဲ့ဒါကြောင့် သာ က မယ်မင်းအရမ်းအငိုသန်တာဟုပြောတာဖြစ်လိမ့်မည်။

"သူများတွေလည်း တင်တာပဲကို..မယ်မင်းကို ကိုကိုက အရှက်မရှိ





မလိုလိုပြောတာ ကောင်းလားဦး..မယ်မင်းက ကိုကိုသဘောကျမယ်ထင် ဘာကို.."

အဲ့ဒီလိုထင်ရခြင်းကရော ဟိုကလေးမလေးတွေရဲ့ စနက်ကင်းရဲ့ ။ အနည်းဆုံးတော့ မယ်မင်းပြောသည့် သူများတွေလည်း တင်သည် တာ ထိုမိန်းကလေးတွေပဲ ဖြစ်ပါလိမ့်မည်။

"ပုံလေးတစ်ပုံတင်တာ မယ်မင်းကိုအဲ့လောက်ထိ ဆူစရာလား.."

"အဲ့ဒါ သားကမယ်မင်းကို တန်ဖိုးထားလို့ပေါ့.."

သူစကားပြောလိုက်သည်နှင့် မယ်မင်းသူ့ကိုလှည့်ကြည့်လာ၏။ သူ့ မျက်နှာကို မယ်မင်းမြင်ရမှာ မဟုတ်ပါ။ အလင်းက သူ့ကျောဘက်မှာမို့ ယ်မင်းကိုတော့ သူမြင်နေရ၏။ ဆံပင်ရှည်တွေနဲ့မယ်မင်းသည် ရေသူမ လို့ ထင်ချင်စရာ။ မျက်ရည်လဲ့နေသည့် မျက်လုံးလေးတွေက မြင်ရသူ မခိုင်ချင်စရာ မသနားဘဲ မနေနိုင်လောက်အောင် သနားစရာကောင်းလှ ၏။

"မိန်းကလေးတစ်ယောက်က ယောကျာ်းလေးကိုကြည့်ရင် ရိုးရိုးအ ပကို ခံစားပြီးကြည့်တာပေမယ့် ယောကျာ်းလေးတွေရဲ့အကြည့်ကျ တော့ မတူဘူး.."

မယ်မင်းက အမှောင်ကိုမျက်နှာချင်းဆိုင်ထားသည့် သူ့မျက်နှာကို ဝင်တစား စိုက်ကြည့်နေသည်။ မယ်မင်း နားလည်အောင် ဘယ်လိုပြော န်းမသိဘဲ သူ့စကားတွေက တစ်ဝက်တပျက်နှင့်တင် တန့်သွား၏။

"ဘယ်လိုမတူတာလဲဦး.."

ကိုယ်စမိတဲ့စကားဖြစ်သော်ငြား ဘယ်လိုမတူပါဘူးလို့ သူပြန်မရှင်း တ်။ မယ်မင်း ဦးပြန်ဖြေလာမည့်အဖြေကို စိတ်ဝင်တစားငေးကြည့်နေမိ ည်။ ဟိုနေ့ညနေက ရေကူးကန်ဘေးမှာ ဦးလည်းမယ်မင်းကို ငေးကြည့် ပဲ..လှလို့ကြည့်တဲ့အကြည့်မှန်း မိန်းကလေးပီပီ မယ်မင်းခံစားမိသည်။ ကြောင့် မိန်းကလေးနဲ့ယောကျာ်းလေး ကြည့်ပုံချင်းမတူဘူးဆိုတာကို စိတ်ဝင်စားမိခြင်းပါ။ ဒါပေမယ့် ဦးကမယ်မင်းမေးတာကို မဖြေဘဲ းလမ်းကြောင်းပြောင်းပစ်၏။

"သမီး သားကိုပြချင်ရင် မက်ဆေ့ချ်ဒီအတိုင်း လှမ်းပို့ပေးလိုက်ပေါ့..

လူတွေအကုန်မြင်အောင်တင်တော့ သူသဝန်တိုမှာပေါ့.."

"ကိုကို့ကိုမြင်စေချင်ပေမယ့် အဲ့လိုကြီးလည်း တမင်မပြချင်လို့.."

"ဒါပေါ့..ဘယ်လိုပဲရင်းနှီးပါစေ၊ ဘယ်လောက်ချစ်ချစ် မလုပ်သင့်ေ
စည်းဆိုတာရှိတယ်..မယ်မင်း အားလုံးနားလည်နေတာပဲ၊ တင်ထားတဲ့ပုံပြ
ဖျက်လိုက်နော်..အဲ့လိုပုံမျိုးကို မိဘဆိုဆုံးမမှုကို နာခံတတ်တဲ့ကလေးေ
တင်မှာမဟုတ်ဘူး..မယ်မင်းက အဲ့လိုမိန်းကလေးမျိုးမှ မဟုတ်တာ.."

"ဟုတ်..မယ်မင်းပြန်ဖျက်မှာပါ.."

"ကဲ..ဒါဆိုလည်း ထတော့နော်၊ ပြန်ရအောင်.."

မယ်မင်းက 'ဟုတ်'ဟု လိမ်လိမ်မာမာလေး လက်ခံပြီးထရပ်သည်
ဒီရေတက်နေသည်မို့ မယ်မင်းတက်ခဲ့တုန်းက ရေမရှိသည့်ကျောက်ဆော
သည် အခြေမှာ ရေစပ်စပ်ရှိနေပြီဖြစ်သည်။ မယ်မင်း မတ်တပ်ရပ်ပြီး
ဘယ်ကိုလှမ်းပြီး ဆင်းရမှန်းမသိဖြစ်နေသည်။ ဦးမင်းခေါင် ကျောက်ဆော
အနားထိတိုးလာပြီး မယ်မင်းကို လက်လှမ်းပေးလိုက်၏။ မယ်မင်း ဦးနေ
လက်ကို လှမ်းကိုင်ပြီး ကျောက်ဆောင်၏အောက်အဆင့်ကို ခြေလှမ်းလိုက်
စဉ် ကျောက်ဆောင်ကရေညှိနှင့် ခြေချော်ကာ ယိုင်သွား၏။

"အမေ့.."

ဦးနေဇ ကို့ယိုကားယားပြုတ်ကျတော့မည့် မယ်မင်းကိုယ်ကိုလှ
ထိန်းရင်း လက်ကိုသူ့ဘက်ဆွဲပစ်လိုက်လျှင် မယ်မင်းသူ့ကိုယ်ပေါ် ပြုတ်က
လာသည်။

"အား.."

"ဟာ.."

ဗွမ်း.. ၊

ပြုတ်ကျလာတဲ့လူကို လှမ်းဖမ်းတဲ့လူကိုယ်တိုင်က ကျောက်ဆော
ပေါ်မှာ မခိုင့်တခိုင်ကုတ်ကတ်ရပ်နေရသည်မို့ မယ်မင်းကိုလှမ်းဖက်လိုက်
သည့်အရှိန်နှင့် ခြေချော်ကာ နှစ်ယောက်လုံးရေထဲ ဗွမ်းခနဲပြုတ်ကျသည်

"အား..သွားပြီ၊ ရေတွေစိုကုန်ပြီ.."

"ဦးကလည်း ဖမ်းလည်းမဖမ်းနိုင်ဘူး.."

"ဆောရီးပါကွာ..မယ်မင်းခိုက်မိသွားလား.."





"ဟင့်အင်း..ဘာမှမဖြစ်ဘူး.."

နှစ်ယောက်သား ရေထဲက ကုန်းကုန်းကွကွ ထရပ်ကြစဉ် ညဝတ်အ
ကျီအားဖားကြီးနှင့် ကြွက်စုတ်ဖြစ်သွားသည့် ဦးနေဇကိုကြည့်ပြီး မယ်မင်းစ
နင်သွား၏။ ဒူးနားထိရှိနေသည့် ပင်လယ်ရေတွေကို လက်ခုပ်လေးနှစ်ဖက်
နှင့်ယူပြီး ဦးနေဇ၏မျက်နှာဆီ လှမ်းပက်လိုက်သည်။

"မလုပ်နဲ့..မယ်မင်း.."

သူခပ်မာမာပြောလိုက်လျှင် မယ်မင်းနှုတ်ခမ်းလေးစူပြီး ထရပ်သည်။
ဦးတော့ ချက်ချင်းဆိုသလို အချိုးမပြေသည့်ပြောင်စပ်စပ်မျက်နှာလေး ပြန်
ပြောင်းသွားပြီး သူ့ဆီရေတွေဆက်တိုက် ထပ်ပက်လာ၏။ မျက်နှာကိုလာ
စင်သည့်ရေတွေကိုရှောင်ရင်း သူခြေလှမ်းယိုင်သွားလျှင် မယ်မင်းဆီမှ ရယ်
သံလွင်လွင်လေး ထွက်လာသည်။

"မယ်မင်း.."

သူလေသံကို ထပ်မာပစ်ပြီး ခပ်ဆတ်ဆတ်အော်ပစ်လိုက်၏။ သူဒီ
လောက်အော်ပစ်တာတောင် မယ်မင်းမျက်နှာမပျက်။ ပြုံးစိစိလေးလုပ်နေ
ပြီး ထိုင်ရာမှ ထရပ်သည်။

"စတာကို ဦးကလည်းဘာဖြစ်တာလဲ.."

ဒီကလေးမလေး တကယ်ကိုအကြောက်တရားမရှိတာပါလား..။ လူ
ကိုကြောက်ရကောင်းမှန်း ရှိသေရကောင်းမှန်းသိရဲ့လား.. ၊

ကြောက်ရကောင်းမှန်း မသိတာထက် မယ်မင်းငယ်ငယ်ကတည်းက
အမြဲတည်တည်ကြီးနေတတ်သည့် ဦးနှင့်ခုမှ ရင်းရင်းနှီးနှီးနေခွင့်ရတာကို
ပျော်နေမိတာပါ။ ဦးမျက်နှာ ဘယ်လိုပဲတင်းမာပြနေပါစေ ဆိုးလို့ရမှန်းသိ
နေပြီး နွဲ့ဆိုးဆိုးချင်သည့်စိတ်များသာ ဝင်နေသည်။ ထို့ကြောင့် သူ့ကို
ကြောက်အောင် မျက်နှာကြီးတင်းသထက်တင်းပြနေသည့်ဦးကို ခပ်ချဉ်ချဉ်
အတွေးဖြင့် နောက်ချင်စိတ်ဝင်လာကာ မယ်မင်းကိုရှောင်ထွက်သွားဖို့ပြင်
နေသည့် ဦးရင်ဘက်ကို ဆောင့်တွန်းပစ်လိုက်၏။ မယ်မင်းအတွေးက ဦး
ရေထဲဗွမ်းခနဲလဲကျသွားရုံပါ။ သို့သော် ထင်သလိုဖြစ်မလာ။ ဦးနေဇက
နောက်တရက်လဲကျသွားတော့မည့်အဖြစ်ကို ထိန်းရန် မယ်မင်းကိုယ်လေးကို
လှမ်းဆွဲမိသလိုဖြစ်သွားပြီး နှစ်ယောက်သားရေထဲသို့ ထပ်လျက်သားလဲကျ

သွားပြန်၏။

ဖွမ်း.. ။

ပြုတ်ကျတဲ့အရှိန်ကြောင့် ရေတွေဖွမ်းခနဲပြန်လာစင်လျှင် မယ်မင်း
'အယ်'ခနဲ အာမေဋိတ်သံလေးနှင့်အတူ ရယ်သံထွက်လာ၏။

တောက်..ဘာတွေဒီလောက် သဘောကျနေတာလဲ.. ။

သူဒေါသထွက်လာပြီး မယ်မင်းကိုယ်ကို ဘေးကိုတွန်းဖယ်ပစ်ပြ
ထရပ်ဖို့ကြိုးစားလျှင်.. ။

"အား..ဦး လက်..လက်ဖိမိပြီ.."

မယ်မင်းလက်က သူ့ကိုယ်အောက်ဘယ်လိုရောက်နေသည်မသိ။ သ
ထဖို့ ကိုယ်ကိုစောင်းလိုက်တာနှင့် မယ်မင်းလက်ကိုဖိမိသွား၏။ အားခ
အော်သံစူးစူးလေးကြောင့် ပက်လက်ပြန်နေလိုက်ရလျှင် ထပ်လျက်သားအ
တိုင်း ပြန်ဖြစ်သွားပြန်သည်။ ရေကအောက်မှာရောက်နေသည့် သူ့ကိုယ်
ပေါ်ခွင့်မပေး။ မယ်မင်းကတော့ ရေပေါ်ပေါ်နေသည်။

"ဆောရီး..ဆောရီး ထရပ်လေမယ်မင်းရဲ့.."

"လက်နာသွားပြီ..လက်ထောက်လို့မရတော့ဘူး.."

အသံက ငိုသံလေးနဲ့မို့ တော်တော်များနာသွားသလားဟု တွေးမိ၏
နောက်ဆုံး လက်ကိုမဖိမိအောင် သူပဲထထိုင်ဖို့ ကြိုးစားရသည်။ ရေထဲမှ
နစ်ယောက်သားထရပ်မိတော့ မယ်မင်းကတံတောင်ဆစ်တစ်ဖက်ကိုကိုင်ပြ
ငိုမဲ့မဲ့.. ။

"ဦးကိုပြစမ်း..တော်တော်နာသွားလို့လား.."

"ဦးက မယ်မင်းလက်ကို ဒီလို ဒီလိုလိမ်ပြီး ဖိပစ်တာ.."

သူ့ကိုအပြစ်တင်နေတာလား..တိုင်နေတာလား..။ မကျေမနပ်ပြေ
ရင်း လူကိုတည့်တည့်ကြည့်မျက်စောင်းထိုးလိုက်သေး၏။

"ဆောရီးပါကွာ..ဦးမသိလိုက်လို့ပါ၊ ဟိုတယ်ပြန်ရောက်ရင် ဆေး
လိမ်းပေးမယ်နော်..ညဥ့်နက်နေပြီ၊ သွားရအောင်.."

သူမယ်မင်းရှေ့မှ လျှောက်ထွက်လာခဲ့သည်။ ပြန်ငဲ့ကြည့်တော့ လက
ကိုင်ရင်း သူ့ကိုမကြည်ကြည့်နှင့် စိုက်ကြည့်ရင်းပါလာသည်။ ပါးစပ်က
လည်း ပွစိပွစိပြောနေသေး၏။ သူ့နှုတ်ခမ်းတွေ ပြုံးယောင်ယောင်ဖြစ်သွား





၏။

"မြန်မြန်လာလေမယ်မင်းရဲ့..မချမ်းဘူးလား.."

မယ်မင်း လမ်းလျှောက်သည့်အရှိန်ကိုတင်ပြီး ခပ်သွက်သွက်လျှောက်
လိုက်ပြီးမှ ခြေလှမ်းတုံ့သွား၏။

"ဦး..ဦး မယ်မင်းဖုန်းရော.."

သူ ခြေလှမ်းတုံ့သွားသည်။ သူ့လက်ထဲမှာမရှိ မယ်မင်းလည်းကိုင်
ထားပေ.. ။

"ကျန်ခဲ့ပြီထင်တယ်..ထားလိုက်တော့ မနက်မှပြန်ရှာခိုင်းလိုက်မယ်.."

"ဟင့်အင်း..မနက်ကျသူများတွေကောက်သွားမှာပေါ့၊ ခု သွားရှာ
လိုက်မယ်.."

"မယ်မင်း..ဟိတ်.."

စိတ်ကလည်းမြန်ပါ့။ ရှာမယ်ပြောပြီး ချက်ချင်းပြန်လှည့်တော့၏။
သူ မယ်မင်းနောက်ကို ခြေလှမ်းကျဲကျဲဖြင့်လိုက်လာပြီး ရှေ့ကပိတ်ရပ်လိုက်
၏။

"မယ်မင်း..ညဥ့်နက်နေပြီ၊ ဒီနေရာကချောင်ကျတယ်..အပြင်မှာဒီအ
ချိန်ထိနေတာ မကောင်းဘူးကွ၊ ပြီးတော့ ဒီရေကတက်နေတာ..ရှာလို့အဆင်
ပြေလောက်ဘူး၊ မနက်ရေကျမှ ပြန်လာရှာမယ်နော်..ဦးပြန်ရှာပေးမယ်လေ၊
ဒီမှာတယ်..လာပြန်ရအောင်.."

"ရေတက်နေတာ..မနက်ကျ ရေနဲ့အတူပါသွားမှာပေါ့ဦးရဲ့၊ ပြန်ရှာ
ပေးပါနော်ဦး..ဖုန်းထဲမှာ ကိုကိုနဲ့မယ်မင်းစေ့စပ်ပွဲက ပုံတွေအများကြီးပဲ၊
ကူးထုတ်ရသေးဘူး..အဲ့ဒီပုံတွေကိုကို့ဆီမှာလည်း မရှိဘူး၊ ပြန်ရှာပေးပါ..မယ်
မင်းဖုန်းပြန်ရှာပေးပါနော်..နော်ဦး.."

ဖျောင်းဖျပြီး ပြန်ဖို့စပြောတာ သူ။ လက်ကိုမလွှတ်တမ်းဆုပ်ကိုင်
ထားပြီး တတွတ်တွတ်ပူဆာနေ၍ ခေါင်းကိုက်ရသူက သူပဲဖြစ်လာသည်။

"တော်ပြီ..မယ်မင်းဘာသာပဲသွားရှာမယ်.."

"ကျွတ်..မယ်မင်း ရပ်စမ်း.."

နောက်ဆုံး သူရေထဲပြန်ဆင်းရတဲ့အဖြစ်ရောက်၏။ ရေအောက်မှာ
ဘယ်နေရာကျလို့ ကျသွားမှန်းမသိသည့် ဖုန်းကိုလိုက်စမ်းရတာ လွယ်လွယ်

ကူကူမဟုတ်ပါ။ ထို့ပြင်.. ၊

"ဦး..ဟိုဘက် ဟိုဘက်၊ ဟိုဘက်မှာကျတာနေမှာဦးရဲ့.."ဆိုတာမျိုး

"ကျောက်ဆောင်ကြားထဲမှာ လိုက်စမ်းကြည့်ပါလား"ဆိုတာက ...

ဖုံ.. ၊

"သေချာစမ်းကြည့်လေ.."ဆိုတာထိ သူမကကမ်းပေါ်ကနေ ...

အော်ပြီး အမိန့်ပေးတတ်သေးသည်။

"မယ်မင်း..အရမ်းချမ်းနေပြီ၊ မြန်မြန်လုပ်.."ဆိုတာက လာ...

သည်။

"ရှာလာခဲ့မယ်..ပြန်တော့.."

"ဟင့်အင်း ဦးတစ်ယောက်တည်း စိတ်မချဘူး"

သူမော့ကြည့်မိတော့.. ၊

"မယ်မင်းမရှိရင် ဦးကမယ်မင်းဖုန်း ဘယ်ဆက်ရှာတော့မလဲ...

သူ့ကိုစိတ်မချတာ မဟုတ်။ သူမဖုန်းရှာမပေးတာ ပူတာပါ။ ဒီ...

အတက်မြန်သည်။ ခုနလဲတုန်းက သူ့တစ်ကိုယ်တောင် မမြုပ်သည့်ရေ...

ချက်ချင်း သူ့ဒူးထိတက်လာသည်။ မှောင်မှောင်မည်းမည်းထဲမှာ ရေ...

လျှောက်စမ်းနေရတာ အဆင်မပြေ။ သူဖြစ်နိုင်ခြေရှိတဲ့နေရာတွေ သေ...

လိုက်စမ်းနေတုန်း မယ်မင်းအသံလေး တိတ်နေတာကို သတိထားမိ...

မော့ကြည့်မိ၏။

မြင်လိုက်ရသော မြင်ကွင်းကြောင့် ခါးမတ်သွား၏။ မယ်မင်းဘေး...

လူငယ်ယောကျ်ားလေးယောက်။ အဝတ်အစား အပျံစားများဝတ်ထား...

လည်း အင်္ကျီကဘောင်းဘီအပြင်တစ်ဝက်အထဲတစ်ဝက်နှင့် ဖိနပ်မပါတဲ့...

ကမပါ။ လူတွေက ဒယီးဒယိုင်ဖြစ်နေသည်။ မယ်မင်းအနားမှာ ဝိုင်း...

ပြီး ဘာတွေပြောနေကြသည့်အထိ။ မယ်မင်းက ဘောင်းဘီတိုလေးနှင့် ...

ကျီက ခါးပေါ်နေရုံမက ပခုံးတစ်ခြမ်းခပ်လျှောလျှောကျနေသည့်အပြင် ...

စိုကပ်နေသေးသည်။ ထိုလူတွေကို ကြောက်နေလျက် နောက်ဆုတ်ရှောင်...

ရင်း သူ့ကိုလှမ်းကြည့်အော်၏။

"ဦး..ဦးရေ.."

သူနေရာမှ ပြေးထွက်လာမိသည်။ မယ်မင်းကလည်း သူ့ရှိရာ...





...သည်မို့ ရေစပ်စပ်ရှိနေသည့် ကမ်းစပ်မှာနှစ်ယောက်ဆုံသည်။ မယ်မင်း

...သူ့အနားရောက်သည်နှင့် ထိုလူလေးယောက်မြင်ကွင်းမှာမနေဘဲ သူ့

...နောက်တွင်ပုန်း၏။ ပုန်းတဲ့လူက ပုန်းချင်လောက်အောင် မလုံမလဲဖြစ်

...သည်အထိ လူရွယ်လေးယောက်သည် မယ်မင်းအားခြေဖျားမှ ဆံဖျား

...ထိ ရွှန်းရွှန်းစားစားလိုက်ကြည့်နေကြ၏။ သူ့ကိုမြင်တော့လည်း ရှိန်သွား

... လန့်သွားပုံမရှိ.. ၊

"ဟေ့ကောင်အေးကို..ဟိုနေ့က မင်းကိုမျက်စိမှိတ်ပြတာ အဲ့ဒီကောင်

...လေးမဟုတ်လား.."

လေးယောက်ထဲမှာ လက်ထဲမှာဘီယာဘူးကိုင်ထားဆဲတစ်ယောက်

...က သူ့ကိုယ်ကိုကွယ်ပြီး ပုန်းနေသည့် မယ်မင်းကို မြင်ရတဲ့အနားကပ်လာ

...ကြည့်ပြီး နောက်ကသူ့လူတွေကို လှည့်ပြော၏။ ရေစိုနေသည့် သူ့ညဝတ်

...အင်္ကျီစ တင်းခနဲဖြစ်သွား၍ ခါးကိုငုံ့ကြည့်မိလျှင် မယ်မင်းနောက်ကနေ

...သူ့ခါးကအင်္ကျီစကို အားကိုးတကြီးဆုပ်ကိုင်လိုက်တာဖြစ်၏။

"မင်းတို့က ကိုရယ်လ်ကဧည့်သည်တွေလား.."

"ဟုတ်ပဗျာ..ဟိုဘက်မှာ ကျုပ်တို့ တန့်(Tent)နဲ့မီးပုံပွဲလုပ်နေတာ။

...သူ့ကိုမြင်လိုက်လို့ ထလာတာ.."

သူ မီးပုံပွဲလုပ်နေသည့် မီးရောင်မြင်နေရသော ကမ်းခြေဆီလှမ်းမျှော်

...ကြည့်မိသည်။ ခုနကမမြင်ခဲ့သော Tent တွေထိုးထားတာကို ခုမှမြင်သည်။

...အပေါ်မှာ ဘန်ဂလိုနဲ့မနေချင်ဘဲ တကယ့်ကမ်းခြေအရသာ ခံစားချင်တဲ့

...ဧည့်သည်တွေအတွက် Tentနှင့်နေနိုင်အောင် သူပဲစီစဉ်ပေးထားတာပါ။

...ကမ်းခြေမှာ Tentနဲ့အိပ်ချင်တဲ့ဧည့်သည်တွေ လုံခြုံရေးစိတ်ချရအောင်

...လည်း ဟိုတယ်ဝန်ထမ်းတွေကို ကမ်းစောင့်ခိုင်းထားပါသည်။ ခုလှမ်းမျှော်

...ကြည့်လိုက်တော့ Tentရှိသည့်နေရာမှာ ဝန်ထမ်းတစ်ယောက်မှ မရှိ.. ၊

"ဒီမှာအန်ကယ်..ကျုပ် သူနဲ့စကားပြောချင်လို့ ဖယ်ပေးလို့ရမလား.."

မယ်မင်း သူ့ခါးကိုနောက်ကနေ ဖက်လိုက်၏။ ဒါကိုမူးနေပေမယ့်

...အနားရောက်နေသည့် တစ်ယောက်ကမြင်ဖြစ်အောင်မြင်သည်။

"ဟေ့ကောင်..မင်းကောင်မလေးက ဘဲကြီးကိုအသေဖက်ထားတာ

...ဟ.."

"ခင်ဗျားတို့ကဘာတွေလဲ..စပွန်ဆာလား၊ ဟိုတယ်အသစ်မှာ လ ငြိမ့်နေကြတာလား.."

"မင်းတို့ဘာကောင်တွေလဲကွ..လူကြီးကိုတောင် လေးစားရကောင်း မှန်းမသိဘူး၊ ငါကကိုရယ်လ်က ပိုင်ရှင်..မင်းတို့ပျော်ချင်ရင် အေးအေးဆေး ဆေး ပြဿနာမရှာဘဲပျော်ကြ၊ လာ..သွားမယ်.."

"ဟာ ဟာ..ဘယ်ရမလဲ.."

အေးကိုဆိုသည့်တစ်ယောက်က ရှေ့ကနေ လက်နှစ်ဖက်ဖြန့်၍ပိတ် ကာထားကာ မယ်မင်းကိုငုံကြည့်ပြော၏။

"ဟိတ်..ကိုယ့်ကိုမှတ်မိလား၊ ဘဲကြီးကိုလွှတ်လိုက်စမ်းပါကွာ..လ စမ်းပါ ရှေ့ထွက်ခဲ့စမ်းပါ.."

အေးကိုက ခေါင်းတွင်တွင်ခါလျက် ဦးနေဇကိုယ်နှင့်ကွယ်နေ သည့်မယ်မင်းကို စိတ်မရှည်တော့သလို လက်လှမ်းဆွဲ၏။

"ဟင့်အင်း..ဦးရေ.."

ဒီလိုလုပ်လာလိမ့်မည်မထင်ခဲ့။ လက်ကိုမိမိရရ ဆွဲမိရုံမရ မယ်မင်း ကိုယ်လေးပါယိမ်းပါသွားသောအခါ သူဒေါသထောင်းခနဲထွက်သွား၏။

"ကဲကွာ.."

သူ့ရှေ့ကလူငယ်ကို လက်သီးနဲ့အားကုန်ထိုးချပစ်လိုက်သည်။ မူးနေ တဲ့အရှိန်ရော သူ့လက်သီးချက်အားပြင်းတာပါပေါင်းပြီး လူငယ်ပစ်စလက် ခက်လဲကျသွား၏။

"ခွေးသားကြီး..ဟောကောင် ဝိုင်းချကြကွာ.."

သူ့ဆီပြေးဝင်လာသည့် ပထမဆုံးလက်သီးချက်ကို လှလှပပလေး သူရှောင်ပစ်လိုက်၏။ သို့သော် နောက်ထပ်ဆက်တိုက်တိုးဝင်လာသော လက်သီးချက်များ သူ့မျက်နှာပေါ် မိုးစက်တွေလိုကျလာသည်။ ပထမတ ချက်နဲ့တင် သူခေါင်းတွေမူးဝေပြာမိုက်ကာ လဲကျသွား၏။

"ဦး..မလုပ်နဲ့၊ မလုပ်ကြပါနဲ့..ဦး အဟင့် ဟင့်.."

မယ်မင်း အသံကိုကြားနေရသည်။ သူခေါင်းထူပြီး ဟီးရှီးဆန်ဆ သူ့ကိုဝိုင်းသမနေသည့် လူရွယ်လေးယောက်ကို ပြန်ထိုးပစ်ချင်မိသည်။ မယ် မင်းကြောက်စရာမလိုအောင် သူကျားကျားလျားလျား တိုက်ခိုက်ပြချင်





သည်။ သို့သော် သူကရုပ်ရှင်ဇာတ်လမ်းတွေထဲက မင်းသားမဟုတ်။ အော်ဟစ်တားစီးနေသည့် မယ်မင်းအသံမှာ ငိုသံပါပါလာသည်။

"မယ်မင်း..သွား သွားတော့၊ ထွက်ပြေး.."

သူလှမ်းပြောပေမယ့် သူ့စကားသံက သဲသဲကွဲကွဲမှ ထွက်သွားရဲ့ လား.. ၊

"ဦး.."

လေးယောက်သား ဦးကိုဝိုင်းထိုးနှက်တိုက်ခိုက်နေကြတာ မညှာမတာ။ မယ်မင်း ဘာမှလည်းမလုပ်ပေးနိုင်။ ထားလည်းမထားခဲ့နိုင်ဘဲ သနားလွန်းလို့ မျက်ရည်တွေပါးပေါ် ပြိုကျလာသည်။ ချက်ချင်းဆိုသလို ဟိုတယ်ဝန်ထမ်းတွေကို အကူအညီတောင်းဖို့ တွေးမိသွား၏။ မတ်တပ်ရပ်ငိုနေရာမှ ပါးပေါ်က မျက်ရည်ကိုကပျာကယာသုတ်ရင်း ဟိုတယ်ဆီအသံကျယ်ကျယ်ဖြင့် လှမ်းအော်မိသည်။

"အန်ကယ်မိုး..အန်ကယ်မိုးရေ၊ အန်ကယ်ရေ.."

မယ်မင်း ရှိသမျှအားနှင့်အသံကုန် ကျုံးအော်ပစ်၏။ မယ်မင်းအသံက ဟိုတယ်တင်မက ဖိုးကလားကျွန်းတစ်ကျွန်းလုံးရှိသမျှ လူတိုင်းကြားနိုင်သည်။

"ဟာ..အော်တယ်ကွ၊ ဟေ့ကောင်တွေ..ကောင်မလေးကိုဖမ်း.."

"မယ်မင်း.."

သူ မယ်မင်းအတွက်စိုးရိမ်သွား၏။ ပစ်ချလိုက်သည်နှင့် မူးမိုက်လဲကျ ကျန်ခဲ့သည့်သူ့ကို ဘယ်သူမှဂရုမစိုက်ကြတော့။ အားလုံး မယ်မင်းဆီ ပြေးသွားကြသည်။ သူလဲကျနေရာမှ အားတင်းထရပ်လိုက်သည်။ လူရွယ်လေးယောက်မှ တစ်ယောက်က မယ်မင်းဆီအရင်ဆုံးရောက်ကာ ခုနက သက်ကောက်ဝတ်နာထားသည့်လက်ကို လှမ်းဆွဲ၏။ နာနေသည့်လက်ကို အကြမ်းပတမ်း အဆွဲခံလိုက်ရသဖြင့် မယ်မင်းအော်သံ နာနာကျင်ကျင်စူးစူးရှရှထွက်လာသည်။

"အား.."

မယ်မင်း.. ၊

ဦးနေဇ မူးမိုက်ပြာဝေနေတာ နာကျင်နေသမျှအားလုံး ဘာတွေဖြစ်

ကုန်မှန်းမသိ။ မယ်မင်းကို ဝိုင်းဖမ်းချုပ်ဆွဲခေါ်သွားဖို့ပြင်နေကြသည့် လေးယောက်ဆီသို့ ဒေါသတကြီးပြေးသွားကာ ပထမဆုံးတွေ့တဲ့ကောင် ထိုးပစ်လိုက်၏။ နောက်တစ်ယောက် ပြီးတော့နောက်တစ်ယောက်..။ မ မည်းမြင်သမျှ သူဒေါသတကြီးထိုးပစ်၏။

"ဆရာ..ဟေ့ လာကြစမ်း၊ မယ်မင်း...ဆရာ.."

ဦးမိုးထက်နှင့် ဟိုတယ်ဆီမှ ဝန်ထမ်းများပြေးထွက်လာကြသ လူငယ်လေးယောက် လူတွေလာပြီမှန်းသိတော့ မူးတာတွေ ပျောက်ကုန် သည်ထင်သည်။ ပြေးဖို့ပြင်ကြ၏။ ရှေ့ကသုံးယောက် ထွက်ပြေးခွင့်ရ ပေမယ့် ဦးနေဇနှင့်ရင်ဆိုင်မိနေသည့်တစ်ယောက် ပြေးပေါက်ပိတ် သည်။ သူ ထိုတစ်ယောက်ကို အလွတ်မပေးဘဲ ဒေါသတကြီးဆက်ထိုး မိသည်။

"ဆရာ..ဆရာ တော်ပြီဆရာ လွန်ကုန်မယ်.."

"ဖယ်စမ်း..."

သူ သူ့ကိုလာဆွဲနေသမျှလက်တွေကို ဒေါသတကြီးပုတ်ချ သည်။ မယ်မင်းကို သတိရပြီး လှည့်ကြည့်လိုက်တော့ မယ်မင်းကသဲသော ပေါ်မှာ ဒူးတုတ်လဲကျနေလျက် လက်တစ်ဖက်ကိုကိုင်လျက် မျက်ရည်မ မျက်နှာပေါ်မှာ စိုလျက်.. ။

သူ မယ်မင်းဆီသွားပြီး ပခုံးနှစ်ဖက်က ဆွဲပြီးထူလိုက်၏။

"မယ်မင်း...ရလား၊ ဘာဖြစ်သွားသေးလဲ.."

မယ်မင်း ခေါင်းခါပြရင်း အင့်ခနဲရှိုက်ငို၏။ သူ့ရင်ခွင်ထဲတိုးဝင် ကျုံ့ဖက်ထားသည်။ အသားလေးတွေတုန်အောင် ကြောက်နေရှာသည်မို့ မယ်မင်းကို ခပ်ဖွဖွပြန်ဖက်ထားရင်း နှစ်သိမ့်မိ၏။

"တိတ်တိတ်..တိတ်တော့ ဦးရှိတယ်၊ ဘာမှမဖြစ်ဘူး..မကြော တော့နော်.."

ဒီမိန်းကလေးကို ကျော်စွာတို့ဘယ်လောက်တောင် တယုတယ ထားကြလဲသူ့အသိ။ သူနဲ့အတူရှိနေမှ ဒါမျိုးဖြစ်ရတယ်လို့။ အရမ်းကြော လန့်ပြီးများ တစ်ခုခုဖြစ်သွားမှဖြင့်..

ဦးနေဇ မယ်မင်းကိုထွေးဖက်ထားရင်း ခုနကသူစိတ်တိုင်းကျ ဒေ





ခေါက်ကွဲပြီး ထိုးကြိတ်ခဲ့ပြီးသော မျက်နှာမှာဒဏ်ရာဗရပွနှင့်လူငယ်အား ဒေါသတကြီးပြန်ကြည့်ကာ.. ။

"သူ့ကိုအချုပ်ထဲပို့လိုက်..ကျန်တဲ့ကောင်တွေ တစ်ယောက်မှလွတ် အနဲ့၊ လေးယောက်လုံး စွဲလို့ရသမျှ ပြစ်မှုအကုန်နဲ့ဆွဲပြီး ထောင်ချပစ်မယ်.."

သူ့အသံက ငရဲမင်းရဲ့အညှာအတာကင်းမဲ့သော စီရင်မိန့်ကဲ့သို့...။

♥

## အခန်း(၁၉)

"ဦး..."

ဒိန်းခနဲ ပြင်းထန်ကျယ်လောင်သည့် မိုးခြိမ်းသံနှင့်အတူ မယ်မင်း မျက်လုံးနှစ်လုံးပွင့်လာသည်နှင့် ပထမဆုံးသတိရမိတာ ဦး။ ညကမျက်နှာက ဒဏ်ရာတွေပြဖို့ ဆရာဝန်ပင့်ခိုင်းတာ ဆရာဝန်ကမှန်တိုင်းရှိနေလို့ လိုက်မ လာနိုင်ဘူးဟုဆို၏။ မယ်မင်းတစ်ညလုံး ဦးသက်မှသက်သာရဲ့လား၊ ဒဏ် ရာတွေများ အရမ်းကိုက်ခဲနေမလားနှင့် စိတ်ပူပြီး အိပ်လို့တောင်မပျော်။ နံလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားပြီး မိုးသံကြောင့် ပြန်နိုးလာတော့ မိုး လင်းနေပြီ။ မယ်မင်း အိပ်ရာကထပြီး ခပ်သွက်သွက်လေးပြင်ဆင်ကာ ဦးအ ခန်းထဲသို့ ထွက်လာခဲ့၏။ ဦးအခန်းရှေ့ရောက်တာနှင့် ဦးမိုးထက်နှင့် ဝန် ထမ်းနှစ်ဦးတို့ ဆေးနှင့်ရေခွက်တင်ထားသည့်ဗန်းကိုင်လျက် အခန်းထဲက ပြန်ထွက်လာကြတာနှင့် တိုး၏။

"အန်ကယ်မိုး..ဦးသက်သာလား.."

"ကိုယ်ပူနေတယ်သမီး..ခုပဲဆေးတိုက်ခဲ့တယ်၊ ရေပတ်လည်းတိုက်

ပေးခဲ့တယ်..သက်သာမှာပါ.."

ကိုယ်ပူနေတယ်တဲ့.. ၊

မယ်မင်း အလွန်အမင်းစိတ်မကောင်းဖြစ်သွား၏။ ညက လူလေ ယောက် ဦးကိုဝိုင်းပြီး ထိုးကြိတ်သတ်ပုတ်နေသည့် မြင်ကွင်းကို မယ်မင်း မျက်လုံးထဲက ဖျောက်မရသလို ထိုအဖြစ်ကိုပြန်တွေးမိတိုင်း ဦးကိုသနား စိတ်က နင့်နင့်သီးသီး။ ဦးတော်တော် ခံလိုက်ရမှာ။ အခုဖျားတာလည်း မျက်နှာက ဒဏ်ရာတွေကြောင့်လား..။ ရေစိုကြီးနဲ့ အကြာကြီးနေခဲ့လို့လား ဘာကြောင့် နေမကောင်းဖြစ်ဖြစ် ဒဏ်ရာတွေနဲ့ဖျားတာနဲ့ပေါင်းပြီး အရ ခံစားနေရမှာပဲ.. ၊

"အန်ကယ်မိုး..မယ်မင်း ဦးကိုကြည့်ချင်တယ်.."

မယ်မင်းက ခွင့်တောင်းတာထက် အသိပေးသလိုပြောပြီး အခန်း တန်းဝင်၏။ ဦးမိုးထက် မိန်းကလေးတစ်ယောက်ကို ခဏနေပေးဖို့ အမှ ရာနဲ့ပြပြီး အခန်းထဲဝင်လိုက်လာသည်။ အခန်းထဲရောက်သည်နှင့် မယ်မ အိပ်ပျော်နေသည့် ဦးဘေးခုတင်ပေါ်ဝင်ထိုင်ပြီး ဦးမျက်နှာပေါ်က အညိ မည်းစွဲနေသည့် ဒဏ်ရာများအား ငုံ့ကြည့်မိ၏။

ဒဏ်ရာတွေ နည်းနည်းနောနောလား.. ၊

"ဦး အရမ်းနာနေမှာပဲ.."

မျက်နှာက ဒဏ်ရာတွေကို စေ့စေ့ကြည့်ရင်း မယ်မင်းမျက်ရည်ဝဲလ ၏။ နဖူးကိုလက်ခုံနဲ့ စမ်းကြည့်မိစဉ် ဦးမျက်ခုံးတွေ တစ်ချက်တွန့်သွားပြ မျက်လုံးဖွင့်ကြည့်၏။ ဦးနိုးလာတာမြင်လျှင် မယ်မင်းဝမ်းသာသွား၏။

"ဦး..အရမ်းနာနေလား၊ သက်သာလားဟင်..မယ်မင်းဘာလုပ်ပေး မလဲ.."

ဦးနေဇ သူ့မျက်နှာပေါ် အုပ်မိုးကြည့်နေသည့် မယ်မင်းကို နီးနီးက ကပ်မြင်လိုက်ရ၍ လှဲနေရာမှ ထောက်ခနဲထထိုင်လိုက်လျှင် ကိုယ်ပူရှိန်ကြော ခေါင်းကိုက်ကာ မျက်နှာရှုံ့မဲ့သွားသည်။ ဦးမိုးထက် ဦးနေဇခေါင်းအား မှ ပျာသလဲ ပြေးထူရင်း မယ်မင်းရှိနေသည့်အဖြစ်ကိုပါ တဆက်တည်းရှင်း လိုက်သည်။

"မယ်မင်းက ဆရာနေကောင်းလားကြည့်ချင်တယ်ဆိုလို့..ဆရာသ





သာရဲ့လား.."

သူခေါင်းညိတ်ပြမိရင်း သူ့ကိုမျက်နှာငယ်လေးနှင့် ငေးကြည့်နေ သည့် မယ်မင်းကို ပြန်ကြည့်မိ၏။

"မယ်မင်း..ကိုထက် မယ်မင်းတို့ပြန်ဖို့ စီစဉ်ပေးလိုက်၊ မိုးလေဝသက ပြောထားတဲ့ရက်မရောက်သေးဘူး..ဒီလောက်မိုးကြီးနေတာ ဒီအတိုင်းဆို မုန် တိုင်းဝင်ဖို့များတယ်..ပြန်လို့ရတုန်း ပြန်ခိုင်းထားလိုက်.."

ဦးနေဇ ပါးစပ်ကိုသိပ်မဖွင့်ဘဲ အားတင်းပြောနေရင်းက စကားပြော လို့ နှုတ်ခမ်းလှုပ်ရှားလိုက်သည်နှင့် နာကျင်စပ်ဖျင်းလာသည့် ဒဏ်ရာများ ကြောင့် မျက်နှာမဲ့သွား၏။ ခပ်ဖွဖွညည်းညူရင်း မယ်မင်းကိုပြန်ကြည့်မိလျှင် အံ့ဩသွား၏။

"မယ်မင်း..ဘာဖြစ်လို့လဲ.."

မယ်မင်းမျက်ရည်လည်လျက် ဦးနေဇအားငေးကြည့်နေရာမှ ဦးနေဇ မေးလိုက်လျှင် "ဦးကို သနားလို့"ဟုပြောပြီး ဟီးခနဲငိုချပစ်သည်။ သူနှင့်ဦး မိုးထက်တို့ အံ့ဩမိကြလျက် တစ်ယောက်မျက်နှာတစ်ယောက်ပြန်ကြည့်မိ ၏။

"မယ်မင်းတောင်းပန်ပါတယ်ဦး..မယ်မင်းကြောင့်ဖြစ်တာ၊ ဦးကိုသူ တို့ဝိုင်းပြီး ထိုးကြိတ်နေကြတာ..မယ်မင်းမျက်လုံးထဲက မထွက်ဘူး၊ မယ် မင်း ဦးကိုသနားလို့သေတော့မယ်..ဟီး ဟီး.."

သူ ဦးမိုးထက်အား အားကိုးတကြီးလှမ်းကြည့်မိ၏။ ဦးမိုးထက် လည်း ဘာဝင်ပြောရမှန်းမသိ။ မယ်မင်းကတော့ လူတွေဝိုင်းကြည့်နေလည်း ဂရုမစိုက်။ ချော့မယ်လူမရှိလည်း တစ်ယောက်တည်းဆက်ငိုနေဆဲဖြစ်၏။

"မယ်မင်း..ဦးဘာမှမဖြစ်ဘူး၊ မငိုနဲ့တော့နော်.."

ခေါင်းတွင်တွင်ခါပြီး ရှိုက်ကြီးတငင်ငိုနေသဖြင့် သူမိုးထက်ကို ထပ် ကြည့်မိပြန်သည်။

"ဟုတ်သားပဲသမီးရဲ့..ဆရာကနေမကောင်းတော့ နားမှဖြစ်မှာ၊ သမီး ငိုနေတော့ ဆရာလည်းအိပ်လို့မရတော့ဘူး..ဆရာနားပါစေနော်.."

ဘယ်သူ ဘာဝင်ပြောပြော မယ်မင်းကငိုနေဆဲပင်။ သူမလေးစိတ်ရှိ သလိုငိုနေတာကို ဘာဆက်ပြောရမှန်းမသိဘဲ ထိုင်ကြည့်ပြီး စိတ်ရှည်လက်

ရှည်စောင့်ပေးနေရသည်။ ငိုလို့ဝမှ မျက်ရည်တွေကို လက်ခုံနဲ့ဖြစ်သလို သုတ်ပစ်ရင်း.. ၊

"ဆရာဝန်ကရော ခုထိခေါ်လို့မရသေးဘူးလား.."

"ခဏနေရောက်လာတော့မှာ သမီးရဲ့..ညကဆရာဝန်မလာနိုင်တော့ နောက်တစ်ယောက်ခေါ်ထားတယ်.."

"အဲ့ဒီတစ်ယောက်ကရော တကယ်လာမှာ သေချာလို့လား.."

"သေချာပါတယ်သမီးရဲ့..ခေါ်လာတဲ့လူက ဆရာပါလာပြီလို့ ဖုန်းဆက်ပြီးပြီ.."

"အန်ကယ်မိုးက ဦးအနားမှာမနေဘူးလား.."

"နေမှာပါသမီးရဲ့..အခုက ဆရာအိပ်မှာလေ၊ အနားမှာလူရှိတော့ သူ ဘယ်အိပ်လို့ရပါ့မလဲ..မဟုတ်ဘူးလား.."

"ဒါဆိုမယ်မင်းပြန်မယ်..မယ်မင်းဦးကို သေချာဂရုစိုက်ပေးနော်.."

"စိတ်ချပါသမီးရယ်..အန်ကယ်ဂရုစိုက်မှာပါ၊ သမီးပြန်လိုက်တော့နော်..ဆရာအိပ်ပါစေ.."

မိုးထက် ချော့မော့ပြန်ခိုင်းမှ မယ်မင်းမပြန်ချင်ပြန်ချင်နှင့် ထပြန်သွား၏။ ထိုအခါကျမှ သူလည်း အိပ်ရာပေါ်စိတ်ချလက်ချလှဲရင်း အေးဆေးစွာ ရောဂါခံစားခွင့်ရသွားခဲ့၏။

မလွယ်ပါလား.. ၊

♥





## အခန်း(၂၀)

"မိုးလေဝသကပြောထားတာ မနက်ဖြန်မုန်တိုင်းဝင်မယ်တဲ့..အဲ့တာကြောင့် အားလုံးပြန်ဖို့ စီစဉ်ပေးနေတာ၊ သမီးကတကယ်နေခဲ့မှာလား.."

အန်ကယ်မိုးမေးတုန်းက မယ်မင်းရဲ့ ပုံဝံ့ပင် "နေခဲ့မှာ"ဟုပြောပြီး ဆရာတို့နှင့် ပြန်လိုက်မသွားခဲ့.. ၊

"မုန်တိုင်းဝင်ပြီဆို ဟိုဘက်ကမ်းလည်းကူးလို့ရတော့မှာ မဟုတ်ဘူး သမီး..ဝန်ထမ်းတွေလည်း အကုန်ပြန်ကြမှာ၊ သမီ တစ်ယောက်တည်းဖြစ်နေမှာ အဆင်မပြေပါဘူးသမီးရယ်..သူငယ်ချင်းတွေနဲ့ အတူပြန်လိုက်သွားလိုက်ပါ.."

အန်ကယ်မိုးထပ်တောင်းပန်တာကိုပင် မယ်မင်းစိတ်တိုခဲ့မိသည်။ ခုတော့ ညဥ့်နက်လာလေ တိတ်ဆိတ်နေသည့်ပတ်ဝန်းကျင်ကို ကြောက်လာသည်။ တစ်ယောက်တည်း အိပ်ရသည့်အဖြစ်က ဒီလောက်တောင်စိတ်ချောက်ချားစရာကောင်းမှန်း မယ်မင်းမသိခဲ့။ သူမရှိဆာတို့နဲ့အတူ ပြန်မလိုက်သွားဘဲနေခဲ့တာကို မေမေရောကိုကိုပါ မသိသည်မို့ ကြောက်နေတဲ့အချိန်ကျမှ ဖုန်းဆက်ပြီး အကြောက်ပြေအောင် စကားပြောဖို့လည်း မပြောရဲပေ.. ၊

ဒုန်း.. ချွတ် ချွတ်.. ၊

ဘန်ဂလိုအောက်က အသံတွေပါ။ ထိုအသံတွေနောက်မှာ တကျိကျိအော်သံတွေနှင့် အကောင်တွေပြေးလွှားနေသည့်အသံတွေပါ ကပ်ပါလာသေးသည်။ ထိုအသံများသည် ဖိုးကလားကျွန်းပေါ်မှာ များပြားစွာရှိနေသော ကြွက်တွေရဲ့အသံဟုပြောသည်။ ဖိုးကလားကျွန်း၊ အောင်မင်္ဂလာစေတီတည်ပြီးနောက်မှ အောင်မင်္ဂလာကျွန်းဟု အမည်စတွင်လာသော သည်ကျွန်းပေါ်

မှာ ကြွက်ပေါ၏။ ကျွန်းပေါ်မှာရှိသမျှ လူအများစုက တံငါလုပ်ငန်းလုပ်ကြ ပြီ လယ်ယာစိုက်ပျိုးချင်လည်း စိုက်လို့မရတာ အဲ့ဒီပေါ်များလှသော ကြွက် များကြောင့်ဟုပြောသည်။ အရင်ညတွေက အဲ့ဒီအသံတွေကြားပြီး ကြောက် ရင် ခေတ်ကိုဖက်အိပ်လို့ရသည်။ ခုတော့ မယ်မင်းတစ်ယောက်တည်း..

မယ်မင်းနေခဲ့တာကို အန်ကယ်မိုးသဘောမကျသလို မယ်မင်းသူငယ် ချင်းတွေလည်း မကြိုက်ကြပါ။ မယ်မင်းက ဦးကိုဘယ်လိုမှစိတ်မချသည့် ယတိပြတ်ဆုံးဖြတ်ပြီး ဖွတ်နေခဲ့တော့မှ မတတ်သာလို့ထားခဲ့ပြီး ထွက်သွား ကြခြင်းဖြစ်သည်။

"ဆရာကလည်းအိပ်နေတယ်..သမီးနေခဲ့တာ ဆရာသိရင်ကြိုက်မှာ မဟုတ်ဘူး.."

အန်ကယ်မိုးအကြောင်းတွေးမိရင်း မယ်မင်းရီဆက်ရှင်ကို ဖုန်းဆက် ပြီး ဝန်ထမ်းတစ်ယောက်လောက် လွှတ်ခိုင်းဖို့ စိတ်ကူးမိသည်။ ဖုန်းထပ် ပြီးခေါ်လိုက်တော့ ဖုန်းဝင်နေပြီး ကိုင်မယ့်လူမရှိ။ ထိုအခါကျမှ အန်ကယ် မိုးပြောသည့်ဝန်ထမ်းတွေကိုလည်း ပြန်ခိုင်းမှာဆိုသည့်စကားကို ပြန်သတိရ ၏။ တစ်ယောက်တည်းကူရာကယ်ရာမဲ့ကြောက်လာတော့ မယ်မင်းကိုယ် ဆုံးဖြတ်ချက်ကို နောင်တရချင်လာသည်။ ဦးကိုစိတ်မချဘူး..ဦးနေမကောင်း တာကို ထားပြီးမပြန်နိုင်ဘူးဘာညာနှင့် သူ့ရဲကောင်းကြီးလုပ်နေခဲ့ပေမယ့် တကယ်တမ်းကျတော့ ဦးကိုတွေ့တောင်တွေ့ရတာမဟုတ်.. ၊

"အန်ကယ်မိုး သေချာစောင့်ကြည့်နေပါတယ်သမီးရဲ့..သမီးက အ ခန်းထဲဝင်နေတော့ ပတ်ဝန်းကျင်အမြင် မတော်ဘူးလေ.."တဲ့။ မယ်မင်းက တော့ ဦးကိုစိုးရိမ်တာပဲသိသည်။ ကျန်တာ ဘာမှခေါင်းထဲမရှိ။ ကိုယ်တိုင် မတွေ့ရလေ ဦးနေမကောင်းရဲ့လား စိတ်ပူမိလေဖြစ်သည်။ ကြောက်တဲ့စိတ် တစ်ဖက် ဦးကိုစိတ်ပူတာကတစ်ဖက်နှင့် ကြောက်ပါတယ်ဆိုမှ ဘယ်လို အိပ်မရတဲ့အဖြစ်။ ကြာတော့ မယ်မင်းမနေနိုင်တော့။ မေမေ့ကိုဖုန်းဆက် ဆုံးဖြတ်လိုက်သည်။ အစက ရှီဆာတို့ရန်ကုန်ပြန်ရောက်မှ သူမပါမလာတာ ကို ပြောတော့မလို့ပါ။ ခုတော့ ဖုန်းဆက်ချင်လာသောကြောင့် ပြောလိုက် တော့မယ်ဟု ဆုံးဖြတ်လိုက်၏။

မယ်မင်း ပြန်လာပြီထင်သောကြောင့် မေမေ့ကိုပြောလိုက်ရင် အဆ





နိုင်လား..။ ဆူလည်း ဘာဖြစ်လဲ..ဦးကိုမှမထားခဲ့နိုင်တာ.. ၊

တီ..တီ.. ၊

ဖုန်းဝင်နေလျက် ကိုင်မယ့်လူမရှိ။ Missed call ဖြစ်တဲ့အထိ ငြိမ် သက်စောင့်နေရင်း ဖုန်းမကိုင်သောအခါ မယ်မင်းမျက်ခုံးလေးတွန့်သွား၏။ မေမေက မယ်မင်းဖုန်းကို မကိုင်စရာမရှိ။ အထူးသဖြင့် မယ်မင်းခရီးထွက် ထဲမှ ဖုန်းကိုကိုယ်နဲ့မကွာထားပြီး တန်းကိုင်တတ်တာ။ မယ်မင်းဖုန်းထပ် ခေါ်ကြည့်သည်။ နှစ်ခါ သုံးခါ ဆက်တိုက်ဝင်နေပေမယ့် မေမေဖုန်းလာမ ကိုင်ပေ.. ၊

ဘာဖြစ်တာလဲ..မေမေများ တစ်ခုခုဖြစ်နေလို့လား..။ ဒါမှမဟုတ် ဦးပြန်လိုက်မလာတာ သိသွားလို့များ စိတ်ဆိုးနေတာလား.. ၊

မဖြစ်နိုင်ပါ။ မယ်မင်း ပြန်မလာတာသိရင် မေမေချက်ချင်းဖုန်းဆက် မှာ။ ဒီကိစ္စသိလို့ မဖြစ်နိုင်.. ၊

မယ်မင်းအတွေးနှင့် တဖြည်းဖြည်းစိတ်ပူလာသည်။ မေမေက အ သုပ်သမား အလွန်ကြေးများသူပါ။ သူ့စိတ်နဲ့အဆင်ပြေတဲ့လူ မယ်မင်းကိုတ ကယ်ချစ်တဲ့လူကိုမှ ခန့်သည်။ ထို့ကြောင့် အိမ်မှာ ဒေါ်ကြီးနန်းနှင့်လုံးလုံး ဆိုသည့် မယ်မင်းထက်နည်းနည်းငယ်သည့် ကလေးမလေးပဲရှိသည်။ မယ် မင်းဒီရောက်ပြီး သိပ်မကြာခင်ကပဲ ဒေါ်ကြီးနန်းသားအကြီးမင်္ဂလာဆောင် လို့ ရွာပြန်သွားသည်။ အိမ်မှာ အမေနဲ့လုံးလုံးနှစ်ယောက်ပဲရှိသည်။ ခြံစောင့် ကလည်း ခြံထဲကတန်းလျားမှာ သူ့ဘာသာနေတာ.. ၊

ဖုန်းလေးငါးခါခေါ်တဲ့အထိ ဖုန်းမကိုင်သေး.. ၊

မေမေဘာဖြစ်နေပါလိမ့်..။ နေမကောင်းများ ဖြစ်နေသလား..။ ဒါမှ မဟုတ် ဖုန်းတစ်နေရာရာမှာ ကျန်ခဲ့လို့လား.. ၊

မယ်မင်း အတွေးများနေစဉ် ဖုန်းမြည်လာ၍ အားတက်သရော ကောက်ကြည့်မိလျှင် မေမေ့ဖုန်းဖြစ်နေသည်။

"မေမေ..မယ်မင်းဖုန်းခေါ်နေတာကြာပြီ.."

"မမလေး.."

"လုံးလုံး.."

"မမလေး..မေမေကြီး ဗိုက်နာလို့တဲ့၊ လူးလိမ့်နေတာပဲ..လုံးလုံး ဦး

ဘထွေးကိုသွားခေါ်တာလည်း မရှိဘူး၊ လုံးလုံးဘာလုပ်ရမလဲ..မမလေး လုံးလုံးကြောက်တယ်.."

ဟင်.. ၊

"ဇိုက်နာနေတယ်ဟုတ်လား..မေမေက အခုဘယ်မှာလဲ.."

"အခန်းထဲမှာ မေမေကြီးက မမလေးကို မပြောနဲ့လို့ ပြောထားလို့ မသိအောင်ထွက်ဆက်တာ၊ မမလေး လုံးလုံးဘာလုပ်ရမလဲဟင်.."

မယ်မင်းဘာပြောရမှန်းမသိပေ။ ထိုစဉ် ဖုန်းထဲသို့အပြင်းအထန်ဝေဒနာခံစားနေရသော မေမေ့အသံဝင်လာ၏။

"လုံးလုံးရေ..ဘယ်မှာလဲ၊ အား..အမလေး.."

"မေမေကြီး..မေမေကြီး.."

လဲပြိုသံသဲ့သဲ့ကြားလိုက်ရပြီးနောက် လုံးလုံးအသံက အလန့်တကြား။ ထို့နောက် ဖုန်းကျသွား၏။ မယ်မင်း ဖုန်းပြန်ခေါ်တော့ ဖုန်းလိုင်းမမိကြောင်းချည်း ပြန်ပြောလာ၏။

"မေမေ.."

မယ်မင်းဖုန်းခေါ်မရတာကို အတင်းခေါ်နေရင်း ဘာလုပ်ရမှန်းမသိဘဲ ထူပူနေသည်။ ထိုစဉ် ဖုန်းပြန်ဝင်သွား၏။ သို့သော် ဖုန်းလာကိုင်မယ့်လူမရှိ။ ဖုန်းဆက်တိုက်ခေါ်နေလျက် ဝင်လည်းဝင်နေပါလျက် လာကိုင်မယ့်လူမရှိလျှင် မယ်မင်း ပိုပြီးစိုးရိမ်ကြီးသွား၏။ လက်ထဲကဖုန်းကို ချက်ချင်းပစ်ချပြီး အားကိုးတကြီးပြေးသွားမိတာ ဦးဆီကိုဖြစ်သည်။

မေမေ..မေမေ ဘာမှမဖြစ်ပါစေနဲ့.. ၊





အခန်း(၂၁)

တံခါးခေါက်သံက အဆက်မပြတ်ထွက်နေသည်။

ဘယ်သူလဲ..။ ကိုထက်ဆိုရင် သူ့အခန်းသော့ရှိနေတာပဲ။ ဒီလိုခေါက်နေရာမလို။ တခြားဝန်ထမ်းတွေဆိုလည်း ဒီလိုတရစပ်အနှောင့်အယှက်ဖြစ်အောင်ထောက်တဲ့အထိ ခေါက်နေမှာမဟုတ်ပေ.. ၊

အား ကျွတ် ကျွတ်.. ၊

ခေါင်းတွေကိုက်ခဲနေသည့်ကြားက သူအားတင်းပြီးမျက်လုံးဖွင့်ကြည့်မိသည်။ နာရီလှမ်းကြည့်တော့ ညတစ်နာရီထိုးနေပြီ။

ဒီအချိန်ကြီး ဘယ်သူလဲ.. ၊

"ဦး..ဦးတံခါးဖွင့်ပါဦး.."

မယ်မင်း.. ၊

ငိုသံစွက်နေသည့် မယ်မင်း၏ရေးကြီးသုတ်ပျာသံကြောင့် သူတံခါးဆီထသွားမိသည်။ ခေါင်းကိုက်နေသည်မှလွဲ၍ သူတော်တော်လေးသက်သာနေ၏။ တံခါးဖွင့်ကြည့်လိုက်တော့ မယ်မင်းတစ်ခုခုကိုစိတ်လောနေပုံဖြင့် သူ့အားရောက်လာသည်။

"ဦး..မေမေ မေမေလေ၊ မေမေဗိုက်အောင့်လို့တဲ့..အော်ပြီးဖုန်းချသွားတယ်၊ မယ်မင်းဖုန်းထပ်ခေါ်တာလည်း ခေါ်လို့မရတော့ဘူး..မေမေ့အော်သံက တော်တော်ကြီးအခြေအနေဆိုးနေတဲ့ပုံပဲ၊ အိမ်မှာလည်း ဘယ်သူမှမရှိဘူး လုံးလုံးကလည်း တစ်ယောက်တည်းဘာမှမလုပ်တတ်ဘူး..မေမေဘာဖြစ်နေပြီလဲမသိဘူး၊ မေမေ့ကိုကယ်ပါဦး..ဦး.."

"နေ..နေပါဦးမယ်မင်းရယ်၊ မယ်မင်းက ဘာလို့ခုထိမပြန်သေးတာ

လဲ..”

“ဦးမှနေမကောင်းတာ..မယ်မင်း ဦးကိုစိတ်မချလို့ နေခဲ့တာ..”

ဦးနေဇ ခေါင်းကြီးသွား၏။ တော်ရုံဆို ဝန်ထမ်းတွေထားသေးသည် ခုတော့ မုန်တိုင်းကစိုးရိမ်ရသည့်အခြေအနေမို့ ဝန်ထမ်းတွေတောင် အိမ်ပြန် ခိုင်းထားတာဖြစ်သည်။ ဒါကို မယ်မင်းဒီမှာပဲရှိနေသေးသည့်အဖြစ်ကြော သူကျော်စွာနှင့်သီတာတို့မျက်နှာတွေကို မြင်ယောင်ရင်း စိတ်အညစ်ကြီးည သွားမိသည်။

“မဟုတ်တာမယ်မင်းရာ..မယ်မင်းနေခဲ့တာ သီတာသိလား..”

“ဟင့်အင်း..ဦးကလည်း ဘာလို့အဲ့တာတွေပြောနေတာလဲ၊ မေမေ မကောင်းပါဘူးဆိုမှ မယ်မင်းပြောနေတာ နားမထောင်ဘူးလား..”

“ဟုတ်ပါပြီ..ဦးဖုန်းဆက်ပေးမယ်၊ ခဏလေးနော်..ခဏလေးပဲစော

ဦးနေဇ မယ်မင်းကိုခုံမှာ ခဏထိုင်ခိုင်းပြီး ဖုန်းဆက်ကြည့်၏။ ဖုန် ဝင်နေလျက် မကိုင်။ မယ်မင်း ဦးနေဇအနားသို့ စိတ်လောလျက် လာ ကြည့်နေသည်။ ဖုန်းမကိုင်လျှင် ဒေါ်သီတာအေးအား စိုးရိမ်လျက် ငိုမှ လေးဖြစ်လာ၏။

“တွေ့လား..မယ်မင်းပြောသားပဲ၊ ဖုန်းမကိုင်နိုင်လောက်အောင် မေ မေတော်တော်ဖြစ်နေလားမသိဘူး..ညဘက်ကြီးတစ်ယောက်တည်း၊ အိမ် လည်း ဘယ်သူမှမရှိဘူး..မယ်မင်းပြန်ချင်တယ်ဦး၊ အိမ်ပြန်မယ်..မယ်မ ကိုပြန်လိုက်ပို့ပေးပါနော်..”

ဦးနေဇ နေမကောင်းတာတွေလည်း ဘယ်ရောက်ကုန်မှန်းမသိတော ပါ။ မယ်မင်း ဒီကျွန်းမှာပဲရှိနေသေးလို့ စိတ်မချဖြစ်တာရော ဟိုမှာရှိနေသည လူအတွက် စိတ်ပူတာရော ထူပူလာ၏။ အနီးအနားအိမ်တွေမှာလည်း အ တစ်ယောက်မှမရှိ။ သီတာ ဘာဖြစ်နေပြီလဲ.. ၊

“ဦး ဘာစဉ်းစားနေတာလဲ..ဦးနေကောင်းပြီမဟုတ်လား၊ မယ်မင်း ပြန်ရအောင်..မယ်မင်းမေမေ့ကို စိတ်ပူလို့ပါ၊ မယ်မင်းကိုပြန်လိုက်ပို့ပေး နော်..နော်လို့ဦး..”

“ဒီအချိန်ကြီးဘယ်လိုလုပ် ပြန်လို့အဆင်ပြေမှာလဲမယ်မင်းရဲ့..ပြ မယ်ဆိုရင်တောင် မိုးလင်းမှရန်ကုန်ရောက်မှာ၊ ဟိုမှာအသည်းအသန်ဖြစ်





ဲ့လူကိုလည်း အကူအညီဖြစ်မှာမဟုတ်ဘူး..ဝန်ထမ်းတွေလည်း အားလုံး ကို အိမ်ပြန်ခိုင်းထားတာ၊ ဒရိုင်ဘာတွေလည်း တစ်ယောက်မှမရှိလောက် တော့ဘူး..ပြီးတော့..”

“ဦးကဘာဖြစ်နေလို့လဲ..သူလည်းကားမောင်းနိုင်ရဲ့သားနဲ့၊ အန်ကယ် ကပြောတယ်..ဦးကစပိဘုတ်လည်း မောင်းတတ်တယ်တဲ့၊ သူများကကျ တော့ သူ့ကိုစိတ်မချလို့ မပြန်ဘဲနေပေးရတယ်..မယ်မင်းမေမေကိုကျတော့ စ်ထားတာကောင်းလား..”

မယ်မင်းက ကလေးဆန်ဆန်ရန်တွေ့ရင်း မျက်ရည်ကကျလာပြီဖြစ် သည်။

“ပြဿနာပဲကွာ..သီတာ့ကို ပြစ်ထားတာမဟုတ်ပါဘူးမယ်မင်းရယ်၊ ပြန်လည်း ဘာမှမထူးလို့ပြောနေတာ..”

“တော်ပြီ..ဦးလိုက်မပို့ချင်လည်းရတယ်၊ မယ်မင်းဘာသာပြန်မယ်.. ဒီဘက်ကမ်းကို ရေကူးပြီးသွားမယ်၊ ကားလည်း ကိုယ့်ဘာသာပဲမောင်းပြန် မယ်..ဘယ်သူမှလိုက်မပို့နဲ့၊ ဦးကိုမုန်းတယ်သိလား..”

မယ်မင်းက သူ့ကိုခပ်စိမ်းစိမ်းကြည့်ပြီး ပါးပေါ်ကမျက်ရည်ကို လက် နဲ့ခပ်ကြမ်းကြမ်းသုတ်ပစ်ကာ ပြောလည်းပြောရင်း ချာခနဲလှည့်ထွက်သွား ၏။

“ဟေ့..မယ်မင်း နေဦး၊ မယ်မင်း..”

လက်ကိုပြန်ဆွဲထားတော့ မယ်မင်းကမျက်ရည်တွေဝိုင်းနေသည့် မျက်ဝန်းလေးနှင့် သူ့ကိုမျှော်လင့်တကြီးမော့ကြည့်၏။ မဖြစ်နိုင်တဲ့အ ကြောင်း အကျိုးမထူးတာကိုပြောမည့်ပါးစပ်က သူမအကြည့်ကြောင့် ဆွံ့အ သွားရ၏။

“ဦးကလိုက်ပို့ချင်လို့ ပြောနေတာမဟုတ်ဘူး..”

ထိုစကားထက်ပို၍ သူရှေ့မဆက်နိုင်။ မျက်ရည်များဖြင့် မျှော်လင့် တကြီးငေးကြည့်နေသည့် လက်တောက်နေသည့်မျက်လုံးလေးတွေနဲ့ ဆုံမိ ချိန်က် သူသည်ထိုမျက်လုံးလေးများရဲ့အမိန့်ကို မလွန်ဆန်နိုင်။ ဟိုကိုအချိန် မီရောက်ဖို့ မရောက်ဖို့ထက် မနက်ဖြန်မုန်တိုင်းဝင်မည်ဟု ပြောထားသည်။ မုန်တိုင်းက ဘယ်လောက်ကြီးမလဲ မသိပေမယ့် လှိုင်းကြီးလေကြီးနေရင်

စပိဘုတ်မောင်းလို့မရတော့သဖြင့် ဟိုဘက်ကမ်းကူးလို့ရတော့မှာ မဟုတ် သေမယ်ဆိုရင်တောင် ဒီကျွန်းပေါ်မှာပဲနေရမည့်အဖြစ်မို့ မုန်တိုင်းအတွ မှာ မယ်မင်းဒီမှာဆက်ရှိနေမယ့်အဖြစ်ကို သိတာတို့သိလည်း သဘော ကြမှာ မဟုတ်ပေ.. ။

"ဦးလိုက်ပေးမယ်..ခဏစောင့်.."

♥

အခန်း(၂၂)

"ဒီအချိန်ရောက်မှတော့ မပြန်ပါနဲ့တော့ဆရာ..မိန်းကလေးအဖေ ထည့်ပေးဖို့လည်း တစ်ယောက်မှမရှိတော့ဘူး၊ အကုန်ပြန်သွားကြပြီ..သမီး လေးအမေကို စိတ်မပူလို့ပြောနေတာ မဟုတ်ပါဘူး..ဟိုကိုချက်ချင်းပြ ရောက်နိုင်မှာမှ မဟုတ်တာ.."

"မဟုတ်ဘူးကိုထက်..သိတာကိုစိတ်ပူတာသပ်သပ်ပဲ မဟုတ်ဘူး မယ်မင်းကို ဒီမှာဆက်နေခိုင်းလို့ အဆင်မပြေတာ..လေကြီးမိုးကြီးပြန်ပြေ တော့မှ ကျွန်းပေါ်မှာ မုန်တိုင်းမိပြီး ဒုက္ခရောက်သွားမယ်..ကျုပ်ကဘာမြ ဖြစ် ကိစ္စမရှိဘူး၊ မယ်မင်းကတော့ ဒီကျွန်းပေါ်မှာ မုန်တိုင်းမိသွားလို့ ဝမဖြစ်ဘူး..သိတာတို့ အရမ်းစိုးရိမ်ကြလိမ့်မယ်.."

"ကျွန်းပေါ်မှာ မုန်တိုင်းမိသွားလည်း ဘာစိုးရိမ်စရာရှိလို့လဲဆရာ ရယ်..ကျွန်းမြုပ်ရလောက်အောင်တော့ ရေမကြီးပါဘူး၊ ကြီးလည်း ကျွန် တော်တို့ဟိုတယ်က ကုန်းမြင့်မှာ ရေဘယ်လောက်တက်တက် အပေါ်ထိ ရောက်ပါဘူး..လေတိုက်ရင်လည်း အလုပ်သမားတန်းလျားထဲဆင်းနေ





တောင်နှစ်လုံးကြားထဲရောက်သွားတော့ အဆင်ပြေတယ်၊ လေကွယ်ပြီးသား ပဲ..အလွန်ဆုံးလေပြင်းလို့ ဟိုဘက်ကမ်းကူးမရတာလောက်ပဲ ဒုက္ခဖြစ်မယ်၊ ဒါလည်း ကျွန်တော်တို့ဆီမှာ ရိက္ခာအစုံအလင်ရှိပြီးသား..ပြီးတော့ မုန်တိုင်း သတိပေးထားလို့သာ ကြိုတင်ပြင်ဆင်ထားတာ၊ ချောင်းသာမှာဘယ်တုန်း ကများ မုန်တိုင်းကြီးကြီးမားမားတိုက်ဖူးလို့လဲ.."

ဦးမိုးထက် ဦးနေဇကိုယ်တိုင် စပိဘုတ်မောင်းမည်ဆို၍ သူများတွေလို အိမ်မပြန်ဘဲ ဒီမှာပဲစောင့်ပေးမည်ဟုဆိုတာ အလုပ်သမားတန်းလျားမှာအိပ် နေသည့် စပိဘုတ်မောင်းသည့်မှန်ကြီးကို ခေါ်ခိုင်းထားရင်း မပြန်ဖို့ဖျောင်း ဖျနေမိသည်။ သို့သော် မယ်မင်းကို သေချာနားချပြီး သူငယ်ချင်းတွေနဲ့အတူ ပြန်ခိုင်းသင့်ပါလျက် မယ်မင်းသဘောအတိုင်း နေခဲ့မယ်ဆိုတာကို ခွင့်ပြုခဲ့ မိသည့်က သူ့အပြစ်မို့ မပြောသာ။ သူ့ငွေးက သူ့ကိုအပြစ်မတင်ပေမယ့် ကိုယ့်ကိုယ်ကို အပြစ်ရှိသလို ခံစားမိ၏။ ခုတော့ သူမယ်မင်းကို အလိုလိုက် မိတဲ့အဖြစ်ကြောင့် နေလည်းသိပ်မကောင်းသေးဘဲ ဆရာခရီးထွက်ရတော့ သည်။

"အောင်လေးတို့လင်မယားရှိတယ်မဟုတ်လား..အေးမမကို ရန်ကုန် ခဏခေါ်သွားလို့ ရမယ်ထင်တယ်၊ မိန်းကလေးအဖော်ပါတော့ မယ်မင်းအ တွက် အဆင်ပြေတာပေါ့.."

ဦးမိုးထက် ဦးနေဇကိုကြည့်ရင်း သက်ပြင်းချမိသည်။ ဒီအတိုင်းဆို သူဘာပြောပြော ဆရာကရန်ကုန်ကိုပြန်ကိုပြန်တော့မည်ပေါ့.. ။

"ကျွန်တော်ဖုန်းဆက်ပြီး အောင်လေးကိုလှမ်းခေါ်ထားလိုက်မယ်ဆ ရာ..သူလာရင် အေးမပါ ပါလာလောက်ပါတယ်.."

ဦးနေဇ ရီဆက်ရှင်မှာထိုင်နေရင်း Lobbyမှာတစ်ယောက်တည်းထိုင် ပြီး ဖုန်းခေါ်နေသည့် မယ်မင်းကို လှမ်းကြည့်မိသည်။ မယ်မင်းက အောက် ခံဘောင်းဘီရှည်ပွပွနှင့် ညဝတ်အင်္ကျီကို အပေါ်က လောင်းကုတ်အနွေး ဆည် အရှည်ထပ်ဝတ်ထားပြီး လေတိုက်နေ၍ ချမ်းနေသည်ထင်သည်။ ကုတ်ကုတ်လေးဖြစ်နေ၏။ သူကြည့်နေစဉ်မှာပင် မိုးမရွာဘဲ အခြောက်တိုက် နေခြိမ်းလိုက်သည့် မိုးခြိမ်းသံကြောင့် မယ်မင်းကိုယ်လေး ဆတ်ခနဲတုန်သွား ပြီး လက်ထဲကဖုန်းလွှတ်ကျသွားသည်။ ဖုန်းကိုချက်ချင်းငုံ့ကောက်ပြီးသည်

နှင့် မယ်မင်းသူ့ဆီပြေးလာပြီး ဘေးမှာဝင်ထိုင်၏။

"သမီးလေးက ဆံပင်တွေစည်းထားလေသမီးရဲ့..စပိဘုတ်ပေါ်မှ လေအရှမ်းတိုက်မှာ တော်ကြာရှုပ်နေလိမ့်မယ်.."

မယ်မင်းပြောလာတော့ ဆံပင်တွေဝဲလွင့်နေသည်မို့ ဦးမိုးထက်က ... မြင်မတော်ဘဲ ဝင်ပြောသည်။ မယ်မင်းက သူ့ဘေးဝင်ထိုင်ရုံမက သူ့လက် ... မောင်းကိုပါ လှမ်းကိုင်ပြီး သူ့ကိုမော့ကြည့်လာ၏။ ဦးမိုးထက် မယ်မင်း ... နေဇလက်မောင်းကို ဖက်ထားတာတစ်ချက်ကြည့်ပြီး 'မှန်ကြီးကိုသွားခေါ် ... မှပါ'ဟုပြောပြီး ထထွက်သွား၏။ ဦးနေဇ မယ်မင်းကိုင်ထားသည့်လက်ကို ... ရုန်းလိုက်ပြီး စကားမရှိစကားရှာကာ.. ၊

"ဆံပင်တွေစည်းလိုက်လေမယ်မင်းရဲ့.."

သူပြောလိုက်တော့ မယ်မင်းက အနွေးထည်အိတ်လေးအတွင်း ... ခေါင်းစည်းကွင်းလေးထုတ်ယူပြီး သူ့လက်ထဲထည့်ပေးပြီး ကျောခိုင်းကာ ... သင့်စောင့်နေပြန်၏။

"ကိုကိုခေါင်းစည်းပေး"လို့ပြောပြီး သားဘေးမှာဒီလိုလာထိုင်တ ... တာကို သူမြင်ဖူးနေကျပါ။ စာကျက်နေတာဖြစ်ဖြစ် တစ်ခုခုစားသောက် ... တာဖြစ်ဖြစ် ဘာလုပ်နေပါစေ "ကိုယ့်ဘာသာစည်းပါလား မယ်မင်းရာ" ... ဘယ်တော့မှ ငြီးငြူလေ့မရှိဘဲ သားသည်မယ်မင်းဆံပင်တွေမပြုတ်အော ... တယုတယညင်ညင်သာသာ စိတ်ရှည်လက်ရှည်လုပ်ပေးတတ်သည်။ သူ ... တော့ ခေါင်းစည်းကွင်းကိုင်ထားပြီး ဆံပင်တွေကိုပင် ဘယ်လိုစကိုင်ရမှ ... မသိ.. ၊

"ဦးမစည်းတတ်ဘူးကွ.."

"ဟွန်..ဦးကလည်း.."

မယ်မင်းက သူ့လက်ထဲက ခေါင်းစည်းကွင်းကို ပြန်ယူလိုက်လှ ... သူမဘာသာစည်းတော့မည်ထင်သော်လည်း မစည်းဘဲ အိတ်ထဲပြန်ထ ... လိုက်၏။ ပြီးတော့ သူ့ကိုစကားမပြောတော့ဘဲ ဖုန်းခေါ်နေပြန်သည်။ ... လည်း မယ်မင်းအနားမှာ ဆက်မထိုင်ချင်သည်မို့ ဟိုဒီလမ်းလျှောက်နေလို ... သည်၊ ဟိုတယ် Lobbyသည် တောင်ကုန်းပေါ်မှာ ဝရန်တာနှင့်ဟာလာဟ ... လင်းပဲလုပ်ထားသည်မို့ ပင်လယ်ကိုဖြတ်တိုက်နေသည့်လေက အသံမြ ...





သည်အထိ တဟူးဟူးတိုက်ခတ်နေသည်။ အဆောက်အဦးမှာရှိသည့်မီး ရောင်ကလွဲပြီး ပတ်ပတ်လည်ပိန်းပိတ်အောင် မှောင်နေပြန်၏။

"ဦး..မယ်မင်းတောက်လျှောက်ခေါ်နေတာ ခုထိမရဘူး၊ မေမေဘာ ဖြစ်နေပြီလဲမသိဘူး.."

"ခဏလေးပါမယ်မင်းရယ်..ခုပဲ ဦးတို့ထွက်တော့မှာပဲ၊ စိတ်အေးအေး ထားပါ.."

"ဦးက ဘာရယ်လုပ်နေတာလဲ..မယ်မင်းအနားမှာလာနေပါ၊ ကြောက် ပါတယ်ဆိုမှ.."

သူ မယ်မင်းအနားကိုသွားဖို့ ခြေလှမ်းတွေတုံ့ဆိုင်းနေသည်။ ကံ ကောင်းထောက်မကာ ဦးမိုးထက်နှင့်မှန်ကြီးတို့ရောက်လာ၍ သက်သာရာ ရသွား၏။ ကမ်းစပ်ကိုဆင်းတော့ လေတိုက်လို့အေးနေသည့်အပြင် ပင်လယ် ရေကပါ အေးစိမ့်နေသည်။

"အား..အေးလိုက်တာရေကလည်း.."

စပိဘုတ်ဆီရောက်အောင် ရေစပ်စပ်ထဲဆင်းရသည်မို့ မယ်မင်း ညည်းသံလေး ထွက်လာသည်။ စပိဘုတ်ပေါ်တက်တော့ မယ်မင်းလက် မောင်းကို လှမ်းကိုင်ခေါ်ရစဉ် လက်ဖျားလေးတွေအေးစက်နေတာကို သတိ ထားမိ၏။

"အေးလိုက်တာ..ဦးပြန်ဖျားတော့မှာပဲ.."

"ဦးကဘာမှမဖြစ်ပါဘူး..မယ်မင်းချမ်းနေရင် လက်တွေအိတ်ထဲထည့် ထားလေ.."

"ဟုတ်.."လို့ ပြောပေမယ့် ထည့်ထားလို့မရပါ။ လေနဲ့အတူ လှိုင်း ကြီးနေ၍ စပိဘုတ်က မငြိမ်မသက်မို့ ဘေးကတန်းကိုကိုင်ထားရသည်။ အ ဆေါ်တစ်ချက်မြောက်သွားတိုင်း ပြန်အကျမှာ လူတခြားလွင့်သွားပြီလားထင် ရ၏။ မှန်ကြီးလည်း မမြင်မစမ်းမှာ ရေပြင်ကို သေချာမီးထိုးကြည့်ပြီး မောင်း နေရသည်။ သို့သော် ကံကောင်းထောက်မကာ တစ်ဖက်ကမ်းဆီ ချောချော မောမောရောက်သွား၏။

"မှန်ကြီး..မင်းတစ်ယောက်တည်းပြန်လို့ အဆင်မပြေရင် ဒီဘက်မှာ နေလိုက်တော့.."

"ရတယ်ဆရာ..ဟိုတယ်မှာ လူမရှိဘူး၊ ကျွန်တော်နဲ့ဆရာမိုးပဲစောင့်ရမှာ..ကျွန်တော်ပြန်တော့မယ်နော်ဆရာ.."

"အေး..အေး ဂရုစိုက်ဦး.."

မိုးထက်မှာထားသည်မို့ ဒီဘက်ကမ်းမှာ ကမ်းစပ်ကနေ ကိုရယ်ပို့သည့်ကားပါကင်ဆီသို့ ပို့ပေးမည့်ဒရိုင်ဘာအောင်လေး ကြိုစောင့်နေ၏

"အောင်လေး..အေးမမ မပါဘူးလား.."

"မပါဘူးဆရာ..ရွာထဲသွားအိပ်နေလို့ ကျွန်တော်တစ်ယောက်တည်းဒါနဲ့ ဆရာနေမကောင်းဘူးဆို..ကားမောင်းနိုင်ရဲ့လား၊ မဟုတ်ရင် ကျွန်တော်လိုက်ပို့ပါတယ်ဆရာရယ်..အိမ်မှာကလေးရော ယောက္ခမကြီးပါနေမကောင်းဖြစ်နေလို့ပါ..မုန်တိုင်းကလည်းရှိတော့ ကျွန်တော်မရှိလို့ မဖြစ်ဘူးဖြစ်နေတယ်.."

ဘာမှမပြောရသေးခင်ကတည်းက အောင်လေးကသူ့အခက်အခဲကိုပြောနေသဖြင့် မောင်းပို့ဖို့ သူလည်းမပြောမိတော့ပါ။ မယ်မင်းက တစ်ခိုးလုံးမျက်နှာလေးငယ်လျက် အမေဖြစ်သူကိုစိုးရိမ်ကာ စကားသံလုံးဝမထွက်ဘဲ တိတ်ဆိတ်နေသည်။ ကားပါကင်မြေကွက်ဆီရောက်တော့ သူ့ကားပေါ်ပြောင်းတက်ပြီး ချောင်းသာမှထွက်လာကြသည်အထိ အားလုံးကောင်းမွန်နေခဲ့၏။

သို့သော်.. ၊

♥





## အခန်း(၂၃)

ပို့က်ဘာမနိုင်တော့ပြီ။ ရှေ့ကိုသဲသဲကွဲကွဲမမြင်ရသည်အထိ မိုးကြီးနေပြီဖြစ်၏။ မယ်မင်းကိုအလိုလိုက်ပြီး ထွက်လာခဲ့မိတာမှားပြီ။ တကယ်ဆို မယ်မင်းပြောတာကို လက်မခံဘဲ ဒီအခြေအနေကို မယ်မင်းသိအောင်သူဖျောင်းဖျပြောရမှာ။ "မင်းတို့ကလည်း ကလေးကို လုပ်သင့်တာမလုပ်ရအောင် ဆုံးမပေါ့ကွ..သူပြောသမျှ လက်ခံပေးနေရလား.."ဟု ကျော်စွာတို့ကို မယ်မင်းနဲ့ ပတ်သက်ပြီး သူအပြစ်တင်ဖူးသည်။

"မယ်မင်းက သူဖြစ်ချင်တာဆိုဖွတ် မဖေရဲ့.."ဟု သားညည်းညည်းညူညူပြောတာလည်း သူကြားဖူးသည်။ ခုတော့ သူကိုယ်တိုင်ဖြစ်လာ၏။ သူရှေ့ကိုသတိကြီးစွာထားပြီး စူးစိုက်ကြည့်နေရင်း သက်ပြင်းချမိ၏။ လှည့်ကြည့်လိုက်တော့ ဘေးမှာမယ်မင်းဖုန်းကိုင်ရင်း တရှုံ့ရှုံ့ငိုနေ၏။

"မယ်မင်း..ငိုနေတာလား.."

"မေမေဖုန်းမကိုင်ဘူး..မေမေတစ်ယောက်တည်း ဘယ်လောက်အောင် ဒုက္ခရောက်နေမလဲမသိဘူး၊ ဦးကားကလည်း လိပ်ကြီးကျနေတာပဲ..မယ်မင်းမေမေ့ဆီ ရောက်မှာကိုမဟုတ်တော့ဘူး.."

ပြဿနာပါလား..မယ်မင်းငိုနေတာ သီတာ့ကိုစိတ်ပူလို့လား၊ သူ့ကားနှေးနေလို့လား.. ၊

"မိုးဒီလောက်ရွာနေတာ အရမ်းမောင်းရင် အန္တရာယ်ရှိတယ်မယ်မင်းရဲ့.."

"ကိုကိုဆို အမြန်မောင်းပေးမှာ.."

တကယ့်ကို ကလေးပဲကွာ.. ၊

ခုမှချောင်းသာက ထွက်စပဲရှိသေးသည်။ ရှောပြာမကျော်မချင်း လမ်းကအကွေ့အကောက်များသည်။ ကျဉ်းလည်းကျဉ်းသည်။ လွှတ်မောင်း၍ အဆင်မပြေ။ သို့သော် လူကိုမျက်စောင်းထိုးပြီး နှုတ်ခမ်းစူနေသည့် ကလေး ကြောင့် သူကားကိုနည်းနည်းအရှိန်တင်လိုက်ရ၏။ အကွေ့တွေရောက်တိုင်း ကားက သူ့ဘာသာအရှိန်ထိန်းပေးနေသည်မို့ သူခပ်မြန်မြန်ဘဲမောင်းမိတော့ သည်။ ရှေ့ကိုအတင်းအာရုံစိုက်မောင်းနေရ၍ တိတ်တော့နော် ဘာည လည်း ပြောမနေနိုင်။ ကားမောင်းနေရင်း မသိမသာပြန်လှည့်ကြည့်မိလျှင် သူကားမြန်မြန်မောင်းပေးလိုက်လို့ စိတ်ချမ်းသာသွားသလားမသိ။ အခု တိတ်မျက်ရည်သုတ်ပြီး မျက်နှာရှေ့ကျနေသည့် ဆံပင်တွေကို နားမှာည ကာ ဖုန်းခေါ်နေသည်။ ဖုန်းကိုင်ကြည့်နေတုန်း ဆံပင်ကနားကြားထဲကမေ လျှံပြီး ရှေ့ကိုထပ်ကျလာပြန်သည်။

"ဟာ..ဒီဆံပင်ကလည်း ကိုယ့်ဘာသာမနေဘူး.."

ဆံပင်နဲ့လည်း ရန်ဖြစ်တာပဲ.. ။

ဒုန်း.. ။

"ဟာ.."

ကျွိ..။ ဒုန်း ဒုန်း.. ။

သူ မယ်မင်းဆီစိတ်တစ်ချက်လွင့်သွားစဉ် ကားသည်ဘာနဲ့တိုက်မိ သည်မသိ။ ဒုန်းခနဲဆောင့်ခုန်ကာ လမ်းဘေးသို့အရှိန်နှင့် ထိုးဆင်းသွား၏။

"အား..မေမေရေ.."

မယ်မင်း အော်သံကို နောက်ဆုံးကြားလိုက်ရပြီးနောက်.. ။

♥





အခန်း(၂၄)

သီးချင်းသံသဲ့သဲ့ကို ကြားနေရသည်။ မိုးခြိမ်းသံ၊ လေသံမိုးသံတွေ ကိုလည်း ကြားနေသည်။ အသံတွေက ဝေးသွားလိုက်၊ နီးလာလိုက်နှင့် တစ်ချက်တစ်ချက် တိတ်ကျသွားသေး၏။ တစ်ကိုယ်လုံးတင်းတင်းကျပ် ကျပ်ကြီး ခံစားနေရတာ ဘာကြောင့်မှန်းမသိ။ အသက်ရှူကျပ်ပြီး ရင်ဘက် အောင့်လာသည်။ တဖြည်းဖြည်းနှင့် သူသတိလည်လာသည်။

မယ်မင်း.. ။

ကားတိုက်မိတဲ့အဖြစ်ကို သတိရမိသည်နှင့် အရင်ဆုံးစိတ်ပူသွားတာ မယ်မင်းကိုဖြစ်သည်။ မျက်လုံးတွေကို အားတင်းဖွင့်ကြည့်လိုက်လျှင် သူ့ ကိုယ်သည် လေအိတ်နှင့် ထိုင်ခုံကူရှင်တို့ကြားမှာ ညပ်နေသည်။ လေအိတ် ကောင်း ပွင့်တယ်ဆိုတော့ ကားတော်တော်ဖြစ်သွားတာပဲ...။ အတွေးနှင့်အတူ ခေါင်းလှည့်ပြီး မယ်မင်းကိုလှည့်ကြည့်မိသည်။ မယ်မင်းသတိလစ်နေ၏။ သူကားထဲက ကြိုးစားထွက်လိုက်ပြီး မယ်မင်းကိုပဲအပြင်ဆွဲထုတ်ဖို့ လုပ်ရ သည်။ အပြင်မှာ မိုးသည်းနေသဖြင့် သူ့တစ်ကိုယ်လုံး မိုးရေတွေစိုရွှဲသွား သည်။ မယ်မင်းရှိနေသည့် ကားတံခါးကိုဆွဲဖွင့်လိုက်ပြီး မယ်မင်းကိုခက် ခက်ခဲခဲ ဆွဲထုတ်ရ၏။ မယ်မင်းသတိလစ်နေလျက် ခွေခွေခေါက်ခေါက် ကားပါလာပြီး မိုးရေတွေမျက်နှာကိုစင်လာမှ လူးလွန့်လာသည်။

"မယ်မင်း..မယ်မင်းသတိရပြီလား၊ မယ်မင်း.."

"အား.."

"ဘာဖြစ်လို့လဲ..ဘယ်နေရာထိသွားတာလဲ၊ မယ်မင်း..ဦးပြောနေတာ ကြားလား.."

"လက်..လက်နာတယ်.."

မယ်မင်းက ဟိုနေ့ကထိမိထားသည့်လက်ကိုပဲ ဆုပ်ကိုင်လျက်ငြီး ဟိုနေ့ကတည်းက နာတာမပျောက်တာလား..ဒါမှမဟုတ် ကားတိုက်မိ ပြန်ထိသွားတာလား သူမသိ။ တခြားခေါင်းတွေဘာတွေမထိ။ ဒဏ်ရာ ကြီးမားမားမရှိ၍ မယ်မင်းကိုယ်ကိုတွဲပြီး ကားနောက်ခန်းထဲ ထိုင်ခိုင်းလို ၏။ သူရေစိုလက်စနှင့် ကားပေါ်ချက်ချင်းမတက်ဘဲ ကားဘယ်လောက် သွားလဲသိချင်၍ အင်ဂျင်ကိုသွားစစ်ကြည့်မိသည်။ ကားကသစ်ပင်ကို တိုက်၍ ခေါင်းပိုင်းထိထားသည်။ Volvo 2018 modelမှာပါသည့် အ ဂျင်ခန်း ကားဘွန်းနပ်မှ လေအိတ်ပွင့်နေပြီး ကားရှေ့မှန်နှင့် အင်ဂျင်ခန်း မထိအောင်ကာပေးထားသည်။ လူတွေဒီလောက်ပဲဖြစ်တာ တော်သေးသ ပတ်ပတ်လည်မှာ မှောင်မည်းနေပြီး လမ်းအနိမ့်ပိုင်းချောက်ထဲသို့ ချော လာတာဖြစ်သည်။ သူမိုးရေထဲမှာရပ်ပြီး အခြေအနေကိုတွက်ဆကြည့်နေ တုန်း ကားထဲကမယ်မင်းခေါ်သံသဲ့သဲ့လေး ထွက်လာသည်။

"ဦး..ဦး.."

မိုးသံလေသံကြားမှ မယ်မင်းခေါ်သံသဲ့သဲ့လေးကြောင့် သူမယ်မ ဆီ ပြန်လျှောက်လာမိသည်။ မယ်မင်းရှိနေသည့် နောက်ခန်းတံခါးကိုမ ဘဲ ရှေ့ခန်းတံခါးကိုပဲဖွင့်ပြီး မေးဆတ်မေးမိသည်။

"ဖုန်း..ဖုန်းမြည်နေတယ်ဦး၊ မေမေပြန်ဆက်တာလားမသိဘူး..အ အရှေ့မှာ.."

ဟုတ်သည်။ ခုနက သီချင်းသံမြည်နေသည်။ ဒါမယ်မင်းဖုန်းသံ ရင် ဖုန်းပြန်ဆက်နေတာ တော်တော်ကြာနေပြီ။ သူ ကားရှေ့ခန်းထဲ အသံမြည်ရာလိုက်စမ်းပြီး ကြမ်းခင်းမှာ ရှာကြည့်မိတော့ ဖုန်းကိုတွေ့သွား

"ဦး..အထဲလာ.."

မယ်မင်းက သူမဘေးမှာဝင်ထိုင်ဖို့ နေရာဖယ်ပေးနေသည်။ သူက ရှေ့ခန်းမှာဝင်ထိုင်ဖို့ အဆင်မပြေသည်မို့ နောက်ခန်းထဲဝင်ထိုင်လိုက် ကားအတွင်းခန်းမီးဖွင့်လိုက်ကာ မယ်မင်းကိုဖုန်းပေးလိုက်သည်။ သီတာ့ မှန်းသိနေ၍ သီတာသက်သာသွားတာလား..တစ်ခုခုဖြစ်လို့လား စိုးရိမ်စိ ဖြင့် စောင့်ကြည့်နေမိသည်။





"မေမေရယ်ဦး..မေမေပြန်ဆက်တာ.."

မယ်မင်း ဝမ်းသာအားရပြောပြီး ဖုန်းကိုင်လိုက်၏။

"မယ်မင်း..သမီးလား၊ ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲသမီးရယ်..မေ စိတ်ပူသွားတာပဲ၊ သမီးနေခဲ့တယ်ဆို.."

"မေမေ.. မေမေဘာမှမဖြစ်ဘူးလား၊ ခုနက မေမေဗိုက်အောင့်တယ် ပြီး ဖုန်းချသွားတာ့..မယ်မင်း.."

"ဟုတ်တယ်..အဲ့ဒါကြောင့် သမီးစိတ်ပူနေမှာစိုးလို့ မေမေပြန်ဆက် တာ၊ ဘာမှမဖြစ်တော့ဘူး..ဆရာဝန်လည်း လာသွားပြီ၊ မေမေသက်သာ ယ်..သမီးမေမေ့ကိုစိတ်ပူပြီး လျှောက်လုပ်နေမှာစိုးလို့ ပြန်ဆက်တာ၊ ခု ဘာလို့ဖုန်းမကိုင်တာလဲ.."

"ဟို ခုနက.."

မယ်မင်း မျက်လုံးလေးတွေ သူ့ဆီဒိုင်းခနဲရောက်လာသည်။ သီ ပြောတာတွေ သူမကြားပေမယ့် ခုကိစ္စကိုပြောနေမှန်းတော့ သိလိုက် သည်။

"ဟို..မယ်မင်း မယ်မင်းဦးကိုသွားခေါ်နေတာ၊ မေမေ့ဆီချက်ချင်းပြန် မလို့.."

"ထင်တယ်..မေမေထင်တယ်၊ မိုးသံတွေကလည်း ကျယ်လိုက်တာ.. သေးတာပေါ့ သမီးရယ်၊ မလာရသေးခင် မေမေဖုန်းဆက်မိလို့..ခု ကမလာရသေးဘူးမဟုတ်လား၊ မင်းခေါင် အနားမှာရှိလား..သူ့ကိုဖုန်းပေး လိုက်.."

"ဦးမရှိဘူး..ဦးက မယ်မင်းပူဆာလို့ မေမေ့ဆီလာဖို့ ပြင်ဆင်နေတာ."

"မလာနဲ့ မလာနဲ့..သမီးရယ် ရာသီဥတုမကောင်းဘဲ ချက်ချင်းတန်း ကမယ့် ခရီးလည်းမဟုတ်ဘဲနဲ့..နေ့ဖေကို သက်သက်အပူသွားကပ်နေ ယ်၊ မေမေ သူ့ဆီဖုန်းဆက်လိုက်ဦးမယ်.."

မယ်မင်းဖုန်းချလိုက်ပြီး ဦးကိုအားကိုးတကြီးမော့ကြည့်မိ၏။

"မေမေက ဦးဆီဖုန်းဆက်မှာပဲ..မယ်မင်းထွက်လာတာကို မပြောနဲ့ နော်၊ နော်လို့..ဦး.."

"စိတ်ပူမနေနဲ့..ခင်ဗျားလေးအသည်းအသန်ခေါ်လို့လိုက်လာတာ

ဖုန်းကျန်နေခဲ့တယ်၊ အောင်လေးကို လာခေါ်ခိုင်းရမယ်..ဖုန်းပေး.."

မယ်မင်း ဦးကိုဖုန်းပေးလိုက်ပြီး အပြင်ကိုငေးဝဲကြည့်မိသည်။ မိုး... လေထဲမှာ လေပြင်းကြောင့် သစ်ပင်ကြီးများ ယိမ်းနွဲ့နေပုံမှာ ကြောက်စ... ကောင်းလှ၏။ မယ်မင်းကို ပြူးပြဲခြောက်လန့်နေကြသလိုလို။ မယ်မ... အပြင်ကို လိုက်ကြည့်နေရာမှ မျက်နှာလွှဲပြီး ဦးအနားတိုးထိုင်မိသည်။ ဘ... ကိုမှ လိုက်ကြည့်မနေတော့ဘဲ လက်မောင်းကိုဖက်ပြီး မျက်နှာလေးကို ဖိက... ကွယ်ကာ ပုန်းနေမိသည်။

ဦးနေဇ ဖုန်းခေါ်နေရင်း မယ်မင်းကိုငဲ့ကြည့်မိ၏။ သူ့လက်မောင်း... ဖက်ပြီး ဘေးဘီကိုလိုက်ကြည့်နေပုံက အိပ်ရာဝင်ခါနီးကလေးတစ်ယော... အမှောင်ကိုကြောက်ပြီး အရုပ်ကိုအတင်းဖက်ထားသလိုမျိုး။ ဖက်မထားနဲ့... အနားမကပ်နဲ့ စသဖြင့် ပြောချင်နေသောစကားများက မယ်မင်းကြောက်မ... မှန်းသိ၍ ပြောမထွက်တော့ပေ။ ဖုန်းဆက်ခြင်းဆီကိုပဲ စိတ်ကိုနှစ်ထားလို... ၏။

တီ..တီ တီ.. ။

အသံတိုလေးတွေ ဆက်တိုက်ထွက်နေသည်။ ဖုန်းမဝင်။ ဖုန်းလိုင်... တွေပျက်ကုန်ပြီထင်၏။ သူ အားမလျှော့ဘဲ ဆက်တိုက်ခေါ်နေမိပေမယ့် ဖုန်းလိုင်းမမိ၍ ဖုန်းမဝင်ပေ.. ။

"ဦးက ဖုန်းနံပါတ်တွေမှတ်မိတယ်ပေါ့.."

"မှတ်မိတဲ့ဖုန်းကို လှမ်းဆက်နေတာ.."

"ဘယ်သူ့ဆီလဲ..အန်ကယ်မိုးဆီလား.."

"မိုးထက်ဖုန်းကိုလည်း အလွတ်မရဘူးကွ..ရီဆက်ရှင်ကိုဆက်နေတ... ကျွတ်..ဘယ်သူမှမရှိဘူးထင်တယ်၊ မကိုင်ဘူး.."

"အဲ့ဒီကိုဆက်တော့ သူတို့ကမယ်မင်းတို့ဆီ လာလို့ရပါ့မလား.."

"ဘယ်ရမလဲမယ်မင်းရဲ့..ဒါပေမယ့် အောင်လေးဖုန်းနံပါတ်ကိုတော... မေးလို့ရတာပေါ့၊ ဖုန်းမဝင်ဘူးကွာ..ဖုန်းလိုင်းတွေပြတ်ကုန်ပြီထင်တယ်.."

သူဖုန်းခေါ်နေမိစဉ် မယ်မင်းက သူ့ပခုံးပေါ် ခေါင်းလေးမှေးတင်ထ... ပြီး လိုက်ကြည့်နေသည်။ မိန်းမတစ်ယောက်နဲ့သူ ဒီလိုလက်ပွန်းတတီးမ... တာ ဘယ်လောက်တောင်ကြာပြီလဲ..။ နေရထိုင်ရခက်ခြင်းကြောင့် သူမ...





...င်းဘေးမှ အငွေ့ပျံ့ပျောက်သွားချင်မိတဲ့အထိပါ။ သူမလေးကတော့ ဘာမှ ...သိ။ ရေစိုလို့ ချမ်းနေသမျှ သူ့ကိုပဲအတင်းဖက်ထား၏။ ဒီကြားထဲ မိုးခြိမ်း ...သံကြိမ်းခနဲ ထွက်လာတိုင်း ထအော်တတ်သလို.. ။

"ဦး..မယ်မင်းကြောက်တယ်၊ ဒီမှာမနေချင်ဘူး..ပြန်ချင်တယ်.."

ဟို တိုးတိုးလေးကပ်ပူဆာတတ်သေးသည်။

"ကားထဲမှာ ဘာမှဖြစ်စရာမရှိပါဘူးမယ်မင်းရယ်..ဖုန်းဝင်တာနဲ့ အောင်လေးကို ချက်ချင်းလာခေါ်ခိုင်းမှာ၊ ခဏလေး စောင့်လိုက်နော်.."

ကားထဲမှာ ဘာမှဖြစ်စရာမရှိပေမယ့် သူဖြစ်နေတာ သူအသိဆုံး..။ သူမရင်ခွင်ထဲရောက်နေသည့်လက်ကို ဘယ်လိုပြန်ဆွဲထုတ်ရမှန်းမသိ။ ...က်မောင်းမှာပါးလေးကပ်ထားပြီး အသံခပ်တိုးတိုးလေးထွက်လာတိုင်း ...စိတ်တွေယောက်ယက်ခတ်ကုန်တတ်သည်။ ဖုန်းကိုဆက်တိုက်ခေါ်နေရင်း မယ်မင်းသူ့အနားမကပ်အောင် ဘယ်လိုပြောပြီး ဝေးဝေးနေခိုင်းရမလဲ စဉ်း ...းမရ.. ။

"မယ်မင်း..ကားနောက်ခန်းထဲမှာ ဦးရုပ်အင်္ကျီတစ်ထည်ပါတယ်၊ အ ...နောက်သွားပြီး လဲလိုက်.."

မယ်မင်းက သူပြောလိုက်မှ သတိရသွားသလို ချမ်းလို့ကုတ်နေရာမှ ...အပေါ်ကထပ်ဝတ်ထားသည့် အနွေးထည်ကို ချွတ်နေသည်။

"အား.."

"ဘာဖြစ်တာလဲ.."

"လက်နာလို့..တံတောင်ကွေးလို့မရဘူး၊ ဦးချွတ်ပေး.."

ဒုက္ခပါပဲကွာ.. ။

ဝေးဝေးသွားစေချင်လို့ လောကွတ်ချော်မိမှ ပိုဆိုးနေသည်။ မတတ် ...သာသည့်အဆုံး သူမယ်မင်းဝတ်ထားသည့် အပေါ်ကုတ်အား နာနေသည့် ...က်နဲ့မထိအောင် ဆွဲချွတ်ပေးလိုက်သည်။

"အင်္ကျီမလဲတော့ဘူး..အပေါ်အင်္ကျီပဲရေစိုတာ၊ လဲစရာမလိုဘူး.."

သူခေါင်းပဲညိတ်ပြလိုက်ပြီး ဖုန်းဆက်ခေါ်နေမိပေမယ့် ဖုန်းကလိုင်း ...မိလိုက် ဝင်ပြီးမှပြုတ်ကျသွားလိုက်နှင့် ဝင်ပြန်တော့လည်း လာကိုင်မယ့် ...သူမရှိပေ။ ထိုစဉ် ကားမီးရောင်တစ်ချက် လက်ခနဲဖြစ်သွား၏။

ဒုန်း..ဝေါ အုန်း ဒုန်း.. ။

"ဟာ..သွားပြီကွာ၊ တိုက်ပြန်ပြီ.."

လမ်းပေါ်မှာ သစ်ပင်ပြိုကျနေတာလား သစ်တုံးလဲနေတာလား သူ့ကားတုန်းကလည်း ဒီလိုပဲတိုက်မိပြီး စလစ်ဖြစ်သွားတာမို့ ပြင်းထန်သော ထိခိုက်သံကိုကြားလျှင် နှစ်ယောက်စလုံးလန့်သွားကြ၏။

"ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး..မယ်မင်း ဒီမှာနေခဲ့၊ ဦးသွားကြည့်လိုက်ဦးမယ်.."

"ဟင့်အင်း..မယ်မင်းကြောက်တယ်ဦး၊ မယ်မင်းလည်းလိုက်မယ် မနေခဲ့ဘူး.."

"မယ်မင်း..အပြင်မှာအန္တရာယ်များတယ်၊ ပြီးတော့ လမ်းပေါ်တစ်မှာ..မှောင်မှောင်မည်းမည်းနဲ့ မယ်မင်းအဆင်ပြေမှာမဟုတ်ဘူး၊ ဦးခဏသွားကြည့်ပြီး ချက်ချင်းပြန်လာခဲ့မှာ.."

သူမယ်မင်းကို နှစ်သိမ့်ပြီး ကားနောက်ခန်းထဲက ထီးကိုလှမ်းယူသည်။ ဒီလောက်မိုးသည်းနေတာ လုံမှာမဟုတ်မှန်းသိပေမယ့် ရေစိုသည်ထက်သာလိုသက်သာငြားပါ။ သူဆင်းလာတော့ မယ်မင်းကားမှန်မှာ မျက်နှာလေး ကပ်ကြည့်ရင်း ကျန်ခဲ့၏။

မိုးသည် တဝုန်းဝုန်းတဒိုင်းဒိုင်း အားကောင်းနေဆဲ.. ။

လေသည်လည်း အားကျမခံ သူ့လမ်းကြောင်းမှာရှိသည့် အရာဝတ္ထုတိုင်းကို လှဲသိပ်ဖို့ ကြိုးစားနေလေသည်။

♥





အခန်း(၂၅)

ဖြန်း..ဒုန်း.. ။

"အား..ဦးရေ.."

ကြောက်နေပါတယ်ဆိုမှ ဘယ်ကသစ်ကိုင်းမှန်းမသိ ကားပေါ်ကျိုးကျလာသည်။ မယ်မင်းကိုယ်လေး ဆတ်ခနဲတုန်သွားပြီး အလန့်တကြားထအော်မိသည်။ ဦးထွက်သွားသည့် အရပ်မျက်နှာ အမှောင်ထဲသို့ လှမ်းမျှော်ကြည့်မိပြန်သည်။ မိုးရယ်၊ လေပြင်းရယ်၊ ပိန်းပိတ်သောအမှောင်ထုနှင့် တစ်ချက်တစ်ချက် လင်းလက်သွားတတ်သော လျှပ်စီးမှလွဲ၍ ဘာဆိုဘာမှမရှိ။

"ဦး.."

ဘယ်နှစ်ကြိမ်မြောက်မှန်း မသိ။ တမ်းတမ်းတတ ခေါ်မိပြန်၏။ မျက်ရည်တွေ ကြာညောင်းလွန်းလှသည်။ အချိန်တွေ ကုန်ခဲလွန်းလှ၏။ ဦးပြန်လာတာ တကယ်ပဲကြာနေပြီလား..ဒါမှမဟုတ် သူမကပဲအရမ်းမျှော်နေမိတာလား..။ ကြောက်လွန်းလို့ မယ်မင်းတစ်ယောက်တည်း အသံတိတ်ငိုနေမိသည်။

ဒုန်း.. ။

ကားကို တစ်စုံတစ်ခု လာတိုက်သည့်အသံ။ မယ်မင်း လန့်ပြီးတောင့်တောင့်မတ်မတ်လေးဖြစ်သွား၏။ ဘာလဲ.. ။ ကားကိုလာတိုက်တာဘာလဲ..။ မယ်မင်းကြောက်နေသည့်စိတ်ကို အားတင်းထားပြီး ကား Display screen မှ ကားပတ်ပတ်လည် ကင်မရာများအား ဖွင့်ကြည့်မိသည်။

ဟင်.. ။

ဦးဆောင်းသွားသည့်ထီး..။ အပြင်မှာ ပွင့်လျက်သားအတိုင်းနှင့် ကား

ကိုလာတိုက်ပြီး လေကြောင့်ဟိုလိုလို ဒီလိုလိုလွင့်နေပုံက ချောက်ချားစရာ-

ဦး.. ဦးတစ်ခုခုဖြစ်နေပြီ.. ၊

မယ်မင်း စိတ်ကမဆုံးဖြတ်ရသေးခင် ကားပေါ်ကဆင်းမိပြီးသားဖြစ်သွား၏။ ဖြန်းခနဲ ကိုယ်ပေါ်ကျလာသော မိုးရေစက်များက အလုံးအရင်း လေနှင့်ရောကာ အရှိန်ပြင်းပြင်းဖြစ်သည်။ မိုးနဲ့ထိသည့်ခဏလေးအတွင်း အေးစိမ့်တုန်ခိုက်သွားသည်။ မယ်မင်း ဘာကိုမှဂရုမစိုက်တော့ဘဲ ဦးထွက်သွားသည့် လမ်းရှိရာဘက်ကို ပြေးထွက်လာမိသည်။ ကားက အနိမ့်ပိုင်းမှ လမ်းကအပေါ်မှာမို့ မယ်မင်းလမ်းဆီပြေးတက်သွားမိသည်။

"အား.."

လမ်းမှာ ဘာနဲ့တိုက်မိသည်မသိ။ ချော်လဲပြီး ဖိနပ်တစ်ဖက်ကျွတ်သွားသည်။ ဖိနပ်ကိုပြန်မရှာအား..။ ဒီအတိုင်းပဲထားပစ်ခဲ့ပြီး ခြေဗလာနဲ့ ဆက်ပြေးမိသည်။ လမ်းပေါ်ရောက်တော့ မိုးရေစက်များ သည်းသည်းမည်းမည်းကျဆင်းနေသည့် လမ်းမကြီးပေါ်မှာ ယိမ်းထိုးလှုပ်ရှားနေသည့် သစ်ပင်များမှလွဲ၍ ဘယ်သူမှမရှိ.. ၊

"ဦး..ဦး အဟင့် ဟင့်.."

ဦးလည်းမရှိဘူးဆိုသည့် အသိကြောင့်လား..။ တစ်ယောက်တည်းဆိုသည့် အားငယ်ကြောက်ရွံ့စိတ်ကြောင့်လား မယ်မင်းခြေထောက်တွေ ဘယ်လိုမှဆက်ရွှေ့မရတော့ဘဲ နေရာမှာပင် သောင်တင်သွား၏။ ပတ်ပတ်လည်မှာ သစ်ပင်များယိမ်းနွဲ့လျက် ဟူးဟူးဟဲဟဲအသံများဖြင့် ညာသံပေးနေကြသည်။ အမှောင်ထဲမှာ မကောင်းဆိုးရွားများ ရုန်းကြွအော်သစ်နေကြသလိုပင်။ ထွက်လာတုန်းက ဘာမှမသိ။ ခုကျမှ သွေးပျက်အောင်ကြောက်စရာကောင်းသော သရဲတစ္ဆေ မကောင်းဆိုးဝါးအပေါင်း၏အလယ်မှာ သူမ ခြေချုပ်မိနေသလို ကူရာကယ်ရာမဲ့ ကြောက်ရွံ့တုန်လှုပ်မိသည်။

"ဦးရေ..အဟင့် ဟီး ဟီး.."

"မယ်မင်း.."

ဟင်.. ၊

မယ်မင်း ပတ်ပတ်လည်ကို လိုက်ကြည့်ရှာမိသည်။ မိုးရေကြောင့် မျက်လုံးတောင် သေချာဖွင့်မရ။ မှောင်မည်းပြီး ဘာမှလည်းမမြင်ရပေ။ လျှပ်





စီးတစ်ချက်လက်ကာ ပတ်ပတ်လည်လင်းထိန်သွား၏။ မယ်မင်းမိုးရေတွေကြားထဲမှာ ဦးအရိပ်ကို လှမ်းမြင်လိုက်သလိုရှိ၍ ပြူးပြဲကြည့်မိစဉ်.. ၊

ဂျိမ်း..ဒိန်း.. ၊

ကျယ်လောင်ပြင်းထန်လှသော လျှပ်စီး၏နောက်ဆက်တွဲ မိုးခြိမ်းသံကြောင့် မယ်မင်းကျုံးအော်မိ၏။

"အား.."

"မယ်မင်း..မယ်မင်း.."

"ဦး.."

ခေါ်သံနှင့်အတူ ဦးမယ်မင်းအနားရောက်လာသည်နှင့် မယ်မင်းကျုံးဖက်ထားမိသည်။ ကြောက်တာရော ချမ်းတာပါပေါင်းပြီး တစ်ကိုယ်လုံး တုန်ယင်ကာ မတ်မတ်မရပ်နိုင်တော့.. ၊

"မယ်မင်း ဘာလို့အပြင်ထွက်လာတာလဲ.."

ဦးအသံက မသဲကွဲ။ ခြေထောက်ကို ငုံ့ကြည့်ပြောလိုက်တာကျတော့ ကြားလိုက်သည်။

"ခြေထောက်နာနေတာလား.."

မယ်မင်း ပြန်မဖြေမိ။ ဦးပျောက်သွားမှာစိုးလွန်း၍ မလွတ်တမ်းကျုံးဖက်ထားမိသည်။ ခုနက ဦးမရှိတော့ဘူးဆိုသည့်အသိနှင့် ရင်ပူခဲ့တာကြီးက ဘာနဲ့မှမတူ။ အားကိုးမဲ့ပြီဆိုသည့်အသိနှင့် ကြောက်လန့်တုန်လှုပ်သွားတာလား၊ စိုးရိမ်သွားတာလား..။ ဘာမှန်းမသိပေမယ့် မယ်မင်းဦးထပ်ပျောက်သွားမှာစိုးနေသည်။ ခြေထောက်တစ်ခုခုဖြစ်တယ် ထင်သွားလို့လား..ဒါမှမဟုတ် မယ်မင်းအကြောက်လွန်နေတာသိလို့ပဲလား မသိ။ ဦးက မယ်မင်းကို ဘာမှမမေးဘဲ ပွေ့ချီလိုက်၏။ မယ်မင်း ဦးလည်ပင်းကို ဖက်ထားမိသည်။ လမ်းကမညီမညာမို့ ကုန်းဆင်းတစ်နေရာမှာ တစ်ချက်ယိုင်သွားကာ နှစ်ယောက်သား ဟက်ထိုးလဲ၏။ မယ်မင်းကအောက်က ဦးကအပေါ်ကမိုးလျက် လဲကျသည်မို့ မယ်မင်းအော်သံလေးထွက်လာတော့ ဦးနေဖျာပျာသလဲ စိုးရိမ်သွားသည်။

"ဆောရီး..ဆောရီး မယ်မင်းဘယ်ထိသွားလဲ.."

"အား..နာတယ်.."

ဒါတောင် ဦးကမယ်မင်းနာမှာစိုးပြီး သူပဲအနာခံလဲလို့ပါ။ နှ
ယောက်သားထပ်လျက်သားကြီး မြေပေါ်လဲနေလျက် မယ်မင်းကလည်း ထ
လို့မရ။ သူလည်း မယ်မင်းကိုယ်အောက်ရောက်နေသည့်လက်တွေကို ထု
မရ၍ ထလို့မရပေ.. ။

"ဘာဖြစ်သွားတာလဲ..ခေါင်းထိသွားတာလား.."

သူမေးတာကို မယ်မင်းပြန်ဖြေမဖြေ သတိမထားမိတော့။ သူမယ်မ
ကို ပွေ့ချီပြီး ခက်ခက်ခဲခဲပြန်ထရပ်ရသည်။ ကားထဲပြန်ရောက်တော့ နှ
ယောက်စလုံးရေတွေစိုရွှဲနေရုံမက ကားတစ်စီးလုံးလည်း နေစရာမရှိတော့

"ဦး..ဟီး ဟီး.."

မယ်မင်း ဦးကိုကျုံးဖက်ထားပြီး ရှုံ့ပွဲချငိုမိသည်။

ခက်တော့နေပါပြီ.. ။

ဦးနေ၏ မယ်မင်းကိုတွန်းထုတ်ပစ်လို့လည်း မဖြစ်။ ရေစိုရွှဲလျ
လူချင်းပူးကပ်နေသည့်အဖြစ်ကြောင့် စိတ်တွေကတိမ်းကပါးဖြစ်လာက
တောင့်တောင့်ကြီး ငြိမ်သက်နေမိသည်။

"မယ်မင်း..ခဏ ဦးကိုလွှတ်ဦးလေ.."

"မယ်မင်း..ကြောက်တယ်၊ ဦး မယ်မင်းကိုမထားခဲ့ပါနဲ့..မယ်မင်းအ
နားမှာပဲနေပါ၊ မယ်မင်းကြောက်တယ်.."

မတတ်နိုင်။ မယ်မင်း အရမ်းကြောက်နေမှန်းသိတော့ သူဥပေက္ခာ
ထားနိုင်။ တွန်းထုတ်ပစ်ဖို့ လက်တွေက လေထဲမှာမြှောက်ထားမိလျက် ငြိ
နေပေးမိသည်။ ဒါတင်မက.. ။

"ဘာမှမဖြစ်ဘူး..ဦးရှိတယ်၊ မကြောက်နဲ့နော်.."ဟု သူမကိုနှစ်သိ
ပေးသည့်စကားများ အလိုလိုထွက်သွား၏။

တကယ်တော့ သူခုနကလမ်းပေါ်မှာ သစ်ကိုင်းပြိုကျနေတာတွေ
ဖယ်နေတာပါ။ အလုပ်လုပ်နေတုန်း ထီးလွင့်သွားတာလည်း ဂရုမစိုက်နိုင်ခဲ့
သစ်တုံးဖယ်ပြီးတော့ ကားတစ်စီးစီးလာရင် တားဖို့စဉ်းစားမိသည်။ မယ်
မင်း ကြောက်နေမှာသိ၍ ပြန်လည်းပြန်ချင်သည်။ သို့သော် ကားပေါ်မှာနှ
ယောက်တည်းရှိနေရမည့်အဖြစ်ကို မလိုချင်လို့ ပြန်လည်မပြန်ချင်။ သူ့ကာ
က ခေါက်ထဲကျသလို မြေနိမ့်ပိုင်းရောက်နေသည်မို့ လူကိုယ်တိုင်ထွ





ဆောင့်မနေပါက သူတို့ရှိနေတာကို ဘယ်သူမှသိမှာမဟုတ်ပေ.. ။

ထို့ကြောင့် ကားစောင့်တားရင် ကောင်းမလား..ပြန်ရင်ကောင်းမလား
သူတွေဝေနေမိစဉ်မှာပဲ မယ်မင်းခေါ်သံစူးစူးကို ကြားလိုက်ရခြင်းဖြစ်သည်။
ခုတော့ နှစ်ယောက်နီးနီးကပ်ကပ်မနေချင်သည့် သူ့ရင်ခွင်ထဲမှာ မယ်မင်းက
သူ့ကိုခပ်တင်းတင်းဖက်ထားလို့..။ ဦးအနားမကပ်နဲ့..မသင့်တော်ဘူးဘာညာ
ပြောနေလည်း မယ်မင်းသဘောပေါက်မှာ မဟုတ်ပေ။ ပိုပြီးဆိုးတာက ခုနက
ဆက်ပိုပြီး အကြောက်ကြီးကြောက်နေပြီဖြစ်ကာ တစ်ကိုယ်လုံးရေစိုရွှဲလျက်
ချမ်းလည်းချမ်းနေကြသေးသည်။ မယ်မင်းက သူ့ကိုခပ်တင်းတင်းဖက်ထား
ရာမှ လွှတ်မပေးတော့ပေ.. ။

အပြင်မှာ မိုးကသည်းနေဆဲပင်။ တဖြည်းဖြည်းနဲ့ မယ်မင်းငိုသံလေး
တိတ်ကျသွားသည်။ မယ်မင်းစိတ်ငြိမ်သွားပြီထင်သည်နှင့် သူမယ်မင်းပခုံး
လေးနှစ်ဖက်ကိုကိုင်ပြီး လူချင်းခွာလိုက်သည်။ ထိုအခါ ငိုလက်စမျက်ရည်
ခဲနေသည့်မျက်လုံးလေးများဖြင့် မယ်မင်းသူ့ကိုမော့ကြည့်လာသည်။ တမ်း
တမ်းတတ ငိုမဲ့မဲ့လေးငေးကြည့်နေသည့် မယ်မင်းမျက်လုံးလေးတွေက ညို့
လဲ့နေလျက် မျက်ရည်ဥလေးများ တွဲခိုနေသည့် ရှည်ကော့သောမျက်တောင်
များ ဝန်းရံလျက် ဘယ်ပန်းချီရေးမမှီအောင် လှနေသည်။ ခုနကတည်းက
ကားအတွင်းခန်းမီးဖွင့်ထားခဲ့သည်မို့ ထိုမျက်ရည်လည်နေတဲ့ မျက်လုံးလေး
တွေကိုလည်းကောင်း၊ ရေစိုနေသည့် ဆံပင်တချို့ကပ်ငြိနေသည့် မျက်နှာ
ပြောင်ပြောင်လေးကိုလည်းကောင်း လင်းလင်းချင်းချင်းမြင်နေရ၏။

"မယ်မင်း..မယ်မင်းလေ ထီး..ထီးကြီးက ဒီအတိုင်းလွင့်လာတော့
ဦးကိုကားတိုက်သွားပြီထင်တာ..ဦးသေပြီထင်လို့.."

ငိုသံလေးနှင့်ပြောပြီး နောက်တစ်ကြိမ်အချိုကြီးထပ်ငိုတော့မလို နှုတ်
ခမ်းလေး မဲ့ကျသွား၏။ ပါးပေါ်သို့ မျက်ရည်များထပ်မံလိမ့်ဆင်းလာပြန်
သည်။ ဒီတစ်ခါ ဟီးခနဲငိုချပစ်တာမျိုး မဟုတ်ဘဲ သူ့ကိုငေးကြည့်ပြီး လှိုက်
လှိုက်လှဲလှဲ ဝမ်းနည်းနေတာမျိုး.. ။

"ဦးသေရင်လေ မယ်မင်းလည်းမနေခဲ့ဘူး..နောက်ကလိုက်သေမှာ
သိလား.."

မီးရောင်အောက်မှာ မျက်ရည်လည်နေသည့် မယ်မင်းမျက်လုံးလေး

တွေက သနားစရာကောင်းလှ၏။ နောက်ဆုံး လိမ့်ဆင်းကျလာသည့်မျက်ရည်စက်လေးအား ငေးကြည့်ရင်း သူ့စိတ်တွေ ဘာဖြစ်ကုန်မှန်းမသိ။ "တိုင်တော့"ဆိုသည့် တိုပြတ်ပြတ်စကားနှင့်အတူ မရည်ရွယ်ပါဘဲ သူမပါးပေါ်က မျက်ရည်စက်လေးအား သုတ်ပေးမိသည်။ ထိုအခါ မရည်ရွယ်စွာပဲ မျက်လုံးကပန်းနုရောင် အိထွေးနေသည့်နှုတ်ခမ်းလေးဆီ အကြည့်ရောက်သွား၏။ အပြင်မှာ မိုးသံလေသံတွေ ဆူညံနေသည့်တိုင် သူနှင့်မယ်မင်းအခန်းထဲ ဝိုက်မှာ အသံဟူသမျှ ဘာမှမရှိတော့သလို တိတ်ကျသွားသည်ဟုထင်မိသည်။ ထိုတိတ်ဆိတ်ခြင်းကို ဖြည်းညင်းစွာနှောင့်ယှက်လာသည်မှာ ပြင်းရှရှအသက်ရှူသံတိုးတိုးနှင့် တဒိတ်ဒိတ်ခုန်နေသည့် သူ့ရင်ခုန်သံဖြစ်သည်။

မပွင့်တပွင့်တုန်ယင်နေသည့် မယ်မင်းနှုတ်ခမ်းလေးက သူ့ကိုဟိုးအနက်ဆုံးတွင်းထဲထိ ခုန်ချဖို့သွေးဆောင်ခေါ်ငင်နေသလိုလို။ စိတ်၏ခေါ်ဆောင်ရာအတိုင်း သူ့မျက်လုံးများသည် သူမနှုတ်ခမ်းလေးဆီမှ မခွာနိုင်အောင် စွဲမြဲနေသည်။ ထိုစဉ်.. ၊

မယ်မင်းသည် သူလုံးဝထင်မထားခဲ့သော လုပ်ရပ်ကိုလုပ်လိုက်၏။ သူ့နှုတ်ခမ်းကို ဖျတ်ခနဲ မော့နမ်းလိုက်သည်။

" မယ်မင်း "

ရင်ခုန်သွားသည့် သူ့ အသံက တိုးရှရှ။ လွတ်ထွက်ချင်နေသည့် စိတ်ကိုအတင်းထိန်းချုပ်နေရသည့် သူ့ကိုယ်သည့်တောင့်တောင့်မတ်မတ်ကြီးဖြစ်နေသည်။ သူ့ခေါ်သံကြောင့် မယ်မင်းကိုယ်လေးတွန့်သွားပြီး အပြစ်လုပ်ထားသည့်ကလေးငယ်လေးလို နှုတ်ခမ်းလေးကို ဖိကိုက်ရင်း မျက်လွှာချ၏။ ပြီးတော့ သူ့ကိုမရဲတရဲပြန်မော့ကြည့်ပြီး တဖျတ်ဖျတ်ပုတ်ခတ်နေသည့် မျက်တောင်ရှည်များစင်းလျက် သူ့နှုတ်ခမ်းကိုပဲ ပြန်ငေးကြည့်သည်။

မယ်မင်းသာ ဒီတစ်ခါထပ်နမ်းလာရင်.. ၊

သူ့အတွေးမဆုံးလိုက် မယ်မင်းသည်သူ့ပါးတစ်ဖက်ကို လက်လေးနဲ့ လှမ်းကိုင်ပြီး ဖြည်းဖြည်းလေးမော့နမ်းလာသည်။

အပြင်မှာမိုးသည် ဝုန်းဒိုင်းကြဲရွာသွန်းနေ၏။ သူတို့ ရင်ခုန်သံများသည်လည်း မိုးနှင့်ထပ်တူ။

♥





အခန်း(၂၆)

မျက်လုံးနှစ်လုံးပွင့်သည်နှင့် 'မှားပြီ'ဆိုသည့်အသိသည် သူ့ကိုမှ ဆောင်ပြင်းပြစွာ ခါးသီးစွာနှုတ်ဆက်၏။ အပြင်မှာ မိုးစင်စင်လင်းရုံမက နေပင်အတော်မြင့်နေပြီဖြစ်သည်။ ကားလမ်းပေါ်မှာ ကားတွေတစ်စီးပြီးတစ်စီး ဖြတ်သွားနေတာလည်း ကြားနေရသည်။ ဒီအတိုင်း ဆက်မနေသင့်တော့ဘူး တစ်ခုခုလုပ်သင့်နေပြီမှန်းသိပါလျက် သူနောက်ခုံတွေခေါက်သိမ်းထားသည့် ကားနောက်ခန်းထဲမှာ လှဲနေရာမှမထမိ။ ကားပေါ်မှာ အကျီတစ်စုံအမြဲအပိုထားတတ်သည့်အကျင့်ကြောင့် မယ်မင်းကိုယ်မှာ သူ့ရှပ်အကျီအသစ်တစ်ထည် ရှိနေသည်။ အပြာရောင်ရှပ်လက်ရှည်အနားစအတွင်းမှာ လက်ချောင်းလေးတွေ လက်သီးဆုပ်ထားလျက် သူ့လက်မောင်းကိုခေါင်းအုံးကာ သူ့ရင်ဘက်ပေါ်မှာ တစ်ကိုယ်လုံးမှီအိပ်နေသည့် မယ်မင်းအားငုံ့ကြည့်မိရင်း ညက ငါဘာဖြစ်သွားတာလဲ'ဟု အကြိမ်ကြိမ်အခါခါအဖြေရှာသည့်တိုင် အဖြေမထွက်ပေ.. ၊

အရက်မူးပြီး အသိစိတ်ကင်းမဲ့နေသည့် အချိန်တွေမှာတောင် သူဒီလို မှားမျိုး ကျူးလွန်ခဲ့သူမဟုတ်ပါ။ ညက..ညက သူအရက်မမူးခဲ့ပေမယ့် သူ့အသိစိတ်၊ ဆင်ခြင်တုံတရားတွေ အားလုံးပျောက်ရှနေခဲ့တာတော့ အမှန်ပင်။ သူ့စိတ်ကို အမှောင်ဖုံးစေခဲ့သူက တခြားသူမဟုတ် မယ်မင်းပဲဖြစ်သည်။ စိတ်ညစ်ညူးလျက် ငုံ့ကြည့်မိစဉ် နှုတ်ခမ်းလေးတွေပွင့်ဟနေသည်အထိ သူ့ရင်ခွင်ထဲမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည့် အပြစ်ကင်းစင်လွန်းသော မယ်မင်းမျက်နှာလေးကိုမြင်တော့ သူပိုပြီးစိတ်ညစ်သွားသည်။ ဒီလောက်ထိ တစ်ခုလုံး မီးပြင်းတိုက်ခံထားရသလို နောင်တတရားတို့ ပြည့်သိပ်မှ

လောင်နေသည့်ကြားက မယ်မင်းမျက်နှာလေးကို ငေးကြည့်မိစဉ် ချစ်တဲ့စိ
တို့ တရိပ်ရိပ်တက်လာသောကြောင့်ဖြစ်သည်။

သူ့လက်နဲ့ထိမိနေသည့် ဆံပင်ရှည်များသည် ပိုးသားလိုနူးညံ့ပျေ
ပျောင်းနေသည်။ စိမ်းညို့ညို့သွယ်တန်းသည့် မျက်ခုံးတန်းလေးနှစ်ဖ
နှင့် ယက်တောင်လေးဖြန့်ခင်းထားသလို ရှည်လျားကော့ညွတ်သည့် မျ
တောင်ရှည်များအား ပိုက်စိပ်တိုက်ငေးကြည့်ရင်း နီးမြန်းမြန်းပါးမို့လေးအ
လက်နဲ့ထိကိုင်ကြည့်မိသည်။ အောက်နှုတ်ခမ်းအနည်းငယ်ထူချင်သည့် နူ
ညံ့အိထွေးသည့် နှုတ်ခမ်းသားလေးကို ငေးကြည့်မိစဉ် သူ့ရင်ဘက်အပြ
လေရှူသွင်းလျက် သက်ပြင်းမောချမိ၏။

အချစ်လား.. ယစ်မူးဖွယ် အထိအတွေ့ကြောင့်လား..၊ ဘာကိုယိုးမ
ဖွဲ့ရမှန်း မသိသည့် စွဲလမ်းမှုသည် သူ့ရင်ထဲနှစ်နှစ်ကာကာ စူးဝင်နေပြီဖြ
သည်။ မနေ့တနေ့က မယ်မင်းဘယ်လိုပုံစံနဲ့ သူ့စိတ်ထဲရှိခဲ့သလဲ သူမ
တော့။ ဒီနေ့မယ်မင်းသည် သူ့အတွက် ရင်ခုန်တိမ်းမူးဖွယ် အလှနတ်ဖ
မလေးဖြစ်သည်။ သူမကိုငေးကြည့်နေမိသည့် အကြည့်ကို မျက်တောင်ခ
ဖို့ နှမြောမိသည်။ သူမကိုယ်လေးကို ထွေးဖက်ထားရာမှ လွှတ်ပေးလိုက်
မှာ ကြောက်နေမိသည်။

"ဒီကနေပြန်ရင် ကိုယ်တို့ဘာမှမဖြစ်ခဲ့သလို နေရမယ်..မနေ့ည
အဖြစ်ကို လုံးဝမေ့ပစ်ရမယ်၊ ကိုယ်ပြောတာ ကြားလား.."

အိပ်နေတဲ့လူကို စကားတွေပြောမိရင်း နဖူးလေးကိုစမ်းမိစဉ် သူ့မျ
ခုံးတွေ တွန့်သွား၏။

ကိုယ်တွေပူနေပါလား.. ၊

မယ်မင်းမျက်နှာလေးကို ပြန်ကြည့်မိတော့ နီမြန်းမြန်းမျက်နှာလေး
ပုံမှန်ထက်ပိုနီနေတာမှန်း သတိထားမိလာသည်။ နဖူးကိုနောက်တစ်ကြိ
စမ်းကြည့်တော့ ကိုယ်တွေပူခြစ်နေသည့်အဖြစ်က ပိုသေချာသွား၏။

"မယ်မင်း..မယ်မင်း.."

မျက်နှာကိုကိုင်ပြီး လှုပ်နှိုးသည့်တိုင် နိုးမလာပေ။ သူ တစ်ကိုယ်
ထူပူသွား၏။ မယ်မင်း ဘယ်အချိန်ကတည်းက သတိလစ်နေတာလဲ..။
လောက်ဖက်ထားတာတောင် သူဘာလို့သတိမထားမိတာလဲ..။ မယ်မင်း





နိမ့်စိတ်ကြောင့် လူတွေတစ်မျိုးထင်မှာဘာညာ မတွေးနိုင်တော့ဘဲ အောင်
ဆေးကိုဖုန်းဆက်လာခေါ်ခိုင်းကာ ချောင်းသာတိုက်နယ်ဆေးရုံကို ချက်ချင်း
ပို့လိုက်၏။ မိုးထက်နှင့်မှန်ကြီးတို့ ဆေးရုံကိုချက်ချင်းလိုက်လာကြတော့
သူနဲ့မယ်မင်း ညကကားအက်ဆီးဒင့်ဖြစ်ပြီး ရွာပြာကိုပင်ကျော်အောင်မ
သွားဖြစ်ခဲ့ဘဲ လမ်းမှာညအိပ်ခဲ့ရသည့်အဖြစ်အား ပြောပြလိုက်ရသည်။

နေ့တစ်ဝက်ပင်မကျိုးလိုက်ပါ.. ၊ သူတို့အားဖုန်းခေါ်လို့မရတော့လို့
စိတ်ပူပြီး နေမကောင်းသည့်ကြားက မနက်စောစောချက်ချင်းထလိုက်လာ
သည့် ဒေါ်သီတာအေးချောင်းသာကို ရောက်လာသည်။ ရောက်ရောက်ချင်း
မယ်မင်း သတင်းကြားတော့ ပျာယာခတ်သွားသည်။ မယ်မင်းအတွက်စိတ်ပူ
နေရသည့်ကြားက သီတာ့ကိုရုတ်တရက်ကြီးတွေ့လိုက်ရစဉ် သူထူပူရှက်ရွံ့
ကာ မလုံလဲသည့်စိတ်နှင့် စကားမပြောနိုင်ခဲ့ပေ.. ၊

"သမီးကအပြင်ဘယ်လိုရောက်နေတာလဲ..ဘယ်လိုဖြစ်ပြီး မိုးမိတာ
လဲ.."

"ညက ဆရာကနေမကောင်းဘူးအစ်မ..သမီးလည်းသိတယ်၊ အစ်မ
နေမကောင်းဘူးဆိုတော့ စိတ်ပူပြီး ချက်ချင်းထပြန်တာ..မှန်ကြီးကို စပိဘုတ်
မောင်းခိုင်းပြီး ဖွတ်ထွက်သွားတာ၊ ဆရာရော ကျွန်တော်ရော ဘယ်သူမှကို
မသိလိုက်ကြဘူး..မနက်ကျမှ ဆရာ့ဆီဖုန်းဆက်တာ.."

အခြေအနေအရပ်ရပ်ကို မိုးထက်က ဝင်ထိန်းပေးသွားခဲ့သည်။ သူရှုပ်
ယှက်ဆင်းပျက် မူပျက်နေသမျှ မိုးထက်ကပဲ ဝင်ဖြေရှင်းသွားခဲ့၏။ မိုးထက်
စကားကိုနားထောင်ပြီး မယ်မင်းတစ်ယောက်တည်း ရန်ကုန်ပြန်ဖို့လုပ်ခဲ့
တယ်ဆိုတာကို သီတာအံ့သြမဆုံးဖြစ်နေသည်။

"တော်သေးတာပေါ့နေဇရယ်..ငါ့သမီးလေး တစ်ခုခုဖြစ်မှဖြင့်.."

သူ့ကိုပဲအပြစ်တင်ချင်တာလား မသိပေမယ့် သူမျက်နှာပျက်နေတာ
ကိုပဲ မယ်မင်းအပေါ်တာဝန်မကျေသလိုဖြစ်သွား၍ စိတ်မကောင်းဖြစ်နေတာ
ဟု သီတာထင်သွား၏။

"သမီးက အဲ့လိုဖွတ်ရယ်..နင့်အပြစ်မဟုတ်ပါဘူး၊ စိတ်မကောင်းဖြစ်
မနေပါနဲ့.."ဟု သူ့ကိုနှစ်သိမ့်ပြောနေသေးသည်။

မယ်မင်းကို ဆေးရုံမှာတစ်ရက်ပဲထားပြီး နည်းနည်းသက်သာသည်

နှင့် ဟိုတယ်ပြန်ခေါ်လာခဲ့သည်။ ဟိုတယ်မှာ ဆရာဝန်နဲ့အချိန်ပြည့်စောင့်ကြည့်စေသည်။ ဆရာဝန်က မကြာခင်နေကောင်းလာမည် သတိရလာလိမ့်မည်ဟုပြောသော်လည်း ဟိုတယ်ပြန်ရောက်တဲ့အထိ မယ်မင်းသတိမရသေးပေ။ ဟိုတယ်ပြန်ရောက်လာသည့်တိုင် မယ်မင်းကိုအချိန်တိုင်းစောင့်ကြည့်ပေးနေလို့မရ။ ဆရာဝန်ရော သီတာပါရှိနေ၍ သူစိတ်ပူသော်လည်း အနားသွားမရပေ။ သွားလို့မရတာထက် သီတာရှေ့မှာ မယ်မင်းနှင့်အတူ ရှိမနေရဲသည့် သူ့စိတ်မလုံမှုနှင့်သူ မသွားရဲတာဖြစ်သည်။

မယ်မင်းအတွက်စိတ်ပူတာရော သူတို့ကိစ္စဘယ်လိုဖြေရှင်းရမှန်းမသိ၍ တွေးပူစိတ်ညစ်တာပါရောကာ ထိုင်မရ ထမရသူ့ဘာမှလုပ်မရပါ။ နောက်ဆုံး.. ၊

"မယ်မင်း ခုထိသတိမရသေးဘူးဆရာ..ဆရာဝန်လည်း စိုးရိမ်နေတယ်.."

မိုးထက်ရောက်လာပြီးပြောလျှင် သူဘယ်လိုမှဆက်မနေနိုင်တော့။ ညတွေနေ့တွေလည်း တွေးမနေနိုင်တော့ဘဲ မယ်မင်းနှင့်သီတာတို့ရှိသည့်အခန်းကို ထွက်လာမိသည်။ တစ်ယောက်တည်းသွားလို့မကောင်းသည်မို့ မိုးထက်ကိုပါခေါ်လာမိ၏။

"မယ်မင်းသက်သာလားသီတာ.."

"ကိုယ်ပူတော့မရှိတော့ဘူး..ခုထိမနိုးသေးဘူးနေဇရယ်၊ ဆရာဝန်ကတော့ အားပြည့်တာနဲ့ နိုးလာလိမ့်မယ်ပြောတာပဲ.."

သူ ခုတင်ပေါ်မှာအိပ်ပျော်နေသည့် မယ်မင်းအားလှမ်းကြည့်မိ၏။ မယ်မင်း သူ့ဆီကအဖျားကူးတာလား..ဒါမှမဟုတ် မိုးရေစိုပြီး သူ့ဘာသာဖျားတာလား..။ ဘာပဲဖြစ်ဖြစ် သူ့အပြစ်မကင်းတာအမှန်ပင်။ ဖြစ်နိုင်ရင်သူပဲမယ်မင်းဝေဒနာတွေကို ပြောင်းလဲယူလိုက်ချင်ပါသည်။

"ထိုင်လေ..နေဇ.."

မိုးထက်က သူ့ကိုမယ်မင်းခုတင်ဘေးမှာ ခုံဆွဲထိုင်စေ၏။ သူအလိုက်သင့်ထိုင်လိုက်ပြီး ဘာစကားမှလည်း ပြောစရာမရှိသည်မို့ ဒီအတိုင်းထိုင်စောင့်ကြည့်နေမိသည်။

"အစ်မလည်း နေမကောင်းဘူးမဟုတ်လား..နားလိုက်ပါလား၊ ကျွန်





တော် ဝန်ထမ်းကောင်မလေးတွေခေါ်ထားတယ်..သူတို့သမီးကို စောင့်ကြည့်ပေးပါလိမ့်မယ်.."

တိတ်ဆိတ်နေသည့်အခြေအနေကို မိုးထက်ကဝင်၍ လောကွတ်စကားဆို၏။ သူ သီတာ့ကိုသတိရသွားပြီး လှည့်ကြည့်မိသည်။ တကယ်ပဲပင်ပန်းနေသည့်ပုံပါ.. ၊

"ဟုတ်သားပဲသီတာ..နင်ပါတစ်ခုခုဖြစ်နေဦးမယ်၊ နားလိုက်ပါ..မယ်မင်းကိုစိတ်မပူပါနဲ့.."

"မနားဘူး..နားလို့လည်းရမှာမဟုတ်ဘူး၊ ငါ့သမီးနေမကောင်းမချင်း ငါစိတ်အေးမှာမဟုတ်ဘူး..ခေါင်းတွေမူးချင်သလိုလိုပဲ..ခဏလေး ငါဆရာဝန်အားဆေးပေးထားတာ သွားသောက်လိုက်ဦးမယ်.."

သီတာ သူတို့အနားက ထထွက်သွား၏။

"ဦး.."

ဟင်.. ၊

မယ်မင်းခေါ်သံကြောင့် သူအံ့ဩသွားသည်။ မယ်မင်းအိပ်ပျော်နေဆဲပါ။ မျက်လုံးဖွင့်နိုးလာတာမဟုတ်ဘဲ သူ့ကိုခေါ်နေခြင်းဖြစ်သည်။ သူသီတာ့ကိုမလုံမလဲ လှည့်ကြည့်မိသည်။ သီတာက သူတို့နှင့်မလှမ်းမကမ်းမှာရှိနေသော်လည်း မယ်မင်းအသံကို ကြားပုံမရပေ.. ၊

"မယ်မင်း..မယ်မင်း သတိရတာလား.."

မယ်မင်း မလှုပ်မရှားငြိမ်သက်နေ၏။ ကယောင်ကတမ်းခေါ်တာပဲဖြစ်မှာပါ။ သီတာရှေ့မှာရော ဒီလိုခေါ်နေသေးလား.. ၊

မယ်မင်းသည် သူခေါ်တုန်းက လှုပ်ရှားမလာဘဲ မျက်ခုံးလေးတစ်ချက် တွန့်သွားကာ.. ၊

"ဦးကိုချစ်တယ်.."

မလုံလဲသည့် သူ့မျက်လုံးတွေ မိုးထက်ဆီဒိုင်းခနဲရောက်သွား၏။

"သမီး.."

သူ့နောက်က သီတာ့အသံကြောင့် သူထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်သည်။ သီတာ့ကိုပဲ နောက်ဆုတ်ပေးသလိုလိုဖြင့် နောက်ဆုတ်ရပ်လိုက်ပြီး မယ်မင်းသူ့ကိုထပ်မတပါစေနဲ့ဟု ကြိတ်ဆုတောင်းမိသည်။

"သမီး..သမီးလေး၊ မယ်မင်း သမီးသတိရပြီလား.."

သူငြိမ်သက်နေသည့် မယ်မင်းမျက်နှာလေးကို ရင်တထိတ်ထိတ် စောင့်ကြည့်နေမိသည်။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ထိ ဘယ်တုန်းက ရင်ခုန်စိတ်မလှုပ်ရှားခဲ့ဘူးပါ.. ။

မယ်မင်းများ 'ဦး'ဟု ထပ်တလိုက်ရင်ဆိုသည့်အတွေးဖြင့် သူ့ရွှေ များ ပြန်လာသည်အထိ.. ။

♥

အခန်း(၂၇)

"အန်တီရေ..မယ်မင်း သတိရလာပြီ၊ မယ်မင်းနိုးလာပြီ.."

မျက်လုံးဖွင့်လိုက်သည်နှင့် ရတနာ့အသံစူးစူးက နားထဲတိုးဝင်လာ သည်။ ရတနာ့ကိုမျက်လုံးဖွင့်ကြည့်ရင်း ရတနာလှည့်ကြည့်နေသည့်ဘက်ကို လှမ်းကြည့်မိလျှင် မေမေဖုန်းကိုင်လျက် ဝရန်တာမှအထဲသို့ ပြေးဝင်လာ သည်။

"သတိရပြီကိုရေ..သမီးနိုးလာပြီ.."

ဖုန်းထဲကိုလှမ်းပြောပြီး မယ်မင်းဘေးမှာ ဝင်ထိုင်ကာ နဖူးကဆံပင် တွေကို သပ်တင်ပေး၏။

"သမီးဖေဖေ သမီးကိုအရမ်းစိုးရိမ်နေတာ.."

ပြောပြီး ဖုန်းကိုစပီကာဖွင့်ပြီး ဘေးမှာချထားကာ မယ်မင်းမျက်နှာ အကဲခတ်ကြည့်နေသည်။ မယ်မင်း ဟိုတယ်ပြန်ရောက်နေတာကို အံ့ဩ လျက် ဦးကိုငေးဝဲရှာနေမိသည်။ ဒေါ်သီတာအေး မျက်နှာလေးချောင်ကျ ဖျော့နေသည့် မယ်မင်းအား အားမရသလိုလိုက်ကြည့်နေပြီး မချင့်မရဲ





ဖြစ်၏။

"သမီး သက်သာလား..နေလို့ကောင်းရဲ့လား၊ သမီးရယ် ကုန်တစ် အန်ရေတစ်တန်သွားရတဲ့ခရီးကို တစ်ယောက်တည်းဘယ်သူမှမသိအောင် ပြန်ရတယ်လို့..ကိုမိုးထက်လည်းမသိ နေဇလည်းမသိနဲ့၊ ဘယ်သူမှမသိ လိုက်ဘဲ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ.."

ဦးက မယ်မင်းတစ်ယောက်တည်း ထွက်သွားတယ်လို့ ပြောထားတာ လား.. ။

မယ်မင်း မေမေစိုးရိမ်နေတာ စိတ်ပူနေတာကို ဘာပြန်ဖြေသိမ့်ရမှန်း သိ။ ကိုယ့်ကိုယ်ကိုတောင် ဘယ်ရောက်နေလဲ ဘာတွေဖြစ်သွားလဲ မသိ သေးတာဘဲ ပြန်တွေးကြည့်နေရသည်မို့ မေမေ့ကိုဒီအတိုင်းငေးကြည့်နေမိ သည်။

"သမီး..မယ်မင်း ဖေ့ဂျစ်တူးမလေး၊ နေကောင်းရဲ့လားသမီး..သက် သာလား၊ ဖေဖေကိုပြန်ပြောပါဦးကွ.."

"သမီးဖေဖေကို စကားပြောလိုက်ပါဦးသမီးရဲ့..သူအရမ်းစိတ်ပူနေ တာ.."

"ဖေကြီး.."

"ဟေ..ဟား ဟား၊ ခုမှပဲ ဖေဖေ့သမီးအသံ ကြားရတော့တယ်ကွာ..မ နေ့ကကြားကြားချင်း ဖေဖေဘယ်လောက်စိတ်ပူနေလဲသိလား၊ သမီးမေမေ က သမီးနှစ်ရက်လုံးလုံး သတိလစ်နေတာကို ဖေဖေ့ကိုမပြောဘူး.."

"မယ်မင်းက နှစ်ရက်တောင်မေ့နေတာလား.."

"ဟုတ်ပမယ်မင်းရယ်..ငါရော အန်ဆီရော ဦးရော နင့်ကိုစိတ်ပူလွန်း လို့ သေတော့မယ်၊ ဦးလည်း ပျာယာကိုခတ်နေတာပဲ.."

ကြားချင်တဲ့လူအကြောင်းက ခုမှပါလာခြင်းဖြစ်သည်။ မျက်လုံးဖွင့် အကတည်းက မယ်မင်းခေါင်းထဲ အရင်ဆုံးရောက်လာတာ ဦးပါ.. ။

"ဦးရော.."

မယ်မင်းမေးခွန်းကြောင့် ဒေါ်သီတာအေး အံ့ဩသလိုဖြစ်သွား၏။ ဖုန်းထဲက ဦးကျော်စွာ၏အသံထွက်လာ၏။

"ဟား..ဒီတစ်ခါ အထူးအဆန်းပါလားသမီးရဲ့၊ ဖေဖေက နေကိုမလာ

ဘူးလားလို့ သမီးမေးတော့မယ်ထင်နေတာ..နေဇ အနားမှာမရှိဘူးလား"

ဒေါ်သီတာအေး ဖုန်းကိုကောက်ကိုင်ပြီး စပီကာပိတ်လိုက်ကာ..

"သမီးကသိပ်မလန်းသေးဘူးကို..သီတာ နောက်မှပြန်ဆက်လိုက်မယ်၊ စိတ်ပူမနေနဲ့တော့..အေးအေးဆေးဆေးနေတော့နော်.."

"အင်း..အင်း၊ ကိုယ်ဖုန်းချလိုက်တော့မယ်..သမီးကို နေဇကို့အကြောင်း ပြောပြလိုက်ဦး.."

ဒေါ်သီတာအေးဖုန်းချပြီး မယ်မင်းကိုပြန်ကြည့်၏။ မယ်မင်း ဒေါ်သီတာအေးအား ငေးကြည့်နေသည်။

"သမီးကိုကိုက အင်တန်းရှစ်နောက်ဆုံးကွင်းစင်း စစ်ဆေးပွဲရှိနေလို့တဲ့..သမီးနေမကောင်းတာကို သမီးဖေဖေက သူ့ကိုပြောမထားဘူး၊ အဲ့ဒီစာမေးခွန်းပွဲပြီးတာနဲ့ ချက်ချင်းပြန်လာခိုင်းလိုက်မယ်တဲ့.."

မယ်မင်း ဒေါ်သီတာအေးပြောတာကို နားထောင်ရင်း နှုတ်ခမ်းလေး စူသွား၏။

"ပြန်မလာခိုင်းနဲ့တော့.."

ဒေါ်သီတာအေးမျက်နှာ ပြုံးသွား၏။

"ဒါနဲ့ မေမေ့ကိုပြောပါဦးသမီးရဲ့..မေမေ့ဆီဖုန်းဆက်တုန်းက သမီးလမ်းပေါ်မှာလား၊ သမီးတစ်ယောက်တည်းလာ.."

မယ်မင်း အလိုက်သင့်ခေါင်းညိတ်ပြလိုက်၏။

"နေဇက ဘယ်အချိန်ကျမှ သမီးဆီရောက်တာလဲ.."

မယ်မင်း ဘာပြန်ဖြေရမှန်းမသိ။ ဦးက ဘယ်လိုပြောထားလဲ သိမှ မသိဘဲ.. ၊

"မယ်မင်းမသိတော့ဘူး..အဲ့ဒီတုန်းက အရမ်းကြောက်နေတာလေ၊ မိုးတွေအရမ်းရွာပြီး မိုးတွေလည်းခြိမ်းနေတာ.."

"ကျွန်တော်မိုးလင်းခါနီး ဆရာ့အခန်းကိုသွားကြည့်တော့ ဆရာမရှိတော့ဘူး..ဘယ်အချိန်က ထသွားမှန်း ကျွန်တော်လည်းမသိလိုက်ဘူး၊ ဆရာနေမကောင်းလို့ အိပ်နေတယ်ပဲထင်တာ.."

ဒေါ်သီတာအေး ကိုထက်ပြောတာကို ပြန်တွေးရင်း နေဇသမီးဆီမိုးလင်းခါနီးမှ ရောက်သွားမှာပဲဟု တွေးမိ၏ ၊





"တစ်ညလုံး သမီးတစ်ယောက်တည်းပေါ့..သမီးရယ် မေမေ့သမီးလေး အရမ်းကြောက်နေမှာပဲ.."

အကြောက်လွန်ပြီး တစ်ခုခုဖြစ်သွားမှဖြင့်..လို့တွေးပြီး ပြီးခဲ့တဲ့ကိစ္စကိုပင် ပြန်တွေးစိတ်ပူမိ၏။

"မယ်မင်း ဘာမှမဖြစ်ပါဘူးမေမေရဲ့..မယ်မင်းထွက်လာတုန်းက မိုးမရွာဘူး၊ မိုးစရွာတာနဲ့ ကားကဘာနင်းမိမှန်းမသိဘဲ ချော်သွားတာ..မေမေစိတ်ပူမှာစိုးလို့ ဘာမှမပြောလိုက်တာ၊ ဦးဆီဖုန်းဆက်တာနဲ့ တန်းရတယ်..ဦးလိုက်လာတာသိတော့ မကြောက်ပါဘူး.."

"အင်းပါ..အင်းပါ၊ မေမေစိတ်မကောင်းလွန်းလို့ပါ..ကဲ နားတော့နော်သမီး၊ ဗိုက်ဆာလား..တစ်ခုခုစားချင်သေးလား.."

မယ်မင်း ခေါင်းခါပြလိုက်၏။ ရင်ထဲမှာ ဟာနေတာ ဘာစားလို့မှ ပြည့်လာမှာမဟုတ်ပေ.. ၊

"ဦးရောမေမေ..ဦးက မယ်မင်းဆီမလာဘူးလား၊ ဦးကိုတွေ့ချင်တယ်"

မယ်မင်းသတိလစ်နေတုန်းကလည်း 'ဦး'ဟုတပြီး စကားတွေဗလုံးဗထွေးပြောသည်။ ခုနိုးလာတော့လည်း နေဇကိုပဲ အပူတပြင်းလိုက်မေးနေသည့် သမီးဖြစ်သူအား အကဲခတ်ကြည့်မိ၏။ စိတ်ထဲမှာ ဘာကိုမတင်မကျ ဖြစ်မကျမိမှန်းမသိ.. ၊

"ဦးက အလုပ်ကိစ္စအရေးကြီးလို့ ဘန်ကောက်ထွက်သွားတယ်သမီးရဲ့..နေပါဦး မေမေ့ကိုသေချာပြောပြပါဦး၊ သမီးက မေမေ့ဆီကို ဟိုတယ်ကနောက်ကတည်းက တစ်ယောက်တည်းထွက်လာတာလား..သမီးထွက်လာတာကို ဘယ်သူမှမသိကြဘူးလား.."

"မသိကြဘူး.."

"စပီဘုတ်မောင်းတဲ့ကောင်လေးကရော မသိဘူးလား..သမီးကိုသူကတစ်ယောက်တည်းလာတာ ကြည့်နေသလား.."

"ဟို..မယ်မင်းက ရီဆက်ရှင်းနစ်ကို ဟိုဘက်ကမ်းမှာ မုန့်စားချင်လို့ ပြောခဲ့တာ၊ ဒီဘက်ကိုကူးချင်ရင် ဟိုတယ်ကစပီဘုတ်ရောကားရော အစ်ခါတည်းခေါ်ပေးနေကျလေ..ဟိုဘက်ရောက်တော့ ဦးကားကိုတက်ခင်းလာတာ.."

"ညဘက်ကြီး သမီးမုန့်စားမယ်ဆိုတာကို စပိဘုတ်ခေါ်ပေးတာ လား.."

"ဟုတ်..မယ်မင်းကအတင်းပြောတာကိုး၊ ဟို..ဦးကမယ်မင်းလိုချင် တာ အကုန်လုပ်ပေးလို့မှာထားတာ.."

"အင်း..အင်း၊ ကားသော့ကရော..နေဇက သမီးကိုကားသော့ပေးထား တာလား.."

"ဟင့်အင်း..မယ်မင်းဘာသာ ဦးမသိအောင်ယူထားတာ.."

"သော့ကဘယ်မှာထားလို့ သမီးကယူလို့ရတာလဲ.."

"သူ့အခန်းထဲမှာပဲ ထားတာပေါ့..ဦးက ဘန်ကောက်က ဘယ်တော့ ပြန်လာမှာလဲမေမေ၊ မယ်မင်းကို လာမတွေ့တော့ဘူးပေါ့.."

မယ်မင်းက စိတ်မရှည်သလိုပြန်ဖြေရင်း ဦးနေဇအကြောင်းပဲ ဆက် မေးနေပြန်သည်။

"ရန်ကုန်ကိုပြန်လာမှာပေါ့ သမီးရဲ့..မေမေတို့လည်း သမီးနေကောင်း တာနဲ့ ပြန်ကြမှာ၊ ဦးလည်းပြန်လာမှာဆိုတော့ ရန်ကုန်မှာတွေ့မှာပေါ့.."

ဒေါ်သီတာအေး သမီးလေးနေဇကို အသည်းအသန်လိုက်မေးနေ သည့်အဖြစ်အား ဘာကြောင့်လဲဆိုတာ သိချင်စိတ်ပြင်းပြနေပါလျက် သိ ချင်တာကို ခဏအောင့်ထားပြီး မယ်မင်းမေးတာကို ဟန်မပျက်ပြန်ဖြေနေ၏။

"အဲ့ဒီတော့ ဆက်ပြောပါဦးသမီးရဲ့..လမ်းမှာဘာဖြစ်လဲ.."

"လမ်းမှာ မိုးကရွာတ်တရက်ကြီးသည်းချလာတာ..ပြီးတော့.."

မယ်မင်း မျက်လုံးလေးထောင့်ကပ် စဉ်းစားနေပြီး.. ၊

"ပြီးတော့ သစ်တုံးလားမသိဘူးနင်းမိပြီး ကားကိုမယ်မင်းထိန်းလို့ မရ တော့ဘူး..ပြီးတော့ သတိလစ်သွားတာ.."

"သမီးရယ်..ပြီးတော့ရော ဘာဆက်ဖြစ်လဲ၊ သမီးသတိရလာတော့ အရမ်းကြောက်နေမှာပေါ့.."

"မယ်မင်းနိုးလာတာနဲ့ ဦးဆီဖုန်းဆက်တာ ဖုန်းကအကြာကြီးပဲမကိုင် ဘူး..ဝင်သွားတာနဲ့ ဦးကချက်ချင်းလာခဲ့မယ်ပြောတယ်၊ မေမေ ဦးက မယ်မင်းကြောင့် လူတွေဝိုင်းအထိုးခံထားရတာသိလား..မျက်နှာမှာဒဏ်





တွေရပြီး နေမကောင်းဖြစ်နေတာ၊ မယ်မင်းခေါ်လို့ရောက်လာတော့လည်း မိုးမိတာအကြာကြီးပဲ..ဦးရောနေကောင်းရဲ့လား၊ ဘာဖြစ်သေးလဲဟင်.."

ဒေါ်သီတာအေး ခုမှသက်ပြင်းဖွဖွချနိုင်၏။ သမီးက နေဇသူ့ကြောင့် ဒဏ်ရာရထားတာ နေမကောင်းဖြစ်ထားတာသိပြီး စိတ်ပူနေတာပဲ။ အရင် တုန်းက ဒီပုံစံမဟုတ်ဘူးဆိုပေမယ့် ခုမှဟိုတယ်မှာစကားပြောဖြစ်ပြီး ရင်းနှီးသွားကြတာလည်း ဖြစ်နိုင်ပါသည်။

"နေဇက ဘာမှမဖြစ်ပါဘူးသမီးရယ်..စိတ်အေးလက်အေးနေနော်၊ သမီးရယ်..တစ်ယောက်တည်းများ ထွက်လာရဲရတယ်လို့၊ အနည်းဆုံးတော့ ဦးကို သွားပြောရမှာမဟုတ်ဘူးလား.."

"မယ်မင်းခေါ်ပါတယ်..ဦးကအရမ်းနေမကောင်းဖြစ်နေတာ၊ မယ်မင်း လည်း မေမေ့ကိုအရမ်းစိတ်ပူလို့.."

မယ်မင်း အလိမ်အညာတော်တဲ့လူ မဟုတ်ပါ။ ခက်ခက်ခဲခဲစဉ်းစား ပြီး ပြောနေရခြင်းဖြစ်ပြီး ဦးနဲ့အတူတူမဟုတ်ကြောင်း ဉာဏ်ရှိသလောက် လိုးလွှဲပြောရင်းက တည့်သွားခြင်းဖြစ်သည်။

"သမီးရတနာ..အခန်းပြန်အိပ်လေ၊ အန်တီကဘာမှမဖြစ်ဘူး..သမီး အနားမှာနေမှ စိတ်ချမှာ.."

"အဲ့ဒါဆို သမီးသွားနားတော့မယ်..မယ်မင်း နင်အိပ်မပျော်သေးရင် ဖက်ဆော့လှမ်းပို့လိုက်နော်၊ ငါလိုင်းပေါ်မှာရှိတယ်.."

မယ်မင်း ရတနာ့ကိုခေါင်းညိတ်ပြလိုက်၏။ မေမေက မယ်မင်း သောက်ဖို့ ဆေးယူပေးပြီး ဆေးသောက်ခိုင်းကာ မယ်မင်းအိပ်ရာဘေးမှာ လာထိုင်နေပေး၏။

"နေဇလည်း သမီးကိုတော်တော်စိတ်ပူနေတာ..အလုပ်တောင်ဖြောင့် ဖြောင့်မလုပ်နိုင်ဘူး၊ ခဏခဏ လာလာကြည့်နေတာ .. ဒီနေ့ညနေကျမှ အလုပ်ကိစ္စပေါ်လာလို့ ဆိုပြီးထွက်သွားတာ."

ဦးက ငါ့ကိုစိတ်ပူတယ်တဲ့.. ၊

မယ်မင်း ကျေနပ်သွား၏။ ဘယ်သူဘာမေးမေး ဘာတွေပြောနေနေ စိတ်ကထိုဆီမှာ မရှိ။ ဦးဆီပဲရောက်နေသည်။ ဦးကိုတွေ့ချင်မိသည့်စိတ် သည် ပူလောင်ပြင်းပြစွာ ဖြစ်တည်နေ၏။ အိပ်ရာပေါ်မှာ ကွေးကွေးလေးလှဲ

နေရင်း မျက်လုံးဖွင့်လိုက်တော့ ဦး၊ မျက်လုံးမှိတ်လိုက်တော့လည်း ဦးအ နမ်းတွေပဲဖြစ်သည်။

ချစ်တယ်..ဦး.. ။

♥

အခန်း(၂၈)

"ဘာကြောင့်ညာကြောင့် မင်းမပြောနဲ့နေဇ..ဒါလုံးဝပုံမှန်မဟုတ်ဘူး ငါ့ကိုမှန်မှန်ပြောစမ်းပါ..မင်းမှာ အခက်အခဲတစ်ခုခုရှိလို့လား၊ တစ်ခုခုဖြစ် နေတာလား.."

ပုံမှန်ဆို ကျော်စွာအိမ်မှာရှိနေသည့်အချိန် သူတို့နှစ်ယောက်ဆုံပြီး အရက်သောက် စကားစမြည်ပြောဖြစ်တာ ကျော်စွာ့အိမ်ရှေ့ခြံထဲမှာပါ။ အခု တော့ စင်္ကာပူရဲ့ Marina Bay Sands ဟိုတယ်ရှိ သူ့ အခန်း၏ဘားမှာ ဖြစ်သည်။ မယ်မင်းနေကောင်းပြီဆိုတာသိတာနဲ့ သူဘန်ကောက်သို့ ချက်ချင်းခရီးထွက်လာခဲ့ သည်။ နောက်တော့ အိမ်မပြန်ချင်သေးသည်မို့ အလုပ်ကိစ္စလည်းရှိသည့် စင်္ကာပူကို ထွက်လာခဲ့သည်။ စင်္ကာပူမှာဆိုပေမယ့် သားကိုလည်း သူသွားမတွေ့ပါ။ ကျော်စွာနဲ့ တွေ့ဖြစ်တာလည်း မထင် မှတ်ဘဲတွေ့ခြင်းဖြစ်သည်။ သူ့လုပ်ငန်းတွေတခြား အလုပ်ရှင်တစ်ယောက်အား ပြန်ရောင်းရန်တွေဆုံစည်းဝေးနေတုန်း အမှတ်ထမင်တွေ့သည်မို့ သူ့ရည်ရွယ် ထားသည့်ကိစ္စများ အထမမြောက်ခင် ကျော်စွာ့ကိုပြောပြရသည့် အဖြစ် ရောက်သွားခဲ့သည်။ စားရင်းသောက်ရင်း သူ့လုပ်ငန်းတွေအားလုံးရောင်းပြီး ထွက်သွားတော့မည့်အကြောင်းပြောတော့ ကျော်စွာ မယုံနိုင်စွာအံ့သြနေ၏။





ပြီးတော့ လက်မခံနိုင်ဘဲ ခါးခါးသီးငြင်း၏။ သူကလည်း ဆုံးဖြတ်ပြီးနေပြီ။ ထွက်သွားဖို့လည်း အားလုံးအဆင်သင့်ဖြစ်နေပြီမို့.. ။

"ဘာမှမဖြစ်ဘူး..ငါ့ဘဝတစ်လျှောက်လုံး ဒီအလုပ်ကိုပဲ နစ်မြုပ်ပြီး အရမ်းကြိုးစားခဲ့တာ၊ ငါ့ကိုယ်ငါ ဒီအလုပ်ကို အရမ်းမုန်းနေမိမှန်းတောင် မသိဘူး..ငါလုပ်ငန်းအားလုံး သားကိုလွှဲပေးခဲ့ပြီး စိတ်လွတ်ကိုယ်လွတ်နေ ချင်တယ်၊ ခြေဦးတည့်ရာလျှောက်သွားချင်တယ်..ပေါ့ပေါ့ပါးပါး အေးအေး ချမ်းချမ်းပဲနေချင်တော့တယ်.."

ကျော်စွာသည် သူ့ကိုတအံ့တသြစိုက်ကြည့်ငြိမ်သက်နေပြီး သူ့စကား ဆုံးသည်နှင့် သေချာစွာခေါင်းခါ၏။

"မဟုတ်သေးဘူးနေဇ..တစ်ခုခုတော့ တစ်ခုခုပဲ၊ မင်းကိုငါအသိဆုံး ပါ..မင်းဒီလုပ်ငန်းကို ဝါသနာနဲ့ပျိုးထောင်ခဲ့တာ၊ ဒီနေ့ထိဒီအလုပ်အပေါ် တစ်ခါမှမငြီးငွေ့ခဲ့ဖူးဘူး..မင်းမှာ ပြဿနာတစ်ခုခုကိုရှိကိုရှိနေပြီ၊ အဲ့ဒီပြဿ နာကလည်း သေးသေးကွေးကွေးမဖြစ်နိုင်ဘူး၊ ဘာလဲပြော..ငါမင်းသူငယ် ချင်းပါကွာ၊ ဘာဖြစ်ဖြစ် ငါကူညီဖြေရှင်းပေးမယ်.."

သူ့ကိုတကယ်စိတ်ပူနေသည့် ကျော်စွာ့ကိုကြည့်ပြီး သူရင်နင့်သွား၏၊ စကားပြောနေသည့်တလျှောက်လုံး သူကျော့်စွာ့ကို ရဲရဲမကြည့်ရဲခဲ့။

ကျော်စွာသိရင် သူ့ကိုဘယ်လောက်ရွံရှာမုန်းတီးသွားမလဲ...။ ဘယ် လောက်တောင် နာကျည်း ယူကျုံးမရဖြစ်သွားလိုက်မလဲ..။ သူ့ပြဿနာကို ဖြေရှင်းပေးချင်နေသည့် သူ့အချစ်ဆုံးသူငယ်ချင်းကို ငေးကြည့်ရင်း ဒီယုံ ကြည်မှုတွေ သွေးသားရင်းထက်ပိုတဲ့ ချစ်ခင်မှုတွေနဲ့ သူမထိုက်တန်ပါလား လို့တွေးပြီး ကိုယ့်ကိုယ်ကိုရှက်မိသည်။ ရွံရှုံစိတ်ပျက်မိသည်။ မှားတဲ့လူတိုင်း က ကိုယ့်အမှားအတွက် တာဝန်ယူရမည်ဆိုရင် သူ့အမှားအတွက်အဖြေက သား၊ ကျော်စွာ၊ သီတာနဲ့မယ်မင်းတို့အားလုံးရဲ့အနားက သူပျောက်ကွယ် သွားဖို့ပဲဖြစ်သည်။ ဒီပြဿနာကြီး ဘယ်တော့ပေါ်လာမလဲ..မပေါ်ပါစေနဲ့လို့ ကြိတ်ဆုတောင်းမိတာ သွေးကြောင်တတ်လို့ မဟုတ်ပါ။ သူအချစ်ဆုံး သူ ငယ်ချင်းတွေရဲ့ ယုံကြည်မှုကို မဖျက်စီးချင်သလို သူ့ကိုအမြဲတလေးတစားရှိ ပြီး သူ့စကားကိုအမြဲနားထောင်လိုက်နာတတ်တဲ့ သူ့ကိုသိပ်ချစ်တဲ့သား စိတ်ဆင်းရဲနာကျင်ခံစားသွားရမှာ စိုးလို့ပါ.. ။

ဘန်ကောက်မှာနေစဉ်တလျှောက် သူဘာလုပ်သင့်လဲ သေချာစဉ်းစားကြည့်မိသည်။ ဒီလိုတွေဖြစ်ပြီးမှ မယ်မင်းကို သူမျက်နှာချင်းမဆိုင်ရဲ။ သားနဲ့မယ်မင်း လက်ထပ်ပွဲမှာရော နောင်ရှေ့ဆက်မယ့်ဘဝမှာပါ သူကအမည်းစက်တစ်ခု။ ဘယ်သူမှမသိကြဘူးဆိုရင်တောင် သားနဲ့မယ်မင်းအောမှာ ရပ်နေမည့် သူ့ကိုယ်သူမြင်ယောင်ကြည့်ပြီး အရှက်ကြီးရှက်မိသည်။ ထို့ကြောင့် သူ့မိသားစုသူသိပ်ချစ်တဲ့သားနဲ့ သူ့ကိုကိုယ်ပွားတစ်ခုလို မျှော်ကြည်နေကြတဲ့ သူငယ်ချင်းတွေအနားကနေ သူအပြီးအပိုင်ထွက်သွားရတော့မည်။

သူစိတ်မကောင်းဖြစ်သွားခြင်းကို ဟန်ဆောင်ထိန်းသိမ်းရယ်မောလိုက်ပြီး.. ၊

"ဘာပြဿနာမှမရှိဘူးကျော်စွာ..လူတွေကမနေ့ကနဲ့ဒီနေ့တင် ပြောင်းလဲနေတာ၊ ငါတကယ်ကို မွန်းကြပ်လာလို့ အလုပ်တွေကိုထားပစ်ခဲ့ချင်တာ.."

"ကလေးတွေ မင်္ဂလာကိစ္စကရော.."

"မင်းလက်ထပ်ပေးမယ့်အချိန် ငါပြန်လာခဲ့မယ်..ငါလုပ်ငန်းတွေရောင်းမပစ်ချင်ပေမယ့် သားကိုလည်းငါ သူဝါသနာပါတာကို မလုပ်ပါနဲ့ မတားချင်ဘူး၊ ငါအလုပ်တွေငါကိုယ်တိုင်ပဲ လက်စသပ်ပြီး ပြန်ရောင်းပစ်မယ်..မင်းငါ့ကိုကူညီပေး.."

ကျော်စွာသည် သူ့ကိုနားမလည်နိုင်စွာ စိုက်ကြည့်အကဲခတ်နေဆဲဖြစ်ကာ သူသည်လည်း ကျော်စွာကိုရင်ဆိုင်မကြည့်ရဲဘဲ မျက်နှာလွှဲလျက်..

♥





အခန်း(၂၉)

ရုံးသွားဖို့ပြင်ဆင်နေတုန်း သားဖုန်းဝင်လာ၏။ စားပွဲပေါ်က ဖုန်းကိုကြည့်ရင်း သူတော်တော်နဲ့မကိုင်ဖြစ်။ စင်္ကာပူမှာ ခဏနေပြီး ဘန်ကောက်က သူ့ဟိုတယ်တစ်ခုမှာသွားနေခဲ့တာ တစ်လကျော်ကြာသည်။ လက်ထပ်ပြီး အမေရိကားမှာ အပြီးသွားနေဖို့ထိလည်း သူအားလုံးစီစဉ်ထားပြီးပြီ။ ဒီမှာ တစ်ပတ်လောက်နေပြီးတာနဲ့ သူ့အလုပ်ကိစ္စအားလုံးပြတ်ပြီ။ သူနဲ့မယ်မင်းရဲ့ပြဿနာလည်း ဖြေရှင်းပြီးသားဖြစ်လိမ့်မည်။ အားလုံးအေးပြန်ဖြစ်လိမ့်မည်။ သို့သော် သားအပေါ် အပြစ်လုပ်ထားမိသည့် မလုံသည့်စိတ်ကြောင့် စကားပြောဖို့ တွန့်ဆုတ်နေသည်။ ပြီးခဲ့တဲ့တစ်လလုံး သားကိုသူ အကြောင်းပြချက်မျိုးစုံပြပြီး ရှောင်နေခဲ့တာ။ စင်္ကာပူရောက်တာတောင် သားကိုသွားမတွေ့ဘဲ နေခဲ့သည်။ ဒီနေ့တော့ မပြောလို့မရတော့ပါ..၊

သူဒီပြန်ရောက်နေတာ သားသိနေသည်။။ သိလို့သာ ရုံးမသွားခင်အချိန်ကို ဖုန်းဆက်ခြင်းဖြစ်သည်။ ဒီမှာ ဒီအချိန်သူအားမှန်းသိနေသောသားကို သူဘယ်လိုမှရှောင်လို့ရမည် မဟုတ်။ အသက်တဝရှူသွင်းပြီး စိတ်ကိုတင်းလိုက်ကာ သူဖုန်းကောက်ကိုင်လိုက်သည်။

"အေး သား..ပြော.."

"ဖေဖေပြန်ရောက်နေပြီလား.."

"အင်း..ပြန်ရောက်ပြီ၊ သားရေးရာအလုပ်တွေ အဆင်ပြေလား.."

"ပြေပါတယ်ဖေဖေရာ..ဖေဖေက စင်္ကာပူမှာလည်း သားဆီမလာဘူး၊ ဘန်ကောက်မှာနေတာလည်း အကြာကြီး..ဘယ်တုန်းကမှ မနေဘူးဘဲနဲ့.."

"အင်း..ဟိုမှာအလုပ်ကိစ္စမပြတ်လို့ပါသားရာ.."

"ဖေဖေနေကောင်းရဲ့လား..ခရီးပန်းနေတာလား၊ ဖေဖေ့အသံကတော့ မျိုးဖြစ်နေလားလို့.."

"ဖေဖေ ဘာမှမဖြစ်ပါဘူးကွာ..သားသာ ကျန်းမာရေးကိုဂရုစိုက် သားပြန်လာမယ်ဆိုတာ ဘယ်တော့ပြန်လာမှာလဲ..မလာသေးဘူးလား.."

"မသိပါဘူးဖေဖေရာ..အစကတော့ အင်တန်းရှစ်ပ်ပြီးတာနဲ့ သားကို ပြန်ရမယ်ပြောထားတာ၊ အခုကျတော့ မယ်မင်းက.."

မယ်မင်းအကြောင်းစလာသည်နှင့် ဘယ်သူမှမရှိသည့်အခန်းထဲမှာ သူတစ်ယောက်တည်း နေစရာမရှိတော့သလို သိမ်ငယ်ပြီးမလုံမလဲဖြစ်နေ သည်။

"မယ်မင်းက ခုမှနေသားကျတာမို့ သားပြန်လာရင် အရင်လိုပြန်ဖြစ် မှာစိုးလို့တဲ့ဖေဖေရာ..ကျွန်တော်က မယ်မင်းကိုလွမ်းလှပြီ၊ ဒီနေ့ မယ်မင်း ကျောင်းဖွင့်ပြီသိလား..ကျွန်တော့်ကိုအစောကြီးနိုးပြီး အင်္ကျီရွေးခိုင်းနေတာ စိတ်ကိုနှောက်ရော၊ အဲ့ဒီဟာလေး ကျွန်တော်ရွေးပေးတာလည်း ဘယ်တော့မှ ကြိုက်တာမဟုတ်ဘူး..အမြဲတမ်း ကိုကိုရွေးပေးပါဆိုတာချည်းပဲ.."

"အင်း..သားတို့အဆင်ပြေတယ်မဟုတ်လား.."

"ပြေပါတယ်..ခဏလေးဖေဖေ၊ မယ်မင်းကျွန်တော့်ဆီပုံပို့နေလို့.. ဟား ဟား.."

နှစ်ထောင်းအားရရှိလှသော သားရယ်သံကြောင့် သူဖြေးလေးစွာလှုပ် ရှားနေရာမှ ထိုင်ရင်း နားစွင့်လိုက်မိ၏။

"မယ်မင်းအရမ်းလှနေတာဖေဖေရ..ဒါပဲနော်ဖေဖေ၊ ကျွန်တော်မယ် မင်းဆီ ဖုန်းခေါ်မလို့.."

သားဖုန်းချသွား၏။ သူနေရာမှာ အချိန်အတော်ကြာသည်အထိ ဆက်ထိုင်နေမိဆဲ.. ၊

"သားနဲ့မယ်မင်းအဆင်ပြေနေပုံပဲ..တော်သေးတာပေါ့၊ ဘာပြဿနာ မှမတက်ဘဲ အဆင်ပြေသွားလို့.."

သူနေရာမှ ထထွက်လာခဲ့ပြီး အောက်ထပ်မှာ ကိုယ့်ဘာသာမနက်စာ စီစဉ်ပြီး ကော်ဖီထိုင်သောက်နေမိသည်။ ကော်ဖီကခါးနေလား ချိုနေလား သိ လှကလှုပ်ရှားနေပေမယ့် စိတ်ကစားတဲ့သောက်တဲ့ဆီမှာ မရှိ။ ဒီနေ့





သူခရီးက ပြန်လာကာစနေ့မို့ ခြံစောင့်ကလွဲရင် နားခိုင်းထားတဲ့အလုပ်သမားတွေ တစ်ယောက်မှမရှိကြပေ။ သူကလည်း ဒီရက်ပိုင်းအတွင်း ထွက် သွားတော့မှာမို့ ပြန်မခေါ်တော့ဘဲ စားတဲ့သောက်တဲ့ကိစ္စကို ဖြစ်သလိုကြုံ သလိုပဲလုပ်ဖို့ စိတ်ကူးထား၏။ တစ်အိမ်လုံးမှာ သူတစ်ယောက်တည်း တိတ် ဆိတ်နေသည်။ အရင်လည်း ဒီအတိုင်းပေမယ့် ခုမှဘာလို့အထီးကျန်သလို ခံစားနေရမှန်းမသိပါ။ ရင်ထဲမှာ ဗလာသက်သက်လစ်ဟာနေ၏။

သူ ဟူးခနဲသက်ပြင်းချရင်း လက်ကိုင်အိတ်၊ ကားသော့၊ ဖုန်းတို့ကို ယူကာ ရုံးသွားဖို့ အပြင်ထွက်လာလိုက်သည်။ အိမ်ပြင်ရောက်တော့ ကား ပေါ်မတက်ခင် မျက်လုံးတွေက အလိုအလျောက် တစ်ဘက်အိမ်ကို လှမ်း ကြည့်မိလျက်သားဖြစ်၏။ ထိုစဉ် တိုက်ဆိုင်စွာ သူ့အိမ်ပြင်ထွက်မှ တစ် ဘက်အိမ်ထဲမှ ခြံပြင်ဆီလှစ်ခနဲပြေးထွက်သွားသည့် မယ်မင်းကိုလှမ်းမြင် လိုက်သည်။ မယ်မင်းက ရိုးရှင်းသောအဖြူရောင်ရင်ဖုံးအင်္ကျီခါးတိုလေးနှင့် အနက်ပေါ်မှာ အဖြူရောင်လိုင်းများပါသည့် ချိတ်လုံချည်လေးဝတ်ထား သည်။ ပိန်ရှည်ရှည်လေးပေမယ့် မိန်းကလေးတစ်ယောက်ရှိသင့်တဲ့ ခန္ဓာ ကိုယ်အချိုးအစား ကျနပြေပြစ်သူဖြစ်ရာ မြန်မာဝတ်စုံနှင့် မယ်မင်းခန္ဓာ ကိုယ်က လိုက်ဖက်လှ၏။ ဆံပင်တွေ ဒီတိုင်းဖားလျားဖြန့်ချထားသည်မို့ ပြေးလိုက်တိုင်း ဆံပင်တွေ လေထဲဝဲခါသွားလျက် ရှုမငြီးနိုင်အောင် ကြည့် ကောင်းသည်။

အမှတ်တမဲ့ လှမ်းငေးနေမိပြီးမှ ခြံပြင်ရောက်သွားပြီး သူ့ခြံရှေ့ကူး လာတာကိုမြင်လျှင် သူမျက်ခုံးတွေ ပင့်တက်သွား၏။

မယ်မင်း သူ့ဆီလာနေတာလား.. ၊

သူ အိမ်ထဲပြန်လှည့်ဝင်မိပြီး အိမ်ပေါ်ထိပြန်တက်လာမိကာ အခန်း တံခါးပြန်ပိတ်ပြီး အသာငြိမ်နေမိသည်။

"ဦး..ဦးရေ.."

ဟင်.. အိမ်ထဲထိဝင်လာတာလား.. ၊ သူတမင်ပြန်မထူးဘဲ ငြိမ်နေ လိုက်သည်။ သို့သော် အိမ်ပေါ်ပြေးတက်လာသည့်ခြေသံကို ကြားလိုက်ရ ၏၊

ဟား..မယ်မင်းဘာလုပ်တာလဲ..။ ဒီမှာသူတစ်ယောက်တည်းရှိနေတာ

မသိဘူးလား.. ၊ အလိုက်ကမ်းဆိုးမသိကွာ..တော်ကြာ သီတာရိပ်မိသွားမှ ဖြင့်.. ၊

သူမတတ်သာသည့်အဆုံး အခန်းပြင်ထွက်လာလိုက်ရသည်။ ဆက်ပုန်းနေရင် မယ်မင်းကအခန်းထဲထိ ဝင်မလာဘူးမပြောနိုင်။ မယ်မင်းကိုမြင်နိုင်းဖို့ သူမျက်နှာကိုအလိုလိုတင်းထားမိ၏။

"ဦး.."

သူ့ကိုတွေ့လျှင် မယ်မင်းခြေလှမ်းတုံ့သွားသည်။

"ဒီကိုဘာလာလုပ်.."

စကားအဆုံးသတ်ခွင့် မရလိုက်။ မယ်မင်း သူ့ဆီပြေးလာပြီး ကျောဖက်ပစ်၏။

"ဦးအရမ်းရက်စက်တာပဲ..မယ်မင်း ဦးကိုလွမ်းလို့သေတော့မယ်"

ငိုတော့မလို ရှိုက်သံစွက်သောအသံတိုးတိုးလေးနှင့် ချွဲ၏။ သူမယ်မင်းကိုပြန်မဖက်။ စကားလည်း မပြောဘဲ တောင့်တောင့်ကြီးရပ်နေမိသည်။ မယ်မင်းနဲ့ပတ်သက်ပြီးတဲ့နောက်ပိုင်း အမှားကြီးမှားလေခြင်းဆိုသည့်နောင်တတွေနဲ့ တောက်လျှောက်ပူလောင်ခဲ့ရသမျှ သူမလေးသူ့ရင်ခွင်ထဲပြေးလာချိန်မှာ ထိုပူလောင်မှုနောင်တတွေအားလုံး ပျောက်ရကုန်၏။

လူကြီးတစ်ယောက်အနေနဲ့ မလုပ်သင့်တာကို သူမှားခဲ့သည်။ မယ်မင်းနဲ့မျက်နှာချင်းဆိုင်ဖို့တောင် ကြောက်ခဲ့မိသည်။ မယ်မင်း သူ့ကိုအထင်သေးနေပြီလား မုန်းနေပြီလားဟု စိတ်ပူခဲ့သည်။ မယ်မင်းက သူ့ကိုမုန်းဘူးအထင်မသေးဘူးလို့ သိလိုက်ရချိန်မှာ 'မယ်မင်းသာသားနဲ့ပတ်သက်တဲ့မိန်းကလေး မဟုတ်ရင် သိပ်ကောင်းမှာပဲ'ဆိုသည့် အတွေးက နင့်နင့်သီးသီး ရင်ထဲတိုးဝင်လာသည်။ ပစ္စုပ္ပန်တွေ အနာဂတ်တွေ သင့်တော်တာ မသင့်တော်တာတွေ သူဘာမှမတွေးဘဲ သူမကိုယ်လေးကို ခဏလေးဖြစ်ဖြစ် ပြန်ဖက်ထားချင်မိ၏။

"ဦး..မယ်မင်းစာပို့တာတွေ ဘာလို့ပြန်မပို့တာလဲ၊ ပြန်လာမှာလည်း အကြောင်းမကြားဘူး..ကိုကိုပြောမှသိတယ်.."

မယ်မင်းပါးစပ်က ကိုကိုဆိုတာပါလာတော့ ခဏအမှောင်ကျသွားသည့် သူ့အသိဉာဏ်တွေ ခပ်ပြာပြာပြန်လင်းသွား၏။ သူ မယ်မင်းပခုံးလေး





နှစ်ဖက်ကို ဆုပ်ကိုင်ပြီး လူချင်းဆွဲခွာပစ်လိုက်သည်။

"ဟင့်အင်း..မယ်မင်း ဦးကိုဖက်လို့မဝသေးဘူး.."

မယ်မင်းကပြောပြီး အတင်းပြန်ဖက်ထား၏။

"မယ်မင်း.. အိမ်မှာကိုယ်တစ်ယောက်တည်းရှိတာ၊ တစ်ယောက်ယောက်မြင်သွားရင် မကောင်းဘူး..ဖယ် လွှတ်စမ်း.."

"ဘယ်သူမှမမြင်ပါဘူးဦးကလည်း.."

သူ မယ်မင်းကိုယ်လေးကို မညှာမတာပဲ လူချင်းဆွဲခွာပစ်လိုက်၏။ ပြီးတော့ မျက်နှာကို အမာကြောဆုံးတင်းပစ်ပြီး မယ်မင်းကို ခပ်စိမ်းစိမ်း စိုက်ကြည့်ပစ်လိုက်သည်။

"မယ်မင်း..ဦးပြောတာ သေချာနားထောင်စမ်း၊ မင်းကသားရဲ့.."

"ဟင့်အင်း..အဲ့ဒါတွေ မယ်မင်းမသိချင်ဘူး၊ မပြောနဲ့.."

"မပြောလို့ရမလား..မင်းနဲ့ကိုယ့်ကို တစ်ယောက်ယောက်သာ ခုလိုပုံစံမျိုးမြင်သွားရင် ဘာတွေဖြစ်ကုန်မလဲသိလား၊ ဖြစ်ခဲ့တဲ့ကိစ္စအားလုံးကို မေ့ပစ်ပြီး နောက်ဆို ကိုယ့်ဆီခုလိုလာတာမျိုး လုံးဝမလုပ်ရဘူး..ပြောတာကြားလား.."

"မကြားဘူး..မယ်မင်းမသိချင်ဘူး၊ မပြောနဲ့ဆိုမှ.."

မယ်မင်းက ခေါင်းတွင်တွင်ခါပြီး မျက်လုံးစုံမှိတ်ပြန်အော်သည်။

"တိတ်စမ်း..သွား အခုပြန်တော့.."

'ရက်စက်ရမယ်' 'မယ်မင်းမုန်းသွားအောင် လုပ်မှဖြစ်မယ်'ဆိုသည့် အတွေးများနှင့် ဒေါသတကြီးဖိအော်ပစ်လိုက်မိသည်။ သူ့အော်သံကြောင့် မယ်မင်း သူ့ကိုအလန့်တကြားငေးကြည့်ရင်း လှိုက်လှိုက်လှဲလှဲဝမ်းနည်းလာဟန်ဖြင့် မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာ၏။

အော်တုန်းကအော်လိုက်ပြီးမှ တကယ်ဝမ်းနည်းသွားမှန်းသိတော့လည်း မကြည့်ရက်နိုင်။ မယ်မင်း သူ့ရှေ့ကထွက်သွားဖို့ပြင်စဉ် ခုနကဖက်စတည်းက သူ့ရုပ်အင်္ကျီကြယ်သီးနှင့်ငြိနေသည့် ဆံပင်များသည် မယ်မင်းခေါင်းလေးကိုအားနဲ့ပြန်ဆွဲလိုက်သလိုဖြစ်သွား၏။

"အား.."

မယ်မင်းသည် ငိုလည်းငိုနေရင်း ဆံပင်တွေကိုအတင်းဆွဲဖြုတ်နေ

သည်။

"နေဦး..ပြုတ်ကုန်မယ်လေ.."

သူ ဆံပင်တွေကို မပြုတ်အောင်ဖြုတ်ပေးနေတော့ ငိုလက်စအတိုင်း ရှိုက်ရင်း စောင့်နေ၏။ နှစ်ယောက်ခပ်ခွာခွာရပ်နေတော့ ဆံပင်ကတင်းနေပြီး ဖြုတ်မရသောကြောင့် သူရှေ့တိုးလိုက်လျှင် မယ်မင်းနှင့်သူ လူချင်းထိကပ်သွားသည်။ မျက်ရည်စိုနေသည့်မျက်နှာလေးကို သတိလက်လွတ်တွေးချက်ငေးမိပြီး သူဆံပင်တွေကိုမြန်မြန်ဖြုတ်ပေးဖို့သာ အာရုံစိုက်ထားလိုက်၏။

အရမ်းဝမ်းနည်းပြီး အော်ငိုပစ်ချင်နေပြီ ထွက်ပြေးသွားချင်နေပါပြီဆိုမှ ငြိနေသည့်ဆံပင်တွေက ဖြုတ်လို့မပြီးနိုင်။ ဦးကလည်းဖြုတ်နေတာ တစ်ပင်ချင်းများ ဖြေယူနေသလားမသိ။ ဆံပင်တွေပြုတ်ကုန်မှာစိုးပြီး တယုတယလုပ်ပေးနေသည်။ မယ်မင်း ဦးကိုစိတ်မရှည်လက်မရှည်မော့ကြည့်ရင်းမှ ချောမောပြေပြစ်သည့် ဦးမျက်နှာကို တမေ့တမောငေးကြည့်မိ၏။

မယ်မင်းကတော့ သူ့ကိုလွမ်းလိုက်ရတာ..လွမ်းလို့သေတော့မလားထင်မိတဲ့အဖြစ်။ ဦးကကျတော့.. ။

နောက်တစ်ကြိမ်ထပ်ပြီး ငိုချင်လာသော မျက်ရည်များက မျက်ဝန်းမှာ ပြည့်အိုင်လာပြန်သည်။

"မလုပ်နဲ့တော့..ထားလိုက်တော့၊ မယ်မင်းသွားတော့မယ်.."

"ဟာ..နေဦး၊ ခဏ ခဏလေး..ပြီးတော့မယ်.."

"ဟင့်အင်း..မလုပ်နဲ့.."

မယ်မင်း မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာလျက် ဆံပင်တွေကို အကြမ်းပတမ်းဖြုတ်ချပစ်ပြီး ပြေးထွက်သွားသည်။ ငိုရင်းပြေးထွက်သွားသည့်မယ်မင်းကို လိုက်ကြည့်ရင်း သူနေရာမှာပင် ကျောက်ရုပ်ကြီးလို မင်သက်ကျန်ခဲ့မိသည်။

ဒီလိုပဲဖြစ်သင့်သည်။ ဒီလိုဖြစ်စေချင်ခဲ့တာ မှန်သော်လည်း.. ။

♥





## အခန်း(၁၀)

မှန်ချပ်မှတဆင့် အင်ယားရေပြင်ကျယ်နှင့် ရန်ကုန်မြို့လယ်ရှုခင်းအား အဓိပ္ပာယ်မဲ့ ငေးကြည့်နေခဲ့တာ အချိန်ဘယ်လောက်ကြာနေပြီလဲမသိ။ နေဘက်အပြည့် လေရှူသွင်းပြီး သက်ပြင်းမောချမိတာလည်း ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါမှန်းမသိတော့ပါ။ သူအိမ်မပြန်ဖြစ်တာ တစ်ပတ်ပင်ပြည့်တော့မည်။ လူကသာ အိမ်ပြန်မရောက်ပေမယ့် သူ့အတွေးထဲမှာ မယ်မင်းကတစ်မိနစ်တစ်စက္ကန့်လေးတောင် ပျောက်ကွယ်မသွားခဲ့ပါ.. ။

မနက်ဖြန်ဆို သူအမေရိကားကိုထွက်သွားတော့မည်။ သူသွားမည့်အဖြစ်ကို ကျော်စွာလည်းမသိ။ သားလည်းမသိပါ။ ကျော်စွာ့ကို လုပ်ငန်းတွေရောင်းထုတ်ဖို့ တိုင်ပင်ထားပေမယ့် ချက်ချင်းခရီးထွက်မယ့်ကိစ္စကိုတော့ သေချာမပြောပြဖြစ်ခဲ့ပေ။ ထားလိုက်တော့..ဘာကြောင့်ပဲဖြစ်ဖြစ် ဘယ်သူတွေ ဘယ်လိုပဲထင်ကြပါစေတော့ အရေးကြီးတာ သူဒီမှာဆက်ရှိမနေဖို့ပင်..။

တင်း..တောင်.. ။

တစ်ယောက်တည်း အတွေးလွန်နေတုန်း ဘဲလ်သံကြောင့် သူ့မျက်ခုံးတို့ ခပ်တွန့်တွန့်ဖြစ်သွားသည်။ ဒါသူတစ်ခါတလေမှ လာနားတတ်သည့် အခန်းဒီပါ။ သားတစ်ယောက်ကလွဲပြီး ဘယ်သူမှမသိ။ ဘယ်ကဧည့်သည်မှန်းမသိဘဲ ဘဲလ်ဆက်တိုက်မြည်နေ၍ စိတ်အနှောင့်အယှက်ဖြစ်လျက် တံခါးဆီခပ်သွက်သွက်လျှောက်သွားမိသည်။ တံခါးရှေ့ကိုပြထားသည့် စီစီတီဗီကင်မရာစခရင်ဆီ သွားကြည့်မိလျှင် သူအံ့ဩသွား၏။

မယ်မင်း.. ။

မယ်မင်းသည် အသားရောင်ဆွဲသားမြန်မာဝတ်စုံလေး ဝတ်ထား

သည်။ ဝတ်စုံတစ်ခုလုံး ဘာအပွင့်အခက်မှမပါဘဲ လက်ပြတ်ရင်စေ့ရှိုးရှိုး လေးဖြစ်ပြီး ဆံပင်တွေကို နဖူးပေါ်မှာ အနည်းငယ်ပွပွလေးဖောင်းလျက် တစ်လွှာချင်းအရစ်ပေါ်အောင် ကြက်ဆံမြီးကျစ်ထား၏။ ဆံပင်ဖားလျား လေးနဲ့ အမြဲတွေ့ရတတ်ပြီး ခုလိုလှကြီးဆန်ဆန်ပြင်ဆင်ထားသောအခါ မြင်ဖူးသောပုံစံတစ်မျိုးဖြင့် မျက်လုံးမလွှဲနိုင်အောင် လှနေသည်။ သူမယ်မင်း ကို ငေးကြည့်ရင်း တံခါးဖွင့်ပေးဖို့ အနည်းငယ်တုံ့ဆိုင်းနေမိသည်။ မယ်မင်း ကတစ်ခုခုကို အလေးတကြီးစိတ်မရှည်ဖြစ်နေပုံရပြီး ဘဲလ်ကို ထပ်ခါတလဲ လဲနှိပ်နေသည်။ သူတံခါးဖွင့်ပေးလိုက်သည်နှင့် ချက်ချင်းအထဲရောက်လာ ၏။

"ဦး.."

"မယ်မင်း ဒီကိုဘယ်လိုသိပြီးရောက်လာတာလဲ.."

မယ်မင်းက သူ့မေးခွန်းကိုစိတ်မဝင်စားပါ.. ၊

"ဦး..ဦး အမေရိကားကို အပြီးထွက်သွားတော့မှာဆို၊ ဟိုမှာပဲနေတော့ မှာဆို..ဦး ဟုတ်လားဟင်၊ မယ်မင်းကြောင့်လား..မယ်မင်းနဲ့မတွေ့ချင်လို့ ထွက်သွားမှာလား.."

သူ မယ်မင်းကို စကားပြန်ပြောဖို့အားမွေးရင်း တံခါးကိုပြန်ပိတ်ကာ ဧည့်ခန်းဆီလျှောက်ထွက်လာမိသည်။ မယ်မင်းက သူ့မျက်နှာလိုက်ကြည့် ရင်း နောက်ကပါလာ၏။ ဧည့်ခန်းထဲရောက်လာပေမယ့် သူမထိုင်မိ။ ထိုင် ဖို့စိတ်မရှိဘဲ မှန်ချပ်အပြင်က ရှုခင်းဆီလှမ်းကြည့်မိ၏။

မယ်မင်း ကျောခိုင်းနေသည့်ဦးကျောပြင်ကို အားမလိုအားမရဖြစ်လျက် ဦးနောက်ကိုလျှောက်သွားရင်း.. ၊

"ဦး..မယ်မင်းမေးတာဖြေဦးလေ၊ မယ်မင်းကြောင့်သွားမှာလား..မယ် မင်း ဦးဆီမလာဘူးလေ၊ ဖုန်းလည်းမဆက်ဘူး..မက်ဆေ့ချ်လည်း မပို့ဘဲနေ တာပါ၊ ဦးမတွေ့ချင်ရင် မယ်မင်းဦးနဲ့မတွေ့အောင်နေပါ့မယ်..ထွက်မသွား ပါနဲ့ဦးရယ်၊ မယ်မင်းဦးကိုချစ်တယ်..ဦးနဲ့မခွဲနိုင်ဘူး.."

ပထမတစ်ခါလည်း အော်ငေါက်အနှင်ခံရပြီးပြီ။ ဒါလည်း အမှတ်မ ရှိဘဲ ဦးကျောပြင်ကိုဖက်ပြီး အားကိုးတကြီးပြောမိ၏။

ဦးနေဖ သူ့ခါးကိုဖက်ထားသည့် မယ်မင်းလက်လေးတွေကို ထပ်အုပ်





ကိုင်ပြီး ဖယ်ချပစ်ကာ ကျောခိုင်းထားရာမှ နောက်လှည့်ကြည့်လိုက်သည်။

"မယ်မင်းကြောင့်မဟုတ်ပါဘူး..ဒါပေမယ့် ကိုယ်တို့အခြေအနေက အတူတူဆက်ရှိမနေသင့်ဘူးလေ၊ သားကို ကိုယ်ဘယ်လိုမျက်နှာပြရမှာလဲ.. ကျော့်စွာနဲ့သိတာတို့ကို ကိုယ်ဘယ်လိုမှ မျက်နှာချင်းမဆိုင်ဝံ့ဘူး.."

"မယ်မင်း..မယ်မင်း ကိုကို့ကိုမချစ်တော့ဘူး၊ ဦးကိုပဲချစ်တာ.."

"တော်တော့မယ်မင်း..အဓိပ္ပာယ်မရှိတာတွေ..ကျတ်၊ မယ်မင်းအရမ်း ငယ်သေးတယ်၊ မင်းမသိတာတွေ အများကြီးရှိသေးတယ်..ဦးစိစဉ်ပေးတဲ့အ တိုင်း လက်ခံပါ၊ ပြီးခဲ့တဲ့ကိစ္စတွေကိုမေ့လိုက်ပြီး သားနဲ့လက်ထပ်ပါ.."

"ဟင့်အင်း..မယ်မင်း ဦးကိုပဲလက်ထပ်မှာ.."

"တိတ်စမ်းမယ်မင်း..အဲ့ဒီစကားထပ်မပြောနဲ့၊ မင်းနဲ့ကိုယ် အဲ့ဒီလို အခြေအနေတွေ ဘယ်တော့မှရောက်လာမှာ မဟုတ်ဘူး..အဲ့ဒါမြဲမြဲမှတ်ထား"

မယ်မင်း သူ့ကိုတအံ့တသြငေးကြည့်နေသည်။ မယ်မင်းအကြည့်တွေ ကြောင့် သူမလုံမလဲမျက်နှာလွှဲမိ၏။ တကယ်တော့ သူ့အမှားပဲ။ မယ်မင်း က သူ့ကိုလက်ထပ်ပါ တာဝန်ယူပါလို့ ပြောခွင့်ရှိပါသည်။ သူကလည်း ဘာတွေဖြစ်ဖြစ် ဖြစ်ချင်တာဖြစ်စမ်းလို့ လောကကြီးကိုစိန်ခေါ်ပြီး မယ်မင်း ကို သိမ်းပိုက်ထားချင်ပါသည်။ ဒါပေမယ့် တစ်လောကလုံးကို သူစိန်ခေါ်နိုင် ခဲ့တောင် အဲ့ဒီထဲမှာ သားမပါပါ..။ တကယ်ဆို မမူးဘဲမှားခဲ့တဲ့ အဲ့ဒီညမှာ သားအကြောင်း ခေါင်းထဲနည်းနည်းလေးဖြစ်ဖြစ် ရောက်ခဲ့ရင်တောင် မယ် မင်းကို ခုလိုရက်ရက်စက်စက် စကားတွေပြောနေရမှာ မဟုတ်ပေ.. ၊

"ဦး..မယ်မင်းက ဦးကိုအရမ်းချစ်တာ၊ ဦးက မယ်မင်းကိုနည်းနည်း လေးတောင် မချစ်ဘူးလားဟင်.."

ဝမ်းနည်းပက်လက်မေးသည့် အသံတိုးတိုးလေးက သနားစရာ.. ၊

"မယ်မင်းကို ကိုယ်ချစ်တာမုန်းတာ အရေးမကြီးဘူး..အရေးကြီးတာ က ကိုယ့်သားနာကျင်ခံစားရအောင် ကိုယ်မလုပ်နိုင်ဘူး၊ ကိုယ့်အချစ်ဆုံး သူငယ်ချင်းယုံကြည်မှုကို မဖျက်ဆီးချင်ဘူး..ဖြူဖြူစင်စင် ကိုယ့်မျက်စိရှေ့ မှာ ကြီးပြင်းလာတဲ့မိန်းကလေးတစ်ယောက်ရဲ့ဘဝကို မဖျက်ဆီးချင်ဘူး.. မယ်မင်းနဲ့ကိုယ်သာ ရှေ့ဆက်ရင် ဘာတွေဖြစ်လာမလဲ တွေးမိရဲ့လား.."

သူမယ်မင်းကို အတတ်နိုင်ဆုံးနားချကြည့်မိသည်။ မယ်မင်း သူပြော

တာကိုနားထောင်ရင်း ငေးကြည့်နေသည်။

"ဦးကိုနားလည်ပေးပါကလေးရယ်..ဒီလိုတွေဖြစ်ပြီးမှ မင်းနဲ့သား ဘေးမှာ ကိုယ်ဘယ်လိုစိတ်နဲ့ ဆက်နေရမလဲ၊ ကိုယ့်ကိုနားလည်ပေးပါ.."

မယ်မင်း ဦးမျက်နှာကိုငေးကြည့်နေရင်း ရင်ထဲမှာဆို့ကျပ်လာ၏။ ဘယ်သူ့ဘာပြောပြော ပြင်မှာမဟုတ်တော့မှန်း မယ်မင်းဘယ်လောက် တောင်းပန်ပါစေ ပြောင်းလဲတော့မှာမဟုတ်မှန်း ခိုင်ကြည်နေသည့် ဦးမျက် လုံးတွေက သက်သေထူနေသည်။ ဦးနဲ့အပြီးအပိုင်ဝေးရတော့မယ်ဆိုတဲ့အ သိနှင့်အတူ ရင်ဘက်ထဲမှာ စူးစူးနင့်နင့်ကြီး ထိုးအောင့်လာသည်။ အသက် ကိုဘယ်လိုပဲ အားစိုက်ရှူပါစေ အသက်ရှူမဝသလို မွန်းကျပ်လာ၏။ အသက် ကို ရင်ဘက်အပြည့်ရှူသွင်းရင်း မူးလဲတော့မလို အားအင်ဖျော့တော့လာသည် မယ်မင်းမျက်နှာကိုကြည့်ပြီး ဦးနေဇေါ်မတ်သွားသည်။ မယ်မင်း ဦးရဲ့နှ ရှိုက်သွားသည့်အမူအရာလေးတစ်ချက်ကိုမြင်သည်နှင့် ချက်ချင်းဆိုသလို တစ် ခုခုကိုအကြဲရသွားသည်။ ဝေဒနာခံစားနေရသည့်ကြားက ခေါင်းကိုလက်နဲ့ ထိန်းကိုင်ရင်း.. ၊

"မူးတယ်.."

"မယ်မင်း..မယ်မင်းဘာဖြစ်တာလဲ၊ ဟင်.."

မယ်မင်း နေမကောင်းတာရော ဝမ်းနည်းကြေကွဲနေသည့်ခံစားချက် ကြောင့်ရော စိတ်လျှော့လိုက်တာနဲ့ တကူးတကဟန်ဆောင်နေဖို့ပင်မလိုဘဲ ဦးကိုယ်ပေါ်လဲကျသွား၏။

"မယ်မင်း..မယ်မင်း မယ်မင်းဘာဖြစ်တာလဲ၊ မယ်မင်း..မယ်မင်း.."

ပျာယာခတ်စိုးရိမ်သွားသည့် ဦးအသံကိုကြားနေသိနေသော်ငြား မယ် မင်းမျက်နှာလေးမှိတ်ပြီး သတိလစ်ချင်ယောင် ဆောင်နေမိသည်။

ဦးနဲ့ မဝေးချင်ဘူး.. ၊

♥





အခန်း(၃၁)

နံရံနဲ့အပြည့်လုပ်ထားသော ကြီးမားသည့်စာအုပ်စင်နှင့် စာအုပ်များ အပြင် စာကြည့်စားပွဲတစ်လုံးနှင့် ခုတင်တစ်လုံးသာရှိသည့် သန့်ပြန့်ရှင်း လင်းနေသည့် အိပ်ခန်းထဲသို့ မယ်မင်းကိုပွေ့ခေါ်လာ၏။ ထိုအခန်းထဲရောက် သည်နှင့်.. ၊

"မယ်မင်းမှာ ကိုယ်ဝန်ရှိနေပြီထင်တယ်.."ဟု ပြောပစ်လိုက်၏။

ဦး မယ်မင်းကို မျက်လုံးအပြူးသားကြည့်နေပြီး ကြောင်အသွားတာ ခဏတော်တော်နဲ့ စကားပြန်မပြောနိုင်ပါ။ ပြီးတော့ ချက်ချင်းဖုန်းထယူပြီး ဆ ရာဝန်လှမ်းခေါ်နေ၏။ ဒီတော့မှ မယ်မင်းပြေးစရာမြေမရှိအောင် ထိတ်လန့် သွားသည်။ ဒီလိုဖြစ်လာနိုင်တာကို နည်းနည်းမှကြိုမတွေးမိ။ ရောက်လာ သည့် ဆရာဝန်က အသက်လေးဆယ်ဝန်းကျင်ခန့်ရှိသော အမျိုးသမီးဆ ရာဝန်။ ကိုယ်ဝန်ရှိမရှိစစ်ပေးဖို့ပြောပြီး ဦးကအပြင်ထွက်ပေး၏။ ဦးမရှိသည့် အချိန်လေးမှာ မယ်မင်းအခွင့်အရေးကို အပြည့်အဝအသုံးချပြီး ဆရာဝန်အန် တီအား တောင်းပန်လိုက်သည်။

"အန်တီ..မယ်မင်းမှာကိုယ်ဝန်ရှိတယ်လို့ ဦးကိုပြောပေးပါနော်၊ မ ဟုတ်ရင် ဦးကမယ်မင်းကိုထားခဲ့တော့မှာမို့လို့ပါ..မယ်မင်းကိုကူညီပါနော် အန်တီ..မယ်မင်း ဦးမရှိဘဲ ဘယ်လိုနေရမှန်းတောင်မသိဘူး၊ ဦးကလွဲရင် မယ်မင်းမှာ တခြားအားကိုးစရာမရှိလို့ပါ..နော်.."

ဒေါ်မာလာဆိုသည့် ဆရာဝန်အမျိုးသမီး မယ်မင်းကိုအံ့သြသလိုငေး ကြည့်သည်။ ပြီးတော့ သူမပြန်ပြောလာသော စကားကြောင့် ရှော့ရသွားတာ မယ်မင်းပါ.. ၊

"သမီး..သမီးမှာကိုယ်ဝန်တကယ်ရှိနေတာပဲလေ.."

"ရှင်.."

"သမီးမှာကိုယ်ဝန်ရှိနေတယ်.."

"မယ်မင်းမှာ.."

မယ်မင်း ကိုယ့်ဗိုက်ကို ရန်သူကြီးတစ်ယောက်လို ကြောက်စရာ တ္တဝါတစ်ကောင်လို ငုံ့ကြည့်မိ၏။

"သမီးမှာနလုံးရောဂါရှိနေတာ သိလား.."

မယ်မင်း ထပ်ပြီးအံ့ဩရပေမယ့် ဒါကိုတော့ အထွေအထူးခံစားမနေ မိပါ။ ယောင်နနလေး 'ဟင့်အင်း'ဟု ခေါင်းခါပြလိုက်မိသည်။

"သမီးစိတ်ချမ်းသာအောင်နေမှဖြစ်မယ်..အန်တီပြောတာနားထောင် နော်.."

ဒေါ်မာလာ မယ်မင်းကိုလိုအပ်တာတွေ စစ်ဆေးစမ်းသပ်ပြီး အပြင် ပြန်ထွက်သွား၏။ ဦးနေဇ အခန်းအပြင်မှာ ခေါက်တုံ့ခေါက်ပြန်လမ်း လျှောက်နေရာမှ အခန်းထဲကထွက်လာသည့် ဒေါက်တာမာလာကိုမြင်ပြီး ခြေလှမ်းတုံ့သွားသည်။

"ဒေါက်တာ..မယ်မင်းဘာဖြစ်တာလဲ.."

ဒေါက်တာဒေါ်မာလာသည် ကွန်ဒိုအောက်ဆုံးထပ်မှာဖွင့်ထားသည့် ဆေးရုံက အထွေထွေအထူးကုဆရာဝန်တစ်ဦးဖြစ်ပြီး ဦးနေဇနှင့် အစကတည်း ခဲ့ရင်းနှီးခဲ့ဖူးသူမဟုတ်သော်လည်း မယ်မင်းက ဦးထားခဲ့မှာစိုးလို့လို့ပြော လိုက်သည့်စကားများကြောင့် ဦးနေဇကိုခြေဆုံးခေါင်းဆုံးကြည့်မိ၏။ ကောင်မလေးက ဖြူဖြူစင်စင်နုနုနယ်နယ်လေး။ သူလည်း လူချောတစ် ယောက်ဖြစ်ပေမယ့် အသက်ချင်းအရမ်းကွာနေတာသိသာပြီး ကိုယ်ဝန်ရှိမှ အလွန်အမင်းသိချင် စိတ်လှုပ်ရှားနေသည့်ပုံကြောင့် ကလေးမလေးကို အ ကယ်ပဲထားခဲ့ဖို့ စိတ်ကူးနေတာလားဆိုသည့်အသိနှင့်အတူ ကောင်မလေး ကို သနားစိတ်ဖြင့် အကြည့်ကမကြည်လင်။ တကယ်ဆို သူမအကြံပေးသင့် တာက ကလေးမယူသင့်ကြောင်း ဆရာဝန်နဲ့သေချာတိုင်ပင်ပြီးမှ ကိုယ်ဝန် ဆက်ယူသင့်မယူသင့် ဆုံးဖြတ်သင့်ကြောင်းဖြစ်သော်ငြား ကလေးမရှိခင် အထားခံခဲ့ရတော့မည် ကောင်မလေးအဖြစ်ကြောင့်.. ।





"သူ့မှာကိုယ်ဝန်ရှိနေတယ်..ငါးပတ်လောက်တော့ရှိပြီထင်တယ်၊ ပြီး တော့ လူနာမှာနလုံးရောဂါရှိနေတယ်..လူနာကိုသေချာဂရုစိုက်ပေးပါ.."

ဒေါ်မာလာပြန်သွားတော့ ဦးနေဇ အိမ်ရှေ့ဧည့်ခန်းထဲမှာ ခေါင်းငိုက် စိုက်ကျကျန်ခဲ့သည်။ နှင်းပိတ်သည့်ချောက်ကမ်းပါးပတ်လည်မှာ လမ်း လျှောက်နေတဲ့လူလို သူဘယ်ဆီဦးတည် ဘယ်ဆီခြေလှမ်းလှမ်းရမှန်း မသိ တော့ပါ။ ဘယ်ကိုပဲလှမ်းလှမ်း သူ့အတွက် တွင်းနက်နက်စူးချွန်ကျောက် များ ဝန်းရံလျက်။ အခန်းထဲကို ငိုင်တိုင်တိုင်ဝင်လာမိစဉ် ခုတင်ပေါ်မှာ ဘတ်တုတ်လေးထိုင်နေသည့် မယ်မင်းက သူ့ကိုလှမ်းကြည့်လာသည်။ စိတ် တွေ ရှုပ်ထွေးနောက်ကျိနေသည့်ကြားက ဖြူဖျော့ဖျော့လေး ငြိမ်ကုတ်နေ သည့် မယ်မင်းပုံစံလေးကို သူသတိထားမိ၏။

"မယ်မင်း.."

သူ့ကိုမော့ကြည့်လာသည့် မယ်မင်းမျက်နှာလေးက ပြိုကျတော့မည့် မိုးလို ငိုမဲ့မဲ့.. ।

"ဘာဖြစ်လို့လဲ.."

နှုတ်ခမ်းလေးစူပြီး ခေါင်းခါနေကာ အဖြေကတော်တော်နဲ့ထွက်မလာ။ ငိုချင်နေတာကို ထိန်းထားပုံဖြင့် မျက်ခမ်းစပ်လေးတွေ တဖြည်းဖြည်း နီလာပြီး.. ।

"မယ်မင်း..မယ်မင်းကြောက်တယ်.."

သူမယ်မင်းဘေးမှာဝင်ထိုင်လိုက်ပြီး မျက်နှာလေးကို မော့ယူမိသည်။

"ဘာကိုကြောက်တာလဲမယ်မင်း..ဟင်၊ ဦးကိုပြောစမ်း..ကလေးရှိနေ တာကို ကြောက်တာလား.."

"မယ်မင်းကလေးမမွေးချင်ဘူး..ကလေးမွေးတာ အရမ်းကြောက်ဖို့ ကောင်းတာတဲ့၊ သေလည်းသေနိုင်တယ်တဲ့..မယ်မင်းမသေချင်ဘူး၊ ကလေး မွေးချင်ဘူး..ကြောက်တယ်.."

"မဟုတ်တာမယ်မင်းရယ်..ကလေးမွေးတိုင်း သေတာမဟုတ်ပါဘူး၊ မယ်မင်းကိုဘယ်သူပြောလဲ.."

"မေမေပြောတာ မယ်မင်းသေမှာစိုးလို့ ကလေးမမွေးရဘူးတဲ့..ပြီး တော့ ဗိုက်ကြီးပုလာမှာ မကြိုက်ဘူး၊ ဗိုက်ပုလာရင် မေမေသိသွားလိမ့်မယ်

မယ်မင်းကိုဆူလိမ့်မယ်..မယ်မင်းကလေးမမွေးချင်ဘူး.."

"အိုခေ..အိုခေ မငိုနဲ့၊ မငိုနဲ့တော့နော်..မယ်မင်းမမွေးချင်ရင် မမွေးနဲ့.."

မယ်မင်း ကလေးမွေးမယ့်အဖြစ်ကို ကြောက်နေတဲ့တရားခံက သီတာပဲဖြစ်ပါလိမ့်မည်။ သီတာသည် သူမအလှည့်တုန်းက အသက်နဲ့ရင်းပြီး မိုက်မိုက်မဲမဲ ကလေးယူခဲ့ပေမယ့် မယ်မင်းကိုတော့ ဒီလိုစွန့်စားတဲ့အလုပ်မျိုး မလုပ်စေချင်၍ မယ်မင်းကိုယ်တိုင်ကြောက်နေအောင် ခြောက်ထားခြင်းဖြစ်ပါလိမ့်မည်။ မယ်မင်းက ခေါင်းခါရင် သားကလည်းဇွတ်လုပ်နိုင်းမယ့်လူမဟုတ်ပေ။ သူဆိုလည်း မယူချင်ဘူးဆိုရင် မယူနဲ့ပြောမိမှာပင်။ ဒါပေမယ့် ရှိလာပြီးမှတော့ သူ့ရင်သွေးလေးကို သတ်မပစ်နိုင်ပါ.. ၊

"မယ်မင်းမမွေးချင်ရင် ဖျက်ချလို့ရတယ်..ကလေးလေးကတော့ လူမဖြစ်သေးဘဲ သေသွားမှာပေါ့၊ ဒါပေမယ့် မယ်မင်းကမွေးရမယ့်အမေပဲလေ.. မယ်မင်းမမွေးချင်ရင် ကိုယ်ဝန်သွားဖျက်ချကြမယ်.."

မယ်မင်း ဦးကိုမော့ကြည့်ပြီး ငိုင်နေသည်။ ကလေးမွေးရမှာကြောက်နေမိသလို ဦးနဲ့ဝေးရမှာလည်း ကြောက်ပါသည်။ မယ်မင်းစိတ်ကူးက ရှုပ်ရှင်တွေထဲကလို မူးတယ် မူးတယ်ပြောပြီး ဟန်ဆောင်လဲပြမည်။ ကိုယ်ဝန်ရှိတယ်လို့ပြောမည်။ ဦးကိုထွက်မသွားပါနဲ့တားမည်။ ဒီလောက်ပါပဲ.. ။ တကယ်ကြီးရှိနေတော့ သေမင်းလက်မှတ်ရသလို အကြောက်ကြီးကြောက်သွားမိ၏။ ဒါပေမယ့် အဲ့ဒီအကြောက်တရားထက် ဦးနဲ့ဝေးရမှာကိုကြောက်တဲ့စိတ်က ပိုနေသည်။

"ဦးကရော..ကလေးလေးလိုချင်လို့လား.."

ဦးနေဇ ဆံပင်တွေကွယ်မနေဘဲ ရှင်းနေသည့်မျက်နှာသွယ်သွယ်လေးကို စိုက်ကြည့်နေပြီး.. ၊

"မယ်မင်းသာမွေးပေးမယ်ဆိုရင် ကိုယ့်အသက်နဲ့လဲယူရမယ်ဆိုရင်တောင် လဲယူဖို့အသင့်ပဲ.."

"ဦးက မယ်မင်းအနားမှာနေပေးမှာလား.."

"အင်း.."

"ဒါပေမယ့် မယ်မင်းသေမှာကြောက်တယ်.."





"ဦးကိုမယုံဘူးလား.."

မယ်မင်းမျက်နှာလေး ခပ်ရိပ်ရိပ်ပြုံးသွား၏။ ဦးနေဇ ပြုံးနေသည့်မျက်နှာလေးကို ငေးကြည့်ရင်း ပါးပြင်နုနုလေးကို လက်နဲ့ထိကိုင်ကြည့်မိသည်။ မယ်မင်းသည် သူ့လက်နဲ့သူမပါးထိမိသည်နှင့် မျက်လုံးလေးမှိတ်ပြီး သူ့လက်ကိုကြောင်ပေါက်လေးလို ခေါင်းလေးတိုးဝှေ့ပွတ်သပ်ရင်း 'ဦးကိုချစ်တယ်'ဟု နှုတ်ခမ်းလှုပ်ရုံလေးပြောလျှင် မယ်မင်းကိုကြည့်ပြီး သူ့အသည်းတွေ ကျင်ခဲသွားသလားထင်ရ၏။

"မယ်မင်းကွာ.."

သူ မချင့်မရဲညည်းမိရင်း နမ်းဖို့ရည်ရွယ်ချက်ဖြင့် မျက်နှာငိုက်ကျသွားစဉ် မှိတ်ထားသည့်မယ်မင်းမျက်လုံးလေးတွေ အလန့်တကြားပွင့်လာသည်။ မျက်နှာချင်းနီးနီးကပ်ကပ်ဖြစ်နေတာမြင်လျှင် မျက်လုံးလေးဝိုင်းသွားပြီး အမ်းတမ်းတမ်းဖြစ်သွား၏။ သူလည်း ကိုယ့်ရှိန်ပြန်သပ်လိုက်ရပြီး မျက်နှာပူသွားသည်။

"ဟို..ဦး မယ်မင်းကျောင်းဆင်းချိန်နီးနေပြီ.."

"ဟင်..အင်း ဦးလိုက်ပို့ပေးမယ်လေ၊ ဒါနဲ့ မယ်မင်းက ဦးအမေရိကားသွားမှာ ဘယ်လိုသိတာလဲ.."

"ရတနာပြောတာ..ရတနာ့ဒယ်ဒီက ပြောနေတာတဲ့၊ မယ်မင်းက အဲ့ဒီသတင်းကြားပြီးထိုင်ငိုတော့ ရတနာကဦးနဲ့တွေ့ပြီး မသွားနဲ့တားတဲ့..မယ်မင်းက ကိုကိုနဲ့အလည်လာဖူးလို့ ဒီကိုရောက်ဖူးတယ်၊ ကိုကိုက ဦးတစ်ယောက်တည်းဆို ဒီမှာလာလာနေတတ်တယ်ပြောထားလို့.."

ဒါဆို ရတနာကသူနဲ့မယ်မင်းအကြောင်း သိနေပြီပေါ့.. ၊

ဒီလိုပဲဖြစ်လိမ့်မယ်လို့ သူကြိုတွေးထားပြီးသားပါ။ ဒီအချိန်ကျမှတော့ ဖြစ်ချင်တာဖြစ်ပါစေတော့..။ ဘာတွေဖြစ်လာလာ သူမယ်မင်းကို လက်ထပ်မည်။ မယ်မင်းနဲ့သူ့ရင်သွေးလေးအတွက် ဖြစ်လာသမျှ ရင်ဆိုင်ဖြစ်တော့မည်။

♥

## အခန်း(၃၂)

ဖြစ်လာသမျှ ရင်ဆိုင်ပစ်မယ်လို့ ဘယ်လိုပဲအားခဲထားပါစေ နေ့ရှေ့တွေးကြည့်လေ ရင်ဆိုင်ရမှာ သွေးနည်းလာလေပါပဲ။ သိပ်မကြာခင်က သားနဲ့စေ့စပ်ထားတဲ့မိန်းကလေးကို သူဘယ်မျက်နှာနဲ့လက်ထပ်ရပါ့မလဲ။ သားသိပ်ချစ်တဲ့ မိန်းကလေးကို သူဘယ်လိုအင်အားနဲ့လုယူရက်ပါ့မလဲ။

ကံကြမ္မာသည် 'မဟုတ်တာလုပ်ပြီး ထွက်ပြေးချင်တဲ့ကောင်'ဟု သူ့ကို အမြင်ကတ်၍များ မယ်မင်းဆီမှာရင်သွေးလေးရှိစေခဲ့တာလား..။ ဒီအကြောင်းကြောင့် သူနဲ့မယ်မင်းမှားခဲ့ကြတဲ့အဖြစ်အား အားလုံးကိုထုတ်ပြောပြရတော့မည်။ ရှေ့ဆက်ဘာတွေဖြစ်လာမလဲ မသိသေး။ သူသေချာသိတာတစ်ခုက သီတာသည် မယ်မင်းဗိုက်ထဲကကလေးကို လုံးဝလက်ခံမှာမဟုတ်သလို မွေးခွင့်လည်းပေးမှာမဟုတ်ပေ။ ဒီကိစ္စမျိုးဖြစ်မှာစိုးလို့ပဲ သားနဲ့မယ်မင်းကိုခွဲထားခဲ့ကြတာမို့ ကိုယ်ဝန်ကိစ္စသိသွားတာနဲ့ ကျိန်းသေကလေးကိုဖျက်ချပစ်မှာပင်.. ။

ဖြစ်မလာသေးတဲ့အနာဂတ်ကို ကြိုတွေးမိတိုင်း သူစိတ်ပူမိတာ သားနဲ့မမွေးသေးတဲ့ သူ့ရင်သွေးလေးပါ။ နှစ်ယောက်စလုံးမနစ်နာအောင် ဘာလုပ်ရမလဲတွေးတိုင်း ဘာလုပ်သင့်တယ်ဆိုတဲ့အဖြေထွက်မလာဘဲ ရှုပ်ချင်စရာတဲ့အထိ ချောက်ချားသည်။ ကြုံလာမည့်ဘေးကို အမြန်ဆုံးရင်ဆိုင်ပစ်ချင်ပါသည်ဆိုမှ သားကအလုပ်ကိစ္စနဲ့ ခရီးထပ်ထွက်နေရ၍ ပြန်မလာနိုင်သေးဒီပြဿနာကို သားကိုဖွင့်ပြောမရှင်းရမချင်း သူမယ်မင်းနဲ့ဝေးဝေးနေချင်သည်။ သို့သော် ကိုယ်ဝန်ကြောင့် မယ်မင်းစားနေနေ သွားနေနေ အချိန်တိုင်းစိတ်မချဖြစ်နေမိပြန်၏ ကျောင်းမှာလည်း ကျောင်းမှာအလေ့ာက် အိမ်





မှာလည်း အိမ်မှာမို့ မယ်မင်းကိုယ်ဝန်ကိုမှ သတိရပါ့မလား..။ အစားအသောက်အနေအထိုင် ဆင်ခြင်ရဲ့လား အမြဲတွေးပူမိ၏။ ထို့ထက်ပိုဆိုးသည်က မယ်မင်းသူ့ဆီရောက်လာမှာစိုး၍ ရှောင်လွှဲနေရခြင်းပင်။ သူစောင့်ကြည့်ခိုင်းထားတဲ့လူက မယ်မင်းကိုအမြဲစောင့်ကြည့်ပေးနေသည်၊ ကျောင်းမှာ သူငယ်ချင်းတွေနဲ့ ရယ်မောစကားပြောနေသည်ဟု လှမ်းပြောပြီးပြီးချင်း မယ်မင်းဆီမှ မက်ဆေ့ချ်ရောက်လာသည်က.. ।

*ဦး..မယ်မင်းဦးကို လွမ်းတယ်၊ သူငယ်ချင်းတွေနဲ့ ရယ်စရာပြောနေချိန်နဲ့ကို လွမ်းနေတာ တဲ့.. ।*

အိမ်ချင်းနီးနီးကပ်ကပ်နေပြီး မတွေ့ရသည့် သူတို့အဖြစ်က လွမ်းစရာလည်းလွမ်းလောက်စရာပါ။ သူကတော့ မယ်မင်းကိုအချိန်တိုင်းသတိရနေတာ်ပေမယ့် မယ်မင်းကလွမ်းတယ်ပြောတာတော့ သိပ်လက်မခံချင်။ ကျောင်းမှာဆို သူငယ်ချင်းဝိုင်းဝိုင်းလည်လို့ တစ်ချက်မှအားချိန်မရှိ။ အိမ်ပြန်ရောက်တာနဲ့ သားနဲ့အချိန်တိုင်းဖုန်းပြော ဗီဒီယိုဖုန်းခေါ်စကားပြောတာဆက်တိုက်။ သူ့ကိုသတိရတယ် လွမ်းတယ်ဆိုတာ ဘယ်အချိန်မှာလဲ..။ ဘယ်ကဏ္ဍကလဲ.. ।

"ဦးကိုချစ်တယ်.."

ဒီစကားလေးကြားတိုင်း ရင်ခုန်ကြည်နူးတဲ့စိတ်တွေ တသိမ့်သိမ့်ဖြစ်လာတာတ်ပေမယ့် 'ကိုယ်လည်းချစ်တယ်'လို့ ပြန်မပြောဖြစ်ခဲ့။ အတူတူနေမိုက်မိလို့ အထိအတွေ့ကြောင့် မယ်မင်းသူ့အပေါ် သံယောဇဉ်ဖြစ်သွားတာသူသိသည်။ မယ်မင်းသားအပေါ် ဘယ်လောက်ထိသံယောဇဉ်ကြီးတယ်ဆိုတာလည်း သူသိနေသည်။ တကယ်ဆို ကိုယ်ဝန်ကြောင့်သာမဟုတ်ရင် သူကမယ်မင်းနဲ့သားကြားမှာ ရှိကိုမရှိသင့်တဲ့လူပါ။ ခုတော့ ကလေးကြောင့်သူနောက်ဆံငင်နေရသည်။ ထွက်သွားလို့လည်းမရ ဆက်နေလို့လည်း မသော်.. ।

"ဦး...ဦး..."

ရုံးကတမင် နောက်ကျအောင်ပြန်လာခါမှ ခေါ်သံကြောင့် သွားပြီလို့စိတ်ပျက်သွားရသလို လှည့်ကြည့်လိုက်တော့ ခြေဖျားထိပုံအိကျနေသည့်ဂါဝန်အရှည်ဖြင့် ရေချိုးပြီးစ ဆံပင်မခြောက်တခြောက်နှင့် နုသစ်လတ်ဆတ်

ပြီး အလှကြီးလှနေသည့်မယ်မင်းကြောင့် ငေးခနဲကြည့်မိရင်း ရင်ထဲမှာ
ထွေးသွား၏။ အမှတ်တမဲ့ငေးကြည့်မိပြီးမှ နောက်မှာသီတာရှိနေတာကို
ပြီး သူ့မျက်နှာထူအမ်းအမ်းဖြစ်သွားသည်။ သူခိုးလူမိဆိုတာမျိုး.. ।

"ဖေဖေက မယ်မင်းမွေးနေ့လက်ဆောင်ကို ပြိုင်ကားဝယ်ပေးပါ
တာ..မဝယ်ပေးဘူးတဲ့၊ ဦးဝယ်ပေး.."

မယ်မင်း မျက်နှာလေးစူပုတ်နေရခြင်းအကြောင်းကို ခုမှသ
ပေါက်သွား၏။ ခုပဲကျော်စွာနဲ့ဖုန်းပြောနေတာဖြစ်ရမည်။ သီတာက နော
မှာဖုန်းကိုင်လျက် 'ကိုယ့်သမီးနေ့ဇကို ထွက်တိုင်နေတာကိုရေ'ဟုပြော
ဖုန်းချကာ မယ်မင်းရှိနေသည့်ခြံစည်းရိုးနားထိ လျှောက်လာသည်။

"ဦး..မယ်မင်းပြောနေတာကြားလားလို့၊ မယ်မင်းကိုပြိုင်ကားဝယ်
ပါဆိုမှ..ဖရာရီအနီလေး"

မယ်မင်းက သူ့ကိုအတိအလင်းကြီးပူဆာနေတာမို့ သီတာပင်
နေသည်။ သူဘာပြန်ပြောရမှန်းမသိပေ။ စိတ်ထဲရှိတဲ့အတိုင်းသာဆို 'မယ်
မင်းလိုချင်တာအကုန်ယူ'လို့ပြောပြီး လက်ညှိုးထိုးသမျှ ဝယ်ပေးလိုက်
သူမ မျက်နှာလေးကြည်လင်လာဖို့ ဘာဖြစ်ဖြစ်လုပ်ပေးမိမှာ.. ।

"မယ်မင်းမွေးနေ့က ရောက်တော့မှာလား.."

တကယ်လည်းမသိလို့ မယ်မင်းကိုဘာပြန်ပြောရမှန်းလည်း မသိ
ပြောမိပြောရာပြောလိုက်မိမှ ပိုဆိုးသွား၏။

"ဦးက မယ်မင်းမွေးနေ့ကိုတောင် မသိဘူးပေါ့..တော်ပြီ ဘာမှဝယ်
ပေးနဲ့တော့.."

ခြေဆောင့်နှုတ်ခမ်းစူပြီး နေရာမှာချာခနဲ လှည့်ထွက်ပြေးသွား

"ဟောတော်..သမီး.."

ဆံပင်လေးတွေ လေထဲဝဲပျံလွင့်ခါနေသည်အထိ မယ်မင်းပြေး
တာကို လှမ်းကြည့်ပြီး သူအသည်းယားသွား၏။ ချော့လဲမှဖြင့်.. ।

"နေ့ဇ အဲ့ဒါနှင့်အပြစ်..ချောင်းသာကပြန်လာမှ သမီးကနင်မှနင်
ကိုဝယ်နိုင်းမယ်..ဦးကိုလုပ်နိုင်းမယ်၊ ဦးပြန်ရောက်နေပြီလား..ဦးရုံးထွက်
ပြီလား၊ တစ်ဦးတည်းကို ဦးနေတော့တာပဲ..အရင်တုန်းကကိုကို အခု
နင်၊ နင် ငါ့သမီးကို ဘာလုပ်လိုက်လဲ မှန်မှန်ပြော.."





"ငါဘာမှမလုပ်ပါဘူး..ငါကဘာလုပ်ရမှာလဲ.."

"နင်နဲ့ခင်သွားပြီတဲ့..အရင်လိုမဟုတ်တော့ဘူးတဲ့၊ ဦးက မယ်မင်းကို
ချစ်သွားပြီတဲ့.."

ပြဿနာပါလား..။ သူအငွေ့ပျံပျောက်သွားချင်မိသည်။ သူ့ကိုယုံ
ကြည်နေသည်မို့ သီတာက နည်းနည်းမှမရိုးမသားတွေးမိပုံမပေါ်။ မယ်မင်း
ပြောသမျှ အဖြူထည်အတိုင်း ရိုးရိုးသားသာဟုသာထင်နေသည်။ သီတာ
သူ့ကိုအဲ့လိုယုံကြည်နေတာတွေ့လေ သူပိုပြီးအနေခက်လေပါပဲ.. ।

သူဘာစကားမှ ဆက်မပြောတော့ဘဲ သီတာ့ရှေ့ကခပ်သွက်သွက်
လျှောက်ထွက်လာခဲ့သည်။ အိမ်ထဲရောက်သည်နှင့် သူမယ်မင်းဆီကားဝယ်
ပေးမည့်အကြောင်း လှမ်းမှာပေးမည့်အကြောင်း မက်ဆေ့ချ်လှမ်းပို့လိုက်၏။
မယ်မင်းဆီက မက်ဆေ့ချ်ချက်ချင်းပြန်ရောက်လာပါသည်။

*မယူဘူး ကားကိုရော ဦးကိုရော မယူတော့ဘူး တဲ့..* ।

♥

အခန်း(၃၃)

မိုးကတဖျောက်ဖျောက် ရွာနေသည်။ ညတစ်နာရီကျော်တဲ့အထိ သူ
အိပ်မနိုင်သေးပေ။ ခုနကထိ သားဆီဖုန်းဆက်တိုင်း ဖုန်းမအားဘူးချည်းပြော
နေသည်။ မယ်မင်းဆီဆက်တော့လည်း မအားဘူးပဲပြောသည်။ သူတို့နှစ်
ယောက်စကားပြောပြီဆို နှစ်နာရီသုံးနာရီကြာ၏။ မယ်မင်းသူ့ကိုစိတ်
ကောက်ပြီး ငိုနေမလား..ဒါမှမဟုတ် သားနဲ့စကားပြောပြီး မေ့မေ့ပျောက်
ပျောက်ဖြစ်သွားပြီလား.. ।

စောင့်ရင်းစောင့်ရင်း ညဉ့်နက်လာတော့ မယ်မင်းဆီဖုန်းဆက်ဖို့စိတ်ကူးကိုဖျက်လိုက်ရသည်။ အိပ်ပျော်နေပြီထင်၍ပါ။ သူဆက်ထားတဲ့ဖုန်းကောလ်တွေ မယ်မင်းတွေ့မှာပဲ။ တွေ့လျက်နှင့်မဆက်တာကိုက သူနဲ့စကားမပြောချင်လို့ဖြစ်မည်။ မိန်းကလေးတွေစိတ်ကောက်ရင် ယောကျ်ားလေးတွေဘာလို့မနေနိုင်မထိုင်နိုင် အသည်းအသန်လိုက်ချော့ကြလဲ သူခုမှသိသည်။ နေလို့မှမရဘဲ ထိုင်မရ ထမရ အလိုလိုနေရင်း ပူလောင်နေတာ.. ၊

အိပ်မရတိုင်း ရေထသောက်နေရင်း ညနှစ်နာရီထိုးသွား၏။ ရေသောက်လိုက် ရေအိမ်ဝင်လိုက်နှင့် ရေအိမ်ကထွက်လာစဉ် ဖုန်းမက်ဆေ့ချ်ရောက်သည့်အသံကြောင့် သူဖုန်းဆီကမန်းကတန်းသွားကြည့်မိသည်။

*ဦး မယ်မင်းနောက်ဖေးမှာ တံခါးလာဖွင့်ပေး*

သူအံ့ဩသွား၏။ အပြင်မှာ မိုးတွေရွာနေသည်။ မိုးရေစက်ဖွဲဖွဲနှင်းလေတစ်ချက်တစ်ချက်တိုက်တာ ကြမ်းသည်။ ညကြီးအချိန်မတော် မယ်မင်းဘာလာလုပ်တာလဲ..။ စိတ်လည်းပူသွားပြီး သူအောက်ထပ်ကို ကမန်းကတန်းပြေးဆင်းလာမိသည်။ နောက်ဖေးတံခါးသွားဖွင့်လိုက်သည်နှင့် ထီးအကြည်ရောင်လေးဆောင်းပြီး မတ်တပ်ရပ်နေသည့် မယ်မင်းကိုတွေ့သည်။ မယ်မင်းက ညနေကဂါဝန်ရှည်နဲ့ပဲဖြစ်ပြီး မလှုပ်မရှားတောင့်တောင့်လေးရပ်ကြည့်နေသည်။

"မယ်မင်း.."

မိုးထဲလေထဲမှာ ဒီကိုဘယ်လိုရောက်လာတာလဲ.. သီတာတို့အိပ်နေကြပြီလား..မယ်မင်းအိမ်တံခါးဖွင့်ထွက်လာတာလား..၊ ဘယ်လိုနည်းနဲ့အပြင်ထွက်လာတာလဲ.. ၊

သူ့ရင်ထဲမှာ မေးခွန်းတွေ ပလောင်ဆူသွားပြီး တဘက်အိမ်ကိုပြန်ကြည့်မိ၏။

"မယ်မင်းကိုချစ်လား.."

ဟင်.. ၊

"မယ်မင်းကိုချစ်လားလို့..ဖြေလေ၊ မယ်မင်းကို ကိုယ်ဝန်ကြောင့်တာဝန်သာလို့ လက်ထပ်ရမှာမဟုတ်လား..မချစ်ဘူးမဟုတ်လား.."

သူ့သာဘက်ပါးတစ်ခြမ်း တင်းခနဲဖြစ်သွားအောင် အံကြိတ်လိုက်





သည်။ သူမယ်မင်းကို ငေးစိုက်ကြည့်နေမိသည်။ မယ်မင်းကလည်း သူ့ဆီကအဖြေကိုစောင့်လျက် စိုက်ကြည့်နေသည်။ ခဏတာ တိတ်ဆိတ်ခြင်းအားခပ်သွဲ့သွဲ့လေညင်းက မိုးကိုခေါ်ဆောင်အသံပေးရင်း ဖြောခနဲတိုက်ခတ်၏။ မယ်မင်းဆောင်းထားသည့်ထီး အနည်းငယ်ယိုင်သွားသလို ဂါဝန်အနားစများ လေလွင့်သွား၏။ မယ်မင်းချမ်းပြီး ထီးကိုလက်နှစ်ဖက်နဲ့ကိုင်ထားလျက် ကုတ်ကုတ်လေးဖြစ်သွားသည်။ သို့သော် မယ်မင်းသူ့ဆီမှအကြည့်မလွှဲ။ စကားပြန်မပြောသည့် သူ့ကိုငေးကြည့်ရင်း မျက်နှာလေးက ငိုမဲ့မဲ့လေးဖြစ်လာသည်။

"ဦး.."

"ဟုတ်တယ်..ကိုယ်မင်းကိုလက်မထပ်ချင်ဘူး၊ မင်းက ကိုယ့်သားနဲ့လက်ထပ်ရမယ့်မိန်းကလေး..ကိုယ်အချစ်ဆုံးသူငယ်ချင်းရဲ့သမီး၊ ကိုယ်လုံးဝစိတ်ကူးမယဉ်သင့်တဲ့ ခေါင်းထဲတောင်မထည့်သင့်တဲ့ မိန်းကလေး..မင်းနဲ့ဝေးဝေးရှောင်သင့်တဲ့ အကြောင်းပြချက်ပေါင်း ရေတွက်လို့တောင် ကုန်မှာမဟုတ်ဘူး..မင်းကိုလက်ထပ်လိုက်တာနဲ့ ကိုယ်ကကိုယ့်သားကိုတောင် စည်းစောင့်တဲ့ကောင်ဖြစ်မှာ..ကိုယ့်သိက္ခာတပြားမှမကျန်အောင် လူတကာတံတွေးခွက်မှာ ပက်လက်မျောရမှာ.."

သူမယ်မင်းဆီလျှောက်သွားမိသည်။ မျက်နှာချင်းဆိုင် နီးနီးကပ်ကပ်ဖြစ်သွားပေမယ့် သူထီးအောက်မဝင်ဘဲ မိုးရေထဲမှာပဲရပ်လိုက်သည်။

"ဒါပေမယ့် အဲ့ဒါတွေအားလုံးထက် ကိုယ်ဆုပ်ကိုင်ထားတာ မင်းဆီမှာ ကိုယ့်ရင်သွေးလေးရှိတယ်ဆိုတာပဲ..အဲ့ဒီအကြောင်းပြချက်လေးကမှ မင်းနဲ့ကိုယ့်ကို နီးစပ်ခွင့်ပေးမှာမို့လို့ပဲ.."

သူ့ကိုယ်မှာ မိုးရေစိုရွှဲလာသည်။ မယ်မင်းရှေ့တိုးပြီး သူ့ကိုထီးဆောင်းပေး၏။ သူမယ်မင်းလက်ထဲကထီးကို ဘေးမှာပစ်ချလိုက်ပြီး မယ်မင်းလက်ကိုဆွဲပြီး အိမ်ထဲခေါ်လာမိသည်။ တံခါးပိတ်လိုက်ပြီး ပြန်လှည့်ကြည့်လျှင် မယ်မင်းလက်လေးပိုက်ပြီး ရပ်ကြည့်နေသည်။

"ချမ်းလို့လား.."

"အင်း.."

မယ်မင်း ပြီးစလွယ်ခေါင်းညိတ်ပြလိုက်ရင်း ခုနကဦးပြောခဲ့သည့်

စကားတွေကို ပြန်စဉ်းစားနေမိသည်။ မယ်မင်းကိုချစ်တယ်လို့ ပြောချင်တာလား..ဒါမှမဟုတ် မယ်မင်းကြောင့်ဒုက္ခရောက်ရတဲ့အဖြစ်တွေကို ပြောပြနေတာလား..။ အဲ့လိုမဟုတ်ရင် ကလေးကြောင့် လက်ထပ်ရမှာပါလို့ ပြောနေတာလား.။ မယ်မင်းကိုချစ်တယ်ဆိုရင် ချစ်တယ်ဆိုတဲ့စကားလေးပြန်ပြောဖို့ ဒီလောက်ခက်ခဲနေပါ့မလား..။ ဦးကနင့်ကိုချစ်ပါ့မလား မယ်မင်းရယ်..နင့်ကိုဘယ်တုန်းက ဂရုစိုက်ခဲ့ဖူးလို့လဲ.။ ကိုယ်ဝန်ကိစ္စသာမပေါ်လာခဲ့ရင် ..လောက်ဆို နင့်အနားမှာ ရှိတော့မှာတောင် မဟုတ်ဘူး.. ၊

"မယ်မင်း.."

မယ်မင်း ကိုယ့်အတွေးနဲ့ကိုယ် ပူလောင်နေလျက် ငြိမ်သက်နေမိစဉ် ဦးနေဇ မယ်မင်းကိုခေါ်ရင်း ခေါင်းငုံ့ထားပြီး ဆံပင်တွေရှေ့ကွယ်နေသည့် မျက်နှာလေးကို မော့ယူကြည့်၏။

"အကျီလဲပြီး ခဏနေလိုက်လေ..မိုးတိတ်မှပြန်တော့.."

"ဟင့်အင်း..မယ်မင်းမနေချင်ဘူး၊ ပြန်တော့မယ်.."

မယ်မင်း ဦးပိတ်ထားသည့်တံခါးကို ဆွဲဖွင့်လိုက်၏။ ထိုအခါ ဖြန်းခနဲအိမ်ထဲထိပက်ဖြန်းလာသည့် မိုးရေများကြောင့် ခြေလှမ်းတုံ့သွားသည်။ လှမ်းကြည့်လိုက်တော့ ခုနကဦးပစ်ချခဲ့သည့်ထီးက မိုးရေထဲမှာလဲလျက်။ ဦးက မယ်မင်းကိုဘာမှမပြောဘဲ ရပ်ကြည့်နေ၏။ မယ်မင်းနောက်ပြန်မလှည့်ချင်၊ ပြန်လို့လည်းမရသဖြင့် နေရာမှာပင် ထိုင်ချပစ်လိုက်၏။

ဦးနေဇ မိုးရေတွေစင်နေသည့် အိမ်ပေါက်ဝမှာထိုင်ချပစ်လိုက်သော မယ်မင်းဘေးသို့လျှောက်လာပြီး ဘေးမှာဝင်ထိုင်လိုက်၏။

"မယ်မင်း..မိုးပက်တယ်လေ၊ ဒီမှာဘာထိုင်လုပ်နေတာလဲ..ထ အထဲမှာဝင်စောင့်.."

သူ မယ်မင်းလက်လေးကို လှမ်းကိုင်လိုက်လျှင် မယ်မင်းကလက်ကိုဆောင့်ရုန်းပစ်ပြီး သူထပ်ကိုင်လို့မရအောင် ရင်ဘက်နဲ့ဒူးကြားထဲမှာ လက်လေးတွေဖွက်ထားပြီး ဆက်ထိုင်နေသည်။

"မယ်မင်း..ဦးကိုစိတ်ဆိုးနေတာလား.."

မယ်မင်းက မလှုပ်မယှက်။ သူ့ကိုလည်းလှည့်မကြည့်။ ဘာမှလည်းပြန်မပြောပေ။ သူအားမလိုအားမရဖြစ်မိရင်း မျက်နှာကိုကွယ်ထားသည့်





ဆံပင်လေးတွေကို သိမ်းဖယ်ကြည့်မိသည်။ မယ်မင်းက သူ့လက်တွေကို ဖယ်ထုတ်ပစ်၏။ သူမယ်မင်းလက်လေးကို ဖမ်းဆုပ်ထားမိသည်။ မယ်မင်း သူ့လက်ကိုအတင်းပြန်ရုန်းနေ၏။ သူစိတ်မရှည်တော့ဘဲ မယ်မင်းကိုယ်လေးကို သိမ်းဖက်ပစ်လိုက်၏။ ရင်ခွင်ထဲရောက်နေသည့် မျက်နှာလေးကို လိုက်နမ်းမိလျှင် မယ်မင်းကအနမ်းမခံဘဲ ရှောင်နေသည်။

"မယ်မင်းကွာ..ဘာဖြစ်နေတာလဲ.."

သူ မချင့်မရဲပြောမိတော့ မယ်မင်းက သူ့ရင်ဘက်နဲ့မျက်နှာကိုကွယ်ထားရင်း ဂျစ်ကန်ကန်လေးပြန်ပြော၏။

"ဦးကမှချစ်တယ်လို့ မပြောတာ.."

သူသဘောပေါက်သွား၏။ ဂျစ်တူးလေး ဒါကိုကောက်နေတာ.. ၊

"မယ်မင်းပြောစေချင်ရင် ကိုယ်ပြောမှာပေါ့.."

ဒါကျတော့ မျက်နှာကွယ်ထားရာမှ သူ့ကိုမော့ကြည့်လာသည်။ မီးရောင်တစ်ဝက်တစ်ပိုင်းသာကျနေသည့် မျက်လုံးလှလှလေးတွေ ပန်းရောင်ပြေပြေ ပါးမို့နုနုလေးများနှင့် နမ်းလိုက်တိုင်း သူ့ရင်ကိုလှုပ်ခတ်စေသော ချိုမြိန်သောနှုတ်ခမ်းလေးအား သူစိမ်ပြေနပြေချစ်မဝနိုင်စွာ ငေးကြည့်နေမိသည်။ တစ်သက်နဲ့တစ်ကိုယ် သူမြင်ဖူးသမျှ အလုံးစုံသောအလှအပအပေါင်းတို့သည် သူမ၏အလှကို မှီမည်မထင်။ သူချစ်လို့မဝ တစိမ့်စိမ့်ငေးကြည့်နေရင်းက ကြည့်မဝပေ.. ၊

မိုးရေစက်လေးများကို သယ်ဆောင်လာသော လေကြမ်းတစ်ချက်ဟူးခနဲတိုက်ခတ်သွားလျှင် မယ်မင်းချမ်းသွားပြီး ကိုယ်လေးကျုံ့သွားသည်။ လက်ဖဝါးလေးတွေကို သူ့ရုပ်အကျီရင်ဘက်အတွင်းသို့ထည့်၍ ထွေးဆုတ်လာသည်။ မယ်မင်းငယ်ငယ်လေးကတည်းက သူ့အဖေရင်ခွင်ထဲရောက်တိုင်း ပြုမူနေကျ အပြုအမူလေးမို့ သူပြုံးမိ၏။ လေစိမ်းတစ်ချက်မှ မထိစေလိုတဲ့စိတ်နဲ့ သူမကိုယ်လေးကို လုံခြုံအောင်ထွေးဖက်ထားမိသည်။ ရှည်လျားနက်မှောင်သော ပျော့နွဲ့နေသည့် ဆံပင်ရှည်များအား ခေါင်းတိုးနမ်းမိသည်။ ရှန်ပူနံ့ရောသော ကိုယ်သင်းနံ့လေးကို ရှူရှိုက်မိစဉ် သူ့စိတ်တွေထိန်းမရအောင် လှုပ်ရှားလာသည်။ သူမယ်မင်းကို ကောက်ပွေ့ချီလိုက်လျှင် မယ်မင်းသူ့လည်ပင်းကို ပြန်ဖက်ထားပြီး သူ့ကိုငေးကြည့်ရင်း ပါလာသည်။

လမ်းလျှောက်တာ အိမ်အပေါ်ထပ်လှေခါး တစ်ထစ်ချင်းလှမ်းတက်နေမိတာစသဖြင့် လှုပ်ရှားမှုအဝဝသည် သူ့ဘာသာလှုပ်ရှားသွားခြင်းဖြစ်ပြီး သူ့စိတ်အာရုံသည် မယ်မင်းဆီမှာသာ နစ်ဝင်နေသည်။ ပွင့်လျက်သားရှိနေသည့် အခန်းထဲသို့ ကိုယ်ကိုစောင်းဝင်ပြီး မယ်မင်းကိုမွေ့ယာပေါ်ချပေးလိုက်၏။ ခေါင်းရင်းနံရံက ညအိပ်မီးလေးပဲ လင်းနေသည့်အခန်းထဲတွင် ခုတင်အနီးတဝိုက်မှလွဲ၍ ခပ်မှောင်မှောင်ဖြစ်နေလျက် အပြင်ကတဖျောက်ဖျောက်မိုးသံမှလွဲပြီး တစ်ခန်းလုံးတိတ်ဆိတ်နေသည်။ ဖြူလွှသော မွေ့ယာခင်းပေါ်မှာ ဆံပင်တွေပြန့်ကျဲလျက် သူ့ကိုရီဝေဝေငေးကြည့်နေသည့် မယ်မင်းမျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်မိရင်း မျက်ခွံလေးတစ်ဖက်ကိုငုံ့နမ်းလိုက်၏။

"ဦး.."

"ဟင်.."

"ဦးနမ်းရင်လေ..မယ်မင်းရင်တွေအရမ်းခုန်တာပဲ.."

♥

အခန်း(၃၄)

အနားစွန်းလေးတွေမှာ အရုပ်လေးတွေနှင့် ထီးအကြည်လေးကိုလှမ်းမြင်ပြီး ဒေါ်သီတာအေးမျက်မှောင်ကုတ်သွား၏။

ဒါ သမီးထီးမဟုတ်လား.. ၊

ထီးလေးက နေဇအိမ်နောက်ဖေးမှာ ငြိမ်သက်လျက်။ အမြဲတမ်းဘူးရားရှိခိုးအမျှဝေပြီးမှ သမီးကိုသွားနှိုးနေကျ။ တစ်ဖက်အိမ်ကထီးကိုလှမ်းမြင်ပြီး သမီးအခန်းဆီထွက်လာမိသည်။ အခန်းရှေ့ရောက်လှ်င် အထဲက လော့ချထား





သည့်တံခါးကို တွန်းဖွင့်ရင်း ပိုအံ့ဩမိသည်။

သမီး ဒီလိုဘယ်တုန်းကမှ လော့မချထားတတ်ပါဘူး.. ၊

"သမီး..သမီး မယ်မင်း.."

"ဟင်..မယ်လေးကို အစောကြီးနှိုးနေတာလားမမလေး.."

ဒေါ်ထားက နောက်ကရောက်လာပြီး တအံ့တဩပြော၏။ သူမဘာမှပြန်မရှင်းနိုင်.. ၊

"ဒေါ်ထား..ဘုရားဆွမ်းတော်ပွဲ သေချာပြင်ဆင်ပေးထားပါ.."

အနားမှာမရှိစေချင်လို့ တမင်ခိုင်းလိုက်တာဖြစ်သည်။ ဒေါ်ထားထွက်သွားမှ သူမအခန်းထဲက သော့ပြန်ယူပြီး အခန်းကိုဖွင့်လိုက်သည်။ အထဲမှာသမီးမရှိ။ သမီးဖက်အိပ်နေကျ ကိုကိုဒသာအရုပ်လေး ကြမ်းပေါ်ကျနေသည်။ ဒေါ်သီတာအေး သမီးအခန်းကနေထွက်သည့် ဝရန်တာသို့ထွက်ကြည့်မိသည်။ ဒီဝရန်တာကနေ အောက်ထပ်ကိုဆင်းလို့ရသည်။ တံခါးဖွင့်ပြီး အပြင်ထွက်လို့ရသည်။

သမီးဟိုဘက်အိမ်သွားနေတာလား..စောစောစီးစီးဘာသွားလုပ်တာလဲ.. ၊

အပြင်မှာ ဝေလီဝေလင်းပဲရှိသေးသည်။ အာရုံက ခုမှဦးမော့တုန်း။ ဒေါ်သီတာအေး အပေါ်ထပ်ကနေဆင်းလာပြီး နေဇအိမ်နောက်ဖေးသို့ ထွက်လာမိသည်။ အိမ်နောက်ဖေးရောက်လျှင် သမီးထီးလေးကို ကောက်ယူပိတ်လိုက်ပြီး အိမ်နောက်ဖေးတံခါးကို လှမ်းကြည့်မိသည်။ တံခါးကစေ့ပိတ်လျက်။ ဒေါ်သီတာအေး ဘာမှရေရေရာရာမတွေးနိုင် မတွေးအားဘဲ တံခါးဆီသွားပြီး တွန်းဖွင့်လိုက်လျှင် တံခါးကစေ့ရုံစေ့ထားပြီး ပွင့်သွား၏။

"သမီး ဒီကိုရောက်နေတာလား.."

တစ်အိမ်လုံးမီးလင်းနေပြီး ဘယ်သူမှမရှိ။ ခရီးထွက်ဖို့ရှိသည်မို့ နေဇအလုပ်သမားအားလုံးကို နားခိုင်းထားတာသိသည်မို့ အိမ်ထဲဝင်ဖို့ တွန့်ဆုတ်နေသေးသည်။ သို့သော် စိတ်ကဘာကိုတွေးပူစိုးရိမ်မိမှန်းမသိ။ သမီးကိုတွေးမိပြီး နောက်တွန့်မနေတော့ဘဲ အိမ်ထဲဆက်ဝင်လာမိသည်။ အိမ်ထဲရောက်အောင်ဝင်လာပြီးမှ.. ၊

မဖြစ်နိုင်ပါဘူး..သမီးက ဒီအချိန်ကြီး ဒီအိမ်ရောက်နေစရာဘာအ

ကြောင်းရှိလို့လဲဟု တွေးမိပြန်သည်။ ဒါဆို သမီးအိမ်မှာပဲရှိနေတာလား ရေချိုးခန်းတွေဘာတွေထဲထိ သူမမရှာခဲ့မိတာကိုတွေးမိပြီး ကိုယ့်ကိုယ် အပြစ်တင်မိ၏။ နေဇမတွေ့ခင် ဘယ်သူမှမတွေ့ခင် ပြန်သွားဖို့ စိတ် လိုက်၏။

"ခစ်..ခစ်၊ အား..ဦးမကောင်းဘူး သွား.."

ဒေါ်သီတာအေး လှည့်ထွက်လာပြီးမှ ခြေလှမ်းတုံ့သွားသည်။ မျက် လုံးတွေ ကျဉ်းမြောင်းစူးရှလျက် အပေါ်ထပ်ကို တအံ့တသြမော့ကြည့်မိသ ဘာမှမတွေးနိုင်ခင် အပေါ်ထပ်သို့ အပြေးတပိုင်းတက်သွားမိသည်။

သမီး.. ၊

သမီးမဟုတ်ပါစေနဲ့..သမီးအသံမဟုတ်ပါစေနဲ့.. ၊

"မပြန်ဘူး..မေမေဘုရားရှိခိုးမှ ပြန်မှာပါဆိုမှ.."

မဟုတ်ဘူး..မဖြစ်နိုင်ပါဘူး.. ၊

ဒေါ်သီတာအေး ခြေလှမ်းတွေက ခြေထောက်နဲ့ကြမ်းပြင်ထိသ မထင်တော့။ သမီးအသံကို ပီပီပြင်ပြင်ကြားနေရသည်။ နေဇအသံကိုလ မသဲမကွဲကြားနေရသည်။ ဒါလည်းမဖြစ်နိုင်ဘူး တွင်တွင်ခေါင်းခါနေမိတ အပေါ်ထပ်ရောက်သည်နှင့် မြင်လိုက်ရသောမြင်ကွင်းက သူမမှားကြော သက်သေပြလိုက်၏။ ပွင့်လျက်သားရှိနေသည့် အခန်းထဲက ခုတင်ပေါ် နေဇကအောက်မှာပက်လက် မယ်မင်းက နေဇရင်ဘတ်ပေါ်လက်ထော လျက် နေဇမျက်နှာကို လိုက်နမ်းနေသည်။

ဘုရား..ဘုရား.. ၊

ကမ္ဘာကြီးချာချာလည်သွားသလို ထင်ရ၏။ ဒေါ်သီတာအေး ခေါ် ထဲမိုက်ခနဲဖြစ်သွားပြီး ဘေးကနံရံဆီလှမ်းမှီထောက်လိုက်သည်။ သူမ လှုပ်ရှားသံသဲ့သဲ့ကြောင့် နေဇရောမယ်မင်းပါ သူမကိုလှမ်းကြည့်လာသ

"သီတာ.."

"မေမေ.."

သမီးက စိုးရိမ်တကြီးပြေးလာသည်။ နေဇက အပေါ်ပိုင်းကိုယ်တ ဖြစ်နေသည့် သူ့ကိုယ်သူအရင်သတိထားမိလျက် အင်္ကျီတစ်ထည်ယူဝတ် လသ့်ကြည့်သည်။ ဒေါ်သီတာအေး သူမကိုပြေးလာတွဲသည့် ကိုယ့်သမီး





တအံ့တသြ ပြန်ကြည့်မိသည်။ သမီးသည် နေဇရဲ့ရှပ်အင်္ကျီဝတ်ထားသည့်တိုင် ရဲ့ မလုံမခြုံ.. ၊

ဒေါ်သီတာအေး ကိုယ့်သမီးကိုကြည့်ရင်း မယ်မင်းပုံစံကို မယုံနိုင် ရှုံ့ရှာစက်ဆုပ်မိကာ ငါ့သမီးလေးမှ ဟုတ်ရဲ့လားဟု သူစိမ်းဆန်ဆန် ကြည့်မိသည်။

"မေမေ.."

သူမကိုလာထူသည့် မယ်မင်းလက်တွေနဲ့ သူမထိမိသည်နှင့် ယူကျုံး ရ နှမျောတသဖြစ်မိသော ဒေါသများထောင်းခနဲအံကြွသွားရာ.. ၊

"မထိနဲ့..ဖယ်စမ်း.."

မယ်မင်းကို တွန်းထုတ်ပစ်လိုက်ပြီး စိတ်ကမနိုင်းခင် မယ်မင်းပါးကို အားကုန်ဒေါသတကြီး လွှဲရိုက်ချပစ်လိုက်၏။ သူမရိုက်ပစ်လိုက်သည့်အရှိန် ကြောင့် မယ်မင်းနံရံကပ်စင်နှင့် ပန်းအိုးတင်သည့်စားပွဲကြားထဲသို့ ပစ်စ လဲကျသွားသည်။

"မယ်မင်း.."

ဦးနေဇ မျက်လုံးတွေပြာဝေသွား၏။ မယ်မင်း အရိုက်ခံလိုက်ရ သည့်အရှိန်က မနည်းသလို လဲကျသွားသည့်အရှိန်ကလည်း နည်းနည်းနော မဟုတ်။ မယ်မင်းကိုသနားတာရော ကိုယ်ဝန်ကိုစိတ်ပူတာပါပေါင်းပြီး မယ်မင်းဆီပြေးသွားမိသည်။

"မထိနဲ့ ငါ့သမီးကိုမထိနဲ့.."

ဒေါ်သီတာအေး အရူးလိုကျုံးအော်ပြီးထလာ၏။ ဦးနေဇ မယ်မင်းဆီ ဦးတည်ရာမှ မယ်မင်းရှေ့ကရပ်ကာပြီး ဒေါ်သီတာအေးကို ပြန်လှည့်ရင် ဆိုင်မိသည်။

"သီတာ..ငါတောင်းပန်ပါတယ်၊ နင်စိတ်ဆိုးချင်ငါ့ကိုဆိုးပါ..ရိုက်ချင် ရင်လည်း ငါ့ကိုပဲရိုက်လိုက်ပါ၊ မယ်မင်းကကလေးပါ..သူဘာမှမသိဘူး၊ ကျေး ဇူးပြုပြီး ကလေးကိုဘာမှမလုပ်ပါနဲ့.."

"ကလေး..နင် နင်မယ်မင်းကို ကလေးမှန်းတော့ သိသေးတာပဲ၊ အဲ့ဒီ ကလေးကို နင်ကိုယ်တိုင်မွေးပေးခဲ့တာ..နင်ကိုယ်တိုင်အသက်ရှင်အောင် လုပ် ပေးခဲ့တာ၊ အဲ့ဒါငါ့သမီး..နင့်သူငယ်ချင်းရဲ့သမီး နင့်သားနဲ့စေ့စပ်ထားတဲ့

ကလေး၊ အဲ့ဒါကို နင်..နင် လူယုတ်မာကောင်၊ ကိုယ့်သားအပေါ်တော
စည်းမစောင့်တဲ့ကောင်..နင့်ကိုငါခွင့်မလွှတ်ဘူး.."

ဒေါ်သီတာအေး ဦးနေဇပါးကိုဘယ်ပြန်ညာပြန် လွဲရိုက်ပစ်သည်
မျက်နှာကို လက်သည်းနဲ့ကုတ်သည်။ နီးရာပစ္စည်းကောက်ကိုင်ပြီး ထုရိုက်
ပစ်သည်။ ဦးနေဇ ရှောင်လည်းမရှောင်။ ဘာမှလည်းပြန်မပြော ပြန်မလုပ်ဘ
ဒေါ်သီတာအေးလုပ်သမျှ လိုမ့်ခံနေသည်။ မယ်မင်း ဦးကိုမလုပ်ပါနဲ့လို့
တားချင်သော်လည်း မေမေ့ဒေါသ မယ်မင်းဘက်ပြန်လှည့်လာပြီး ထပ်ရိုက်
ခံရမှာကြောက်သည်။ ထုပုကျိန်းစပ်နေသည့်ပါးကို လက်နဲ့အုပ်ကိုင်ရင်း
တစ်သက်လုံးကမမြင်ဘူးခဲ့သော မေမေ့ဒေါသကို အံ့သြမှင်သက်နေမိသည်
ဦးကို စိတ်ကြိုက်ထုရိုက်ပြီး မေမေမယ်မင်းဆီလျှောက်လာ၏။ မယ်မင်
ထပ်ဆုပ်စရာမရှိတော့သည့် နံရံဆီတိုးကပ်ပုန်းမိရင်း.. ၊

"မယ်မင်းကြောက်ပါတယ်မေမေ..မယ်မင်းကိုမရိုက်ပါနဲ့၊ မလုပ်ပါ
နဲ့.."

ထပ်ရိုက်ဦးမယ်ထင်ပေမယ့် မေမေကမယ်မင်းကိုမရိုက်ပါ။ လက်က
ကိုင်ဆွဲထူပြီး ဦးကိုပဲဒေါသတကြီးလှည့်ကြိမ်းဝါး၏။

"နင့်ကိုစကားလုံးနဲ့ ခိုင်းနှိုင်းပြောလို့မရလောက်အောင် ရွံတယ်..စက်
ဆုပ်တယ်၊ ဒီနေ့ကစပြီး နင်ရောနင့်သားရော ငါတို့မိသားစုနဲ့ လုံးဝလား
ပတ်သက်နဲ့.."

ခုနကအရိုက်ခံရမှာ ကြောက်တာထက် ပိုပြီးခြောက်ခြားစွာ ဦးကို
လှည့်ကြည့်မိသည်။ ဦးသည် ကြမ်းပြင်ကိုငေးစိုက်ကြည့်ရင်း ခေါင်းငိုက်စိုက်
ကျ ငြိမ်သက်တိတ်ဆိတ်ကျန်ခဲ့၏။

မေမေ့ထက်ပိုဆိုးတာက ဖေဖေပါ.. ၊ စက်ရုံကနေ ချက်ချင်းပဲပြန်
ရောက်ချလာသည်။ မေမေပြောတာကို လုံးဝလက်မခံ.. ၊

"မဖြစ်နိုင်ဘူး..နေဇက ဒီလိုလူစားမဟုတ်ဘူး၊ မဖြစ်နိုင်တာကွာ"
စသဖြင့် တွင်တွင်ခေါင်းခါ တွင်တွင်ငြင်း၏။ မေမေပြောတာကိုလက်ခံသွား
တော့ ဓားဆွဲပြီးဦးကိုသွားသတ်မည် ထဖြစ်သည်။

"ကို..မလုပ်နဲ့၊ အဲ့လိုတွေလျှောက်မလုပ်နဲ့.."

"ဖယ်စမ်း..ငါ့ကိုမတားနဲ့၊ ငါဒီကောင့်ကိုသတ်မယ်.."





မယ်မင်းအကွယ်ကနေ ချောင်းကြည့်ရင်း မေမေနှင့်ဖေဖေကြားမှာရှိ
နေသည့် ငှက်ကြီးတောင်ဓားရှည်ကို လိုက်ကြည့်ရင်း ရင်ထဲမှာဆို့တက်လာ
သည်။ အသက်ရှုလို့မရတော့ဘဲ မွန်းကျပ်လာသည်။ ရင်ထဲမှာ လှိုက်ခနဲဖြစ်
သွားပြီး သူမလဲကျသွားတာကို သိလိုက်သည်။

"သမီး..မယ်မင်း.."

"သမီး..သမီးရေ.."

ခေါ်သံတွေက နီးလာလိုက် ဝေးသွားလိုက်။ မယ်မင်းမျက်လုံးထဲမှာ
မမေရိုက်နှက်အော်ဟစ်သမျှခံနေသည့် ခေါင်းငိုက်စိုက်ကျကျန်ခဲ့သော ဦး
ရဲ့ရုပ်ကိုသာ မြင်နေလျက် သတိများမှောင်အတိကျသွားခဲ့သည်။

♥

## အခန်း(၃၅)

တစ်အိမ်လုံးမှောင်အတိကျနေသည်။ ကားပေါ်ကနေ မြေပြင်ပေါ်ခြေ
ချလိုက်သည်နှင့် သူခံစားလိုက်မိတာ ကိုယ့်အိမ်ကိုယ်ရာပြန်ရောက်သည့်
နွေးထွေးသည့်ခံစားချက်မျိုးမဟုတ်။ နေကို တစ်ဖက်အိမ်ဆီလှမ်းကြည့်မိ
သည်။ ဆင်ဝင်နှင့်ခြံထဲရှိမီးများမှလွဲ၍ မှောင်မိုက်နေသည်။ ဒီဘက်အိမ်
လည်း ဘာထူးလဲ..။ ခြံထဲရှိအရံမီးများမှလွဲ၍ မှောင်မိုက်နေသည်။ ကားတံ
ခါးဆောင့်ပိတ်ပြီး အိမ်ဆီလှမ်းလာသည့် သူ့ခြေလှမ်းတစ်လှမ်းချင်းက
ချောက်ချားခြင်းအတိနှင့်ပါ။ အမျိုးမျိုးကြားနေရတဲ့စကားတွေ သူ့ကိုတူး
ဆူးခါးခါးမုန်းနေသည့် အန်ကယ်နှင့်အန်တီ။ ပြီးတော့ စေ့စပ်ကြောင်းလမ်း
ခြင်း ဖျက်သိမ်းပါသည်ဆိုတဲ့ သတင်းစာထဲကသတင်းတစ်ပုဒ် . ဒါတွေအား

လုံး အိပ်မက်တွေသာဖြစ်ပါစေတော့.. ။

ဖေဖေ.. ။

ဖေဖေဦးနေဇ..သူ့ကိုနောက်အိမ်ထောင်မပြုဘဲ တစ်သက်လုံးအထီး ကျန်စွာ မိခင်မေတ္တာရော ဖခင်မေတ္တာပါပေးခဲ့သူ။ မှတ်ကျောက်တင်လောက် အောင် ကိုယ်ကျင့်တရားကောင်းသူ။ မိန်းမကိစ္စအရှုပ်အရှင်းကင်းလွန်းလှ လူတိုင်းလက်ဖျားခါရလောက်တဲ့လူ..။ ဒီလိုလူမျိုးက သူ့ချစ်သူ သူ့အသက် တမျှချစ်ရလွန်းသည့် မိန်းကလေးနဲ့မှ.. ။

မဟုတ်ဘူး..ဒါ ဘယ်လိုမှမဖြစ်နိုင်ပါဘူး..။ ဖေဖေ့ကို အထင်လွဲမြင် တာနေမှာ..။ ဖေဖေ့ဆီမှာ အကြောင်းပြချက် တစ်ခုခုတော့ရှိမှာပါ။ လူတွေ နားမလည်နိုင်တဲ့ အကျိုးအကြောင်းဆီလျော်တဲ့ သူခွင့်လွှတ်နိုင်မယ့်အ ကြောင်းပြချက်တစ်ခုခုတော့ ရှိနေမှာပါ။ နေကို အိမ်တံခါးမကြီးတွန်းဖွင့် လိုက်၏။ စေ့ထားသောတံခါးက အလိုအလျောက်ပွင့်သွား၏။ ဧည့်ခန်းထဲ တစ်ယောက်ထိုင်ခုံပေါ်မှာ ထိုင်နေသည့် ဖေဖေ့ကိုအမှောင်ထဲကနေ သူမြင် လိုက်၏။ အိပ်ပျော်နေတာလား..ဒါမှမဟုတ် တိတ်ဆိတ်နေရုံလား သူမသိ။ ဖေဖေ့မျက်နှာတစ်ခြမ်းကို ပြတင်းပေါက်မှတစ်ဆင့် ဝင်နေသည့်အပြင်က အလင်းရောင်တစ်ဝက်တစ်ပိုင်းကျနေသည်။

"ဖေဖေ.."

သူ့အသံက ခြောက်ကပ်အက်ကွဲနေသည်။

မဟုတ်သေးဘူး..။ မင်းဘာဖြစ်နေတာလဲ နေကို၊ မင်းအသံကဘာကြောင့် ဒီလောက်ဖျော့တော့အားနည်းနေရတာလဲ..။ လူတကာရဲ့တံတွေးခွက်မှာ ပက်လက်မျောနေရတဲ့ ဖေဖေ့ကို ဒီပုံစံနဲ့ မင်းဘယ်လိုအားပေးမှာလဲ..။ ဖေဖေ ဒီလိုလူစားမျိုးမဟုတ်ဘူး..။ ဘယ်သူတွေဘယ်လိုထင်ထင် ဖေဖေ့ဘက်မှာ ကျွန်တော်ရှိတယ်လို့ မင်းကအားမာန်အပြည့် ယုံကြည်မှုအပြည့်နဲ့ အားပေး ရမှာ.. ။

ယုံကြည်မှုကင်းမဲ့ တုန်လှုပ်နေသည့်အသံအက်အက်ကို အားတင်း ပြီး သူဆက်မေးလိုက်၏။

"ဘာတွေဖြစ်ကုန်တာလဲဖေဖေ..မယ်မင်းနဲ့ဖေဖေ.."

ဘယ်လိုပဲအားတင်းထားပါစေ ထိုစကားကိုမဆက်နိုင်။ ပြောမထွက်





နိုင်.. ။

"မယ်မင်းကို မင်းအဖေအိပ်ရာထဲမှာတွေ့ပြီး အန်တီသီတာဆေးရုံတင် လိုက်ရတာ.."

နေနိုင့်စကားကို ခါးသီးစွာပြန်ကြားယောင်မိပြန်၏။ တကယ်ဆို ဖေ ဖေ့ကိုသူမမေးချင်။ မယ်မင်းကို မေးချင်ခဲ့တာ။ ဒါပေမယ့် အန်တီသီတာတို့ က မယ်မင်းနဲ့သူ့ကို လုံးဝတွေ့ခွင့်မပေးခဲ့ပါ.. ။

"ဖေဖေ..ကျွန်တော့်ကိုပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ မယ်မင်းနဲ့ဖေဖေ ဘာတွေဖြစ်ခဲ့တာလဲ..အန်တီကဘာလို့အထင်လွဲသွားတာလဲ၊ ကျွန်တော်မ ရှိတဲ့လပိုင်းလေးအတွင်း ဘာတွေဖြစ်ကုန်တာလဲ.."

သူ ဘာဆက်မေးရမှန်းမသိတော့။ သူ့အသံတိတ်သွားတဲ့အခါ အိမ် ထဲမှာ ပကတိတိတ်ကျသွား၏။ သူဖေဖေ့ဆီကအဖြေကိုနားစွင့်ရင်း အမှောင် ထဲက ဖေဖေ့မျက်နှာကို စူးစိုက်ကြည့်နေမိသည်။ ဖေဖေ့ဆီမှ ဘာသံမှထွက် မလာ။ တဖြည်းဖြည်းခံစားချက်တွေ ပြင်းထန်ပေါက်ကွဲချင်လာသည့် သူ့ အသက်ရှူသံခပ်ပြင်းပြင်းသည်သာ ပို၍ပို၍ကျယ်လာသည်။

"ဖေဖေ.."

အရာရာကို သဘောပေါက်လိုက်သလို သူဆို့နင့်စွာခေါ်မိသည်။

"အားလုံးပြောနေကြတာတွေ မဟုတ်ဘူးလို့ပြောပေးပါ..ကျေးဇူးပြု ပြီးပြောပေးပါ၊ ကျွန်တော် ဖေဖေပြောသမျှ ယုံပေးမှာ..ပြောပေးပါဖေဖေ၊ ကျွန်တော့်အဖေက အဲ့လိုလူစားမျိုးမဟုတ်ဘူး..သိပ်ကိုသိက္ခာသမာဓိရှိပြီး ဖြောင့်မတ်တည်ကြည်တဲ့လူ၊ မဟုတ်ဘူးလို့ပြောပေးစမ်းပါဗျာ.."

တိတ်ဆိတ်နေသည့်အိမ်ထဲမှာ သူတစ်ယောက်တည်း အော်ဟစ် ပေါက်ကွဲမိရင်း နေရာမှ ဒူးညွှတ်ကျသွား၏။ သူဖေဖေ့ကို ပြန်မော့ကြည့်မိ ပြန်သည်။

"ဖေဖေ..ကျွန်တော့်ကိုဘာမှမပြောတော့ဘူးလား၊ ဘာစကားမှပြော စရာမရှိဘူးလား.."

ဖေဖေ့ဆီမှ မွန်းကျပ်လှိုက်မောသော အသက်တဝရှူသံထွက်လာ သည်။ သူ ဖေဖေ့ကိုမျက်လုံးမလွှဲဘဲ စိုက်ကြည့်နေမိရင်း ဖေဖေပြောလာမည့် စကားကို ခါးသီးစွာနားစွင့်နေမိ၏။

"ဖေဖေ့ကို ခွင့်လွှတ်ပါ.."

သူ့ကြမ်းပေါ်မှာ အရုပ်ကြိုးပြတ်ထိုင်ချလိုက်မိသည်။

မဟုတ်ဘူး..သူလိုချင်တာ ဒီစကားမဟုတ်ဘူး..။ ဖေဖေက မယ်မင်းကို.. ။

"ဟာ..ကဲကွာ.."

ခွမ်း..ဒုန်း.. ။

သူ့စားပွဲပေါ်မှာရှိနေသည့် ဖေဖေသောက်လက်စ အရက်ပုလင်းကို ခွဲပစ်လိုက်၏။ မျက်စိရှေ့ရှိနေသည့် ခုံကိုပါဆောင့်ကန်ပစ်လိုက်သည်။

ဒုန်း ဒုန်း.. ခွမ်း.. ။

နံရံဆီပြေးပြီး လက်သီးချက်ပေါင်းများစွာ ထိုးချပစ်လိုက်၏။

"သား..မလုပ်နဲ့၊ သား.."

ဦးနေဇ ထိုင်ရာမှထလာပြီး နေကို့ကိုလာဆွဲ၏။ နေကို ဦးနေဇလက်ကို ခါးခါးသီးခါထုတ်ပစ်လိုက်၏။

"မထိနဲ့.."

နေကို ဦးနေဇကို ဒေါသတကြီးတွန်းထုတ်ပစ်ရင်း မငိုမိအောင် ထိန်းထားသည့်မျက်လုံးများမှ မျက်ရည်များလျှံကျလာသည်။ အံကြိတ်ထားသည့် နှုတ်ခမ်းတို့က မပီမပြင်ဖြင့် လှုပ်ခတ်နေသည်။ ပေါက်ကွဲငိုကြွေးပစ်ချင်သည်။ အော်ဟစ်ပစ်ချင်လျက် အတင်းထိန်းချုပ်ထားရသည့်စိတ်က ပေါက်ကွဲခွင့်မရတိုင်း သူ့မျက်နှာအသားဆိုင်များသာ လှုပ်ခတ်တုန်ယင်လာသည်။

"ဖေဖေ..ကျွန်တော် ကျွန်တော့်ကို ဘယ်တော့မှသားလို့ ထပ်မခေါ်ပါနဲ့၊ ဒီနေ့ ကျွန်တော့်မျက်နှာကိုမြင်ရတာ နောက်ဆုံးလို့မှတ်ထားပါ.."

နေကို အံကြိတ်သံဖြင့်ပြောပြီး နေရာမှလှည့်ထွက်သွား၏။

ဦးနေဇ တောင့်မတ်စွာရပ်ကျန်ခဲ့သည်။ တိတ်ဆိတ်သော မှောင်မိုက်သောအိမ်ထဲမှာ အလင်းရောင်အောက်က ခုံအလွတ်လေးလည်း ထိုင်သူမဲ့ခြောက်ကပ်လျက်.. ။

♥





အခန်း(၃၆)

"ကိုယ်ဝန်ကဘယ်နှစ်လရှိနေပြီလဲ.."

မေမေ့မိတ်ဆွေဟုပြောသော ဒေါက်တာသက်ဟားက မယ်မင်းကို ကြည့်ပြီး မေး၏။ မယ်မင်း ဆေးခန်းကိုစိတ်မပါလက်မပါ လိုက်ငေးကြည့်နေရင်း ကိုယ့်ကိုမေးနေမှန်းမသိပေ.. ။

"သမီး.."

မေမေက မယ်မင်းကိုလက်တို့ပြီး သူ့ပဲပြန်ဖြေလိုက်၏။

"နှစ်လရှိနေပြီ.."

မယ်မင်း ကိုယ့်ဗိုက်ကိုကိုင်မိကာ မေမေနဲ့ဒေါက်တာတို့အား တစ်လှည့်စီကြည့်မိသည်။ ဖေဖေက လူပိုတစ်ယောက်လို ထိုင်နေသည်။ စကားတစ်လုံးမှဝင်မပြောပေမယ့် မျက်ခုံးတွေတွန့်ကုတ်လျက် တစ်စုံတစ်ခုကို အကြီးအကျယ်စိတ်မကြည် စိတ်ဆိုးနေသလို.. ။

"သမီးအသက်ဘယ်လောက်ရှိပြီလဲ.."

"ဆယ့်ရှစ်.."

"ပြည့်ဖို့သုံးလလိုသေးတယ်သက်ထားရဲ့.."

မေမေက အဓိပ္ပာယ်ပါပါဝင်ဖြေ၏။ သဘောက မယ်မင်းနဲ့ပတ်သက်ဘဲကိစ္စမှန်သမျှ သူ့ပဲဆုံးဖြတ်မယ်လို့ ကြေငြာလိုက်တာမျိုး။ မယ်မင်း ဖေဖေ့ကို လှည့်ကြည့်မိသည်။ ခုနက မျက်မှောင်ကုတ်နေသည့်ဖေဖေသည် ခုတော့ မယ်မင်းကို သနားကြင်နာသော နှမျောတသစိတ်မကောင်းဖြစ်သောအကြည့်ဖြင့် လှမ်းကြည့်နေသည်။ မယ်မင်းလှည့်ကြည့်တော့ မျက်နှာလွှဲသွား၏။

"မယ်မင်းကိုဘာလုပ်မလို့လဲမေမေ.."

"သမီးအသက်အရမ်းငယ်သေးတယ်လေ..ကလေးယူရမယ့်အရွယ် မဟုတ်ဘူး.."

မယ်မင်း လှိုက်ခနဲဝမ်းနည်းသွား၏။ မယ်မင်းဖေဖေ့ကို အားကိုးတကြီးလှည့်ကြည့်မိသည်။ ဖေဖေက မျက်လုံးတွေနီလျက် အံကြိတ်မျက်နှာလွှဲနေသည်။

"မယ်မင်းမလုပ်ချင်ဘူး.."

ဖေဖေနဲ့မေမေ မယ်မင်းရင်သွေးလေးကို ဖျက်ချဖို့လုပ်နေတယ်ဆိုတဲ့အသိနဲ့တင် မယ်မင်းမျက်ရည်တွေချက်ချင်းပြိုကျလာသည်။ ဒေါက်တာသက်ထား မျက်နှာပျက်သွား၏။

"သိတာ..သမီးကအသက်အရမ်းငယ်သေးတာ မှန်ပါတယ်၊ ဒါပေမယ့် သူလက်မခံဘဲနဲ့တော့.."

"မဟုတ်ဘူးသက်ထား..နင် သမီးအကြောင်းကိုသိပါတယ်၊ သမီးလုံးဝ ကလေးယူလို့မရဘူး.."

မေမေက နှစ်ယောက်တည်းသိသည့်အကြည့်နှင့် ကြည့်ပြီးပြောသည်။ မယ်မင်း ဒေါက်တာသက်ထားနဲ့မေမေ့ကို တစ်လှည့်စီကြည့်မိသည်။

"ဟင့်အင်း..မယ်မင်းမလုပ်ချင်ဘူး.."

ဖေဖေထိုင်ရာမှ ထထွက်သွားဖို့ပြင်နေသည်။ မယ်မင်းထရပ်ပြီး ဖေဖေ့ဆီပြေးသွားမိသည်။

"ဖေဖေ..မယ်မင်းတောင်းပန်ပါတယ်၊ အိမ်ပြန်ချင်တယ်..မယ်မင်းကို အိမ်ပြန်ပို့ပေးပါ.."

"သက်ထား..နင့်ကိုငါတို့မိသားစုအကြောင်း အားလုံးပြောပြတောင်းပန်ထားပြီးပြီ၊ နင်ဘာတွေတွေဝေနေတာလဲ..နောက်ပိုင်းဖြစ်သမျှကိစ္စတွေငါအားလုံး တာဝန်ယူတယ်၊ ငါ့သမီးအသက်နဲ့ဆိုင်တဲ့ကိစ္စမို့ တောင်းပန်နေတာ..နင်ငါ့ကိုဒါလေးတောင် လုပ်မပေးနိုင်ဘူးလား.."

"မဟုတ်ဘူးသိတာ..ကာယကံရှင်က ဒီလောက်ဖြစ်နေတာ ငါမလုပ်ပေးရဲဘူး၊ အမေကဖြစ်ဖြစ် အဖေကဖြစ်ဖြစ် လက်မှတ်မထိုးဘဲနဲ့တော့.."

"ငါထိုးမယ်..အမေနဲ့အဖေကိုယ်စား ငါတို့နှစ်ယောက်လက်မှတ်ထိုးပေးမယ်၊ လောလောဆယ်မှာ သမီးရဲ့အုပ်ထိန်းသူက ငါတို့ပဲ..နင့်ကိုငါ





တောင်းပန်ပါတယ်သက်ထားရယ်..ဒီ့ထက်ပိုပြီး ဘယ်လိုတောင်းပန်ရမလဲ.."

ဒေါက်တာသက်ထား ဦးကျော်စွာနားမှာရပ်နေသည့် မယ်မင်းကို လှမ်းကြည့်ပြီး ချီတုံချတုံဖြစ်နေသည်။

"ကလေးအဖေက ပြဿနာမရှာမှာသေချာရဲ့လား..သူကလက်မခံဘူးဆိုရင်.."

"ကျွန်တော်လုံးဝလက်မခံဘူး.."

ဦး.. ၊

မယ်မင်းနောက်ကို အားကိုးတကြီးလှည့်ကြည့်မိ၏။ ဦးသည် ဆေးခန်းအတွင်းသို့ အလောတကြီးပြေးလာရပုံဖြင့် မောဟိုက်နေလျက် တင်းနေအောင် အံကြိတ်ထားပုံက အလွန်အမင်းဒေါသကြီးနေမှန်းလည်း သိသာသည်။

"ကျုပ်ရင်သွေးတစ်ခုခုဖြစ်တာနဲ့ ခင်ဗျားဆေးဆက်ကုလို့ ရမယ်မထင်နဲ့..တစ်ခါတည်း ထောင်ထဲပါအရောက်ပို့ပစ်မယ်၊ ကျုပ်ကလေးကို ခင်ဗျားထိကြည့်စမ်း.."

ဦးသည် ဒေါက်တာသက်ထားအား ဒေါသတကြီးကြိမ်းဝါးပြီး မယ်မင်းကိုငဲ့ကြည့်၏။ မယ်မင်းဆီအကြည့်ရောက်လာလျှင် ခုနကဒေါသကြီးပြီး အရောင်တောက်နေသည့်မျက်လုံးများ ချက်ချင်းအရည်ပျော်လျက် တမ်းတမ်းတတငေးကြည့်သည်။ မယ်မင်း ဦးကိုမြင်သည်နှင့် ချက်ချင်းမျက်ရည်များပြိုကျလာ၏။ ဦးဆီပြေးသွားချင်ပေမယ့် မယ်မင်းမသွားရဲပါ။ လှည့်ကြည့်လိုက်တော့ ဦးစကားကြောင့်အသားတုန်အောင် ဒေါသထွက်နေကြတာ ဖေဖေနဲ့မေမေ.. ၊

"ထောင်ချမယ်..ဘယ်သူက ဘယ်သူ့ကိုလဲ၊ အသက်မပြည့်သေးတဲ့ကလေးကို ဖြားယောင်းသိမ်းသွင်းခဲ့တဲ့ နင့်ကိုငါတို့အရင်ထောင်ချပစ်လို့ရတယ်သိလား..နင်ထွက်သွားလိုက်တော့နေ၊ မဖြစ်သင့်တာတွေမဖြစ်ခင် နင်ထွက်သွားလိုက်.."

ဒေါ်သိတာအေး အံတင်းတင်းကြိတ်လျက် ဦးနေဇကိုစိုက်ကြည့်နေသည့် ဦးကျော်စွာကိုငဲ့ကြည့်မိသည်။ မျက်နှာတစ်ပြင်လုံးနီရဲလျက် ဦးကျော်စွာဒေါသကြီးနေတာ အချိန်မရွေးထပေါက်တော့မယ် ဗုံးတစ်လုံးလို.. ၊

"ထွက်သွား ဟုတ်လား..ငါထွက်သွားတာနဲ့ မယ်မင်းကို နင်တို့ဘ တွေဆက်လုပ်ကြတော့မလဲ သိနေလျက်နဲ့ ငါကဘယ်လိုထွက်သွားရမ ဒီကိစ္စ ငါလုံးဝခွင့်မပြုဘူးသိတာ..နင်တို့ ဒီလိုတွေဆက်လုပ်နေကြဦးမယ် ရင် မယ်မင်းကိုငါခေါ်သွားမယ်.."

"ခေါ်ဦးကွာ.."

ဦးကျော်စွာ ဦးနေဇအား အရူးတစ်ယောက်လို ပြေးထိုး၏။ ဦးနေ မျက်နှာလည်ထွက်သွားပြီး ကြမ်းပေါ်ပစ်စလပ်ခတ်လဲကျသွားသည်။ ကျော်စွာ ဦးနေဇဆီပြေးသွားပြီး ဆက်တိုက်ထိုးပစ်၏။

"ဦး..ဖေဖေ.."

"ကို..ကိုမလုပ်နဲ့၊ ကို.."

"ဟဲ့..ဟဲ့ တားကြပါဦး.."

အားလုံးအလန့်တကြားဖြစ်ကုန်ကြ၏။ ဦးကျော်စွာ၏ လက်သီးချ များအား ဦးနေဇသည်တစ်ချက်မှ မတုံ့ပြန်ဘဲ မျက်နှာတစ်ပြင်လုံး ဖူးယော ညိုမည်းလာသည်အထိ တင်းခံနေသည်။

ဦး..ဦးကိုမလုပ်ပါနဲ့တော့.. ၊

မယ်မင်းပါးစပ်က စကားလုံးများထွက်မလာသည့်တိုင် မျက်ရည်မ ပြိုကျလာရင်း အသက်ရှူရခက်လာသည်။

ဒေါ်သီတာအေးမယ်မင်းကို ငုံ့ ကြည့်ရင်း ဦးကျော်စွာကို အတင်းဆ ဆွဲ၏။ ဦးကျော်စွာ ဒေါ်သီတာအေး ဆွဲလို့မဟုတ်။ ထိုးရတာမောဟိုက်လာ နောက်ဆုပ်ပစ်လိုက်ခြင်းဖြစ်ပြီး ဦးနေဇကိုခွင့်မလွှတ်နိုင်စွာ စိုက်ကြည့်နေ ဒေါသကြီးနေဆဲဖြစ်သည်။

"မင်းကျေနပ်ပြီလား.."

"မင်းပါးစပ်မပိတ်ရင် မင်းကိုတစ်ခါတည်းသတ်ပစ်မှာ..သွား ငါ့ ကသွားစမ်းကွာ.."

"မင်းငါ့ကိုကြိုက်သလို အပြစ်ပေး..ငါဂရုမစိုက်ဘူး၊ ဒါပေမယ့် ကလေးကိုမင်းတို့ထပ်ထိရင်.."

"ဟာ..မင်းကများ.."

ဦးကျော်စွာ ဦးနေဇကိုထပ်တိုးဖို့ ကြိုးစား၏။ ဒီတစ်ခါဦးနေဇ





ကျော်စွာအထိုးမခံတော့ဘဲ ရှောင်ပစ်လိုက်ပြီး ဦးကျော်စွာကိုတွန်းထုတ်ပစ် လိုက်သည်။ ဦးကျော်စွာယိုင်လျက်လဲကျသွား၏။

"ငါ့ကလေးကို ထပ်သတ်ဖို့ကြိုးစားရင် မယ်မင်းနဲ့ငါ့ကိစ္စကို ငါတ ရားဝင်ကြေငြာမယ်..မင်းကိုပါငါတရားစွဲမှာ၊ လုပ်ပေးတဲ့လူရော ဘယ်တစ် ယောက်မှ ချန်မထားဘူး.."

"မင်းက ငါ့ကိုတရားစွဲမယ်..ဟုတ်လား၊ အသက်မပြည့်သေးတဲ့မိန်း ကလေးကို မင်းမြူဆွယ်ဖျားယောင်းပြီး ယုတ်မာတာကျတော့ရော ငါ့သမီး ဂုဏ်သိက္ခာကိုသာ မငဲ့ရင် မင်းလိုကောင်လူ့အသိုင်းအဝိုင်းထဲမှာ မျက်နှာမ ပြရဲအောင် အရှက်ခွဲပြီး ထောင်ထဲထည့်ပစ်တာကြာပြီ..မင်းသားကို ငါ့သား လို ချစ်ခဲ့တာ၊ ငါ့သမီးကို မင်းမရိုးမသားယုတ်မာမယ်လို့ အိမ်မက်ထဲတောင် ထည့်မမက်ခဲ့ဘူး..ဘယ်မှာလဲ မင်းသစ္စာတရား၊ ဘယ်မှာလဲမင်းရဲ့ကိုယ်ကျင့် သိက္ခာ..ဟွန့် ဒါပေါ့၊ ကိုယ့်သားအပေါ်တောင် စည်းမစောင့်တဲ့ကောင် သူ ငယ်ချင်းကို ခေါင်းထဲဘယ်ထည့်တော့မလဲ.."

"ဒီအခြေအနေတွေဖြစ်လာအောင် ငါတမင်ကျူးလွန်ခဲ့တာ မဟုတ် ဘူး..ဒါပေမယ့် ဒီအတိုင်းပဲဖြစ်လာခဲ့တယ်၊ ငါ..ငါဆိုတဲ့ကောင်ကလည်း ငါ့သားရှေ့မှာ ငါ့ကိုယ်ကျင့်တရားကို မှတ်ကျောက်တင်ချင်တဲ့ကောင်ပဲ.. ဒါပေမယ့် ငါ.."

သူဘယ်လိုမှ မတတ်သာဘဲ မယ်မင်းကိုချစ်သွားခဲ့သည်။ အချစ်ကြီး ချစ်သွားခဲ့သည်။ သူ့မျက်လုံးတွေ မယ်မင်းဆီရောက်သွားလျက် စက္ကန့်ပိုင်း မှ တုံ့ဆိုင်းသွားသည်။ ဦးကျော်စွာ ထိုအကြည့်ကိုပင် လက်မခံနိုင် ရွံရှာ စက်ဆုပ်စွာ မဲ့သည်။

"ငါမှားခဲ့တယ်..မင်းယုံကြည်မှုကို ဖျက်ဆီးမိခဲ့တယ်၊ အဲ့ဒီအတွက် မင်းငါ့ကိုမုန်းပါ..ကြိုက်သလိုအပြစ်ပေးပါ၊ ကလေး..ကလေးကိုတော့ သတ် မပစ်ပါနဲ့၊ ငါ့ရင်သွေးလေး.."

ဦးကျော်စွာ ဦးနေဇအား စကားဆုံးအောင်ပြောခွင့်မပေးဘဲ ပြေးထိုး ရင်း ဒေါသတကြီးပြော၏။

"မင်းရင်သွေး..မင်းကလေးဟုတ်လား၊ အဲ့ဒါ သွေးဆိုးသွေးညစ်..မင်း ရဲ့ယုတ်မာရိုင်းစိုင်းမှုတွေနဲ့ဖြစ်တည်တာတဲ့ အဲ့ကလေးကိုမွေးဖို့ ငါ့သမီးအ

သက်နဲ့မရင်းနိုင်ဘူး..အဲ့ဒီကလေးကို ငါရအောင်သတ်မယ်၊ မင်းမကျေနပ်လို့ လဲသေသွားလည်း ငါဂရုမစိုက်ဘူး..မင်းကိုငါကတိပေးတယ်၊ အဲ့ဒီကလေး လောကကြီးထဲ လုံးဝရောက်မလာစေရဘူး.."

ဦးနေဇ ဦးကျော်စွာ လက်သီးချက်တွေကိုရှောင်ရင်း ဒေါသတကြီးပြန်ထိုးပစ်သည်။ အပြန်အလှန်တွေဖြစ်လာတော့ ဦးကျော်စွာစကားတွေကို ထပ်သည်းမခံနိုင်တော့သည့် ဦးနေဇ၏လက်သီးချက်တွေက ပိုစိတ်လာသည်။ ဦးကျော်စွာ ဦးနေဇကိုပြန်ထိုးဖို့ကြိုးစားရင်း ကြမ်းပေါ်လဲကျ၏။ ဦးနေဇ၏အင်္ကျီရင်ဘက်ကိုကိုင်ပြီး ဆွဲထူပြီး ထပ်ထိုးဖို့ပြင်စဉ်.. ၊

"ဦး.."

မယ်မင်း အသံလေးကြောင့် သူ့လက်သီးဆုပ်လေထဲတင်ရပ်သွား၏။

"ဖေဖေ့ကိုမလုပ်ပါနဲ့..မယ်မင်းဖေဖေ့ကို မထိုးပါနဲ့.."

ဦးနေဇ ဦးကျော်စွာကို လွှတ်ပေးလိုက်ပြီး ထရပ်လိုက်သည်။

"မင်းဘယ်လိုထင်ထင် ဘယ်သူတွေဘာပြောပြော ငါဂရုမစိုက်ဘူး တစ်လောကလုံး ငါ့ကိုရှုံ့လို့ ဝိုင်းအန်ကြလည်း အဲ့ဒီအန်ဖက်ထဲကနေ မယ်မင်းနဲ့ငါ့ကလေးအတွက် ငါရုန်းထနေဦးမှာပဲ..မယ်မင်းနဲ့ငါ့ရင်သွေးလေးကို ငါရအောင်ယူမယ်.."

"ယူဦးကွာ.."

ဦးကျော်စွာလဲကျနေရာမှထပြီး ဦးနေဇကို ကိုယ်ချင်းပြေးတိုက်လိုက်၏။ လဲကျသွားသော ဦးနေဇမျက်နှာပေါ်သို့ လက်သီးချက်များ ဆက်တိုက်ကျပြန်သည်။

"တော်တော့..တော်ပါတော့ကိုကျော်စွာ.."

"ယူချင်ဦးကွာ..ငါ့သမီးကိုယုတ်မာဦး၊ သူငယ်ချင်းကို သစ္စာမရှိတဲ့ကောင်..ကဲကွာ၊ မင်းလိုချင်နေတဲ့ အဲ့ဒီကလေးကိုငါလုံးဝအသက်ရှင်ခွင့်မပေးဘူး မသေမချင်းဖျက်ချမယ် .. မင်းစောင့်ကြည့်လိုက် "

မယ်မင်း .. ဦးကျော်စွာအား ငေးကြည့်ရင်းပါးပေါ်ဆက်တိုက် ပြိုကျလာသည့်မျက်ရည်များအား အကြမ်းပတမ်းသုတ်ပစ်ရင်း ..

"မယ်မင်းမှာ ကိုယ်ဝန်မရှိဘူး.."

ကျုံးအော်လိုက်သည့် မယ်မင်းအသံကြောင့် အားလုံးလှုပ်ရှားမှုများ





ရပ်တန့်သွား၏။ မယ်မင်းကို တအံ့တသြလှည့်ကြည့်လာကြသည်။ မယ်မင်းအားလုံးကို ငေးကြည့်ရင်း.. ၊

"ဖေဖေနဲ့ဦး ရန်မဖြစ်ကြပါနဲ့..ကိုယ်ဝန် ကိုယ်ဝန်ကတကယ်မရှိဘူး။ ဦးက ကိုကိုခံစားရမှာစိုးလို့ အားလုံးနဲ့ ဝေးကိုထွက်သွားတော့မယ်ဆိုလို့ ဦးထွက်မသွားအောင် မယ်မင်းဦးနဲ့ခွဲရမှာစိုးလို့ လိမ်လိုက်တာပါ..မယ်မင်းမှာ ဘာကိုယ်ဝန်မှမရှိပါဘူး.."

ဦးကျော်စွာ ထိုင်ရာမှထရပ်ပြီး မယ်မင်းဆီလျှောက်လာသည်။ မယ်မင်းမျက်နှာကို သေချာကြည့်ပြီး ကျေနပ်သွား၏။ ဒေါ်သီတာအေးခုမှစိတ်အေးသွားရပြီး မယ်မင်းကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းဖက်ထားသည်။ မယ်မင်း မေမေ့ရင်ခွင်ထဲကနေ ဦးကိုလှမ်းကြည့်မိသည်။

ဦးနေဇ ခုထိကြမ်းပေါ်မှမထဖြစ်သေးဘဲ ကြားလိုက်ရသည့်စကားကိုယ် မယုံနိုင်။ မယ်မင်းကို ငေးကြည့်နေမိရင်း.. ၊

"မဖြစ်နိုင်ဘူး..ဆရာဝန်ကိုယ်တိုင် ကိုယ့်ကိုသေချာပြောခဲ့တာ၊ မယ်မင်း ညာနေတာမဟုတ်လား.."

ဦးနေဇ၏မေးခွန်းကြောင့် ဦးကျော်စွာနှင့်ဒေါ်သီတာအေးတို့ပါ မယ်မင်းကို ပြန်ငဲ့ကြည့်လာသည်။

"မယ်..မယ်မင်း အန်တီဒေါက်တာကို ဦးကိုလိမ်ပေးဖို့ တောင်းပန်ခဲ့တာပါ၊ ဦးထွက်သွားမှာကြောက်လို့.."

"ကြားလား..မင်းနဲ့ငါ့သမီးကြားမှာ ဘာပတ်သက်မှုမှ မရှိတော့ဘူး၊ မင်းထွက်သွားတော့ နေဇ..ကျေးဇူးပြုပြီး ထွက်သွားပါတော့၊ ငါ့သမီးအနားကရော ငါ့မျက်စိရှေ့ကရော ထွက်သွားပါ..တစ်သက်လုံးဘယ်တော့မှ ပြန်မတွေ့ရအောင်ပျောက်ကွယ်သွားစမ်းကွာ.."

မယ်မင်းကို မယုံနိုင်သလို ငေးကြည့်နေသည့် ဦးနေဇ၏မျက်လုံးတွေမှာကျည်းကျည်းစိုက်ကြည့်နေသည့် ဦးကျော်စွာဆီရောက်လာသည်။ အဲ့နှိုင်းခန့် ငေးစိုက်ကြည့်မိကြစဉ် တစ်ယောက်က ရွံရှာစက်ဆုပ်ခြင်းများဖြင့် တစ်ယောက်ကသိမ်ငယ်အရှက်ရခြင်းများပြည့်လျက်.. ၊

ဦးနေဇ နေရာမှလှည့်ထွက်သွား၏။

အခန်းထဲမှာ မယ်မင်းခေါ်သံ ရှိုက်ငိုသံတို့ပြည့်နှက်လျက်.. ၊

မယ်မင်းကို မမုန်းပါနဲ့.. ။

♥

## အခန်း(၃၇)

အရက်ကိုရေမရောဘဲ အပြင်းအတိုင်းဖိသိပ်မျိုချနေသည့် နေကိုအား သူတို့အားလုံး စိတ်မချမ်းသာစွာ ထိုင်ကြည့်နေမိကြ၏။ လည်ချောင်းအား လျှောက် ပူဆင်းသွားသည့် ခါးသက်သက်ပြင်းရှရှအရသာက သူ့ရင်ထဲက အပူကို မငြိမ်းသက်နိုင်။ မူးချင်မေ့ချင်ပါသည်ဆိုမှ ခေါင်းထဲမှာမမြင်ချင် တဲ့မျက်နှာတွေချည်း တဝဲလည်လည်.. ။

"နေကိုရာ..မင်းကိုအန်ကယ်ဘယ်လောက်ချစ်ခဲ့လဲ၊ ဘယ်လိုဂရုစ စိုက်မွေးမြူခဲ့လဲ..ငါတို့အားလုံးအသိပဲ၊ မင်းလည်းမင်းအဖေအကြောင်းသိ နေတာပဲကွာ..အန်ကယ်ကအဲ့လိုလူစားမျိုး မဖြစ်နိုင်ပါဘူး.."

ဟုတ်လို့ပဲ ဖေဖေသူနဲ့မျက်နှာချင်းမဆိုင်ရဲတော့ပါဘူး ပြောစရာ စကားမရှိတော့ပါဘူးလို့ ဝန်ခံခဲ့တာပေါ့..။ သူနေနိုင့်စကားကို စိတ်ထဲက ချေပမိသည်။ ဘာမှပြန်မပြောဘဲ အရက်ကိုပဲ ဖိသောက်မိ၏။ မယ်မင်းကို ဆုံးရှုံးရတာထက် သူခံစားနေရတာ သူ့ချစ်သူကိုလုယူသွားတဲ့လူက သူ့အ ဖေဖြစ်နေတဲ့အဖြစ်ကိုပါ။ ရက်သည်။ ယူကျုံးမရဖြစ်သည်။ ဖေဖေလုပ်ရက် တယ်လို့ပဲ အကြိမ်ကြိမ်တွေးမိ၏။

"မင်းလည်းမယ်မင်းအကြောင်း သိနေတာပဲကွာ..မယ်မင်းကကလေး ဆန်တယ်၊ လုပ်ချင်ပြီဆို ရှေ့နောက်မကြည့်ဘဲ ဖွတ်တရွတ်လုပ်တတ်တယ်။ ဒီကိစ္စမှာလည်း မယ်မင်းစခဲ့တာလို့ ငါထင်တယ်.."





"ဟုတ်တယ်နေကို..ရတနာလည်းပြောတယ်၊ မယ်မင်းက မင်းကိုနမ်း ယ်ဆိုပြီး အန်ကယ်ကိုလူမှားပြီး သွားနမ်းမိသေးတယ်တဲ့..ပြီးတော့ ဟို ဘယ်မှာ သူတို့နှစ်ယောက်တည်း အပြင်မှာဒုက္ခရောက်ခဲ့သေးတယ်တဲ့၊ ငါ့ အထင်တော့ အန်ကယ်မှားခဲ့တယ်ဆိုရင်တောင် မတော်တဆ စိတ်လွတ်သွား ဘာမျိုးပဲဖြစ်မှာ.."

ဒါဆိုလည်း သူ့ကိုပြောပြသင့်တာပေါ့..။ သားရေ ဖေဖေတော့ ဒါ တွေဖြစ်ခဲ့တယ်လို့ ပြောပြသင့်တယ်မဟုတ်လား.. ။

"ဒါဆိုလည်း ကိုယ့်သားကိုပွင့်ပွင့်လင်းလင်း ဝန်ခံတောင်းပန်ရမှာ ပေါ့ကွ.."

သူ့ရင်ထဲကမေးခွန်းကို ထွန်းအောင်က မခံချင်စိတ်ဖြင့် ဝင်ပြော၏။

"အခုတော့ အန်ကယ်ကိုယ်တိုင်က နေကို့နောက်ကွယ်မှာ မယ်မင်း နဲ့.."

"တော်တော့..တော်ကြပါတော့ကွာ၊ မင်းတို့ကို ငါဘယ်နှစ်ခါပြောရ လဲ..ငါ ငါကငါပဲ၊ ဦးနေဇရဲ့သားလည်း မဟုတ်ဘူး..မယ်မင်းလည်းချစ်သူ လည်းမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး..ကျေးဇူးပြုပြီး ငါ့ကိုသူတို့အကြောင်း သာမပြောကြပါနဲ့ကွာ၊ တောင်းပန်ပါတယ်.."

သူခေါင်းငိုက်စိုက်ကျ တောင်းပန်တော့ အားလုံးငြိမ်သက်သွားကြ ၏။ သူ့အရက်ဆက်သောက်နေမိတုန်း နေနိုင်တို့အားလုံး သူ့နောက်ကိုမော့ ကြည့်ပြီး တအံ့တသြဖြစ်သွားကြ၏။

"ကိုကို.."

မယ်မင်း.. ။

အသံလေးကြားရုံနဲ့တင် သူ့ရင်ထဲ လှိုက်မောဆွေးမြေ့သွားသည်။ ဘင်းခနဲဖြစ်သွားသည့်ရင်အစုံက သူ့ကိုအရင်လိုမချစ်ဖို့ တားဆီးနေပေမယ့် သူအံကြိတ်ထားသည့်ကြားက မက်မောစွာလှည့်ကြည့်မိသည်။ မယ်မင်း တနာနှင့်အိမ်အကူတို့ သူ့နောက်မှာရပ်နေကြ၏။ အိမ်အကူက ပြန်ထွက် သွားသည်။ မယ်မင်းသည် မျက်နှာဖြူဖတ်ဖြူလျော်လေးဖြင့် သူ့ကိုငေးကြည့် နေသည်။ ဘာမှလိမ်းမထားလေ ပိုလှလေပဲဟု သူထင်သောမျက်နှာလေး သည် ခုလည်းပဲ မိတ်ကပ်ဘာသာ ဘာမှမတင်ထားဘဲ ဖြူဖွေ့ဖွေ့လေးလှ

နေသည်။ အနွေးထည်ထပ်ဝတ်ထားပုံဖြင့် ညှိုးနွမ်းနေသည့်မျက်နှာလေးက နေမကောင်းတာကို ဖော်ပြနေသည်။ ဆံမြိတ်မထားသောမျက်နှာပေါ် ကျ ကျော်နေသည့် ဆံပင်ရှည်များကြားမှ မျက်နှာသွယ်သွယ်လေးက အနည်း အကျဉ်းသာပေါ်နေသော်လည်း ပါးလေးတွေရှဲနေတာ ကြည်လဲ့နက်မှောင် နေသော မျက်လုံးလေးတွေ မျက်ရည်ဝဲနေတာ မြင်နေရသေးသည်။

"မယ်မင်း.."

တမ်းတမ်းတတခေါ်မိရင်း သူနေရာမှခပ်ယိုင်ယိုင်ထရပ်မိသည်။ မယ်မင်းနဲ့သူ လူချင်းမတွေ့ရတာ ဘယ်လောက်တောင်ကြာနေပြီလဲ..။ စကား မှုထွက်သွားပြီးတည်းက မတွေ့ရတာ။ ပြန်လာတော့လည်း အန်တီနှင့်အန် ကယ်က သူ့ကိုမယ်မင်းနဲ့မတွေ့ဖို့ ယတိပြတ်တားဆီးကာ မတွေ့အောင် လည်း ဖွက်ထားကြ၏။ သူသည် ထူးဆန်းစွာပင် ဖေဖေ့ကိုနာကျည်းသ လောက် မယ်မင်းအပေါ်ကျတော့ နည်းနည်းလေးတောင် မငြိုငြင်စိတ်မ ကွက်မိပေ။ လွမ်းသည်။ နေမကောင်းရဲ့လားလို့ စိတ်ပူမိသည်။ လွမ်းလိုက် တာမယ်မင်းရယ်လို့ ငြီးတွားရင်း ပွေ့ဖက်ထားချင်မိသည်။

"ကိုကို.."

မယ်မင်း သူ့ရှေ့ထိလျှောက်လာသည်။ သူမယ်မင်းကို စကားတစ် ခွန်းမှ မပြော။ မျက်လုံးတစ်ချက်မှမလွှဲဘဲ စိုက်ကြည့်နေမိသည်။ ရတနာ နှင့် နေနိုင်တို့အားလုံး သူတို့နှစ်ယောက်ကို တိတ်ဆိတ်စွာစောင့်ကြည့်နေကြ ၏။

"ကိုကို..ဦးရောဟင်၊ ဦးဘယ်မှာလဲ ကိုကိုသိလား.."

သူရင်နင့်လျက် မယ်မင်းမျက်လုံးထဲက မျက်ရည်တွေကို တအံ့တသြ ငေးကြည့်မိသည်။ ဒီမျက်ရည်တွေက သူ့အတွက်မှ မဟုတ်ဘဲ.. ၊

တင်းခနဲ အံကြိတ်မိပြီးနောက် သူ့အသံက မပွင့်တပွင့်အံကြိတ်သံ နှင့်.. ၊

"ငါမသိဘူး..စိတ်လည်းမဝင်စားဘူး.."

"ကိုကို..မယ်မင်းဦးကိုချစ်တယ်၊ ဦးနဲ့မခွဲနိုင်ဘူး..မယ်မင်းကိုဦးဆီ ခေါ်သွားပေးပါနော်၊ မယ်မင်းဘယ်မှာလိုက်ရှာရမလဲမသိလို့ပါ..ဦးကိုရှာပေး ပါနော်ကိုကို.."





ပြောရက်တယ် မယ်မင်းရယ်.. ၊

သူ မယ်မင်းကိုတအံ့တသြကြည့်မိသည်။ နေနိုင်တို့ ကျော်မြင့်တို့ နေကို့ကိုယ်စား ဒေါသဖြစ်မိလျက် မယ်မင်းကိုအပြစ်တင်သည့်အကြည့်ဖြင့် ဝိုင်းကြည့်ကြ၏။ မယ်မင်းကဘာမှမသိ။ စိတ်လည်းဝင်စားပုံမပေါ်။ သူမ ဖြစ်ချင်တာကိုသာ ဖွင့်ပြောနေ၏။

"ဆေးခန်းမှာ ဦးကိုဖေဖေက လက်သီးနဲ့အချက်ပေါင်းများစွာထိုးနေ တာ..မယ်မင်း ဦးကိုသနားလို့ မကြည့်ရက်လို့ ကိုယ်ဝန်မရှိဘူးလို့ပြောလိုက် တာ၊ ဦး မယ်မင်းကိုစိတ်ဆိုးသွားတာနေမှာ..မယ်မင်း ဦးနဲ့တွေ့ချင်တယ်၊ မယ်မင်းတောင်းပန်ပါတယ်ကိုကို..ဦးကိုရှာပေးပါ၊ မယ်မင်းကို ဦးနဲ့ပေးတွေ့ ပါနော်ကိုကို.."

"မယ်မင်း.."

သူမပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဆွဲခါရင်း ဟိန်းထွက်လာသည့်သူ့အသံ ကြောင့် မယ်မင်းကိုယ်လေးတုန်သွား၏။ သူ့ကိုတအံ့တသြမော့ကြည့်၏။ သူစိတ်လွှတ်လျက် ဒေါသတကြီးဆောင့်ခေါ်လိုက်ပြီးမှ မယ်မင်းကိုပြန်လွှတ် ပေးလိုက်ပြီး ကျောခိုင်းပစ်လိုက်သည်။

"ပြန်တော့မယ်မင်း..နင်ပြောတာကို ငါလုပ်မပေးနိုင်ဘူး၊ ဖေဖေ..ဦး နေဘယ်မှာရှိလဲဆိုတာလည်း ငါစိတ်မဝင်စားဘူး၊ သိလည်းမသိဘူး..နင် လည်း ငါ့ဆီဘယ်တော့မှ ထပ်မလာနဲ့.."

"ကိုကို.."

"ပြန်တော့လို့ပြောနေတယ် မကြားဘူးလား.."

သူနောက်လှည့်မကြည့်ဘဲ အော်ထုတ်ပစ်လိုက်၏။

"မပြန်ဘူး.."

မယ်မင်းကအသံတူအောင်ပြန်အော်ပြီး သူ့ကိုမျက်နှာချင်းဆိုင်ဖြစ် အောင် ဆွဲလှည့်ပစ်၏။ နေကို မူးနေသည့်အရှိန်ကြောင့် စိတ်ကကြွနေသည်။ မယ်မင်းကို တွန်းထုတ်ပစ်ချင်သည်။ စိတ်ပေါက်ပေါက်နဲ့အော်ပစ်ချင်သည်။ သို့သော် ဘာမှမလုပ်ဖြစ်.. ၊

"ကိုကို..ကိုကိုက ဦးကိုစိတ်နာနေတာလား၊ လူတွေဦးကို ဘယ် လောက်တောင် ဝိုင်းပြောနေကြလဲ..ကိုကိုသိလား၊ အကုန်လုံးကမုန်းနေကြ

တာ ကိုကိုကပါမုန်းလို့ ဘယ်ဖြစ်မလဲ..ဦးကိုမမုန်းပါနဲ့ကိုကိုရယ်၊ ဦးကိုရှာပြီး ခွင့်လွှတ်တယ်လို့ ပြောပေးပါ..ပြန်လာဖို့ပြောပေးပါ၊ မယ်မင်းတောင်းပန်ပါတယ်.."

"မယ်မင်း.."

"ကိုကိုမုန်းချင်တယ်ဆို မယ်မင်းကိုမုန်းပါ..ဦးကိုမမုန်းပါနဲ့၊ မယ်မင်းကပဲ ဦးကိုစချစ်ခဲ့တာ..မယ်မင်းကြောင့် ဒီလိုတွေဖြစ်ကုန်တာ၊ ဦးက နောက်ဆုံးအချိန်ထိ ထွက်သွားဖို့လုပ်ခဲ့တာပါ..ကိုကိုဦးအကြောင်းသိပါတယ်၊ ဦးက ကိုကိုရွံတဲ့လူစားမျိုး မဟုတ်ဘူး.."

မယ်မင်းသည် စကားလည်းပြောသည်။ ငိုတာလည်း သည်းကြီးမည်းကြီး.. ။

သူဘာလုပ်ရမလဲ..ဆက်ပြီး ဒေါသထွက်သင့်တာလား၊ မငိုနဲ့တော့လို့ ချော့သင့်နေတာလား.. ။

"မယ်မင်း နင်ဘာလို့ကိုယ်ဖြစ်ချင်တာပဲ ပြောနေတာလဲ..ငါ့ဘက်ကရော ထည့်စဉ်းစားကြည့်ဖြစ်လား၊ ငါဘာတွေခံစားနေရလဲ..ဘာတွေဖြစ်နေလဲ နည်းနည်းလေးတောင် စိတ်ဝင်စားရဲ့လား၊ မယ်မင်း..ကိုကိုက မင်းကိုတကယ်ချစ်ခဲ့တာ၊ မင်းကိုမထိရက်မတို့ရက် အချစ်ကြီးချစ်ခဲ့တာ..တခြားယောကျ်ားတစ်ယောက်အတွက် မင်းငါ့ရှေ့မှာ လာငိုပြနေတယ်၊ ပြီးတော့ အဲ့ဒီလူက ငါ့အဖေ..ငါ့ ငါ့ရင်ထဲ ဘာတွေဖြစ်နေပြီလဲသိလား၊ မင်းနည်းနည်းမှ ကိုယ်ချင်းမစာမိဘူးလား..မင်းတို့နှစ်ယောက်ကြောင့် နေကိုဆိုတာကောင်က လုံးပါးပါးပြီး ရူးတော့မယ်၊ ရင်တွေပူလွန်းလို့ သေတော့မယ်..မင်းကငါ့ကိုသစ္စာဖောက်ပြီး သတ်ရတာအားမရလို့ မသေသေအောင်လာသတ်တာလား..ဟင်.."

"ကိုကို.."

"တော်တော့..သွားတော့၊ ဖေဖေ့ကိုရော မင်းကိုရော ငါခွင့်မလွှတ်ဘူး..ဦးနေဇ ဘယ်မှာရှိနေနေ ငါစိတ်မဝင်စားဘူး၊ မင်းကိုလည်း ထပ်မတွေ့ချင်ဘူး..နောက်ထပ်ပြီး ဘာအကြောင်းနဲ့မှ ငါ့ရှေ့ပေါ်မလာနဲ့၊ ဘာကိစ္စရှိရှိ ငါနဲ့လာမတွေ့နဲ့..မင်းမေ့နေတာလား၊ ကိုယ့်ကိုယ်ကို အပြစ်မတင်ချင်တာလား..ဦးနေဇနဲ့ငါ့ကို ဘဝပျက်အောင်လုပ်တာ မင်းပဲမယ်မင်း၊ မင်းက အဓိ





က တရားခံ.."

♥

အခန်း(၃၈)

"ဘာပြောတယ်..သူကသမီးကို အဲ့လိုပဲပြောလိုက်တယ်ပေါ့၊ ဟုတ်လား.."

အဲ့တာကြောင့် သမီးလေးဖျော့တော့ မှိုင်ကျသွားတာကိုး.. ။

ရတနာကို တအံ့တသြပြန်မေးမိရင်း ရတနာခေါင်းညိတ်မပြခင်မှာပင် နည်းနည်းမှထူမတ်မလာတော့သည့် သမီးအဖြစ်ကို ရိပ်စားမိသွားသည်။ အဲ့ဒီနေ့နောက်ပိုင်းကတည်းက အစားလည်းမစားတော့။ ဘယ်သူ့ကိုမှလည်း စကားမပြောတော့ဘဲ အခန်းအောင်းနေတော့၏။ သမီးပုံစံက လိုချင်တာမရလို့ ဆန္ဒပြနေတာလည်း မဟုတ်။ အချိန်တိုင်း ဘယ်သူမှမရှိတဲ့တစ်ဖက်အိမ်ကိုပဲ လှမ်းကြည့်နေတတ်ကာ တစ်ယောက်တည်းစိတ်ထိခိုက်ပြီး ခံစားနေရတာမျိုးပါ.. ။

"အန်တီ..မယ်မင်းက ဦးကိုတကယ်ကြီးချစ်နေတာ၊ ဦးထွက်သွားတော့မှာသိတော့ လူလယ်ကောင်ကြီး ဦးနဲ့မခွဲနိုင်ဘူးဆိုပြီး ထိုင်ငိုတာ..ဦးထွက်သွားမှာစိုးလို့ ကိုယ်ဝန်ရှိတယ်လို့တောင်ညာပြီး ပြောခဲ့တာ..အဲ့တာကြောင့် ကိုကိုပြောတာကို သူအရမ်းခံစားသွားရတာ.."

တကယ်တော့ မယ်မင်းကလည်း ကလေးစိတ် နေဇကလည်း ဖောက်ပြားတတ်သူမဟုတ်ပါ။ အခြေအနေအချိန်အခါအရဖြစ်ကုန်ပြီးမှ နေဇကနောင်တနဲ့နောက်ဆုတ်ဖို့ကြိုးစားချိန်မှာ မယ်မင်းကကိုယ်ဝန်ရှိတယ်လို့ညာ

ပြီး ဆွဲထားခဲ့သည်။ ဒီလိုနဲ့အခြေအနေတွေ လွန်ကျူံကုန်ပြီး လူသိရှင်ကြား အရှက်တကွဲဖြစ်ကုန်ခြင်းဖြစ်သည်။ နေဇ သူ့လုပ်ငန်းတွေရောင်းပစ်နေ တည်းက ပြဿနာကြီးကြီးမားမားတစ်ခုခုရှိနေပြီဆိုတာ သူမတို့လင်မယား ရိပ်မိခဲ့သည်။ ကူညီပေးဖို့လည်း နေဇဘာဖြစ်နေတာလဲ တိတ်တဆိတ်စုံစမ်း ခဲ့ကြသေးသည်။ တကယ့်ပြဿနာက အတွင်းလိှုက်စားနေတာ သူတို့မသိ ခဲ့။ သမီးနဲ့နေဇ ဒီလိုတွေပတ်သက်နေမိကြမှန်း လုံးလုံးမရိပ်မိခဲ့ပေ။ တကယ် ဆို မအေဖြစ်ပြီး သူမညံ့ခဲ့တာ။ သမီးအမူအယာပြောင်းနေတာ ဦးဆိုတာ ပါးစပ်ကမချတာ နေဇကိုတကြည့်ကြည့်လိုက်လုပ်နေတာတွေ သိနေမြင်နေ ပါလျက် အမှုမဲ့အမှတ်မဲ့.. ၊

ပိုဆိုးတာက အိပ်ရာထဲမှာ မဖွယ်မရာမြင်ကွင်းနဲ့မှ သူမတည့်တည့် တိုးခဲ့သည်။ ထို့ကြောင့် နေဇအပေါ် အမုန်းကြီးမုန်း ဒေါသကြီးခဲ့သည် ခုထိလည်း ခွင့်မလွှတ်နိုင်ပါ။ ဒါပေမယ့် ခုလိုလူပုံအလယ်မှာ မျက်နှာမပြ အောင် ဖြစ်သွားတာကိုရော သားအဖတကွဲတပြားစီဖြစ်နကြတာကိုရော သမီးမပြောနဲ့ သူမပင်စိတ်မကောင်းပါ။ ကိုကတော့ သူမလိုမဟုတ်.. ၊

"အဲ့တာသူ့အပြစ်နဲ့သူပဲလေ..သားအရင်းကိုရော သူငယ်ချင်းကို စည်းမစောင့်တာ ယုတ်မာတာ၊ သူ့ထိုက်နဲ့သူကံ..လူပုံအလယ်မှာ ဘယ်တော့ မှ ခေါင်းဖော်ရဲတော့မှာမဟုတ်ဘူး၊ နေပါစေ..ဖြစ်ပါစေ.."

နေဇကို ဒေါသကြီးနေရုံမက သူသိပ်ချစ်တဲ့သမီးကိုတောင် အရင်လို မဟုတ်ဘဲ ခပ်စိမ်းစိမ်းနေ၏။ သမီးလေးခမျာ ဒါကိုလည်း ခံစားမိနေမှာပါ နေမကောင်းတာနဲ့ ဖအေနားကပ်၊ မကြီးမငယ်နဲ့ ဖအေပေါင်ပေါ်တက်ထိုင် ချွဲတတ်သည့်ကလေးက ခုတော့ သူ့အဖေကိုစကားကောင်းကောင်းမပြော အနားလည်း မကပ်တော့ပေ.. ၊

"ကို..သမီးကိုပစ်မထားပါနဲ့ကိုရယ်၊ သမီးလေး အရမ်းခံစားနေ တာ.."

ပြောလိုက်တိုင်း မျက်နှာပျက်၏။

"မတတ်နိုင်ဘူး..သမီးအနားရောက်တာနဲ့ ငါဟိုကောင့်ကိုမုန်းတဲ့စိတ် တွေပဲ ဝင်ဝင်လာတယ်၊ ငါ့ဒေါသငါမထိန်းနိုင်ခင် သမီးနဲ့ဝေးဝေးနေတာ ကောင်းတယ်..မဟုတ်ရင် သမီးပဲခံစားရမှာ.."





ဖအေက အဲ့လိုခါးခါးသီးဖြစ်နေဆဲအချိန်မှာ သမီးလုပ်သူက.. ၊

"ဖေဖေက ဦးကိုမုန်းနေတုန်းလား.."

ဟု ခဏခဏမေးတတ်၏။ ဒီလိုသာ ဖအေ့ကိုသွားမေးရင် မလွယ်။ ဒီတော့ အဖေလုပ်တဲ့လူကိုလည်း သမီးနားကပ်ဖို့ သူမမပြောရဲတော့သလို သမီးကိုလည်း သမီးဖေဖေနားသွားပါ ဖေဖေကစိတ်မဆိုးတော့ပါဘူး အာ မမခံရဲ။ အဆိုးဆုံးက.. ၊

"မေမေ..မယ်မင်းဦးကို တောင်းပန်ချင်တယ်၊ တစ်ခါလောက်တွေ့ပါ ရစေ.."လို့ ခွင့်တောင်းလာတာပင်.. ၊

"သူ ဘယ်မှာမှန်း မေမေတို့မှမသိတာသမီးရယ်..နေနိုင်တို့ကိုမေး ကြည့်တော့လည်း နေကိုတောင်မသိဘူးလို့ပြောတယ်.."

တကယ်တော့ နေဇကိုရှာနေတာ နေနိုင်တို့ဖြစ်ပြီး နေကိုက ဖအေ အကြောင်း အပြောပင်မခံပါ။ ပြဿနာဖြစ်ပြီးစက စိတ်ဆိုးစိတ်နာတွေက တဖြည်းဖြည်းအခြေအနေ တည်ငြိမ်လာမှ အမုန်အတိုင်းတွေးနိုင်လာ၏။ ကိုယ့်ကိုယ်ကို အပြစ်တင်သည့်စိတ်ဖြင့် သမီးလေးစိတ်ထိခိုက်ပြီး ရောဂါ ပိုဆိုးလာမှာ စိုးရိမ်လာမိသည်။

သို့သော် သမီးလေးက လိမ္မာပါသည်။ သူ့အဖေ သူ့ကိုပြန်စကား ပြောပြီး ချော့မော့လိုက်သည်နှင့် ဖအေစကားနားထောင်သည်။ အရင်က လောက် အခန်းမအောင်းတော့။ တစ်ယောက်တည်းဆို မှိုင်နေတတ်ပေမယ့် တဖြည်းဖြည်း မျက်နှာကြည်ကြည်လင်လင်ပြန်ဖြစ်လာသည်။ ပုံမှန်သွားမြဲ လာမြဲအတိုင်း လှုပ်ရှားတက်ကြွလာသည်။ စကားပြောစရာ ရယ်မောစရာ ရှိရင် လိုက်ရယ်တတ်လာသည်။ သို့သော် အစားတော့ကောင်းကောင်းမစား သေး.. ၊

"မယ်မင်းဗိုက်မဆာလို့.."

"ဘာမှစားချင်စိတ်မရှိဘူး.." စသဖြင့် အကြောင်းအမျိုးမျိုးပြပြီး ငြင်း သည်။ အရင်လည်း ထမင်းစားဖို့ဆို အတင်းချော့ကျွေးမှစားတတ်သည်မို့ ဒါကိုရေးကြီးခွင်ကျယ်ကိစ္စဟု မမြင်ခဲ့ပါ.. ၊

သို့သော်.. ၊

♥

## အခန်း(၃၉)

လေဆိပ်ရှိ လူတွေကြားထဲမှာ အလောတကြီးလှမ်းနေသည့် ဦးကျော်စွာ၏ခြေလှမ်းတွေက ကယောင်ခြောက်ခြားနိုင်လှ၏။

“သမီးကျောင်းမှာ မူးလဲလို့ ဆေးရုံတင်လိုက်ရတယ်..ကိုမြန်မြန်ပြန်ခဲ့”လို့ ပြောခဲ့တာ မနေ့ကမှ။ ဒီနေ့ကျတော့ “ကိုရေ..ဆရာဝန်ကြီးက သမီးကို ချက်ချင်းခွဲစိပ်ရမယ်လို့ပြောတယ်၊ ဒါပေမယ့် အားအရမ်းနည်းနေလို့ ခွဲလို့မရဘူးဖြစ်နေတယ်..”ဟု ပြန်ပြောပြန်သည်။ စိုးရိမ်တကြီးပြောနေသည့် ဇနီးဖြစ်သူအသံကို နားထောင်ရုံနဲ့ သမီးအတွက်ဘယ်လောက်တောင် စိတ်ပူနေတယ် သမီးအခြေအနေ မည်မျှဆိုးနေသလဲ သိသာနေသည်။ လေဆိပ်ကနေ ဆေးရုံထိ သူတစ်ခါတည်းတန်းလာခဲ့၏။ဆေးရုံရောက်တော့ အဆောင်ဝေါ်ခန်းထဲရောက်နေသည့် သမီးအဖြစ်က ပိုက်တွေ၊ ဆေးအပ်တွေ၊ တသီတတန်းနှင့် နှလုံးခုန်နှုန်းတိုင်းတာစက်များ ပတ်လည်ဝိုင်းလျက်.. ၊

သူ့ကိုမြင်သည်နှင့် သမီးအတွက်စိတ်ပူပြီး အပြင်မှာထိုင်စောင့်နေသည့်သီတာ သူ့ကိုပြေးဖက်ငို၏။

“အခြေအနေမကောင်းဘူးကို..သမီးအားအရမ်းနည်းလို့ ဘာမှလုပ်မရဘူး၊ နှလုံးကအမြန်ဆုံးခွဲမှဖြစ်မှာတဲ့..”

“ဘယ်လိုဖြစ်ရတာလဲ..သမီးက ကိုမသွားခင်ထိ အကောင်းကြီးပဲ သက်သာနေတယ်မဟုတ်လား..ဆေးတွေလည်း ဆက်တိုက်တိုက်နေတာပဲ”

သူနားမလည်စွာ ပြောမိသည်။ သမီးက နေဇနဲ့ကိစ္စကိုတောင် မေ့ပျောက်ပျောက်ဖြစ်နေပြီ။ ပုံမှန်နီးပါးထိ ပြန်ဖြစ်နေပြီပဲ.. ၊

“မဟုတ်ဘူးကို..သမီးအစားကောင်းကောင်းမစားတာ လနဲ့ချီနေပြီ





ပုံမှန်မဟုတ်ဘူး..ပုံမှန်ပြန်ဖြစ်ချင်ယောင် ဆောင်နေတာ၊ တနေ့က တနေ့က နေဇတို့အိမ်ကို အိမ်စောင့်ရောက်လာပြီး တံခါးဖွင့်ထားတာ..အဲ့ဒါကို သမီးက နေဇပြန်လာတယ်ထင်သွားပုံပဲ၊ ချက်ချင်းပြေးကြည့်တယ်..ပြီးတော့ ဦးတော့ မျက်နှာမှိုင်ပြီး ကျောင်းထွက်သွားတာ၊ ကျောင်းရောက်တော့ ချက်ချင်းမူးလဲတာ..အဲ့ဒီကတည်းက လုံးဝကိုသတိပြန်လည်မလာတော့တာ..”

သမီးရယ်.. ၊

ဦးကျော်စွာ မချင့်မရဲအံကြိတ်မိ၏။

“မယ်မင်းကြောင့် ဖေဖေနဲ့မေမေ စိတ်ဆင်းရဲနေရတာ မကြိုက်ဘူး..”

သမီးပြောခဲ့တာကို ပြန်သတိရမိသည်။ သူ စကားမပြောတာကို လာချော့ပြီး သမီးပြောခဲ့တဲ့စကားပါ။ အဲ့ဒီနောက်ပိုင်း သမီးသွက်သွက်လက်လက် ပြန်ဖြစ်လာပေမယ့် သူတို့နှစ်ယောက်စိတ်ချမ်းသာဖို့ ဟန်ဆောင်နေခဲ့တာလည်း ဖြစ်နိုင်သည်။

“ဦးကိုမမုန်းပါနဲ့ဖေဖေ..”

တစ်ခါတလေ သားအဖပျော်နေတဲ့အချိန် သမီးထိုသို့ထပြောတတ်တာလည်း ရှိသေး၏။

“မယ်မင်းကြောင့် အားလုံးဦးကိုမုန်းသွားတာ”ဟုပြောပြီး မျက်ရည်သည်တတ်တာလည်း ရှိ၏။ သမီးအကြောင်းပြန်တွေးဖြစ်ပြီး သမီးလေးခမျာ နေဇကိုကြိတ်တမ်းတနေရှာတာဟု တွေးမိသည်။

“ကို..”

ဒေါ်သီတာအေး ဦးကျော်စွာ၏လက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်၏။ အတွေးလွန်နေရာမှ ဦးကျော်စွာဇနီးဖြစ်သူကို ငဲ့ကြည့်မိသည်။

“သမီးမှာ..”

ဆို့နင့်နေသည့် ဒေါ်သီတာအေးအသံက တော်တော်နဲ့ထွက်မလာ။ ဦးကျော်စွာ ထိုကြာညောင်းလှသောအချိန်တွေကို စိတ်မရှည်ချင်ပါ.. ၊

“သမီးမှာ ကိုယ်ဝန်တကယ်ရှိနေတယ်..”

“ဘာ..”

“သမီးက သူ့ကလေးကို သီတာတို့ဖျက်ချပစ်မှာကြောက်လို့ လိမ်လိုက်တာ..အဲ့ဒါကြောင့် ဒီကြားထဲနေမကောင်းဘဲ ကောင်းသလိုနေပြနေတာ

ဆေးခန်းပြရင် ကိုယ်ဝန်ရှိနေတာ ပေါ်မှာစိုးလို့.."

"ဟား.."

ဦးကျော်စွာ ရင်ဘက်အပြည့် မွန်းကျပ်နေသမျှ ရှူထုတ်ပစ်ပေမယ့် ပူလောင်မှုက နည်းနည်းမှလျော့မသွား.. ၊

"အခု..အခုရောကိုယ်ဝန်က အခြေအနေကောင်းလား.."

ဒေါ်သီတာအေး မျက်ရည်များတွင်တွင်ကျနေလျက် ခေါင်းခါ၏၊

"ပျက်ကျသွားပြီတဲ့.."

"ဟာကွာ..သမီးရယ်.."

သမီးလေး ဒီအခြေအနေမှာ သွေးရင်သွေးလည်းပျက်ကျသွားပြီဆိုတာကို ထပ်သိလိုက်ရရင်.. ၊

ကံကြမ္မာရယ်.. ဒီ့ထက်မရက်စက်ပါနဲ့.. ၊ ကျွန်တော့်သမီးလေးကိုတော့ ချမ်းသာပေးလှည့်ပါ.. ၊

♥

အခန်း(၄၀)

"ဦးဆိုတာ ဘယ်သူလဲ.."

အရေးပေါ်ခန်းထဲကထွက်လာသည့် ဆရာဝန်၏မေးခွန်းကြောင့်လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။

"လူနာသတိရလာပြီ..သူခေါ်နေတာ ဘယ်သူလဲ.."

ဆရာဝန်ကထပ်ပြောပြီး သူတို့နှစ်ယောက်ကို တစ်လှည့်စီပြန်ကြည့်ပြန်သည်။ သမီးသတိရလာပြီဆိုသည့် ဝမ်းသာစိတ်ဖြင့် နှစ်ယောက်သား





ပြိုင်တူထရပ်လိုက်မိကြ၏။

"ကျွန်တော်တို့က သမီးရဲ့မိဘတွေပါ..သမီးသတိရလာပြီလား၊ သမီးသက်သာရဲ့လားဆရာ.."

"သမီးလေးသက်သာလား..ကျွန်မတို့ ဝင်တွေ့လို့ရပြီလားဆရာ.."

ဆရာဝန် မျက်နှာအပျက်ကြီးပျက်နေလျက် ပြောဖို့တွန့်ဆုတ်နေ၏။

"ကျွန်တော်တို့စိတ်မကောင်းပါဘူး..လူနာကအားနည်းနေတော့ ခွဲစိတ်ဖို့လုံးဝအဆင်မပြေဘူး၊ သွေးနှလုံးကလည်း အလုပ်ကောင်းကောင်းမလုပ်တော့ပါဘူး..နောက်ဆုံးအနေနဲ့ လူနာစိတ်ချမ်းသာအောင် နေပေးလိုက်ပါ.."

ဒေါ်သီတာအေးနှင့် ဦးကျော်စွာတို့ ပါးစပ်အဟောင်းသားဖြစ်သွားကြ၏။ ကြားလိုက်ရသည့် ဒေါက်တာ၏စကားကို ဘယ်လိုမှမယုံနိုင်.. ၊

နောက်ဆုံးအချိန်.. အမလေး ငါ့သမီးလေး.. ၊

"သမီး.."

ဒေါ်သီတာအေး တစ်ခွန်းပဲတလိုက်နိုင်ပြီး နေရာမှာတင် ခေါက်ခနဲခွေကျသွား၏။

"သီတာ..သီတာ ဆရာလုပ်ပါဦး.."

ဆရာဝန်နှင့်နာ့စ်များ ဒေါ်သီတာအေးဆီပြေးလာကြ၏။ ဦးကျော်စွာ ဇနီးဖြစ်သူကိုစိတ်ပူပေမယ့် ဂရုမစိုက်နိုင်သေး။ ကြေကွဲနေသည့်စိတ်ကိုလည်း အစာမကျေနိုင်သေး။ စိတ်ကိုတင်းပြီး ဘာမှမဖြစ်သလို ဘာမှနှီးရိမ်စရာမရှိသလို သမီးအခန်းထဲသို့ မျက်နှာမှာမအေးမြသောအပြုံးတုကိုခန့်ဆင်းပြီး ဝင်လာမိ၏။

နောက်ဆုံးအချိန်တဲ့.. မဖြစ်နိုင်တာ.. ၊

မျက်နှာလေး ဖြူဖျော့ဖျော့ဖြစ်နေသည်မှလွဲ၍ သမီးမျက်လုံးလေးတွေတောက်ပနေဆဲ။ ချစ်စရာကောင်းသည့်ပုံစံလေးအတိုင်း လှမ်းငေးကြည့်နေသည်။ မဖြစ်နိုင်ဘူး..ငါ့သမီးလေး သေရတော့မယ်ဆိုတာ မဖြစ်နိုင်ပါဘူး..သမီးလေး အသက်ဘယ်လောက်ရှိသေးလို့လဲ..။ ကံကြမ္မာက ဒီလောက်တော့ မရက်စက်လောက်ပါဘူး.. ၊

နေဇ.. လွန်ခဲ့တဲ့ဆယ့်ရှစ်နှစ်က သမီးကိုနှလုံးခုန်လာအောင် သူပဲလုပ်ပေးခဲ့တာ၊ ခုလည်း သူရောက်လာရင် အားလုံးအဆင်ပြေသွားမှာ..။ မင်း

ဘယ်ရောက်နေတာလဲ နေဇ..မင်းကိုသမီးကမေးတော့မယ်၊ ငါဘာလုပ်ရ
လဲ..သမီးကို ဘယ်လိုပြန်ဖြေရမလဲ.. ။

"ဖေဖေ.."

နှာခေါင်းမှာ အောက်ဆီဂျင်ပိုက်တန်းလန်း ဆေးအပ်များတန်းလန်း
ဖြစ်နေလျက်က သမီးသည်သူ့ကို အားယဲ့ယဲ့လေးဖြင့် ပြုံးပြနေဆဲဖြစ်သည်

"သမီး..သမီးလေး သမီးနေကောင်းရဲ့လား၊ သက်သာလားသမီး"

"ဖေဖေ့ကိုနေတယ်.."

ဟင်.. ။ မျက်လုံးမှာ မျက်ရည်ဝဲနေမိတာ ကိုယ်တိုင်ပင်သတိမထား
မိခဲ့။ သူမျက်လုံးကို လက်နှစ်ဖက်နဲ့ဖိပွတ်ပစ်လိုက်၏။

"မငိုပါဘူးသမီးရဲ့..ဖေ့ဂျစ်တူးလေးနေမကောင်းတော့ ဖေဖေကစိတ်
မကောင်းဖြစ်နေတာ.."

"မယ်မင်းဘာမှမဖြစ်ပါဘူး.."

ဒီအချိန်ထိ ဒီစကားပြောတုန်း.. ။ အဲ့လိုတွေဟန်ဆောင်ပြခဲ့လို့ သမီး
လေးရင်ထဲ ဘာတွေဖြစ်နေလဲ သူတို့မသိခဲ့တာ။ ခုလည်း သမီးလေးက
စိတ်မကောင်းဖြစ်မှာစိုးလို့ ဟန်ဆောင်ပြုံးပြနေဆဲ.. ။

အတ္တကြီးခဲ့တဲ့ဖေဖေ့ကို ခွင့်လွှတ်ပါသမီးလေးရယ်.. ။

"ဖေကြီး.."

"ဟေ..ပြောလေ သမီးဘာလိုချင်လို့လဲ.."

"မယ်မင်းကလေးလေးကို ဘာမှမလုပ်ပါနဲ့နော်.."

သမီးရယ်.. ။ ကလေးမရှိတော့ဘူးဆိုသည့်အသိနှင့် ဆိုနင့်လာသည့်
ခံစားချက်ကြီးကို ဘယ်လိုမှမထိန်းနိုင်.. ။

"ဘာမှမလုပ်ပါဘူးသမီးရယ်..ဖေကြီးတောင်းပန်ပါတယ်သမီးလေးရယ်.."

"ဖေဖေ..မယ်မင်း ဦးနဲ့ခဏလောက်တွေ့ပါရစေ၊ ခဏလေးပဲတွေ့
ပါ..ဖေဖေ နော်..ဦးနဲ့တွေ့ခွင့်ပေးပါ.."

ဒါကိုတောင်းဆိုလာတော့မှာ ကြိုသိပြီးသား..။ တကယ်တမ်း နေဇ
ကို သမီးရှေ့ခေါ်လာမပေးနိုင်သည့် ကိုယ့်ကိုယ်ကိုမချင့်မရဲစက်ဆုပ်မိ၏။

သူ ဘာပြန်ဖြေရမလဲ.. ။

"ဦးက အမေရိကားရောက်နေတာသမီးရဲ့..ခုနကပဲ သူဖုန်းဆက်





တယ်၊ လေယာဉ်ပေါ်မှာတဲ့..အခု သူလာနေပြီ၊ လေယာဉ်အကြာကြီးစီးရ တာ
သမီးသိတယ်မဟုတ်လား..ခဏလေးစောင့်လိုက်၊ ဦးရောက်လာတော့မှာ.."

မယ်မင်း မျက်နှာလေးမှိုင်လျက် ငြိမ်သက်သွား၏။ သူ သမီးစိတ်
ထိခိုက်ပြီး သတိလစ်သွားမှာ စိုးရိမ်သွား၏။ ပျာပျာသလဲပြန်ဖြေရှင်းမိ၏။

"သမီး..ဖေဖေသမီးနဲ့နေဇကို သဘောတူတယ်၊ သူရောက်တာနဲ့
လက်ထပ်ပေးမယ်..သမီးဘာမှစိတ်မပူနဲ့တော့နော်၊ သမီးတို့ကို ဖေဖေမတား
တော့ဘူး..သမီးနေကောင်းတာနဲ့ တန်းလက်ထပ်ပေးမှာ၊ သမီးနေကောင်း
အောင်နေနော်..သမီးသက်သာလာတာနဲ့ သူရောက်လာမှာနဲ့အတော်ပဲဖြစ်
မှာ.."

သူပြောတာကို သမီးဘာမှပြန်မပြောပါ။ သူ့ကိုငေးကြည့်ရင်း ငြိမ်
သက်နေ၏။ မလှုပ်မရှားငေးကြည့်နေသည့် သမီးမျက်နှာကို သူစိုးရိမ်ကြီး
စွာကြည့်ရင်း သမီးလက်လေးကို ချောက်ချားစွာလှမ်းကိုင်မိ၏။ ဖျတ်ခနဲ
မျက်တောင်ခတ်လိုက်တာကိုမြင်မှ ရင်ထဲကအလုံးကြီးကျသွားသည်။

မသေပါနဲ့သမီးရယ်..ဖေဖေ့ကိုရင်ကွဲအောင် မလုပ်ပါနဲ့၊ ဖေဖေတို့ကို
မထားခဲ့ပါနဲ့.. ။

ရင်ထဲမှာ အော်ဟစ်နေသည့်စကားတွေ အပြင်ထွက်မလာ။ တကယ်
တမ်း သမီးစိတ်ချမ်းသာအောင် ပြောသင့်တဲ့စကားတွေလည်း မပြောမိဘဲ
သူအံကြိတ်ထားသည့်ကြားမှ မျက်ရည်ဝဲလာပြန်သည်။

"ကိုကိုရော..ကိုကိုရှိလားဟင်.."

သူဆွံ့အသွား၏။

ထပ်ပြီး နေကိုလည်းမရှိကြောင်း ထပ်မပြောရက်။ နေကိုကရော လာ
မယ်ဆိုပြီး ဘာလို့ရောက်မလာခဲ့တာလဲ..။ သားအဖနှစ်ယောက်လုံး သူတို့
မိသားစုကို အနုနည်းနဲ့သတ်နေကြတာလား.. ။

သူ့ဆီက အသံတိတ်နေတော့ သမီးသဘောပေါက်သွားပုံရ၏။

"မယ်မင်းတောင်းပန်ပါတယ်ဖေဖေ.."

"မဟုတ်တာသမီးရယ်..ဖေဖေသမီးလေးက ဘာမှားလို့တောင်းပန်ရ
မှာလဲ၊ ဖေဖေ့အမှားပါ..သမီးနေဇကိုတကယ်ချစ်နေမှန်း ဖေဖေမသိတာ၊ သူ့
ကို ဘယ်လိုမှလက်မခံနိုင်ခဲ့တာ..ဖေဖေအတ္တကြီးတာ၊ ဖေဖေမှားတာပါ.."

"မယ်မင်းကြောင့် မေမေနေမကောင်းဖြစ်သွားမှာစိုးရိမ်တယ်..မယ်မင်း မယ်မင်းကြောင့် ဖေဖေနဲ့မေမေကို စိတ်မဆင်းရဲစေချင်ဘူး၊ ကိုကိုနဲ့ဦးကိုလည်း အရင်လိုပြန်ရှိစေချင်တာ.."

"သမီး..သမီးနေကောင်းရင် ဖေဖေတို့အရင်လို ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြမယ်လေ၊ နေကောင်းအောင်နေနော်သမီး..သမီးမှာ ဘာရောဂါမှမရှိဘူးတဲ့၊ ချက်ချင်းပြန်ကောင်းမှာတဲ့..ဆရာကြီးက ခုနကပဲပြောနေတာ.."

သမီးက သူ့ကိုနားလည်တဲ့အကြည့်၊ စိတ်မကောင်းသည့်အကြည့် ကြည်ကွဲသည့်အကြည့်ဖြင့် ငေးကြည့်ရင်း ခေါင်းညိတ်ပြရှာ၏။ သို့သော် စက္ကန့်ပိုင်းအတွင်းမှာပင် မျက်လုံးလေးတွေ မှေးစင်းငြိမ်သက်သွား၏။ မျက်ရည်များပြိုကျနေသည့် ဦးကျော်စွာ မျက်ခုံးကြီးတွန့်ချိုးသွား၏။

"သမီး..သမီး.."

ငြိမ်သက်နေရာမှ လှုပ်ရှားမလာခဲ့.. ၊

"သမီး..ဖေ့ဂျစ်တူးလေး၊ သမီး သမီး..သမီးလေး ဟီး ဟီး..သမီးရေ"

♥

အခန်း(၄၁)

နေကို တတီတီအသံမြည်နေသည့် နှလုံးခုန်နှုန်းတိုင်းတာစက် မော်နီတာအားလည်းကောင်း၊ နှလုံးနှိုးစက်ဖြင့်နှိုးပြီးတိုင်း ကိုယ်လေးလေးပေါ် မြောက်ကြွသွားပြီး ပြန်အကျမှာ ငြိမ်သက်ပြီးလှုပ်ရှားမှုကင်းမဲ့သွားတတ်သည့် မယ်မင်းမျက်နှာလေးကိုလည်းကောင်း ချောက်ချားစွာငေးကြည့်နေမိသည်။

ဒေါ်သီတာအေး ဦးကျော်စွာပခုံးကိုမှီလျက် မာန်တင်းရပ်နေရင်းက





းတွေ ညွှတ်ခွေယိုင်လဲကျချင်လာသည်။ သူမမူးလဲပြီး သတိပြန်ရရချင်း မြင်လိုက်ရသည့်မြင်ကွင်းမှာ နှလုံးနှိုးစက်နဲ့ ဘယ်လောက်ပဲရှော့ခ်ရိုက်နေ ပါစေ နိုးထမလာတော့သည့် သမီးလေးရဲ့အသက်ကင်းမဲ့နေသည့် ရုပ်ခန္ဓာ ဖြစ်သည်။ သတိလည်းလစ်မသွား ကိုယ့်ကိုယ်ကိုအသက်ရှိနေတယ်လည်း ထင်တော့ဘဲ ငြိမ်သက်နေသည့် သမီးမျက်နှာလေးကို ငေးကြည့်ရင်း လင် ယောက်နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လဲကျမသွားအောင် ဖေးထူ ထားကြသည့်တိုင် ကိုယ်ခြေထောက်ကျ ကိုယ်မခိုင်ချင်။ တတန်းတည်းပြေး နေသည့် နှလုံးခုန်တိုင်းတာစက်မှ တီခနဲအသံမြည်ပြီး လင်းလက်လာဦးမ လား..အသက်ကင်းမဲ့နေသည့် သမီးမျက်ခွံလေးတွေ လှုပ်ရှားပြီး ဟင်းခနဲ အသက်ထရှူလာမလား စောင့်နေမိကြသော်လည်း နောက်ဆုံးအခြေအနေ သည်.. ၊

"စိတ်မကောင်းပါဘူးဗျာ..လူနာအသက်မရှိတော့ပါဘူး.."

ဟင်.. ၊

"သေဆုံးချိန်(× × ).."

ဟင့်အင်း..မဟုတ်ဘူး၊ သမီး ငါ့သမီးလေးမသေရဘူး..ဒီနေ့မနက် ကမှ သမီးလေးကျောင်းသွားဖို့ပြင်ဆင်လှုပ်ရှားနေခဲ့သေးတာ။ "မယ်မင်း ဘာမှမဖြစ်ပါဘူး..မေမေနေမကောင်းဖြစ်မှာပဲစိုးတာ"လို့ နေမကောင်းတာ ချင်းအတူတူ မအေဖြစ်သူအတွက် စိတ်ပူပေးခဲ့သေးတာ။ မဟုတ်ဘူး..မဖြစ် နိုင်ဘူး..သမီးလေးသေတာ မဖြစ်နိုင်ပါဘူး.. ၊

"သမီး..သမီးလေး.."

ယောက်ျားကြီးတန်မဲ့ တဟီးဟီးအံကြိတ်ရင်းငိုနေသည့် ခင်ပွန်းဖြစ် သူအား သူမနာနာကျည်းကျည်းကြည့်မိသည်။ သမီးသေတဲ့အဖြစ်ကို လွယ် လွယ်လက်ခံငိုကြွေးနေလို့ သူမစိတ်နာမိသည်။

မသေဘူး..သမီးမသေဘူး၊ မသေရဘူး..မေမေ့သမီးလေး မသေရ ပါဘူး.. ၊

"သမီး..သမီး သမီးမေမေမှားပါတယ်သမီးရယ်၊ မေမေ..မေမေအခု နေ့ကိုသွားရှာလိုက်မယ်၊ မေမေသူနဲ့သမီးကိုလေ မေမေကိုယ်တိုင်လက် ထပ်ပေးမှာသိလား..သူက မေမေတို့အချစ်ဆုံးသူငယ်ချင်းပဲ၊ မေမေရော မေ

မေရော သမီးဖေဖေရော သူ့ကိုမမုန်းဘူးသိလား..ဦးကို မေမေတို့မမုန်းဘူးနော်၊ သမီးဘာမှစိတ်မဆင်းရဲနဲ့သိလား၊ ဘယ်သူတွေဘာပြောပြော မေမေဂရုမစိုက်တော့ဘူး..မေမေ့သမီးလေး စိတ်ချမ်းသာရင်ပြီးရော၊ မေမေလေ–မေမေသမီးနဲ့နေဇကို သဘောတူတယ်နော် သမီးနော်၊ နောက်ထပ်မေမေ့သမီးလေး ခံစားရအောင် ဘာမှထပ်မလုပ်တော့ဘူးသိလား..မေမေ့ကိုမထားခဲ့ပါနဲ့သမီးရယ်၊ သမီးမရှိရင် မေမေကဘယ်လို..မေမေဘယ်လိုနေရမလဲ ပြန်လာခဲ့နော်သမီး၊ သမီး သမီးရေ့..သမီးလေး.."

"မိန်းမ..သီတာ သီတာစိတ်ကိုထိန်းပါဦးကွာ.."

"စိတ်ကိုထိန်းပါအန်တီ..အန်တီနားမှဖြစ်မယ်.."

"လွှတ်..လွှတ်စမ်း၊ သမီး သမီးလေး..မေမေ့သမီးလေး.."

"ဆေးထိုးပေးမှဖြစ်မယ်..သူလည်းလူနာပဲ၊ အန်တီလည်းစိုးရိမ်ရတယ်.."

"မထိုးဘူး..သေပါစေ၊ ငါ့သမီးမရှိဘဲ ငါကဘာလို့ဆက်နေရမှာလဲ–ဒေါက်တာ ကျွန်မကိုပါသတ်ပေးစမ်းပါ၊ ကျွန်မပါသေပါရစေ.."

"မဟုတ်တာ.."

အရေးပေါ်ခန်းအတွင်းမှာ ရုန်းရင်းဆန်ခတ်တွေဖြစ်သွား၏။

နေကို အိပ်ရင်းလမ်းလျှောက်နေသူတစ်ယောက်လို မယ်မင်းအနီးသို့ တိုးလျှောက်သွားမိသည်။ ဆံပင်ရှည်များပြန့်ကျဲလျက် မျက်နှာဖြူဖျော့ဖျော့လေးဖြစ်နေသည်မှလွဲ၍ မယ်မင်းပုံစံက ဘာမှမထူးခြားပါ။ ထူးခြားတာဆိုလို့ မျက်ဝန်းထောင့်မှာ စီးကျနေသည့် မသွေ့ခြောက်သေးဘဲ ကျန်နေသည့် မျက်ရည်များသာရှိသည်။

"သား..နေဇ နေဇရော၊ သမီးက သူ့ကိုမျှော်နေတာ..သူ့အသံကြားရင် သတိလည်လာနိုင်တယ်၊ နေဇဘယ်မှာလဲ.."

သူရောက်ရောက်ချင်း အန်ကယ်ကမျှော်လင့်တကြီး ဆီးကြိုမေးခဲ့သည်။ ဒီလိုဖြစ်မယ်ဆိုတာ သူသိပါသည်။ မယ်မင်းနဲ့ပတ်သက်ရင် အစစအရာရာသိနေနိုင်လွန်းလို့လည်း ဖေဖေနဲ့ဖြစ်တဲ့ကိစ္စနောက်ပိုင်း မယ်မင်းဖေဖေ့ကိုပဲချစ်နေတာ သူသိခဲ့သည်။ ဖေဖေလုပ်ရက်တယ်လို့ တွင်တွင်စိတ်နာရင်း မယ်မင်းအချစ်ကိုရသွားလို့ ဒေါသတကြီးမနာလိုဖြစ်မိသေးသည်။





မယ်မင်းရယ်..မင်းဘာကိုပဲလိုချင်ပါစေ ကိုကိုကဖြစ်အောင်လုပ်ပေးခဲ့တဲ့လူပါ။ ဒီတစ်ခါလေးပဲ ကိုကိုလောဘကြီးမိတာပါ။ အဲ့ဒါလည်း မယ်မင်းကို သိပ်ချစ်လွန်းလို့ပါ။ နောင်တနှင့်အတူ သူမယ်မင်းမျက်ရည်တွေကို သက်မနဲ့ခပ်ဖွဖွသုတ်ပေးမိသည်။ သူမြတ်နိုးသော ဆံပင်ရှည်များအားလည်းကောင်း လိုအင်မပြည့်တိုင်း အမြဲနှုတ်ခမ်းစူစိတ်ကောက်တတ်သော နှုတ်ခမ်းထွေးထွေးလေးကိုလည်းကောင်း မှိတ်ထားသည့်မျက်တောင်ရှည်များနှင့် နှာတံစင်းစင်းလေးထိ ငေးကြည့်မိသည်။ ဘယ်သူမှစကားမပြောမိကြသည့် တစ်ခန်းလုံးအပ်ကျသံမျှ မကြားရအောင် ငြိမ်သက်လွန်းလှကာ ရှိုက်သံတွေသည်သာ ကြီးစိုးနေ၏။ ထိုစဉ်.. ၊

ဒိန်း..ဂျိမ်း ဂျိမ်း.. ၊

အခြောက်တိုက်ထခြိမ်းသည့် မိုးခြိမ့်သံနှင့်အတူ မိုးရေစက်များ ဆေးရုံမှန်ပြတင်းဆီ တဖြောဖြောပက်ဖြန်းလာကြ၏။ လေသည် မိုးကိုသယ်ဆောင်ရင်း သစ်ပင်အဆောက်အဦးမြင်မြင်သမျှ အရာအားလုံးကို တိုးတိုက်ကြည့်စယ်သွား၏။ လေအေးစက်ကြောင့် အေးမြမြဖြစ်နေသည့် ဆေးရုံအခန်းထဲမှာ အပြင်မှ မိုးသံလေသံကြောင့် ပိုပြီးအေးစိမ့်စိမ့်ဖြစ်လာသလို ထင်ရသည်။

ဒေါက် ဒေါက် ဒေါက်.. ၊

ခပ်သော့သော့ပြေးလာနေသည့် ဘွတ်ဖိနပ်သံကြောင့် အရှပ်ကြီးမြတ် ငိုင်စင်းငိုကြွေးသူများအားလုံး ခြေသံကိုနားစွံမိကြ၏။ မျှော်လင့်နေသည့် တစ်စုံတစ်ယောက်များဖြစ်လေမလားဆိုသည့်အသိဖြင့် အားလုံးအခန်းတံခါးဆီ လှမ်းကြည့်မိကြသည်။ ခြေသံအခန်းရှေ့သို့ရောက်လာ၏။ အခန်းတံခါးဆောင့်ပွင့်သွားကာ တံခါးဝမှခြေသံပိုင်ရှင်ပေါ်လာသည်။

ဒိန်း..ဂျိမ်း.. ၊

မျက်စိကျိန်းလောက်အောင် ဝင်းလက်သွားသော လျှပ်စီးနောက်တွင် မြင်းထန်ကျယ်လောင်သော မိုးခြိမ်းသံသည် ကမ္ဘာမြေပြင်မှ အိပ်မောကျနေသည့် အရာအားလုံးကို မာန်ဟုန်ပြင်းပြင်း လှုပ်နှိုးလိုက်၏။

♥

## အခန်း(၄၂)

တစ်အိမ်လုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ အထီးကျန်ခြောက်ခြ ခြင်းသည် သူ့မခြေလှမ်းတိုင်းမှာ ကပ်ငြိပါလာ၏။ အပ်ကျသံမှမကြားရအော တိတ်နေသော မရှိသည့်အသံအား နားစွင့်ရင်း မယ်မင်းလှေခါးထစ်တွေအတိုင် တစ်လှမ်းချင်းတက်လာမိသည်။ ထိုစဉ် မဆီမဆိုင်ဒီလှေခါးထစ်တွေပေါ်မှ မယ်မင်းကိုဦးပွေ့ချီပြီး တက်ခဲ့ဖူးတာကို ပြန်သတိရကာ ရင်ထဲနွေးထွေးသွ ၏။ ထိုအခါ အရင်ထက်ပိုပြီး အလေးတကြီးနိုင်သွားသည့်ခြေလှမ်းများဖြ ခပ်သော့သော့လှမ်းတက်ခဲ့ရင်း အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

ဦးအခန်းသည် အရင်နဲ့မတူဘဲ ပြောင်းလဲနေ၏။ အရင်ကအပြ ရောင်မှေးယားခင်းများ လိုက်ကာများနှင့် လိုက်ဖက်သောအခန်းအပြင်အဆ သည် ခုတော့ အဖြူရောင်တွေချည်းဖြစ်နေသည်။ အရင်က ပရိဘောဂပင် ပိုမထားဘဲ ရှင်းလင်းနေသည့် အခန်းသည် ခုတော့ မှန်တင်ခုံပေါ်မှ မိန်းကလေးအလှကုန်ပစ္စည်းများပြည့်လျက် နေရာတိုင်းမှာ အမွှေးပွပွရေ ရုပ်လေးတွေ ဝက်ဝံရုပ်လေးတွေက အိခြေကြီးစွာ နေရာယူထားကြ၏။ ထို့ ပြင် အခန်းတစ်ခန်းအပိုဆောင်းပြင်ဆင်ပေးထားရသည့် အဝတ်လဲခန်းသည ဦးအခန်းနှင့်ဆက်လျက်ရှိနေကာ အခန်းထဲဝင်လိုက်သည်နှင့် ပွင့်နေသည အဝတ်လဲခန်းနှင့်အခန်းဝမှာ ပုံလျက်သားရှိနေသည့် သတို့သမီးဝတ်စုံအ ဖရိုဖရဲမြင်ရ၏။

တစ်ခန်းလုံးကို ဝေ့ဝဲကြည့်မိရင်း အရင်နဲ့မတူဘဲ ပြောင်းလဲနေသည ပြောင်းလဲမှုကိုပင် သဘောကျမိကာ ခုတင်ပေါ်မှာ မယ်မင်းကြည်နူးစိတ်တို့နှ ဝင်လှဲအိပ်လိုက်သည်။





"မယ်မင်း..မယ်မင်း.."

ငြိမ်သက်တိတ်ဆိတ်နေသည့် အခန်းထဲမှာ ဦးအသံကထီးထီးမားမား ဝင်လာ၏။ ဒါပေမယ့် မယ်မင်းကနည်းနည်းမှမလှုပ်ချင်တော့ပေ။ အရမ်း ဝင်ပန်းပြီး နားချင်နေသည်။ ဦးအခန်းထဲပြေးဝင်လာရင်း အဆက်မပြတ်ခေါ် နေပေမယ့် မျက်လုံးတွေက မဖွင့်ချင်လောက်အောင် ပင်ပန်းနွမ်းနယ်နေသည်။

"ဦး..မယ်မင်းအိပ်ချင်လို့ပါ.."

ဦးကိုတောင်းပန်သလိုလေး ပြောမိသည်။ ဦးက မယ်မင်းနားမှာဝင် လှဲပြီး မယ်မင်းနဖူးလေးကို ဖွဖွလေးနမ်းသည်။

"မယ်မင်းကို ကိုယ်အရမ်းချစ်တယ်.."

"မယ်မင်းစောင့်နေတုန်းကတော့ မလာဘဲနဲ့.."

မယ်မင်းမျက်လုံးမဖွင့်ဖြစ်ပေမယ့် စကားတွေတော့ ပြန်ပြောနေမိသည်။

"ဒီဘက်လှည့်.."

"ဟင့်အင်း..မယ်မင်း အိပ်ချင်နေပြီ.."

"ဟုတ်ပါပြီ..ဒီဘက်လှည့်အိပ်၊ ဦးကိုဖက်အိပ်.."

မယ်မင်း သူ့ဘက်လှည့်လာအောင် ဆွဲဖက်ပြီးလှည့်ပစ်၏။ ဦး မယ် မင်းကိုရင်ခွင်ထဲမြုပ်နေအောင် ဖက်ထားရင်း ခပ်တိုးတိုးထပ်ပြောနေ၏။

"မယ်မင်းကို ကိုယ်အရမ်းချစ်တယ်..ကိုယ့်ဆီကိုပြန်လာခဲ့ပါ.."

ဦးဆီကစကားသံတွေက တဖြည်းဖြည်းဝေးသွားသလို အဝေးကြီးက ပြောနေသလိုဖြစ်နေသည်။ မယ်မင်းဦးကိုချစ်လားလို့ အကြိမ်ကြိမ်အခါခါမေး ခဲ့ဖူးသည်။ ဒီနေ့မှ ဦးဆီကနေ မယ်မင်းကို ချစ်တဲ့အကြောင်းပထမဆုံးကြားရ ခြင်းပါ။ ဦးဆီကမယ်မင်းကြားချင်ခဲ့သော ချစ်တယ်ဆိုတဲ့စကားကို ထပ်ကြား နေရသည်။ သို့သော် 'မယ်မင်းလည်းဦးကိုချစ်တယ်'ဆိုသည့်စကားကို အထပ်ထပ်ပြန်ပြောနေခဲ့ပေမယ့် စကားသံတို့သည် နှုတ်ခမ်းဖျားဆီ ရောက်မ လာခဲ့ပေ.. ၊

"မယ်မင်း..မယ်မင်း ဦးပြောတာကြားလား၊ ဘာလို့ ဘာမှပြန်မပြော တာလဲ.."

"မယ်မင်းကို ကိုယ်ချစ်တယ်.."

"တစ်ခုခုပြန်ပြောစမ်းပါကလေးရယ်..ဦးပြောတာကြားလား၊ ကိုယ်

မယ်မင်းကိုချစ်တယ်..မယ်မင်း မယ်မင်း.."

♥

အခန်း(၄၂)

သည်းသည်းမည်းမည်းရှာသွန်းနေသည့် မိုးသံလေသံများ သူမ ထဲတိုးဝင်လာသည်။ Dior ရေမွှေးနံ့ရောသော ဦးကိုယ်ကရတတ် ကိုယ်သင်းနံ့သင်းသင်းသည် ကိုယ်ငွေ့နွေးနွေးနှင့်အတူ သူမအနားမှာ ၏။ ပြီးတော့ သူမလက်ကိုဆုပ်ကိုင်ထားသည့်လက်တွေ.. ၊

ဦး..ဒါ ဦးလက်တွေပဲ.. ၊

"ဦး.."

တမ်းတမ်းတတခေါ်မိရင်း သူမမျက်လုံးဖွင့်ကြည့်လိုက်၏။ မျက် ဖွင့်ဖွင့်ချင်း သူမကိုမျက်လုံးအပြူးသား စိုးရိမ်တကြီးငေးကြည့်နေသည့် ဦး မျက်နှာကို အရင်ဆုံးမြင်ရသည်။ ဦးသည် ခုတင်ပေါ်မှာ ပက်လက် သည့် မယ်မင်းမျက်နှာကို ငုံ့မိုးကြည့်နေခြင်းဖြစ်သည်။

"မယ်မင်း.."

"သမီး.."

ခပ်တိုးတိုးအံ့သြတုန်လှုပ်နေသည့် အာမေဋိတ်သံများကြောင့် မယ် မင်းမျက်လုံးလေးတွေ ဘေးဘီကိုဝေ့ဝဲသွား၏။ ကိုကို၊ မေမေနဲ့ဖေကြီး ဂျူတီကုတ်များဖြင့် ဆရာဝန်လေးငါးယောက်ခန့် မယ်မင်းကိုတအံ့တ မှင်သက်ငေးကြည့်နေကြသည်။ ကိုယ့်မျက်စိကိုယ်မယုံနိုင်အံ့သြနေကြ မျက်လုံးများ၊ တစ္ဆေတစ်ကောင်ကိုမြင်သလို ထူးဆန်းအံ့သြနေကြသည့်မျ





လုံးများ.. ၊

ဘာလို့ မယ်မင်းကိုဝိုင်းကြည့်နေကြတာလဲ.. ၊

ဒေါ်သီတာအေး စကားတစ်ခွန်းမှမဆိုနိုင်အောင် အံ့အားသင့်နေဆဲ သူမဆီလှမ်းကြည့်လာသည့် သမီးမျက်လုံးလေးတွေနဲ့ဆုံမိစဉ် မိုက်ခနဲယိုင် လဲသွား၏။

"မေမေ.."

မယ်မင်း မေမေ့အတွက်စိုးရိမ်ကာ ဝေါက်ခနဲထထိုင်မိစဉ် ရင်ထဲလှပ် ခနဲဖြစ်သွားကာ ခွေလဲမလိုဖြစ်သွားသည်။

"မထနဲ့..မထနဲ့မယ်မင်း၊ ငြိမ်ငြိမ်နေ.."

ဦးနေဇ ခုတင်ပေါ်တက်ထိုင်လိုက်ပြီး မယ်မင်းကိုယ်လေးကို ထိန်း ထားမိသည်။ မယ်မင်းကိုဖက်ထားသည့် သူ့လက်တွေက သူမကိုနောက် တစ်ကြိမ်ဆုံးရှုံးရမှာ ကြောက်တဲ့စိတ်ကြောင့် တင်းတင်းကျပ်ကျပ်ဖြစ်နေ၏။

မယ်မင်း ဦးရင်ခွင်ထဲကနေ သူမကိုကြည့်ပြီး မျက်ရည်ပိုးပိုးပေါက် ပေါက်ကျအောင် ငိုနေကြသည့်မေမေ၊ ဖေကြီးနဲ့ကိုကိုတို့အား ဝေ့ကြည့်ရင်း ဦးကိုပြန်ကြည့်မိသည်။ ဦးသည် တစ်ခုခုကိုအပြေးအလွှားစိတ်မောထားရ သလို ချွေးစေးများပြန်လျက် ပင်ပန်းနွမ်းနယ်နေသည့်မျက်နှာဖြင့် ပါးပေါ် မှာ မျက်ရည်စတချို့ရှိနေသည်။ ထို့ပြင် ဝမ်းသာကြည်နူးနေသည့်မျက်လုံး များမှာပါ မျက်ရည်စတွေကြွင်းကျန်နေဆဲဖြစ်၏။

ဦး ငိုနေတယ်.. ၊

ဦးမျက်ရည်ကို ပထမဆုံးမြင်ဖူးခြင်းမို့ တအံ့တသြငေးကြည့်မိသည်။ မျက်ရည်စတချို့အား လက်လေးနဲ့လှမ်းထိကိုင်မိစဉ် ဦးကသူမလက်ကိုလက် တစ်ဖက်နဲ့ ခပ်တင်းတင်းဆုပ်ကိုင်ပြီး နှုတ်ခမ်းနဲ့ဖိကပ်ပြီး မက်မက်မောမော တမ်းတမ်းတတနမ်းသည်။

"ဦး..မယ်မင်းကိုချစ်တယ်လို့ ပြောလိုက်လားဟင်.."

နေကို မယ်မင်းမေးခွန်းကြောင့် မချိတရိပြုံးမိ၏။ ချစ်တယ်လို့ပြော လိုက်တာလားတဲ့..။ ခုနက ဖေဖေအရူးကြီးလို ဖြစ်နေတာကိုသာ မယ်မင်း မြင်ရရင် ဒီလိုမေးတော့မှာမဟုတ်ပါ.. ၊

ဦးနေဇ မယ်မင်းနဖူးလေးကို နမ်းရင်း.. ၊

"အင်း..မယ်မင်းကြားလိုက်လား.."

"ဟင့်အင်း.."

မယ်မင်း နှာခေါင်းလေးရှုံ့ပြီး ခေါင်းခါ၏။ သူဘယ်သူ့မှ ဂရုမစိုက်နိုင်တော့ပါ။ ပျောက်ကွယ်သွားမှာစိုးရိမ်နေမိဆဲ မယ်မင်းကိုယ်လေးကို ခင်တင်းတင်းဖက်ထားရင်း ချစ်တဲ့အကြောင်းများ တတွတ်တွတ်ပြောမိ၏။

အပြင်မှာ မိုးသည်ဝုန်းဒိုင်းကျဲ ရွာသွန်းနေလေသည်.. ၊

♥

အခန်း(၄၃)

"မယ်မင်းကိုပေး.."

"ကျွန်တော့်ကိုပေး..အန်ကယ်ထက်.."

ဦးမိုးထက် Heaven ဟုနာမည်ပေးထားသော ဆယ့်သုံးမိုင်ကမ်းခြေဘက်ရှိ အသစ်ဆောက်ထားသော ဟိုတယ်အပေါ်ဆုံးထပ် အခန်းသော့အားကိုင်ထားလျက် မယ်မင်းနှင့်နေကိုတို့အား တစ်လှည့်စီကြည့်မိ၏။ သော့ကိုဘယ်သူ့လက်ထဲ ထည့်ပေးရမှန်းမသိ။ တစ်ယောက်ကမချွတ်ရသေးသည့်သတို့သား ဝတ်စုံအဖြူဖြင့် တစ်ယောက်က ရှန်သားကဲ့သို့ လိမ္မော်ရောင်အနုရိုက်ထားသော ပေါ့ပေါ့ပါးပါးdressပုံစံချုပ်ထားသည့် ဂါဝန်ရှည်ဖြင့်ခပ်လှမ်းလှမ်းမှာ သတို့သမီးဂါဝန်အဖြူဖြင့် စူပုတ်ပုတ်လေးရပ်ကြည့်နေသောနေကို၏ အသစ်စက်စက်သတို့သမီး ရတီမိုးမြင့်..။ နှုတ်ခမ်းစူထားပြီး လက်ပိုက်ရပ်ကြည့်နေပုံက အခန့်သား။ ဟိတ်ဟန်တခွဲသားဖြင့်ဖြစ်သည်။

အဲ့ဒီတစ်ယောက် အတင်းလုခိုင်း၍ ကိုကိုဒီအခန်းသော့ လိုချင်နေမိ





သို့သောကြောင့် မယ်မင်းနည်းနည်းမှ အလျှော့ပေးဖို့ အစီအစဉ်မရှိ။ နေကိုကလည်း ရတီမိုးသည် မယ်မင်းနှင့်သူ့ကို ခဏခဏရိုးစွပ်လွန်းလှပြီး ခဏခဏသည်း သူ့မှာမနေနိုင်မထိုင်နိုင် မယ်မင်းအလိုကျ အလိုလိုက်ခဲ့မိသည်က များပြီမို့ ဒီနေ့မင်္ဂလာဦးညအတွက်တော့ ရတီစိတ်မကွက်စေရန် မယ်မင်းကိုအလျှော့ပေးဖို့ အစီအစဉ်လုံးလုံးမှ မရှိပါ.. ၊

"ဟာ..အန်ကယ်မိုး.."

သူစဉ်းစားနေတုန်းမှာပင် အန်ကယ်လ်မိုးသည် မယ်မင်းလက်ထဲကိုသော့ထည့်ပေးလိုက်၏။ မယ်မင်းကလည်း လက်ထဲသော့ရောက်သည်နှင့်ချက်ချင်းကိုယ်နဲ့ကွယ်ပြီး ဖွက်ပစ်သည်။

"အန်ကယ်မိုး ဘာလို့သူ့ကိုပေးလိုက်တာလဲ.."

ဦးမိုးထက် မတတ်နိုင်ဘူးဆိုသည့်ပုံစံဖြင့် ခေါင်းတခြင်းခြင်းကုတ်၏။

"မင်းမသိပါဘူးနေကိုရာ..ဆရာက သူ့မိန်းမပြောရင် ဘာဖြစ်ဖြစ်တစ်ခွန်းသဲ.."

"အခု ဖေဖေကိုယ်တိုင် ဒီအခန်းကိုကျွန်တော်တို့လင်မယား မင်္ဂလာဦးအတည်းဖို့ ပေးထားတာလေဗျာ.."

"ဟုတ်ပေမယ့် မယ်မင်းကနေမယ်ပြောရင် တန်းခေါင်းညိတ်ပေးဦးမှာ.."

ဦးမိုးထက် စိတ်ညစ်လက်ညစ်ပြောနေသမျှ မယ်မင်းက အောင်နိုင်သူအပြုံးနှင့် ဖုံ့ဖုံ့ကြွားကြွားလေး ပြုံးနေသည်။ 'တွေ့ပြီလား'ဆိုသည့်သဘောဖြင့်မျက်ခုံးပင့်လျက် လူကိုမခံချင်အောင်လုပ်ပြနေသေး၏။

"မယ်မင်း..တောက်..ပေး၊ ပေးစမ်းသော့.."

"မပေးနိုင်ပါဘူး..ဒါမယ်မင်းပိုင်တဲ့ဟိုတယ်၊ မယ်မင်းပေးတဲ့အခန်းမှာပဲ တိုကိုနေ.."

"အံမယ်..အဲ့ဒီအခန်းကို ဖေဖေကိုယ်တိုင် ငါနေဖို့ပြောထားတာ၊ မယ်မင်းအရှော်..ဒီနေ့ ငါ့မင်္ဂလာဦးနေ့ ရန်မဖြစ်ချင်ဘူး၊ ပေး ပေးဆိုပေး.."

"ဆောရီးပဲ..ကိုကို့မိန်းမစိတ်ပုတ်မ၊ သူများလင်မယားနေမှာကိုသိလို့အခန်းကိုကျူပြီး တည်းချင်နေတာ..အဲ့ဒါသိလို့ကို မပေးဘူး.."

"မယ်မင်း.."

နေကို ဒေါ်သတကြီးကျုံးအော်ပစ်လိုက်လျှင် မယ်မင်းဒေါ်သကလည်း နောက်ကျန်မနေခဲ့။ ခုနကမှ မင်္ဂလာပွဲပြီးစမို့ ကျယ်ပြန့်သည့် သဲပြင်တပြင် တပြောမှာ ခင်းကျင်းထားသည့် မင်္ဂလာပွဲအခမ်းအနားများ ခုထိမဖြိုဖျက်ရသေး။ ဟိုတယ်မှာ လာတည်းပြီး မင်္ဂလာပွဲကိုချီးမြှင့်ပေးကြရသည့် ဧည့်သည်တွေလည်း ခုထိရှိနေကြသေးသည်။ လူတွေရှေ့မှာ အအော်ခံလိုက်ရ၍ ရှက်လည်းရှက်သွားသည်။ ရတီမိုးမြင့်ဆိုသည့် မယ်မင်းနဲ့အရာရာလိုက်ပြိုင်နေသည့် ကိုကို့ချစ်ဇနီးအသစ်စက်စက်ကပါ လှမ်းကြည့်နေ၍ ပိုစိတ်တိုရ၏။

"သမီး..သားရယ် ဘာတွေဖြစ်နေကြတာလဲ.."

နေကို အော်သံကျယ်သွားတော့ အသိမိတ်ဆွေတွေနဲ့ စကားပြောနေသည့် ဒေါ်သီတာအေး မနေနိုင်မထိုင်နိုင်လှမ်းမေးသည်။ ဒါပေမယ့် သူ့မေးခွန်းကို နေကိုမဖြေရသေးခင် မယ်မင်းကဒေါ်သတကြီး ပြန်အော်သည်။

"ကိုကိုနော်..မယ်မင်းကိုမအော်နဲ့၊ ငရဲကြီးမယ်သိလား.."

"အံမယ်..သူ့ကိုအော်လို့ပဲ ငါကငရဲကြီးရဦးမယ်၊ အော်မယ်..အော်တော့ဘာဖြစ်လဲ.."

"မယ်မင်းကဘယ်သူလဲပြော.."

"ဘာလဲ..ဦးချစ်သည်းလို့ပြောဦးမလို့လား၊ ငချွဲမ..ဖေဖေမရှိဘူး၊ အဲ့ဒါတွေဖေဖေ့ရှေ့မှာပဲပြော.."

"မယ်မင်းက ကိုကို့မေမေ.."

"ဘာ.."

နေကို မျက်နှာကြီးရဲတက်သွား၏။

"အဟွတ်..အဟွတ်.."

မိတ်ဆွေတွေနဲ့ဝိုင်းဖွဲ့ပြီး ဝိုင်သောက်နေသည့် ဦးကျော်စွာ မယ်မင်းစကားကြောင့် ထသီးသည်။ မယ်မင်းက နေကိုရှက်ပြီး အသံတိတ်သွားတာကိုရော ဦးကျော်စွာရုပ်ပျက်ဆင်းပျက် ထသီးတဲ့အဖြစ်ကိုပါ သဘောကျပြီး အချိုးပြေစွာ ဇက်လေးပုရယ်သည်။

"ချွေးစုတ်လေး.."

"အား..ဖေကြီးရေ.."

နေကို ဒေါ်သတကြီးပြောလိုက်လျှင် မယ်မင်းဦးကျော်စွာဆီပြေး၏။





သူကြီးတွေ ထိုင်နေသည့်ဝိုင်းမှာ ကွေ့ပတ်ပြေးနေကြတာကို တချို့ကရယ်ရင်းလိုက်ကြည့်သည်။ တချို့ကထိမိခိုက်မိမှာ စိုးရိမ်နေကြသည်။ ဦးကျော်စွာအားလုံးရှေ့မှာ မျက်နှာပူတာပဲသိပြီး ခပ်တည်တည်ကြီးဖြစ်နေ၏။ ရှစ်နှစ်ဆိုတဲ့အချိန်ကာလ ကြာညောင်းခဲ့ပြီ။ သမီးနဲ့နေဇလက်ထပ်ပြီးတာလည်း နှစ်နှစ်ကျော်ကျော်ကြာခဲ့ပြီဆိုပေမယ့် သူငယ်ချင်းကိုသမက်တော်ထားရသည့်အဖြစ်ကြီးနဲ့ သူခုထိအသားမကျနိုင်သေး..။ လွန်ခဲ့တဲ့ရှစ်နှစ်က နေဇသည် အသက်လုံးလုံးကင်းမဲ့နေခဲ့သည့် သူ့သမီးလေးကို ပြန်လည်အသက်သွင်းပေးခဲ့သူဖြစ်သည်။

"မဟုတ်ဘူး..မယ်မင်းမသေဘူး၊ ငါသိတယ်..ငါခံစားမိတယ်ကျော်စွာ၊ မင်းမသိဘူး..မယ်မင်းမွေးတုန်းကလည်း ဒီအတိုင်းပဲ၊ သူမသေဘူးဒေါက်ဘာ..မယ်မင်းကိုအသက်ရှူအောင်လုပ်ပေးပါ.."

နှလုံးခုန်တိုင်းတာစက်မှာ မျဉ်းတပြေးတည်းဖြစ်လျက် တီဟု အသံရှည်ထွက်ပေါ်နေသည့်အသံရုတ်တရက်ရပ်သွားကာ တီဟု သံတိုလေးများနှလုံးခုန်နှုန်းအတိုင်း ပုံမှန်ပြန်ထွက်လာသည့်အသံကို ခုထိနားထဲကြားယောင်နေဆဲပင်။ အဲ့ဒီတုန်းက နေဇအပေါ်ကျေးဇူးတင်ခဲ့သည်။ ခွင့်လွှတ်ပေးနိုင်ခဲ့သမယ့် သမီးနဲ့သဘောတူပေးလိုက်ဖို့ထိတော့ သူတို့လင်မယားလက်မခံနိုင်ခဲ့သ။ သို့တိုင် လုံးဝခွဲပစ်ရင်လည်း သမီးကျန်းမာရေးကရှိနေသေးသည်မို့ နေဇကို အရင်တိုင်းပြန်နေစေပြီး သမီးကျောင်းပြီးလို့ အလုပ်အကိုင်အတည်တကျနှင့် သင့်တော်တဲ့အသက်အရွယ်ရောက်မှ လက်ထပ်ပေးမည်ဟု ပြောထားခဲ့သည်။

နေဇကလည်း လက်ခံခဲ့သည်။ သူကိုယ်တိုင်လည်း မယ်မင်းနဲ့မလွဲမရှောင်သာဖြစ်ခဲ့တဲ့ကိစ္စမှလွဲ၍ ပတ်ဝန်းကျင်ကို ရှက်နေမျက်နှာပူနေမှန်း သူသိသည်။ တကယ်တော့ သမီးနဲ့နေဇကို ခွဲနေစေခဲ့ခြင်းမှာ ဆယ်ကျော်သက်ကလေးတစ်ယောက်အဖြစ် နေဇအပေါ် သမီးကခဏတာစိတ်ကစားခဲ့ခြင်းဖြစ်သိမ့်မည်ဟု ပေါ့ပေါ့လေးသတ်မှတ်ပြီး သမီးနေဇကို မေ့သွားမယ့်အချိန်ကိုစောင့်ခဲ့ခြင်းပါ။ ဒီကြားထဲ သမီးကိုစက်ာပူမှာ နေကိုနဲ့အတူကျောင်းတက်ခိုင်းခဲ့သေးသည်။ ဒါပေမယ့် နေကိုကလည်း မယ်မင်းအပေါ်မရိုးမသားစိတ်မရှိတော့သလို သမီးကလည်း နေကိုအပါအဝင် ဘယ်သူ့ကိုမှစိတ်မဝင်စားဘဲ

နှစ်တွေဘယ်လောက်ကြာကြာ နေဇတစ်ယောက်ကိုသာ စွဲလမ်းနေခဲ့ပြီး သူ
နှစ်ယောက်ကို ဘယ်လိုဖြတ်တောက်ပစ်လို့ မရခဲ့ပေ။ နောက်ဆုံး သမီးကျောင်း
ပြီးအိမ်ပြန်လာတော့ မတတ်သာဘဲ လက်ထပ်ပေးလိုက်ရတဲ့အဖြစ် ရော
ခဲ့သည်။

သမီးနဲ့နေဇ မင်္ဂလာဆောင်မှာ သူတင်မက နေဇပါအရုက်ကွဲခဲ့သည်
ဆိုလည်း မမှားပေ.. ၊

"မင်းနဲ့ငါ့သမီး မင်္ဂလာဆောင်ရင် လာတဲ့ဧည့်သည်တွေကို ဘယ်
မျက်နှာပြရမလဲ..မင်းရောနည်းနည်းမှ မရှက်တော့ဘူးလား၊ သမီးနဲ့နေဇကို
ကြောင်းလည်း လူတွေကသိထားကြတာ.."

"အဲ့ဒါတွေငါမသိဘူးထင်နေလား..မယ်မင်းကျန်းမာရေးကြောင့်သ
မဟုတ်ရင် မင်းတို့ငါ့ကိုတစ်သက်လုံး ထပ်မမြင်ရမှာတောင် မဟုတ်ဘူး"

နေဇစကားကို သူယုံပါသည်။ သမီးနေကောင်းလာသည့်တော
လျှောက်မှာလည်း နေဇသည် သူတို့ဘာပြောပြောလက်ခံသည်။ မယ်မင်း
ခပ်ဝေးဝေးခပ်စိမ်းစိမ်းသာနေခဲ့သူ။ ဘယ်လောက်ဝေးဝေး ဘယ်လိုပဲစိမ်းအော
နေနေ မင်းခေါင်ကိုမေ့ပျောက်မသွားသူက သမီးပဲဖြစ်သည်။

"အဲ့ဒါဆို မင်္ဂလာပွဲအကျယ်တဝင့်မလုပ်ချင်ဘူးလို့ ဘာလို့မပြောခဲ့
လဲ.."

"မင်းပြောလေ..မင်းလည်း သူ့အဖေပဲ၊ မင်းပြောရင်လည်း သူ
ထောင်တယ်မဟုတ်လား.."

သူပြောဖို့ကြိုးစားခဲ့ပေမယ့် မင်္ဂလာပွဲနဲ့ပတ်သက်ပြီး တက်ကြွပျော်ရွှ
နေသည့် သမီးဖြစ်သူကြောင့်.. ၊

မပြောရက်လောက်အောင် သမီးက အပျော်ကြီးပျော်နေခဲ့လို့ပါ။ သမီး
နဲ့နေဇ တခမ်းတနားပင် မင်္ဂလာဆောင်ဖြစ်ခဲ့သည်။ ပတ်ဝန်းကျင်မှာ သူ
နေဇကပိုပြီးမျက်နှာပူစရာပါ။ ဒါပေမယ့် သမီးလေးပျော်နေတာကြည့်ပြီး သူ
လည်းမပြုံးချင်ဘဲ ပြုံးခဲ့ရသည်။ နေဇလည်း ရှက်နေပေမယ့် မျက်နှာချင်း
တိုက် ဧည့်ခံခဲ့ကြရသည်။ သူတို့အားလုံးအတွက် အရေးကြီးဆုံးက သမီး
သမီးပျော်ပျော်ရွှင်ရွှင်နဲ့ သက်ရှိထင်ရှားရှိနေရင်ပဲ ရပြီ။ ကျန်တာ ဘယ်သူ
တွေဘယ်လိုထင်ထင် ဘယ်လောက်ပဲကဲ့ရဲ့ကြပါစေတော့.. ၊





သမီးနဲ့နေဇ လက်ထပ်ပြီးတော့ သူမတို့လင်မယားမြန်မာနိုင်ငံမှာ
ဖြစ်တော့ဘဲ စင်္ကာပူမှာပဲ အပြီးပြောင်းနေဖြစ်သည်။ သမီးနဲ့အဆက်အသွယ်
ပြတ်ခဲ့ကြပေမယ့် အတူတူတော့မနေဖြစ်တော့ပေ။ နှစ်နှစ်နေပြီးမှ ခုပြန်
ဖြစ်ကြခြင်းမှာ နေကို့မင်္ဂလာဆောင်ကြောင့်ဖြစ်သည်။

"မယ်မင်း..ရပ်စမ်း၊ သော့ပေးလို့ပြောနေတာ မကြားဘူးလား"

ဦးကျော်စွာအတွေးလွန်နေရာမှ သူ့နောက်ကျောဘက်က ကပ်ထွက်
လာသည့် နေကို့အသံကြောင့် သတိပြန်ဝင်လာ၏။

နေကို မယ်မင်းကိုဖမ်းမမိလေ ဒေါသဖြစ်လာလေပါ။ လူတွေ စား
တွေကို လှည့်ပတ်ပြေးပြီး မယ်မင်းကလွတ်နေသည်။ နောက်ဆုံးမလွတ်တော့
ပင်လယ်ပြင်နှင့်စပ်နေသည့် သောင်ပြင်တပြန့်တပြောမှတဆင့် ဘန်ဂလိုတွေ
သည့် တောင်ကုန်းပေါ်တက်ပြေး၏။

"မယ်မင်း..ဟေ့ ရပ်စမ်း.."

နေကို ဂါဝန်ကအလှတပ်ထားသည့် ကြိုးစလေးများနှင့် ဆံပင်ရှည်
များလွင့်နေအောင်ပြေးနေသည့် မယ်မင်းနောက်ပြေးလိုက်ရင်း ငယ်ငယ်က
ဖြစ်တွေကိုပြန်တွေးမိလာသည်။ မယ်မင်းသည် သူမကြိုက်တာလုပ်တာဖြစ်
ဖြစ် ဒီလိုပဲသူ့ဆီကကားသော့ဖြစ်ဖြစ် တစ်ခုခုလုပ်ပြီးထွက်ပြေးနေကျ။ ဒီလို
ထွက်ပြေးတိုင်းလည်း တစ်ခုခုနဲ့ခလုတ်တိုက်ပြီး ချော်လဲနေကျမို့.. ၊

"မယ်မင်း...ကိုကိုမလိုက်တော့ဘူး၊ မပြေးနဲ့ ချော်လဲမယ်..မယ်မင်း"

"အား.."

"ကျွတ်..တွေ့လား.."

သူ မယ်မင်းလဲကျသွားသည့် လှေခါးတစ်ဆစ်ရှိုးဆီ ပြေးတက်မိချိ
သူ့ထက်အရင် လှေခါးအပေါ်မှ ပြုံးပြုံးပျာပျာပြေးဆင်းလာသည့် ဖေဖေ
ကြောင့် အလိုလိုခြေလှမ်းတုံ့သွား၏။

"မယ်မင်း.."

ဦးနေဇ ခြေခေါက်လဲကျနေသည့် မယ်မင်းအနားကို ဘယ်လိုရောက်
လာမှန်းပင် မသိလိုက်။ မယ်မင်းပြေးတက်လာတာ မြင်ကတည်းက အပေါ်
ကနေ သူ့အမှီပြေးဆင်းလာတာပါ။ ဒါတောင်မမီလိုက်.. ၊

"မယ်မင်း ဘာဖြစ်သွားသေးလဲ..ဘယ်နာသွားသေးလဲ၊ မပေါ့မပါးကြီး

နဲ့ အနေအထိုင်ဂရုစိုက်ပါလို့ ပြောထားရက်နဲ့ကွာ.."

နေကို ပုံမှန်ထက်ပိုပြီး စိုးရိမ်ကြီးနေသည့် ဖေဖေ့ပုံစံကြောင့် တစ်ခုခုကို တွေးမိသွား၏။ မယ်မင်းက သူမကိုစိုးရိမ်တကြီးဖြစ်နေတာကိုပဲ စိတ်ပျက်လက်ပျက်.. ၊

"ဦးကလည်း မယ်မင်းဘာမှမဖြစ်ပါဘူး.."

"ဖေဖေ..မယ်မင်းမှာ.."

သူ့မေးခွန်းကြောင့် ဖေဖေသူ့ကိုလှည့်ကြည့်လာ၏။ မယ်မင်းကိုစိတ်ပူပြီး ညို့မှိုင်းနေသည့်မျက်နှာသည် ချက်ချင်းပြေပြေပြစ်ပြစ် နူးညံ့ရီဝေသွားလျက်.. ၊

"ဟုတ်တယ်သား..မယ်မင်းကိုယ်ဝန်ရှိနေပြီ.."

သူ့ကိုပြောပြီး မယ်မင်းကိုပြန်ကြည့်ကာ မျက်နှာရှေ့ကွယ်နေသည့် ဆံပင်တွေကို ဘေးသိမ်းပေးရင်း.. ၊

"မယ်မင်းကကွာ..ဘာလို့ဒီလောက်ပြေးရတာလဲ၊ တစ်ခါကိုယ်ဝန်ပျက်ဖူးတဲ့လူက.."

"တွေ့လား..မယ်မင်းသိပြီးသားတွေ ထပ်ပြောဦးမယ်၊ မပြောနဲ့ သိတယ်.."

နေကို ကိုယ်လေးစားရတဲ့အဖေကို ဂျစ်ကန်ကန်ပြန်အော်ရုံမက လက်ကိုပါပုတ်ထုတ်ပစ်လိုက်သည့် မယ်မင်းအားအသည်းယားသွား၏။ ဒေါသလည်းထွက်သွားကာ.. ၊

"မယ်မင်း..နင်ဖေဖေ့ကို ပြန်အော်နေရလား၊ နင့်ကိုစိုးရိမ်လို့ပြောနေတာ မသိဘူးလား.."

"မယ်မင်းဘယ်မှာအော်လို့လဲ.."

"အခုအော်နေတာ မဟုတ်လို့ဘာလဲ..ဖေဖေက နင်ဒီလိုလေသံနဲ့ပြောရမယ့်သူလား၊ နောက်တစ်ခါ ဒီပုံစံထပ်အော်ကြည့်စမ်း..ထားလိုက်ဖေဖေ သူဘာသာ ကိုယ်ဝန်ပျက်ပျက်ဘာဖြစ်ဖြစ် လှည့်မကြည့်နဲ့ပြစ်ထားလိုက်..စိတ်ရှိလို့ပြောမှန်းမသိ ဘာမှန်းမသိနဲ့၊ ဟိုမှာ ရတို့ဖေဖေက ဖေဖေနဲ့စကားပြောချင်နေတာ..သွားမယ်.."

ဒီလိုကျတော့ မယ်မင်းမျက်လုံးလေးတွေ ဦးနေဇေဆီရွေ့လျားလာ၏





သွားမှာစိုးရိမ်နေလျက် တားလည်းမတားဘဲ နှုတ်ခမ်းဆူတော့မျက်.. ၊

"ခဏနေ ဖေဖေလာခဲ့မယ်..မယ်မင်းခြေထောက်နာသွားတာလား.."

"ဘာမှမဖြစ်ဘူး.."

"လမ်းလျှောက်လို့ရလား.."

"မလျှောက်ဘူး..ထိုင်နေနေ ထနေနေ မယ်မင်းကိုပဲလိုက်ပြောနေတာ လမ်းလည်းမလျှောက်ဘူး..ဘာမှမလုပ်ဘူး၊ ဒီတိုင်းပဲထိုင်နေမယ်.."

ဂျစ်တူးမ.. ၊

နေကို စိတ်ထဲကနေ တလုံးတခဲဒေါသထွက်မိသည်။ ဖေဖေကတော့ ဘာစ်ချက်လေးမှ မျက်နှာမပျက်။ မယ်မင်းကိုချော့ဖို့စဉ်းစားနေလျက် ခြေသေ ပွတ်ကျနေသည့် ခုနကမယ်မင်းလုပြေးသည့် အခန်းသော့အားမြင်ပြီး ကောက်ကိုင်သည်။

"ဒီသော့က.."

"ဖေဖေ့ဂျစ်တူးမ..သူများလင်မယားအေးအေးဆေးဆေးနေတာ ဂျစ်ဘူးကြပြီး လုပြေးတာ.."

"မယ်မင်းက အဲ့ဒီအခန်းမှာနေချင်လို့လား.."

"မနေဘူး..ဘယ်မှာမှမနေဘူး.."

ကြည့်ပါလား..။ ဒီကသူ့ကိုအလိုလိုက်ပြီး မနေတော့ဘူးပြောမလို့.. နေကိုစိတ်အချဉ်ပေါက်ပေါက်ဖြင့် ဖေဖေ့လက်ထဲက သော့ကိုလှမ်းယူလိုက်ပြီး .. ၊

"ပြီးတာပဲ ကျေးဇူးတင်တယ်.."

ပြောပြီး နေရာမှလှည့်ထွက်လာခဲ့သည်။ ဒေါသတကြီးလှည့်ထွက်လာပြီးမှ မယ်မင်းမှာကိုယ်ဝန်ရှိနေပြီပဲဆိုသည့်အသိက ပြန်ဝင်လာကာ ဖေဖေ အမိုက်တကြည့်ကြည့်ဖြစ်နေတာကို ပိုတယ်လို့မမြင်မိတော့ပါ။ သူ့ဆီကထွက် ပြေးသွားတာကို ပြန်တွေးကြည့်ပြီး ပြီးပြီးသားအဖြစ်ကိုပင် သူပြန်စိတ်ပူသွား မိ၏။ တဆက်တည်းမှာပင် မယ်မင်းနေချင်သည့်အခန်းမှာ သူမနေတော့ဘူး လို့ ဆုံးဖြတ်လိုက်၏။

ဒါကိုမသိဘဲ သူသော့ယူလာလို့ ဆက်ပြီးစိတ်ကောက်နေဦးမှာ.. ၊

သူသော့ပြန်လှည့်ပေးရန် ရည်ရွယ်ချက်ဖြင့် လှည့်ကြည့်လိုက်လျှင်

မယ်မင်းသည် ခေါင်းခါလိုက်ခြေဆောင့်လိုက်နှင့် ဖေဖေ့ကိုလည်းထုရိုက်နေ
သေးသည်။ ဒါကိုမှ အပြုံးမပျက်သည့်ဖေဖေသည် ပြုံးနေရင်း မယ်မင်းကိုမြတ်
နိုးမဝသည့်မျက်လုံးများဖြင့် စိုက်ကြည့်နေကာ မယ်မင်းခေါင်းလေးကို လှမ်း
ပုတ်သည်။ မယ်မင်းက ဖေဖေ့လက်ကိုဖယ်ချပစ်ပြီး ကိုက်ဆွဲပစ်လျှင် ဖေဖေ
သည် သူတစ်ခါမှမမြင်ဖူးခဲ့သော နူးညံ့ရီဝေသောမျက်ဝန်းများဖြင့် သွားတွေ
ပေါ်အောင် ဟက်ဟက်ပက်ပက်ရယ်နေသည်။

အချစ်က နုပျိုစေတယ်ဆိုတာ ဒါလား.. ။

"ငါတသက်လုံး ဘယ်တော့မှနေဇကို မျက်နှာချင်းဆိုင်နိုင်မှာ မဟုတ်
ဘူး..အဲ့ဒါ သူ့ကိုစိတ်ဆိုးတာမဟုတ်ဘူး၊ ရှက်တာ.."

အန်ကယ်ကျော်စွာ မချင့်မရဲညည်းတတ်သည့်စကားပါ။ အန်တီသီ
တာကလည်း ဒီနေ့ထိမယ်မင်းနဲ့ ခေါ်ပြောနေပေမယ့် ဖေဖေ့ကိုစကားကောင်း
ကောင်းမပြောတော့ပါ။ သူလည်း ဖေဖေနဲ့မယ်မင်းကိုပြန်ခေါ်ပြောနိုင်ဖို့ တော်
တော်ကြိုးစားခဲ့ရသည်။

ဒါပေမယ့် ဘယ်သူတွေဘာပြောပြော မယ်မင်းနဲ့ဖေဖေက တစ်
ယောက်အတွက်တစ်ယောက် ဖြစ်တည်လာကြသည့် ဖူးစာရှင်တွေပါ.. ။

ဇုနတ်ဘုရားကြီး ထပ်ခြမ်းခွဲလိုက်သော ခန္ဓာကိုယ်နှစ်ခြမ်း..အသည်း
တစ်ခြမ်းဆီမှ..

♥

ကကြိုးချင်